တနင်္ဂနွေ၊ ဇန်နဝါရီ (၁)
**သူကြီး ၁း၁-၂၁**
ယုဒ ၁း၃-၄

*"ယောရှုလက်ထက်ကာလပတ်လုံး၊ ဣသရေလ အမျိုးသားတို့သည် ထာဝရကိုဝတ်ပြုကြ၏"*

# တရားသူကြီးတို့၏ခေတ်ကာလ (၁)

တရားသူကြီးမှတ်စာက ဘုရားသခင်၏လူဖြစ်သော ဣသရေလလူမျိုး၏ မှောင်မိုက်သော သမိုင်းကိုဖော်ပြထားပါသည်။ အမှောင်ထဲ၌ ဦးတည်ရာမဲ့လျှောက်သွားနေကြသောကာလ ဖြစ်ခဲ့ပါသည်။ ဘုရားသခင်အပေါ်၌ အပြစ်ကျူးလွန်သောကြောင့် အမှောင်ထဲကျရောက်၍ ဘုရားသခင်နှင့် ကင်းကွာခဲ့သောကာလဖြစ်ပါသည်။ ဤတရားသူကြီးမှတ်စာသည် လူ၏အားနည်းမှုနှင့် ဘုရားသခင်၏ စိတ်ရှည်သည်းခံနိုင်ခြင်း၊ သနားကြင်နာခြင်းနှင့်ကျေးဇူးတော်ကို ပြသလျက်ရှိပါ၏။

ဤတရားသူကြီးမှတ်စာထဲတွင် ဘုရားသခင်ရွေးကောက်၍ ခွန်အားပေးလျက်၊ ဝိညာဉ်တော်၏ လမ်းပြဦးဆောင်အသုံးပြုတော်မူလျက် တိုင်းပြည်ကိုကယ်တင်၍ ဦးဆောင်သောတရားသူကြီးများအကြောင်းကိုလည်း တွေ့ရပါသည်။ တိုင်းပြည်အခက်အခဲတွေ့သောကာလ၌ ဘုရားသခင်က မိမိ၏ကျေးဇူးဂရုဏာတော်အားဖြင့် ထိုသူတို့ကိုပေါ်ထွန်းစေတော်မူခဲ့၏။ တရားသူကြီးများ၏ ခေတ်ကာလကိုကျွန်တော်တို့စတင်လေ့လာကြည့်ကြပါစို့။

<u>"ယောရှုအနိစ္စရောက်သောနောက်" (သူကြီး ၁း၁၊ ၂း၆-၇)</u>။ တရားသူကြီးတို့၏ ခေတ်ကာလ မတိုင်မီ၌ ဂတိတော်ပြည်ဝင်ရောက်သိမ်းပိုက်ခြင်းရှိခဲ့ပါသည်။ ယောရှုမှတ်စာသည် "အဘယ်မည်သောဘုရားဝတ်ပြုမည်ကို ယနေ့ရွေးကြလော့" (ယောရှု ၂၄း၁၅) ဟူသော ဘုရားသခင်၏ဝတ်ကိုဆောင်ရွက်ခြင်း၌ ဖိတ်ခေါ်သောစကားဖြင့် အဆုံးသတ်ခဲ့ပါသည်။ ဣသရေလတို့က ဘုရားသခင်၏စကားကိုနာခံ၍ ဘုရားသခင်၏ဝတ်ကိုပြုမည်ဟုဆိုကြသော်လည်း (ယောရှု ၂၄း၂၄)၊ ဤဆက်ကပ်မှုသည် အချိန်တိုင်း၊ ခေတ်အဆက်ဆက် ဆက်လက်ပြုရမည့်ဆက်ကပ်မှုဖြစ်ပါသည်။ ဤသို့ဖြင့် ရုပ်တုဆင်းတုကိုးကွယ်ခြင်းကြောင့် ဘုရားသခင်မောင်းထုတ်တော်မူခဲ့သော ခါနာန်ပြည်ကို ဣသရေလလူတို့သည် ဝင်ရောက်ပိုင်ဆိုင်ခဲ့ကြ၏။ ထို့ကြောင့် သူတို့သည် ရုပ်တုဆင်းတုကိုးကွယ်ခြင်းကိုဖယ်ရှားကြရပါမည်။ ယောရှု ၂၄း၁၆၊ ၁၈၊ ၂၁ နှင့် ၂၄ ထဲတွင် နှုတ်အားဖြင့် ဝန်ခံခဲ့ကြသော ဆက်ကပ်မှုအတိုင်း သူတို့သည် နေ့စဉ်နေထိုင်ကြရပါမည်။ ယောရှုနှင့်သူ့ခေတ်လူအပေါင်းတို့က နောင်လာနောက်သားတို့အတွက် လိုက်လျှောက်ခြင်း၌ ကောင်းသောအမွေ၊ သစ္စာရှိခြင်းတရားကို အမွေထားခဲ့ကြပါသည် (ဟေရှာ ၃၀း၂၁)။ ထို့ကြောင့် မျိုးဆက်သစ်တို့သည် ဘိုးဘေးတို့၏ယုံကြည်ခြင်းကို ဆက်လက်ထိန်းသိမ်း၍ ထိုလမ်းသို့လျှောက်ရမည်မှာ သူတို့၏တာဝန်ဝတ္တရားဖြစ်ပါသည်။

**ဆင်ခြင်ရန်** - (သုတ္တံ ၁၄း၃၄ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - (ယောဘ ၃၆း၁၁-၁၂ ကိုအသုံးပြုပါ)။

တနင်္လာ၊ ဇန်နဝါရီ (၂)
**သူကြီး ၁း၂၂-၃၆**
တရား ၁၁း၂၂-၃၂

*"ငါမှာထားသမျှသော ဤပညတ်တို့ကို ကျင့်အံ့သောငှါ သတိနှင့်စောင့်ရှောက်လျှင်"*

# တရားသူကြီးတို့၏ခေတ်ကာလ (၂)

ခေတ်တိုင်း မိမိတို့သွားရာလမ်းကိုရွေးချယ်ရပါမည်။ ဤတရားသူကြီးတို့ခေတ်တွင် ဣသရေလ လူတို့သည် ဘိုးဘေးတို့၏လမ်း၊ ယုံကြည်ခြင်းမှလမ်းလွဲသွားခဲ့ကြ၏။ သူတို့သည် သန့်ရှင်းခြင်း၊ အသီးအခြားနေခြင်းဖြင့် မိမိတို့၏ထူးခြားမှုကိုပြသ၍ ထိုအလင်းအားဖြင့် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေဖို့ဖြစ်ပါသည်။ ယောရှုကွယ်လွန်ပြီးနောက်တွင်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်ကို နာခံခြင်းဖြင့် ဆက်လက်အသက်ရှင်ကြရမည်ဖြစ်သော်လည်း၊ ဘုရားသခင်၏အလိုတော်နှင့်အညီ နေထိုင်ကြရမည်ဖြစ်သော်လည်း၊ လက်တွေ့တွင် ယုံကြည်ခြင်းဖြင့် အသက်မရှင်ခဲ့ကြပါ။

<u>"တဖန် ဣသရေလအမျိုးသားတို့သည် အားကြီးသောအခါ. . ."</u>(သူကြီး ၁း၂၈)။ ဤကျမ်း ပိုဒ်က သူတို့၏လမ်းလွဲမှုအစကိုဖော်ပြပါ၏။ ဘုရားသခင်၏ရှင်းလင်းသောသွန်သင်ချက်ကို လျစ်လျူ ရှု၍၊ မိမိတို့ဆောင်ရွက်ရမည့်အမှုကို မဆောင်ရွက်ဘဲ၊ မိမိတို့၏ဉာဏ်ပညာနှင့် ဆင်ခြင်တွေးတောမှုကို ကိုးစားလျက် လမ်းလွဲခဲ့ကြပါသည်။ အခြေအနေအရ လှုပ်ရှားကြပြီး၊ ခဏတာ အကျိုးကိုကြည့်၍ ထိုလမ်းသို့လိုက်သွားခဲ့ကြ၏။ သူတို့၏အတွေးအခေါ်သည် အစိုးရ၍ ဘုရားသခင်၏နှုတ်ကပတ်တော် ကို မလိုက်လျှောက်ခဲ့ကြပါ။ ခါနန်လူတို့ကို တိုက်ခိုက်မောင်းထုတ်ခြင်းငှါ ပညတ်ထားခြင်းသည် သူတို့၏သန့်ရှင်းခြင်းနှင့် အသီးအခြားနေခြင်းအတွက် အဓိကကျသောအမှုဖြစ်ပါသည်။ ဝိညာဉ်အရာ ၌ သူတို့သည် ခါနန်လူတို့၏အကျင့်နှင့်အပြုအမူ၏သွေးဆောင်ခြင်းမှ ကင်းလွတ်ခဲ့ကြမည်ဖြစ်၏။ သူတို့သည် ထိုသို့သောအကျိုးကိုမကြည့်တတ်ခဲ့ကြပါ။ မကောင်းသောသူတို့နှင့်ပေါင်းဘော်ခြင်းအား ဖြင့် ကောင်းသောအကျင့်ဓလေ့ယိုးယွင်းတတ်သည်ကို မသိခဲ့ကြပါ (၁ ကော ၁၅း၃၃)။ တသီးတခြား နေခြင်းထက် ရောနှောနေခြင်းကို ရွေးချယ်ခဲ့ကြ၏။ မိမိကိုယ်ကို ရပ်တည်ခြင်းငှါ ဘုရားသခင်က ခွန်အားပေးခဲ့သော်လည်း၊ ရောနှောနေခြင်းကို ရွေးချယ်ခဲ့ကြ၏။ ဘုရားသခင်၏နှုတ်ကပတ်တော် ကို မလိုက်ဘဲ၊ မိမိတို့၏လမ်းကိုလျှောက်ခဲ့ကြ၏။ သူတို့၏စစ်သည်အင်အားကို ဝိညာဉ်အင်အားဟု မှားယွင်းစွာမှတ်ယူခဲ့ကြ၏။ တခုခု၌ အောင်မြင်ခြင်းရလျှင်လည်း၊ မိမိကိုယ်ကိုကိုးစားခြင်း၊ ဝိညာဉ် ရေးရာလျစ်လျူရှုခြင်းမပြုသင့်ပါ။

ဘုရားသခင်၏နှုတ်ကပတ်တော်နာမခံခြင်းဖြင့် ရရှိသောဝိညာဉ်ရေးရာယိုယွင်းပျက်စီးခြင်း အမှုအားဖြင့် ရရှိသောခဏတာအကျိုးသည် လုံးဝအကျိုးမရှိပါ။ ကျွန်ုပ်တို့စွဲလမ်းနှစ်သက်သောအရာ သည် ဘုရားသခင်၏နှုတ်ကပတ်တော်သိကျွမ်းခြင်းနှင့် ထိုနှုတ်ကပတ်တော်ကို နာခံလိုက်လျှောက် ခြင်းသာ ဖြစ်ရပါမည်။

**ဆင်ခြင်ရန်** - (သုတ္တံ ၃း၅ ကို ဖတ်ပါ)။
**ဆုတောင်းချက်** - (ဆာလံ ၈၆း၁၁ ကို အသုံးပြုပါ)။

အင်္ဂါ၊ ဇန်နဝါရီ (၃)
**သူကြီး ၂း၁-၁၀**
ဆာလံ ၇၁

*"ဤလူမျိုးသည်ထ၍. . . တပါးအမျိုးသား ကိုးကွယ်သောဘုရားတို့နှင့်မှားယွင်း၍"*

---

# တရားသူကြီးတို့၏ခေတ်ကာလ (၃)

တရားသူကြီးမှတ်စာအခန်းကြီး ၂ အစတွင် ဘုရားသခင်၏ကောင်းကင်တမန်က ဣသရေလလူတို့၏ သစ္စာမရှိခြင်းအကြောင်းကို ဖော်ထုတ်ဆန့်ကျင်ခဲ့၏။ သူတို့၏သစ္စာမရှိခြင်းသည် ဘုရားသခင်၏သစ္စာတော်ပဋိညာဉ်နှင့်ပညတ်တော်နာမခံခြင်း၌ ထင်ရှားလှပါသည်။ ထာဝရဘုရားသည် ဘိုးဘေးတို့ထံပြုခဲ့သောဂတိတော်ပြည့်စုံစေခြင်းအမှု၌ သစ္စာရှိတော်မူခဲ့၏။ အဲဂုတ္တုပြည်မှ သူတို့ကိုကယ်နှုတ်ခဲ့ပါသည်။ ဂတိတော်ပြည်ကိုလည်း ပေးတော်မူခဲ့၏။ ပညတ်တော်ကိုလည်း ပေးတော်မူ၍ သစ္စာရှိစွာလိုက်လျှောက်ခြင်းငှါ မိန့်တော်မူခဲ့ပါသည်။ သို့သော်လည်း၊ သူတို့သည် နားမခံခြင်းဖြင့် ထာဝရဘုရားထဲ သစ္စာမရှိကြကြောင်းကို ပြသခဲ့ကြ၏။

"သူတို့သည်သင်တို့တဘက်၌ မုဆိုးလုပ်လျက်၊ သူတို့ဘုရားတို့သည် သင်တို့၌ကျော့ကွင်းဖြစ်ကြလိမ့်မည်" (သူကြီး ၂း၃၊ ၃း၄-၇)။ ခါနန်လူတို့နှင့်ရောနှောနေကြခြင်းကြောင့် (အစ၌ လက်အောက်ခံဖြစ်ကြပြီး၊ ယခုတွင် ထိမ်းမြားယူကြ၏) ဝိညာဉ်အရေးဖြစ်သော ဘုရားသခင်ဝတ်ပြုကိုးကွယ်ခြင်းကို ညစ်ညူးစေကြပါသည်။ ထိုသို့ခါနန်လူတို့နှင့် ရောနှောနေကြခြင်းသည် သူတို့အတွက် ကျော့ကွင်းဖြစ်၍လမ်းလွဲခြင်းကို ဖြစ်စေခဲ့ပါသည်။ ဤသို့ဖြင့် ရုပ်တုဆင်းတုကိုးကွယ်ခြင်း ကျော့ကွင်းမှ လွတ်မြောက်ခြင်းငှါ သူတို့၌ဝိညာဉ်ခွန်အားမရှိကြတော့ပါ။ ကျော့ကွင်းထဲတွင် ကျော့မိ၍ မလွတ်မြောက်နိုင်ဖြစ်ကြပြီး၊ သူတို့သည် ဆင်းရဲဒုက္ခကြုံတွေ့ရပါ၏။

"နောင်ကာလအမျိုးသားတို့သည် ပေါ်လာကြ၏" (သူကြီး ၂း၁၀)။ ခေတ်တိုင်း သစ္စာရှိဖို့ လိုပါသည်။ ယောရှုနှင့်ထိုခေတ်လူတို့၏ ဘုရားကြောက်ရွံ့ခြင်းလွှမ်းမိုးမှုကြောင့် ယောရှုခေတ်ကာလတွင် သစ္စာရှိခဲ့ကြပါသည်။ ယခုတွင် ခါနန်လူတို့နှင့်ရောနှောနေခြင်း၊ ခါနန်လူတို့၏ ရုပ်တုဆင်းတုကိုးကွယ်ခြင်းကြောင့် လူတို့သည် လမ်းလွဲခဲ့ကြ၏။ အသီးအခြားနေခြင်းသည် သန့်ရှင်းခြင်းကိုထိန်းသိမ်း၍ ယိုယွင်းပျက်စီးမှုကို ဆီးတား၏။ လူတို့သည် မိမိတို့ခေတ်၌ ဘုရားသခင်နှင့်မိဿဟာယဖွဲ့ခြင်းကို တည်ဆောက်ခြင်းငှါ တာဝန်ရှိကြ၏။ နောက်မျိုးဆက်သစ်တို့ကလည်း ဘိုးဘေးတို့ထားခဲ့သော ယုံကြည်ခြင်းအမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းဖို့ တာဝန်ရှိကြ၏။ ဤမေးခွန်းကို ကျွန်ုပ်တို့၏ သားသမီးများက အဖြေပေးကြရပါမည် - "ယုံကြည်ခြင်းကို ကျွန်ုပ်တို့သားသမီးများက စောင့်ရှောက် ထိန်းသိမ်းကြပါမည်လော"။ ထိုသို့ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းငှါ၊ ယခု၌ ကျွန်တော်တို့သည် သူတို့ အား ကျွန်ုပ်တို့လက်ခံရရှိခဲ့သော ယုံကြည်ခြင်းကို သစ္စာရှိစွာ ကြိုးစားသင်ပေး၍ လမ်းပြကြရပါမည်။

**ဆင်ခြင်ရန်** - (ယုဒ ၃-၄ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - (ဆာလံ ၇၁း၁၇-၁၈ ကို အသုံးပြုပါ)။

# တရားသူကြီးတို့၏ခေတ်ကာလ (၄)

ဤကျမ်းပိုဒ်တွင် ဣသရေလလူတို့၏လမ်းလွဲခြင်းနှင့် ဘုရားသခင်၏ပြစ်ဒဏ်ပေးခြင်းကို တွေ့ရပါသည်။ အထူးသဖြင့်၊ အပြစ်ကျူးလွန်လမ်းလွဲခြင်း၊ ရှုတ်ချခြင်းနှင့်ကျွန်ခံစေခြင်း၊ နောင်တရခြင်းနှင့်တောင်းလျှောက်ခြင်း၊ ကယ်နှုတ်ခြင်းနှင့်ငြိမ်သက်ခြင်းဟူသောတရားလည်ပတ်မှုကို တွေ့ရပါသည်။ ထိုတရားလည်ပတ်မှုကို တရားသူကြီးတို့ခေတ်ကာလတွင် တွေ့ရပါသည်။ သူတို့၏သစ္စာမရှိခြင်းကြောင့် ဘုရားသခင်ကိုလျစ်လျူရှုခြင်း၊ ကျေးဇူးဂရုဏာတော်ကိုမေ့လျော့ခြင်း၊ ပြုတော်မူသောအံ့ဖွယ်အမှုတို့ကို မမြင်ခြင်းစသည်တို့ကို ပေါ်ပေါက်စေပါသည်။

<u>"ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကိုပြု၍. . . ထာဝရဘုရားကိုစွန့်၍. . ." (သူကြီး ၂း၁၁-၁၃)</u>။ ခါနနိလူတို့၏ဘုရားများနှင့် ဘာသာတရားသည် ခန္ဓာကိုယ်ပိုင်းဆိုင်ဆိုင်၊ ခဏတာတည်မြဲသော ကျန်းမာကြွယ်ဝခြင်းကို အဓိကထားသောကြောင့် ဣသရေလူတို့အဖို့ အလွန်ဆွဲဆောင်မှုရှိခဲ့သည်ဟု ယူဆရပါသည်။ ထိုသို့ ခါနနိလူတို့ကို မမောင်းထုတ်ဘဲ ပြည်တော်၌နေထိုင်စေခြင်း၊ ဘုရားသခင်၏စကားတော်ကို စုံလင်စွာနာမခံခြင်းကြောင့် ဣသရေလလူတို့၏စိတ်နှလုံးသည် ပြောင်းလဲ၍၊ ရည်မှန်းချက်လည်းပြောင်းလဲခဲ့ပါသည်။ တကယ်မရှိသော ခါနနိလူတို့၏ဘုရားများအကြောင်း ဣသရေလလူတို့၏ စိတ်နှလုံးကိုဖမ်းချုပ်ခဲ့ပါသည်။ ထိုသို့ဖြင့် သူတို့သည် အားနည်း၍ရုပ်တုဆင်းတုကိုးကွယ်ခြင်းနှင့် ဆက်နွှယ်လျက်ရှိသော စည်းစိမ်ကြွယ်ဝချမ်းသာခြင်းတရား၏သွေးဆောင်မှုကို မဆီးတားနိုင်ခဲ့ကြပါ။ ထိုအခါ သူတို့၏အကျင့်စာရိတ္တသည် ယိုယွင်းပျက်စီးခဲ့ပါသည်။

<u>"ထိုကာလ၌ ဣသရေလဘုရင်မရှိ။ လူတိုင်းမိမိစိတ်အလိုရှိသည်အတိုင်းပြုသတည်း" (သူကြီး ၁၇း၆၊ ၁၈း၁၊ ၁၉း၁၊ ၂၁း၂၅)</u>။ သူကြီး ၁၇း၆ မှ ၂၁း၂၅ ထဲတွင် အကြိမ်ကြိမ်တွေ့ရသော ဤမှတ်ချက်စကားသည် တရားသူကြီးတို့ခေတ်ကာလ၊ မင်းမဲ့စရိုက်ကို ပြသလျက်ရှိ၏။ ဝိညာဉ်ရေးရာ ယိုယွင်းခြင်းရှိသောအခါ လူတို့သည် မိမိ၏ပျော်ရွှင်မှုကိုသာ ရှာတတ်ကြ၏။ မိမိအလိုနှင့်ကိုယ်ကျိုးရှာခြင်းက နေရာယူထားကြောင်း ယဇ်ပုရောဟိတ်မိက္ခာအကြောင်း (သူကြီး ၁၇-၁၈) နှင့် မယားငယ်ကိစ္စအကြောင်း (သူကြီး ၁၉) ၌ ထင်ရှားစွာတွေ့ရ၏။ ဤအမှုကြောင့် ဗင်္ယာမိန်အမျိုးသည် ပျောက်ကွယ်လုဆဲဆဲဖြစ်ခဲ့ပါ၏။ ရှင်ဘုရင်မရှိသောအခါ တိုင်းပြည်၌ ဖရိုဖရဲဖြစ်၍ စည်းလုံးဝပျက်ပြားခဲ့ပါ၏။ သို့သော်လည်း ဘုရားသခင်သည် ဣသရေလလူမျိုးတို့၏ရှင်ဘုရင်ဖြစ်တော်မူ၏။ ထိုသို့ ရှင်ဘုရင်ရှိသောအချိန်၌ပင် ဘုရားသခင်၏နှုတ်ကပတ်တော်မှ လမ်းလွဲသောအခါ တိုင်းပြည်သည် ယိုယွင်းပျက်စီးတတ်ကြောင်း သိခဲ့ရပါသည်။

**ဆင်ခြင်ရန်** - (ဆာလံ ၁၁၉း၁၃၇-၁၄၀ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - (နေဟမိ ၉း၃၂-၃၈ ကိုအသုံးပြုပါ)။

ကြာသပတေး၊ ဇန်နဝါရီ (၅)
**သူကြီး ၂း၂၂-၂၃**
ထွက် ၃၄း၅-၉

*"ကိုယ်တော်ကို အော်ဟစ်ကြသောအခါ၊ ကောင်းကင်ဘုံကနားထောင်၍"*

# တရားသူကြီးတို့၏ခေတ်ကာလ (၅)

တရားသူကြီးတို့၏ခေတ်ကာလသည် ဘုရားသခင်၏လူမျိုးဖြစ်သောဣသရေလအမျိုး၏ ဆန့်ကျင်မှုနှင့်ကျဆုံးမှုကို ပြသသည်သာမက၊ ဘုရားသခင်၏ကျေးဇူးဂရုဏာတော်၊ စိတ်ရှည်သည်းခံခြင်းနှင့်ကောင်းမြတ်တော်မူခြင်းကို ပြသခဲ့ပါသည်။ ဘုရားသခင်၏သဘောသဘာဝကိုလည်း ပေါ်လွင်စေခဲ့ပါသည်။ ဘိုးဘေးတို့ထံ ဘုရားသခင်ပြုတော်မူသောဂတိတော်ကို သစ္စာရှိစွာ ဘုရားသခင် စောင့်ရှောက်တော်မူပြီး၊ ထိုသို့သောလမ်းလွဲခြင်းနှင့်ဆန့်ကျင်ခြင်းအမှုမှောင်မိုက်ထဲ၌ ဘုရားသခင်သည် မိမိ၏ဂရုဏာတော်ကို ပြသတော်မူခဲ့ပါသည်။

<u>"သို့ရာတွင်၊ လုယူသောသူတို့လက်မှ ကယ်လွှတ်သောတရားသူကြီးတို့ကို ထာဝရဘုရားပေါ်ထွန်းစေတော်မူ၏"</u> <u>(သူကြီး ၂း၁၆-၁၈)</u>။ ရှင်ဘုရင်မရှိသောကာလ၌ ဘုရားသခင်သည် တရားသူကြီးတို့ကို ပေါ်ထွန်းစေတော်မူ၏။ ထိုသူတို့သည် အားနည်းသောသူဖြစ်ကြသော်လည်း ထိုတိုင်းပြည်ယိုယွင်းသောကာလတွင် ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်မည့်သူများဖြစ်ကြပါသည်။ ဘုရားသခင်ဝိညာဉ်တော်၏ တန်ခိုးပေးတော်မူခြင်းဖြင့်၊ ဘုရားသခင်၏ လမ်းပြတော်မူခြင်းဖြင့်၊ အပြစ်ကြောင့် ကျွန်ခံနေရသောလူတို့ကို ထိုသူတို့သည် ကယ်နှုတ်ကြပါလိမ့်မည်။ ထိုသို့ကြီးသောအမှုကို ဆောင်ရွက်ကြပြီးနောက် လူတို့၏မေ့လျော့ခြင်းကိုခံ၍ လူတို့သည်လမ်းလွဲခြင်းအမှုသို့ ပြန်၍သွားခဲ့ကြပါလိမ့်မည်။ ဘုရားသခင်သည် စိတ်ရှည်သည်းခံခြင်းရှိ၍ မိမိ၏ကျေးဇူးဂရုဏာတော်အားဖြင့် ထိုသူတို့အား မိမိထံပြန်လာကြသောအခါ တိုင်းပြည်၌ငြိမ်သက်ခြင်းကိုပြန်၍ သက်ရောက်စေတော်မူတတ်၏။ ထိုသို့ဖြင့် အရေးပေါ်အခြေအနေရောက်သောအခါ ဘုရားသခင်ထံ အော်ဟစ်ကြသောအခါ ဘုရားသခင်သည် ဂရုဏာထားတော်မူ၍ သူတို့ကိုကယ်နှုတ်မည့်တရားသူကြီးတို့ကို ပေါ်ထွန်းစေတော်မူ၏။

ထိုသို့လမ်းလွဲမှုသည် ပို၍ကြီးမားလာသည့်တိုင်း၊ ဘုရားသခင်၏ကျေးဇူးတော်သည် လုံလောက်ခြင်းရှိတော်မူ၏ (ရောမ ၅း၂၀)။ မှန်ပါ၏၊ အပြစ်ပေါ်များသောအရပ်၌ ဘုရားသခင်၏ ကျေးဇူးတော်ပို၍ကြီးမားခြင်းရှိပါ၏။ လူ့အသိစိတ်သည် ထုံထိုင်းခြင်းရှိပါသော်လည်း ဘုရားသခင်၏ ကျေးဇူးတော်နှင့်ဂရုဏာတော်သည် နောင်တရခြင်းငှါ ထိုစိတ်နှလုံးကိုနှိုးဆွတော်မူနိုင်၏။ ယုံကြည်ခြင်းသည် လူ၌မတည်ဘဲ၊ ဘုရားသခင်၏သာတည်ရပါမည်။ ဘုရားသခင်အသုံးပြုတော်မူသောလူတို့သည်တစ်ချိန်နှင့်တစ်ချိန် မတူကြပါ၊ အမျိုးမတူကြပါ။ ကြာကြာအသက်မရှင်ကြပါ။ သို့သော်လည်း သူတို့သည် ရွေးချယ်၍အသုံးပြုတော်မူသော ဘုရားသခင်သည် ထာဝရတည်၍၊ ကျေးဇူးတော်၊ ဂရု ဏာတော်နှင့်ပြည့်လျက်၊ အရာခပ်သိမ်းတတ်စွမ်းနိုင်တော်မူ၍ အလုံးစုံကိုသိမြင်တော်မူသော ထာဝရ ဘုရားဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "ဘုရားသခင်သည် မိမိ၏သားသမီးတို့ကို လမ်းပြတော်မူ၍ ကျွန်တော်တို့သည် ရန်သူကိုအောင်နိုင်ကြပါလိမ့်မည်"။
**ဆုတောင်းချက်** - (ဆာလံ ၁၀၈ ကိုအသုံးပြုပါ)။

သောကြာ၊ ဇန်နဝါရီ (၆)
**သူကြီး ၃း၁-၁၁**
ဟေဗြဲ ၁၃း၇-၁၇

*"ထာဝရဘုရားသည် တရားသူကြီးကို ပေါ်ထွန်းစေသောအခါ သူနှင့်အတူရှိ၍. . . ဣသရေလလူတို့ကို ရန်သူ၏လက်မှကယ်လွှတ်တော်မူ၏"*

# ဩသံယေလ (၁)

"ဘုရားသခင်သည် ယုံကြည်ခြင်းအားကြီးသောသူတို့ကို မရှာဖွေဘဲ၊ ဘုရားသခင်၏ကြီးမြတ်တော်မူသော သစ္စာတော်ကိုကိုးစားသော သာမန်လူတို့ကို ရှာဖွေခဲ့ပါသည် " (Hudson Taylor)။

တရားသူကြီးမှတ်စာအခန်းကြီး ၃ ၌ တွေ့ရသောဣသရေလလူတို့သည် ဘုရားသခင်နှင့်ပြုတော်မူသော ကြီးသောအမှုတို့ကိုမသိခဲ့ကြသောသူများဖြစ်ကြ၏ (သူကြီး ၂း၁၀)။ ထို့ပြင် ခါနန်ပြည်ဝင်ရောက်သိမ်းပိုက်ခြင်းအမှု၌ မပါဝင်ခဲ့သောသူ၊ စစ်မှုမကျွမ်းကျင်သောသူများဖြစ်ကြပါသည် (သူကြီး ၃း၂)။ သူတို့သည် ဂတိတော်ကို အမွေအဖြစ်ခံရကြပြီး၊ ငြိမ်သက်ခြင်းကို ခံစားကြရ၏။ ခါနနိလူတို့ကို မမောင်းထုတ်ဘဲ သူတို့ထံမှအခွန်ရရှိခြင်းငှါ လက်အောက်ခံအဖြစ်ထားခဲ့ကြ၏။ ထို့ကြောင့် သူတို့သည် ကျွန်ခံကြရ၍ ဘုရားသခင်က သူတို့ကိုကယ်နှုတ်ခြင်းငှါ ဩသံယေလကို ရွေးနှုတ်တော်မူခဲ့၏။

<u>"ကာလက်ညီ၊ ကေနတ်၏သားဩသံယေလ" (သူကြီး ၃း၉၊ နိုင်း ၁း၁၃-၁၅)</u>။ ဤမိတ်ဆက်ခြင်းသည် ယောရှု ၁၅း၁၇ နှင့်တူညီပါ၏။ သူသည် သမိုင်းကောင်း၊ ဘုရားကိုကြောက်ရွံ့သောမိသားစုမှ ပေါ်ထွန်းလာသောသူဖြစ်ပါသည်။ သူသည် အစ်ကိုဖြစ်သောကာလက်၊ ဘုရားသခင်ကိုယုံကြည်ကိုးစားသောသူနှင့်အတူ သတ္တိရှိရှိတိုက်ပွဲဝင်ခဲ့ဖူးကြောင်း တွေ့ရပါသည်။ မကောင်းသောသူနှင့်ပေါင်းဘော်ခြင်းက ကောင်းသောအကျင့်ကို ယိုယွင်းစေကဲ့သို့၊ ဘုရားသခင်ကြောက်ရွံ့ခြင်းရှိသောအသိုင်းအဝိုင်း၌နေထိုင်ခြင်းက ရန်သူတို့ကိုတိုက်ခိုက်ခြင်းငှါ သတ္တိရှိသော ခေါင်းဆောင်ကို ဘုရားသခင်ပေါ်ထွန်းစေတော်မူ၏။ ထို့ကြောင့် အသင်းတော်အတွက် အကျိုးရှိသောဘုရားသခင်၏လူမွေးထုတ်ခြင်း၌ ဘုရားသခင်ကိုကြောက်ရွံ့သော မိသားစုသည် အလွန်အရေးပါလှပါသည်။ ဘုရားသခင်က ပညတ်တရားတို့ကို မိသားစု၌သွန်သင်ခြင်းငှါ ပညတ်ထားတော်မူ၏။ ပေါလုကတိမောသေ၏ယုံကြည်ခြင်းကို ချီးမွမ်းသောအခါ အမြစ်တွယ်ရာ သူ၏မိခင်နှင့်အဘွားတို့ကို ဖော်ပြခဲ့ပါသည်။ ဩသံယေလအကြောင်း၊ သူ၏တိုက်ရည်ခိုက်ရည်၊ မည်သို့ ဣသရေလလူတို့ကိုကယ်နှုတ်ကြောင်း၊ မေသောပေါတာမိလူတို့ကို မည်သို့အောင်မြင်ခဲ့ကြောင်း စသည်တို့ကိုမဖော်ပြဘဲ၊ ကာလက်နှင့်ဆက်နွယ်မှုကို ရိုးရှင်းစွာဖော်ပြထားပါသည်။ မိသားစု၊ ညီအစ်ကိုဆက်နွယ်မှုရှိသည့်အပြင်၊ ကာလက်နှင့်အတူ တိုက်ပွဲဆင်နွဲခဲ့ကြောင်း တွေ့ရပါသည်။ ခါနန်ပြည်ဝင်ရောက်သိမ်းပိုက်ခြင်းအကြောင်း မသိသောခေတ်၌ ဘုရားသခင်ကိုကြောက်ရွံ့သောလူတို့နှင့်တိုက်ပွဲဝင်ရောက်ခဲ့ဖူးသောသူ တစ်ဦးရှိခဲ့ပါ၏။ သူသည် အစ်ကိုကာလက်ကိုအတုယူခဲ့သဖြင့်၊ မိမိခေတ်၌ အတုယူစရာပုဂ္ဂိုလ်ဖြစ်လာခဲ့ပါသည်။

**ဆင်ခြင်ရန်** - (၁ သက် ၅း၁၂-၁၃)။
**ဆုတောင်းချက်** - "ခရစ်တော်အစိုးရသော၊ ကျမ်းစာဖတ်ကြားသော၊ ချီးမွမ်းသီချင်းသီဆိုသော၊ အဆင်ပြေသောအချိန်နှင့် ခက်ခဲသောအချိန်၌ပင် ဆုတောင်းပေးခြင်းကို ဦးစွာပြုသောမိသားစုကို ကျွန်ုပ်တို့အား ပေးသနားတော်မူပါ"။

စနေ၊ ဇန်နဝါရီ (၇)
**သူကြီး ၃း၁-၁၁**
ဆာလံ ၁၅၊ ၂၄း၃-၆

*"ဘေးရောက်သဖြင့်. . .*
*ထာဝရဘုရားထံတော်သို့ပြန်လာ၍"*

# ဩသံယေလ (၂)

<u>"ထာဝရဘုရား၏ဝိညာဉ်တော်သည် သူ့အပေါ်သို့သက်ရောက်သဖြင့်" (သူကြီး ၃း၁၀-၁၁)</u>။ ဩသံယေလ၏အတွေ့အကြုံ၊ ခံရသောဘုရားသခင်ကြောက်ရွံ့ခြင်းအမွေတော်အပြင်၊ သမ္မာကျမ်းစာက ဤပထမဆုံးတရားသူကြီး၌ တွေ့ရသောအဓိကအကြောင်းကို ဖော်ပြခဲ့ပါ၏။ သူသည် စစ်တိုက်၍အောင်မြင်မှုရခဲ့သော်လည်း၊ သူ၏စွမ်းဆောင်ရည်နှင့်နည်းဗျူဟာတို့ကို မှတ်တမ်းတင်မခံရပါ။ ထို့ပြင် အသုံးပြုသောလက်နက်တို့ကိုလည်း မဖော်ပြခဲ့ပါ။ ထိုအရာတို့ထက်ပို၍ အရေးကြီးသော၊ ခွန်အားအရင်းအမြစ်ကို ဖော်ပြခဲ့ပါသည်။ ထိုအရာကား ထာဝရဘုရားဝိညာဉ်တော်၏ ခွန်အားပေးခြင်းဖြစ်၍၊ တရားသူကြီးတို့၏အဓိကခွန်အားအရင်းအမြစ်ဖြစ်ပါ၏။ ထာဝရဘုရားက ဤတရားသူကြီးများ၊ ကယ်နှုတ်သောသူများကို ပေါ်ထွန်းစေကြောင်းလည်း ဖော်ပြခဲ့ပါသည်။ ထာဝရဘုရား၏ဝိညာဉ်တော်သည် သူတို့ကိုခွန်အားပေးတော်မူ၏ဟူသော နိဒါန်းကိုတွေ့ရပါသည်။ ဣသရေလလူတို့သည် အပြစ်ကိုကျူးလွန်၍ ရုပ်တုဆင်းတုကိုကိုးကွယ်သောကြောင့် ဘုရားသခင်၏အမျက်တော်ကို ခံရကြ၍ ကျွန်ခံရကြ၏ (သူကြီး ၃း၅-၆)။ သို့သော်လည်း ထိုအမှုနှင့်ဆန့်ကျင်ဘက်ဖြစ်သော၊ ဩသံယေလ၏ဝိညာဉ်ရေးရာသမိုင်းနှင့် ဘုရားသခင်၏အလိုတော်သို့ မိမိကိုယ်ကိုဆက်ကပ်မှုကို တွေ့ရပါ၏။

ဘုရားသခင်၏အမှုတော်ကို ကျွန်တော်တို့ဆောင်ရွက်သောအခါ၌လည်း၊ ကျွန်ုပ်တို့၏တတ်စွမ်းမှု၊ အားနည်းမှု၊ လုပ်ဆောင်မှုနှင့်ဘွဲ့အရည်အချင်းမဟုတ်ဘဲ၊ အဓိကထားကြရသည်မှာ ခရစ်တော်၏သဏ္ဍာန်တော်နှင့်ညီ မညီဟူသောအချက်ပင်ဖြစ်ပါသည်။ ဩသံယေလ၏ကြိုးစားအားထုတ်မှုဖြင့် နှစ်ပေါင်းလေးဆယ်ငြိမ်သက်ခြင်းရှိခဲ့သော်လည်း၊ အဓိကအချက်သည် ဩသံယေလအပေါ် ရောက်ရှိလာသောဘုရားသခင်၏ဝိညာဉ်တော်နှင့် ကယ်နှုတ်တော်မူသော ထာဝရဘုရားသာလျှင်ဖြစ်ပါ၏။ သူသည် ဘုရားသခင်လက်တော်၌ အသုံးတော်ခံတန်ဆာပလာဖြစ်ခဲ့သော်လည်း၊ သမ္မာကျမ်းစာ၌တွေ့ရသည်အတိုင်း သူသည်မကောင်းသောအကျင့်များမှ မိမိကိုယ်ကို သန့်ရှင်းစေသောသူဖြစ်ခဲ့ပါသည်(၂ တိ ၂း၂၀-၂၂)။ ထို့ကြောင့် ဘုရားသခင်အသုံးပြုခြင်းငှါ ထိုက်တန်သောတန်ဆာပလာဖြစ်ခဲ့၏။ သို့သော်လည်း၊ ကျွန်တော်တို့သိမှတ်ရမည်မှာ၊ ဘုရားသခင်ကိုကြောက်ရွံ့သောသူတို့၏သွန်သင်မှုနှင့်မစမှုအောက်၌ ကျွန်တော်တို့သည် သင်ယူစရာများစွာရှိသည်ဟူ၍ ဖြစ်ပါသည်။ ထို့ကြောင့် စိတ်သဘောထားမှန်ကန်ခြင်းရှိလျက် နေ့စဉ်ကြီးထွားခြင်းငှါ ကြိုးစားကြရပါမည်။

**ဆင်ခြင်ရန်** - "ရောင့်ရဲတင်းတိမ်ခြင်းမရှိခြင်းလျှို့ဝှက်ချက်သည် ဆက်ကပ်လိုမှုမရှိခြင်းပင်ဖြစ်ပါသည်" (Hudson Taylor)။

**ဆုတောင်းချက်** - "ကိုယ်တော်၏ဝိညာဉ်တော်နှင့်အကျွန်ုပ်စိတ်နှလုံးကို ပြည့်ဝစေတော်မူပြီး၊ အကျွန်ုပ်တို့အထဲမှ အသက်စမ်းရေထွက်စေတော်မူပါ။"

တနင်္ဂနွေ၊ ဇန်နဝါရီ (၈)
**သူကြီး ၃း၁၂-၃၀**
၁ ကော ၁း၁၈-၃၁

*"ငါသည် အားနည်းသောအခါ တန်ခိုးနှင့်ပြည့်စုံလျက်ရှိ၏"*

# ဧဟုဒ (၁)

ဩသံယေလအကြောင်းနောက်တွင် ဧဟုဒ၏အကြောင်းတွေ့ရ၏။ ဩသံယေလကဲ့သို့ပင် ဧဟုဒ၏အကြောင်းကို အသေးစိတ်မတွေ့ရပါ။ ဘုရားသခင်က ဣသရေလကယ်နှုတ်ခြင်းငှါ မရွေးကောက်မှီနှင့်ရွေးကောက်ပြီးနောက် ဘုရားသခင်စေခိုင်းသောအမှုဆောင်ရွက်ပြီးစီးနောက်ပိုင်းအကြောင်းကိုမတွေ့ရပါ။ ဘုရားသခင်ရွေးကောက်တော်မူပြီး၊ အသုံးပြုတော်မူခြင်းအကြောင်းကိုသာ တွေ့ရပါ၏။ တွေ့ရသောသူ့အကြောင်းဟူမူကား သူသည် ဗယ်္ာမိန်အမျိုးဖြစ်၍၊ ဘယ်သန်ဖြစ်ကြောင်းသိရပါ၏။

<u>"လက်ျာလက်ကို မသုံးတတ်သော. . . ဂေရသားဧဟုဒ. . ." (သူကြီး ၃း၁၅)။</u> လက်ျာလက်သည်ခွန်အားနှင့်ကောင်းချီးမင်္ဂလာကို ရည်ညွှန်းတတ်ပါသည်။ သမ္မာကျမ်းစာထဲတွင်၊ ယောသပ်က ဧဖရိမ်ကိုယာကုပ်၏လက်ဝဲဘက်သို့ ထားခဲ့ခြင်း (ကမ္ဘာ ၄၈း၁၃-၁၈)၊ ဆာလံဆရာက ဘုရားသခင်နှင့်အတူ လုံခြုံမှုကိုလက်ျာဘက်နှင့်နှိုင်းယှဉ်ခဲ့ပါသည် (ဆာလံ ၁၆း၈း၁၁)။ လက်ျာဘက်ဖြင့်ကယ်နှုတ်တော်မူခြင်း (ဆာလံ ၁၇း၇၊ ၁၈း၃၅၊ ၂၀း၆၊ ၄၄း၃) ဟူ၍တွေ့ရပါသည်။ ထို့ကြောင့် ဧဟုဒသည် ဘယ်သန်ဖြစ်ကြောင်း၊ အားနည်းချက်ရှိကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ ထို့ပြင် ဘယ်ညာကောင်းစွာအသုံးပြုတတ်ကြသော ဗယ်္ာမိန်အမျိုးဖြစ်လျက် (သူကြီး ၂၀း၁၆ နှိုင်း၊ ၅ ရာ ၁၂း၂) ဧဟုဒသည် ဘယ်သန်ဖြစ်ခြင်းမှာ အားငယ်စရာကောင်းလှပါ၏။ သို့သော်လည်း၊ ဘုရားသခင်သည် မောဘလူတို့၏ညှင်းပန်းနှိပ်စက်ခြင်းမှ ဣသရေလလူတို့ကိုကယ်နှုတ်ခြင်းငှါ ထိုသူကိုအသုံးပြုတော်မူခဲ့၏။

အားနည်းသည်ဟု ထင်ရသောပုဂ္ဂိုလ်ကို ဘုရားသခင်က မိမိလူတို့အား ကယ်နှုတ်ခြင်းငှါ အသုံးပြုတော်မူခဲ့၏။ ထိုသို့ ဘုရားသခင်ကသေးငယ်သောအရာကို မိမိဘုန်းတော်ထင်ရှားဖို့ အသုံးပြုနိုင်သော်လည်း၊ ကျွန်တော်တို့သည် အကောင်းဆုံးမကြိုးစားဘဲ၊ အဆိုးဆုံး ဘုရားသခင်ထံပေးရမည်ဟု မဆိုလိုပါ။ ဘုရားသခင်သည် မိမိဘုန်းတော်ထင်ရှားစေခြင်းငှါ အားနည်းသောသူ၊ လူတို့ကဲ့ရဲ့သော သူတို့ကိုရွေးကောက်အသုံးပြုတော်မူတတ်၏။ ထို့ကြောင့် ဘယ်သူမျှမကြွားဝါနိုင်ပါ။ ဣသရေလကယ်နှုတ်ခြင်းအတွက် ဘုရားသခင်သည် လူတို့ထင်မှတ်မထားသောပုဂ္ဂိုလ်ကို ရွေးကောက်တော်မူခဲ့၏။ ဘုရားသခင်သည် အဆုံးစွန်အာဏာရှိတော်မူကြောင်း ဧဟုဒ ရွေးချယ်ခြင်း၌ပြသ၍၊ မိမိ၏အနန္တ တန်ခိုးတော်ကို ဧဟုဒအသုံးပြုခြင်း၌ ပေါ်လွင်စေ တော်မူ၏။ ဧဟုဒသည် ဩသံယေလကဲ့သို့မဟုတ်၊ သို့သော်လည်း ဩသံယေလကိုအသုံးပြုသကဲ့သို့၊ ဘုရားသခင်က ဧဟုဒကိုအသုံးပြုတော်မူခဲ့၏။ ကျွန်ုပ်တို့၏အားနည်းချက်များက ဘုရားသခင်ကို ကန့်သတ်ထားခြင်းမရှိပါ။

**ဆင်ခြင်ရန်** - ဘုရားသခင်သည်မိမိဘုန်းတော်ထင်ရှားစေခြင်းငှါ ကျွန်ုပ်တို့ကို ကျေးဇူးပြု၍ ခွန်အားပေးတော်မူ၏။
**ဆုတောင်းချက်** - (ဂလာတိ ၆း၁၄ ကိုအသုံးပြုပါ)။

**သူကြီး ၃း၁၂-၃၀**
နေဟမိ ၄း၁-၂၊ ၁၆-၂၃

*အကျွန်ုပ်သည်ကားတိုင်တော်စစ်သူရဲ၊*
*သိုးသူငယ်၏နောက်လိုက်ဖြစ်ပါသလား။*

# ဧဟုဒ (၂)

"ဘုရားသခင်အတွက် ကြီးသောအမှုပြုခဲ့သောဘုရားသခင်အသုံးပြုတော်မူသောသူတို့သည် အားနည်းသောသူများဖြစ်ခဲ့ကြ၏။ သို့သော်လည်း သူတို့သည် အတူရှိတော်မူသောဘုရားသခင်ကို ကိုးစားခဲ့ကြ၏" (Hudson Taylor)။

ဘုရားသခင်သည် လူ့အမြင်၌အားနည်းသောဧဟုဒကို ရွေးချယ်ခဲ့ပြီး၊ အခွင့်အခါကောင်းကို ပြင်ဆင်ပေးတော်မူ၏။ ဧဂလုန်ထံဝင်ရသောအခွင့်ကိုပေး၍ ဣသရေလလူတို့အတွက် ကြီးမြတ်သောလွတ်မြောက်ခြင်းကို ရယူပေးခဲ့ပါသည်။

"ဧဟုဒသည် . . . သန်လျက်ကိုလုပ်၍. . ." (သူကြီး ၃း၁၆)။ ဧဟုသည် ပြည်သူများကိုယ်စားဧဂလုန်ထံ အခွန်လက်ဆောင်ပေးခြင်းငှါ (သူတို့သည် ကျွန်လက်အောက်ခံဘဝ၌နေရကြောင်း ပြသခြင်းဖြစ်၏) ပြင်ဆင်၍ ဤသို့သန်လျက်ကိုလုပ်ခြင်းဖြစ်ပါသည်။ ထိုသို့ဧဂလုန်ထံဝင်ရောက်စဉ် အသေသတ်ခြင်းငှါ ကြိုတင်ပြင်ဆင်ခြင်းဖြစ်ပါသည်။ ထိုသန်လျက်ကိုဝှက်လျက် ဧဂလုန်ထံဝင်ရောက်ပြီးမှ၊ လူများထွက်သွားသောအခါ မိမိ၏သတ္တိကိုပြလျက်၊ ဘုရင်ထံလျှို့ဝှက်သတင်းပေးမည်ဟု အယောင်ဆောင်ပြီး သူတို့နှစ်ဦးတည်းစကားပြောဖို့ အခွင့်ရခဲ့ပါသည်။

ဧဂလုန်အသတ်ခံရခြင်းအမှု၌ မသင်္ကာစရာအကြောင်း တစ်ခုမျှမရှိဘဲ၊ ဧဟုဒသည် မိမိ၏လျှို့ဝှက်ဆောင်ရွက်မည့်အမှုကို ပိုင်နိုင်ချောမောစွာပြီးစီးဆောင်ရွက်ခဲ့ပါသည်။ ဘုရားသခင်စေခိုင်းသောအမှုဆောင်ရွက်ခြင်း၌ ပညာအစွမ်းသတ္တိကို ကောင်းကောင်းတွေ့ရပါ၏။ သန်လျက်ကို လျှို့ဝှက်စွာယူဆောင်လာခြင်း၊ ဧဂလုန်ထံအခွန်ဆက်သခြင်း၊ အခြားသောသူတို့ကို သွားခိုင်းပြီး တဦးချင်းစကားပြောရန်အခွင့်ရှာကြံခြင်းတို့၌ ထိုပညာဉာဏ်တို့ကိုတွေ့ရပါသည်။ ထို့ပြင် ဘုရားသခင်၏လမ်းပြကွယ်ကာမစတော်မူခြင်းလည်းဖြစ်ပါသည်။ ဧဂလုန်အသတ်ခံရခြင်းအကြောင်းကို သူ့တပည့်တို့က မသိမီ ဧဟုဒသည်လွယ်ကူစွာထွက်သွားခဲ့ပြီဖြစ်၍ အဘယ်သံသယမျှမဝင်ခဲ့ပါ။ ထိုသို့ ရှင်ဘုရင်သေဆုံးကြောင်းသိကြ၍ ရှုပ်ထွေးနေချိန်၌ ယောဒန်မြစ်ကမ်း၌အသင့်စောင့်ကြည့်သော ဣသရေလလူတို့သည် ဝင်ရောက်တိုက်ခိုက်၍ မောဘတို့၏အုပ်ချုပ်မှုကို တွန်းလှန်ချေမှုန်းခဲ့ကြ၏။ ဘုရားသခင်ရွေးချယ်သောဘုရား၏လူသည် ဘုရားသခင်၏လမ်းပြကွယ်ကာမစတော်မူခြင်းအားဖြင့် ဣသရေလအတွက် လွတ်မြောက်ခြင်းကိုရယူပေးခဲ့ပြီး ဘုရားသခင်ကိုချီးမြှောက်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - "ဘုရား၏အမှုတော်ဆောင်ရွက်ခြင်းငှါဝင်း၊ နာမတော်အားဖြင့် တရားဟောခြင်းငှါဝင်း ကျွန်တော်ကြောက်ရွံ့ရမည်လော"။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်သတ္တိကို ကြီးထွားစေတော်မူပါ။ ကိုယ်တော်၏နှုတ်ကပတ်တရားတော်ကြောင့် အခက်အခဲဒုက္ခကို ကျွန်တော်ရင်ဆိုင်သည်းခံပါမည်။

အင်္ဂါ၊ ဇန်နဝါရီ (၁၀)
**သူကြီး ၃း၁၂-၃၀**
၁ တိ ၆း၃-၁၂

*"ရောင့်ရဲသောစိတ်ပါလျှင်၊ ဘုရားဝတ်၌မွေ့လျော်ခြင်းသည် ကြီးစွာသောအကျိုးစီးပွားမှန်၏"*

# ဖေဟူဒ (၃)

"အရမ်းသိလိုမှုနှင့်ကိုယ်ကျိုးကြည့်ခြင်းက ဘုရင်ကိုသတ်လေ၏" ဟု ဧဂလုန်သေခြင်းအကြောင်းကို ဖော်ပြ၍ရပါသည်။ ဧဟုဒက မိမိ၌လျှို့ဝှက်သတင်းရှိသည်ဟု ဟန်ဆောင်ပြောသောအခါ (သူကြီး ၃း၁၉)၊ ဘုရင်က မိမိအစေခံအပေါင်းကို ထွက်သွားစေ၍သူတို့နှစ်ဦးသာရှိရန် အလိုရှိခဲ့၏။ ထိုသတင်းစကားကို မိမိသာလျှင် ကြားလိုခဲ့၏။ ကျွန်တော်တို့သည်လည်း ကြွယ်ဝချမ်းသာခြင်းလျှို့ဝှက်နည်းလမ်းကို ပြောပြ၍ သူတပါးမသိစေခြင်းငှါ နှုတ်ဆိတ်နေရမည်ဟု ပြောလာသော လူတို့ကြောင့် ဒုက္ခရောက်၍စိတ်ပျက်ခဲ့ကြဖူးမည်ဟု ထင်ပါသည်။

ဧဂလုန်သည် အလွန်ဝသည်ဖြစ်၍ ဧဟုဒ၏သန်လျက်သည် ဗိုက်ထဲသို့ဝင်ပြီး ဆီဥသည် သန်လျက်ကိုလွှမ်းဖုံးသောကြောင့် ပြန်၍မနှုတ်နိုင်ခြင်းဖြစ်သည်။

<u>"ထိုအခါ ခွန်အားကြီးသောမောဘစစ်သူရဲတစ်ယောက်မျှ မလွတ်ဘဲ၊ လူတသောင်းကိုသတ်၍. . ."(သူကြီး ၃း၂၉)</u>။ မောလလူတို့သည် ခွန်အားကြီးသောသူဖြစ်ကြသော်လည်း ဝသောသူဖြစ်ကြ၏။ သူတို့သည် ဣသရေလလူတို့ကို အစိုးရ၍ရရှိသောအခွန်အမြတ်တို့ဖြင့် ပျော်ရွှင်စွာဘဝကို ဖြတ်သန်းကြပြီး၊ စည်းမရှိကမ်းမရှိ နေထိုင်ကြ၍ စားသောက်ကြသောကြောင့် စစ်တိုက်ခြင်းငှါ အဆင်သင့်မဖြစ်ကြပါ။ သူတပါးကိုဖိနှိပ်၍ ရရှိသောအကျိုးအမြတ်သည် ချိုမြိန်သယောင်ရှိသော်လည်း ယခုအခါ ခါးသက်သောအရာဖြစ်ကြောင်းကို လက်တွေ့ခံစားရကြပါသည်။ ဘုရားသခင်သည် ဖိနှိပ်ခံမိမိလူတို့အတွက် အမှုပြုတော်မူ၏။

ကျွန်ုပ်တို့၏တပ်မက်မှုနှင့်ရောင့်ရဲတင်းတိမ်ခြင်းမရှိမှုကြောင့် ကျွန်တော်တို့သည် ဝမ်းနည်းမှုများစွာ ကြုံတွေ့ခံစားကြရ၏။ ဤလောကီပျော်ရွှင်မှုနှင့်ဇာတိအလိုပြည့်စုံစေခြင်းက ကျွန်ုပ်တို့ကို ဒုက္ခဝေဒနာခံစားစေပါ၏။ Hudson Taylor က ဤသို့မှန်ကန်စွာဆိုခဲ့ပါသည် -" သမ္မာကျမ်းစာ၏ သွန်သင်ချက်ဖြစ်သော-'အဘယ်သူကိုမျှအကြွေးမတင်နှင့်' ဟူသောအချက်သည် ရှင်းလင်းလှပါ၏။ ပိုက်ဆံချေးယူခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ဆန့်ကျင်ပါ၏။ ဘုရားသခင်က ကျွန်ုပ်တို့အဖို့ ကောင်းသောအရာမပေးဘဲ မနေဟူသောအချက်ကိုမဝန်ခံဘဲ၊ မပေးသောအရာကို အတင်းကြိုးစားရယူလိုခြင်းလည်းဖြစ်၏" မှန်ပါ၏၊ "ရောင့်ရဲသောစိတ်ပါလျှင် ဘုရားဝတ်၌မွေ့လျော်ခြင်းသည် ကြီးစွာသောအကျိုးစီးပွားမှန်၏" (၁ တိ ၆း၆)။

**ဆင်ခြင်ရန်** - "အားလျော့ခြင်းမရှိမည်အကြောင်း နေ့ညမပြတ် ကြိုးစား၍ဆုတောင်းလျက်စောင့်ကြပါစို့။"

**ဆုတောင်းချက်** - "လောကီအပျော်ကျူးခြင်းနှင့် ကျော်ကြားခြင်းကို ကျွန်တော်မတောင်းလျှောက်လိုပါ၊ ခက်ခဲသောကာလ၌ပင် ကိုယ်တော်အတူပါရှိမည်အကြောင်းသာ တောင်းလျှောက်လိုပါ၏"။

ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၁၁)
**သူကြီး ၃း၃၁**
ဇဖက် ၂း၁-၁၀

*"ငါတို့သည်. . . ယေရှုခရစ်၌ပြုပြင်၍
ဖန်ဆင်းတော်မူရာဖြစ်ကြ၏"*

# ရုံဂါ (၁)

တရားသူကြီးတို့၏ခေတ်ကာလကို ဖော်ပြသော၊ ဣသရေလလူတို့က အပြစ်ပြု၍ဘုရားသခင်က ရန်သူလက်ထဲသို့ကျရောက်စေပြီး၊ ဣသရေလသည် ဖိနှိပ်ခြင်းခံရ၍ အခက်အခဲကြားမှ အော်ဟစ်ဆုတောင်းကြသောအခါ ဘုရားသခင်က ကယ်လွှတ်မည့်သူပေါ်ထွန်းစေတော်မူ၏ဟူသော သံသရာကို ရှံဂါအကြောင်း၌ မတွေ့ရပါ။ ထို့ကြောင့် မဖော်ပြသောအကြောင်းအရာကို စဉ်းစားတွေးတောမနေတော့ဘဲ၊ ဖော်ပြထားသောအကြောင်းအရာလေးကို လေ့လာကြပါစို့။

<u>"အာနတ်သားရှံဂါ. . ." (သူကြီး ၃း၃၁)</u>။ သူတို့၏အမည်သည် ဣသရေလအမည်မဟုတ်ပါ။ အာနတ်သည် ခါနနိလူတို့၏ဘုရားမနာမည်ဖြစ်ပါသည်။ ထို့ကြောင့် အမည်အားဖြင့် ကြည့်လျှင် ရှံဂါသည် ခါနနိလူဟုထင်ရပါသည်။ သို့သော်လည်း ရှံဂါသည် မျိုးရိုးသမိုင်းပျောက်ကွယ်သော ဣသရေလလူမျိုးဖြစ်နိုင်ပါသည်။ ယနေ့ခေတ်တွင်လည်း၊ မိဘတို့က မိမိတို့သားသမီးတို့ကို မိမိတို့အထင်ကြီးသောလူတို့၏နာမည်ကို မှည့်တတ်ကြ၏။ ထိုနည်းတူ၊ ဣသရေလလူတို့ကလည်း မိမိတို့မိသားစု၌ ခါနနိလူတို့၏အမည် တွေ့ရခြင်းဖြစ်နိုင်ပါသည်။ ထိုသို့ဖြစ်ခဲ့လျှင်ပင် ဘုရားသခင်သည် မိမိအသုံးတော်ခံအဖြစ် ရွေးချယ်ခဲ့ပါသည်။ ဩသံယေလနှင့်တိမောသေ၌ တွေ့ရသကဲ့သို့ ဘုရားသခင်သည် မိမိအသုံးတော်ခံအဖို့ ဘုရားသခင်ကိုကြောက်ရွံ့သော မိသားစု၏သွန်သင်ပြင်ဆင်ခြင်းကို ခံစေခဲ့ပါသည်။ သို့သော်လည်း၊ ဘုရားသခင်သည် ထိုသို့သောဘုရားသခင်ကြောက်ရွံ့သည့် မိသားစု၌ မကြီးပြင်းသောရှံဂါကဲ့သို့သော လူကိုလည်း ကျေးဇူးတော်အားဖြင့် ရွေးချယ်အသုံးပြုတော်မူခဲ့၏။ ဘုရားသခင်သည် အဘယ်အရာကမျှ ကန့်သတ်မထားပါ။ မိမိ၏လမ်းပြကွယ်ကာစောင့်မခြင်းအားဖြင့် ဘုရားသခင်သည် မိမိအသုံးတော်ခံကို သွန်သင်ပြင်ဆင်ခြင်း၌ဘုရားသခင်ကြောက်ရွံ့သော မိသားစုကို အသုံးပြုသကဲ့သို့၊ မိမိ၏အဆုံးစွန်အာဏာတော်အားဖြင့် ထိုသို့သောမျိုးရိုးသမိုင်းမရှိသောသူကိုလည်း ရွေးချယ်အသုံးပြုတော်မူ၏။

<u>"ဣသရေလအမျိုးသားတို့ကို ကယ်လွှတ်လေ၏" (သူကြီး ၃း၃၁)</u>။ ဣသရေလနာမည်မပိုင်ဆိုင်သောသူ၊ ခါနနိလူတို့၏ဘုရားမ နာမည်ပိုင်ဆိုင်သော ဖခင်၏သားဖြစ်သောရှံဂါသည် ဘုရားသခင်က မိမိလူတို့ကို ကယ်လွှတ်ခြင်းငှါ အသုံးပြုတော်မူသောပုဂ္ဂိုလ်ဖြစ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်၏ဖြောင့်မတ်ခြင်းကသာလျှင် ကျွန်ုပ်ကိုလွှမ်းမိုးပြောင်းလဲစေနိုင်၏။
**ဆုတောင်းချက်** - ကိုယ်တော်၏အမှုတော်ကိုသာ၍ ဆောင်ရွက်ခြင်းငှါ ကျွန်ုပ်၌ကျေးဇူးတော်သွန်လောင်းတော်မူ၏။

*“ငါနှင့်ကွာလျှင် သင်တို့သည်
အဘယ်အမှုကိုမျှမတတ်နိုင်”*

# ရှံဂါ (၂)

“အချို့အောင်မြင်ခြင်းသည် လုံးဝမဖြစ်နိုင်သောအခြေအနေ၌ ဖြစ်ပွားလေ့ရှိပါသည်။ လူတဦးနှင့်လူခြောက်ရာတိုက်ပွဲ။ အချို့သည် ဤရန်သူအရေအတွက်၌ မေ့လဲနိုင်ပါသည်။ သို့သော်လည်း ရှံဂါသည်ဤလူအုပ်ကြီးကို တိုက်ခိုက်ခဲ့ပါသည်။ လူတို့အသိအမှတ်မပြုသော လက်နက်အသုံးပြုခြင်းကို ကျွန်တော်တို့မကဲ့ရဲ့သင့်ပါ။ ထိုကြီးမားသောအမှုကို ပြုသောလက်နက်မှုကား ကားတိုင်တော်ပင်ဖြစ်ပါသည်” (J.Parker)။

<u>“တုတ်ချွန်နှင့်ဖိလိတ္တိလူခြောက်ရာတို့ကို သတ်သဖြင့်. . . ” (သူကြီး ၃း၃၁)</u>။ ဤကျမ်းပိုဒ်၌ ဘုရားသခင်က ရှံဂါကိုမည်သို့ခွန်အားပေး၍ အောင်မြင်မှုရစေသည်ကို တွေ့ရပါ၏။ လူ့အမြင်၌ မဖြစ်နိုင်သောအမှုကို ရှံဂါပြုသည်သာမက၊ ထိုသို့သောအမှုကို သေချာပြင်ဆင်ထားသော လက်နက်ဖြင့်မဟုတ်ဘဲ၊ မဖြစ်နိုင်ဟုထင်ရသောသာမန်လက်နက်ဖြင့် ပြုခြင်းဖြစ်ပါသည်။ ရှံဂါသည် ဖိလိတ္တိလူတို့ကို နွားနှင်တံ(တုတ်ချွန်)ဖြင့် ရင်ဆိုင်ခဲ့ပါသည်။ ဤနှင်တံကို လယ်ထွန်သောသူက နွားကိုအားစိုက်ခြင်းငှါ တို့ခြင်း၌ဌင်း၊ ထွန်သွား၌ကပ်သောမြေကြီးကို ခွဲချခြင်းငှါ အသုံးပြုပါသည်။ ထိုအရာသည် ကြီးမားသောအမှုကိုပြုသောလက်နက်ဖြစ်သွားခဲ့ပါသည်။ လက်နက်ထက် ထိုလက်နက်ကိုအသုံးပြုသောလူသည် ပို၍အရေးကြီးပါ၏။ အလုပ်အပေါ် ထားရှိသောလူ၏စိတ်ထားနှင့်ထိုအလုပ်၌လူ၏ကျွမ်းကျင်မှုသည် ကြီးသောအမှုကိုဖြစ်စေတတ်၏။ ရှံဂါသည် သာမန်လက်နက်ကို အသုံးပြု၍ရန်သူကို တိုက်ခိုက်ပြီးအောင်မြင်ခဲ့ပါသည်။ မှတ်သားရမည်မှာ၊ ပျင်းရိသောကျွန်သည် မိမိသခင်၏ငွေကိုဝှက်ထား၍ ဘယ်အကျိုးမျှမရရှိပါ (မသဲ ၂၅း၁၈)။ ပျင်းရိသော၊ မိုက်သောကျွန် ဥပမာ၌ခရစ်တော်အဓိကထားဖော်ပြချက်ဟူမှုကား မိမိသခင်အပေါ် ထားရှိသောစိတ်ထားနှင့်ဆက်နွယ်မှုပင်ဖြစ်ပါသည်။ သခင်အပေါ် ထားရှိသောစိတ်ထားအတိုင်း အမှုတော်ကို ဆောင်ရွက်တတ်ကြ၏။

<u>“ကုသရေလအမျိုးသားတို့ကို ကယ်လွှတ်လေ၏” (သူကြီး ၃း၃၁)</u>။ ဖိလိတ္တိလူတို့ကို တိုက်ခိုက်ခြင်းငှါ အသင့်မရှိသေးဟုထင်ရသော ပုဂ္ဂိုလ်ကို ဘုရားသခင်က အသုံးပြုတော်မူခဲ့၏။ အစွမ်းကုန်ကြိုးစားတိုက်ခိုက်၍ အောင်မြင်ခဲ့ပါသည်။ ဘုရားသခင်အတွက် ကျွန်တော်တို့မိမိကိုယ်ကိုအကြွင်းမဲ့ဆက်ကပ်၍ အရာရာတိုင်း၌သစ္စာရှိပါလျှင်၊ ဆောင်ရွက်သောအမှု၌အကျိုးရှိမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - “ဘယ်တော့မှအားမလျှော့ဘဲ၊ ကြိုးစားဆောင်ရွက်၍ ရှေ့သို့ချီတတ်ကြပါစို့”။
**ဆုတောင်းချက်** - အို ဘုရားသခင်၊ အမှုတော်ဆောင်ရွက်လိုသောစိတ်နှလုံးနှင့် အဆင်သင့်ရှိသော လက်တစ်စုံအကျွန်ုပ်ကို ပေးတော်မူပါ။

# ဒေဗောရ-ဗာရက်-ယေလ (၁)

တဖန် ကြသရေလလူတို့သည် ရန်သူ၏လက်သို့ကျွန်ကျခံရခဲ့ပါသည်။ ရာဘိန်နှင့်ဟာဇော် ဟူသောနာမည်တို့ကို ယောရှုမှတ်စာထဲ၌ ဖော်ပြခဲ့ပြီးဖြစ်ပါသည် (ယောရှု ၁၁း၁-၁၁)။ ယောရှု၏ ဦးဆောင်မှုအောက်၌ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ဣသရေလလူတို့အောင်မြင်နိုင်ခဲ့သော သူတို့သည် တဖန်အားကြီး၍ ဣသရေလလူတို့ကို နှိပ်စက်ခဲ့ပါသည်။ ထိုအခါ ဘုရားသခင်ထံမစခြင်း တောင်းလျှောက်ခဲ့ကြပြီး၊ ရန်သူတို့ကိုအောင်နိုင်ခြင်းငှါ ဘိုးဘေးတို့ကို ခွန်အားပေးခဲ့သော ထိုဘုရား သခင်သည် သူတို့ကိုမစတော်မူလိမ့်မည်ဖြစ်၏။

<u>"လပိဒုတ်၏မိန်းမ ပရောဖက်ဒေဗောရ. . ." (သူကြီး ၄း၄)</u>။ ဤကျမ်းပိုဒ်က ဒေဗောရ သည် အိမ်ထောင်သည်ဖြစ်၍ ပရောဖက်ဖြစ်ကြောင်းဖော်ပြခဲ့ပါသည်။ ဤအချက်၌ ဘုရားသခင်၏ အဆုံးစွန်အာဏာရှိတော်မူခြင်းတရားကို တွေ့ရပါသည်။ မည်သူကိုရွေးချယ်၍ မည်သို့အသုံးပြုတော် မူမည်ကို ဘုရားသခင်ဆုံးဖြတ်တော်မူ၏။ တိုင်းပြည်ယိုယွင်းပျက်စီး၍၊ ဝိညာဉ်ရေးရာကျဆင်းလျက် ရုပ်တုဆင်းတုကိုးကွယ်ခြင်း၊ ဘုရားသခင်ကိုဆန့်ကျင်ခြင်းဖြစ်ပွားသောကာလ၌ ဘုရားသခင်သည် မိမိအဘို့ တရားဟောခြင်းငှါ ဒေဗောရကိုရွေးချယ်ခဲ့ပါသည်။ ဧလိခေတ်ကာလ၌ ၁ ရာ ၃း၁-၉ ထဲ၌ တွေ့ရသည်အတိုင်း၊ ဘုရားသခင်၏နှုတ်ကပတ်တရားရှားပါးသောအချိန်၌ ဘုရားသခင်သည် သူငယ်ရှမွေလထံ မိမိကိုယ်ကိုဖော်ပြခဲ့ပါသည်။ သို့သော်လည်း၊ သူငယ်တို့သည် သင်းအုပ်ဆရာအမှု ကို ပြုရမည်ဟုမဆိုလိုပါ။ ထိုနည်းတူ၊ ဤဒေဗောရအကြောင်းကြောင့် မိန်းမတို့သည် သင်းအုပ်ဆရာ အမှုတော်ကိုဆောင်ရွက်ရမည်ဟု မဆိုလိုပါ။ ဘုရားသခင်သည် မိမိနှုတ်ကပတ်တော်နှင့်ဆန့်ကျင်၍ အမှုပြုတော်မမူ။ ထို့ကြောင့် သင်းအုပ်ဆရာ၏အရည်အချင်းများကို ရှင်းလင်းစွာဖော်ပြခဲ့ပြီးဖြစ် သောကြောင့်၊ ထိုအရည်အချင်းအတိုင်း သင်းအုပ်ဆရာကို ခန့်ထားကြရပါမည်။

ဒေဗောရသည် လပိဒုတ်၏မိန်းမဟုဖော်ပြခဲ့ပါသည်။ ဘုရာသခင်၏အမှုတော်ကို ဆောင်ရွက်ခြင်းကြောင့် ဒေဗောရသည် ဘုရားသခင်ပေးတော်မူသော မိသားစုတာဝန်ဝတ္တရားကို မလစ်ဟင်းစေရပါ။ ဘုရားသခင်သည် လူတို့ကိုဆုကျေးဇူးပေးတော်မူသည်အတိုင်း၊ ထိုဆုကျေးဇူး နှင့်အတူ တာဝန်ဝတ္တရားလည်း စောင့်ရှောက်ခြင်းငှါ တာဝန်ပေးတော်မူ၏။ အမှုတစ်ခု၌ သစ္စာရှိ သော သူသည် အခြားအမှု၌လည်း တာဝန်ကျေပွန်ဖို့လိုပါသည်။ ဘုရားသခင်၏စကားတော်အတွက် ဣသရေလသည် ဒေဗောရထံချဉ်းကပ်ရပါမည်။ ထိုနည်းတူ၊ သူတပါးထံ ဘုရားသခင်၏လမ်းတော် နှင့်အလိုတော်ဟောပြောမည့်သူ ဒေဗောရသည်လည်း ဘုရားသခင်စေခိုင်းတော်မူသောအမှု ဆောင်ရွက်ခြင်းငှါ နာခံမှုရှိရပါမည်။

**ဆင်ခြင်ရန်** - "ကယ်တင်ရှင်ကို့သာ ချဉ်းကပ်၍၊ ဘယ်သူမျှအားမကိုးဘဲ၊ ကိုယ်တော်ကိုသာ ကိုးစားရပါမည်။"

**ဆုတောင်းချက်** - (ဆာလံ ၈၆း၁၁ ကိုအသုံးပြုပါ)။

စနေ၊ ဇန်နဝါရီ (၁၄)
**သူကြီး ၄း၆-၁၀**
၁ ကော ၁၁း၁-၁၆

*"ကိုယ်ဉာဏ်ကိုအမှီမပြုနှင့်"*

# ဒေဗောရ–ဗာရက်–ယေလ (၂)

"ထိုကာလအခါ. . . ပရောဖက်မ ဒေဗောရသည် ဣသရေလအမျိုးကို အုပ်စိုး၏" (သူကြီး ၄း၄)။ ဒေဗောရ၏အမှုတော်ဆောင်ခြင်းက ဘုရားသခင်ပြဋ္ဌာန်းထားသောဥပဒေသကို ဆန့်ကျင်ခြင်း ပြုပါသလား။ လုံးဝဆန့်ကျင်ခြင်းမပြုပါ။ ဖော်ပြထားသည်အတိုင်း၊ ဤတရားသူကြီးတို့၏ခေတ်ကာလသည် ဝိညာဉ်ရေးရာအလွန်နိမ့်ကျသောအချိန်၊ ဘုရားသခင်ကိုဆန့်ကျင်ကြသောအချိန်ဖြစ်ပါသည်။ ထိုအချက်ကို လူတို့၏ရုပ်တုဆင်းတုကိုးကွယ်ခြင်းနှင့်ပြုသောအဓမ္မအမှုတို့၌ ထင်ရှားလှပါသည်။

"ဒေဗောရစွန်ပလွံပင်အောက်မှာနေ၍. . . " (သူကြီး ၄း၅)။ လူတို့သည် စီရင်ခြင်းကိုခံခြင်းငှါ သူ့ထံလာကြပြီး၊ သူသည် မြို့တံခါး၌မထိုင်ဘဲ၊ စွန်ပလွံအောက်၌ထိုင်ခဲ့ပါသည်။ ဓမ္မဟောင်းခေတ်နှင့် တရားသူကြီးတို့ခေတ်၌ပင် တရားစီရင်ရာနေရာသည် မြို့လူကြီးနှင့်ခေါင်းဆောင်များထိုင်ရာနေရာမြို့တံခါးဖြစ်ပါသည်။ ရုသ ၄း၁ ၌တွေ့ရသည်အတိုင်း ဗောဇသည် ဧလိမလက်ပိုင်သောအရာနှင့် ရုသကိုရွေးယူရန်မြို့တံခါးသို့ သွားခဲ့ပါသည်။ ငြင်းခုံခြင်းအမှုကို မြို့တံခါး၌ဖြေရှင်းခဲ့ကြ၏ (တရား ၂၅း၇)။ စီရင်ခြင်းအမှုကိုမြို့တံခါး၌ ပြုကြ၏(တရား ၁၇း၁-၅၊ ၂၂း၁၅၊ ၁၉၊ ၂၃-၂၄)။ ထို့ပြင် ခိုလှုံရာမြို့၏မြို့တံခါး၌ ကိစ္စအဝဝကိုမြို့လူကြီးတို့က စီရင်ခဲ့ကြ၏ (ယောရှု ၂၀း၄)။

"ဗာရက်ကလည်း၊ ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူကြွလျှင် အကျွန်ုပ်သွားပါမည်. . . ဟု လျှောက်၏" (သူကြီး ၄း၈)။ ယောကျ်ားတို့က ဦးဆောင်မှုမပြုရဲကြကြောင်းကို ဗာရက်၏စကား၌ တွေ့ရပါသည်။ "ဣသရေလအမျိုး၏ဘုရားသခင်ထာဝရဘုရားမှာထားတော်မူသည်" (သူကြီး ၄း၇) ဟု ဒေဗောရဖော်ပြခဲ့ပြီးဖြစ်ပါသည်။ မှာထားတော်မူချက်ကား၊ "သင်ရှိရာသို့. . . သွေးဆောင်၍ သင့်လက်၌အပ်မည်"ဟူ၍ဖြစ်ပါသည်။ သူမ၏နာမည်ကျော်ကြားမည့်အကြောင်းနှင့် ဘုရားသခင်ထံ သစ္စာရှိခြင်းအကြောင်းသည် ထင်ရှားပါ၏။ လူတို့သည် သူထံလာ၍စီရင်ခြင်းခံကြပြီး၊ ဗာရက်ကိုယ်တိုင်ကလည်း စစ်တိုက်ခြင်း၌အတူပါဝင်ရန် တောင်းလျှောက်ခဲ့ပါသည်။ ဘုရားသခင်၏အမှုတော်ဆောင်သောသူသည် မိမိအလိုအတိုင်းထ၍ ဆောင်ရွက်ကြသည်မဟုတ်ပါ၊ ဘုရားသခင်က မိမိ၏အဆုံးစွန်အာဏာတော်အတိုင်း ပေါ်ထွန်းစေခြင်းဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။

ဒေဗောရအကြောင်းသည် မိန်းမတို့ကဦးဆောင်မှုယူရမည်ဟူသောသာဓကမဟုတ်၊ သင်းအုပ်ဆရာအမှုဆောင်ရွက်ရမည်ဟူသော သာဓကလည်းမဟုတ်၊ ဘုရားသခင်ပြဋ္ဌာန်းထားသောဥပဒေဆန့်ကျင်ခြင်းသာဓကလည်းမဟုတ်ပါ။ ဤမှောင်မိုက်သောကာလ၌၊ သူမ၏နာခံခြင်း၊ သစ္စာရှိခြင်းနှင့်ဘုရားသခင်ထံ ဆက်ကပ်ခြင်းတို့ဖြင့် သူမက ဘုရားသခင်၏အဆုံးစွန်အာဏာရှိတော်မူခြင်းကိုပြသခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "ကယ်တင်ရှင်ကိုသာချဉ်းကပ်၍၊ ဘယ်သူမျှအားမကိုးဘဲ၊ ကိုယ်တော်ကိုသာ ကိုးစားရပါမည်"

**ဆုတောင်းချက်** - (ဆာလံ ၈၆း၁၁ ကိုအသုံးပြုပါ)။

တနင်္ဂနွေ၊ ဇန်နဝါရီ (၁၅)
**သူကြီး ၄း၁၁-၁၆**
သုတ္တံ ၂၀း၆-၇

*"လူများတို့သည် မိမိတို့ပြုသောကျေးဇူးကို ကြားပြောတတ်၏"*

# ဒေဗောရ–ဗာရက်–ယေလ (၃)

လူတို့သည် မိမိ၏နာမည်ကျော်ကြားမှုကို ရှာတတ်ကြ၏။ ဗာရက်သည် တာဝန်ပေးခြင်း ခံရသောအခါ တွန့်ဆုတ်မှုရှိသည်ကို တွေ့ရသော်လည်း၊ သူ့၌အချို့သောကောင်းကွက်ကို တွေ့ရပါသည်။ သူ၏တုန့်ဆုတ်မှုက ထိုကာလရှိယောက်ျားတို့၏အားနည်းချက်ကို ပြသသော်လည်း ဘုရားသခင်၌ မိမိ၏ယုံကြည်ခြင်းကိုမူ မလျော့နည်းစေပါ (ဟေဗြဲ ၁၁း၃၂)။ သူ၏ ဘုရားသခင်ယုံကြည်ခြင်းကို ဤသို့တွေ့ရပါသည် -

"ဗာရက်သည် နဿလိအမျိုးသား၊ ဇာဗုလုန်အမျိုးသားတို့ကို ကေဒရှမြို့သို့ခေါ်၍၊ . . . လူတသောင်းနှင့်တကွ တာဗော်တောင်ပေါ်က ဆင်းလေ၏" (သူကြီး ၄း၁၀-၁၄)။ ဤအမှု၌ ဗာရက်၏ယုံကြည်ခြင်း၊ သတ္တိနှင့်ဦးဆောင်မှုကို တွေ့ရပါသည်။ ထို့ကြောင့် ဤရလဒ်တို့ကို ဗာရက်ရရှိခဲ့ပါသည်-

(၁) ဗာရက်၏ဦးဆောင်မှုကိုတွေ့ရ၏။ လူတသောင်းကိုစုရုံး၍ တိုက်ပွဲ၌သူ့နောက်သို့လိုက်ခဲ့ကြ၏။

(၂) ဗာရက်၏သတ္တိကိုတွေ့ရ၏။ သူသည် တွန့်ဆုတ်ခြင်းရှိသော်လည်း၊ ကြောက်ရွံ့ခြင်း မရှိခဲ့ပါ။ မိမိ၏တာဝန်ကို ကျေပွန်စွာထမ်းရွက်ခဲ့ပါသည်။ ရန်သူသည် သူတို့ထက်ပို၍အားကြီးပြီး၊ ကောင်းကောင်းပြင်ဆင်ကြသည့်တိုင်၊ ပြောခဲ့သည်အတိုင်း နောက်မဆုတ်ဘဲ သွားခဲ့ပါသည်။ သူ့နောက်သို့ လိုက်သောလူတို့ကြောင့် သူသည်ပို၍ရဲရင့်ခြင်းရှိခဲ့ပါသည်။

ဤအမှု၌ ဗာရက်၏ယုံကြည်ခြင်းတောက်ပခဲ့ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်၌ အခြေခံ၍အမှုပြုခဲ့ပါ၏။ သူသည် ရွေးချယ်ခံရ၍စေခိုင်းသည်အတိုင်း စစ်တိုက်ခြင်းငှါ ထွက်သွားခဲ့ပါသည်။ နာမည်ကျော်ကြားခြင်း မိမိရမည်မဟုတ်ကြောင်း သိခဲ့သော်လည်း (သူကြီး ၄း၉) သူသည် သွားခဲ့၏။ ဤအချက်က သူ၏သစ္စာရှိမှုကိုပြသ၏။ စစ်တိုက်ခြင်းငှါ ဒေဗောရအတူသွားခြင်း တောင်းလျှောက်ခြင်းဖြင့် သူသည်အားနည်းသောသူဖြစ်သည်ဟု လူတို့ပြောမည်ကိုဂရုမစိုက်၊ မိန်းမတဦးက စစ်ဗိုလ်သိသရကိုသတ်ခဲ့သည်ဟု လူတို့အောက်မေ့မည်ကိုလည်း ဂရုမစိုက်ဘဲ၊ သူသည် မိမိကျရာတာဝန်ကို ထမ်းဆောင်ခြင်းငှါ သွားခဲ့ပါသည်။ ဗာရက်ကို သတိရအောက်မေ့ကြခြင်းသည် သူ၏အားနည်းချက်မဟုတ်ဘဲ သူ၏ယုံကြည်ခြင်းကြောင့်ဖြစ်ပါသည် (ဟေဗြဲ ၁၁း၃၂)။ ယုံကြည်ခြင်းသည် မိမိနာမည်ကျော်စေခြင်းကိုမရှာပါ၊ ဘုရားသခင်၏အလိုတော်ဆောင်ရွက်ခြင်း၌ ကြောက်ရွံ့မှုကို ဖယ်ရှားအနိုင်ယူတတ်၏။

**ဆင်ခြင်ရန်** - ပြင်းပြသောရည်ရွယ်ချက်သည် လုပ်ဆောင်မှု၌ထင်ရှားတတ်၏။
**ဆုတောင်းချက်** - "ဤလောကတခုလုံးအစား ယေရှုကိုသာ ကျွန်ုပ်ကိုပေးတော်မူပါ၊ ကားတိုင်တော်ကိုသာ ကျွန်တော်ကိုးစားပါ၏။"

**သူကြီး ၄း၁၇-၂၄**
ဟေရှာ ၃၁း၁-၅

*“ယဉ်ကျေးသောအရာသည် လှည့်စားခြင်းနှင့်ယှဉ်တတ်၏။
လှသောအဆင်းသည်လည်း အချည်းနှီးဖြစ်၏”*

# ဒေဗောရ–ဗာရက်–ယေလ (၄)

ကြောက်ရွံ့ခြင်းရှိသောလူတို့သည် ကယောင်ချောက်ခြားအမှုပြုတတ်၏။ စစ်ရှုံးသော စစ်ဗိုလ်သိသရသည် မိမိ၏မြင်းရထားကိုထားခဲ့ပြီး၊ ခြေဖြင့်လွတ်မြောက်ခြင်းငှါပြေး၍၊ ယေလ၏တဲသို့ ရောက်ရှိခဲ့ပါသည်။ ဘုရားသခင်၏စကားသည် ပြည့်စုံရပါမည်။ အကြောင်းမှာ ဘုရားသခင်သည် မုသားပြောရအောင် လူသားမဟုတ်ပါ (တော ၂၃း၁၉)။ ဘုရားသခင်မြွက်ဆိုသောစကားသည် အမှန် ပြည့်စုံခြင်းရှိလိမ့်မည်။ အကြောင်းမှာ ဘုရားသခင်က စုံလင်စေတော်မူ၏။

လုပခြင်းနှင့်လှည့်စားခြင်းသည် ကြည့်သောသူအပေါ်၌တည်မှီ၏။ သိသရသည် ယေလ၏ တဲသို့ရောက်သောအခါ မိမိအသေသတ်ခြင်းခံရမည့်အိမ်အဖြစ် မမြင်ဘဲ၊ ခိုလှုံရာဟုထင်မှတ်ခဲ့ပါ သည်။ ယေလကိုမြင်သောအခါ၊ ဧည့်ဝတ်ကျေပွန်ခြင်းနှင့်သဘောကောင်းခြင်းကို မြင်တွေ့ခဲ့၏။ မိမိခိုလှုံနားလိုရာ၊ လွတ်မြောက်ရာနေရာဟုထင်မှတ်ခဲ့ပါသည်။ ယေလ၏ဖိတ်ခေါ်မှုကို ခံရသောအခါ ချက်ချင်းလက်ခံ၍ လုံခြုံမှုရှိသည်ဟု မှားယွင်းစွာထင်မှတ်လျက် အိပ်ပျော်ခဲ့ပါသည်။ ထိုအိပ်ပျော် ခြင်းသည် သေခြင်းသို့ပို့ဆောင်ခဲ့ပါသည်။

<u>“ထိုအခါ ဟေဗာမယားယေလသည် သိသရမောလျက် အိပ်ပျော်နေစဉ်တွင်၊ တဲတံသင် တချောင်း. . . ကိုင်လျက်. . . သိသရသည် သေ၏” (သူကြီး ၄း၂၁)</u>။ ပင်ပန်းမောပန်းနေသော စစ်ဗိုလ်သည် အလွန်တည်ငြိမ်သောမိန်းမတဦး၏ ရိုက်သတ်ခြင်းကိုခံရ၏။ မတရားသောဘဏ္ဍာစိုး သာဓကနည်းတူ၊ ဤယေလနှင့်သိသရအမှုက ကျွန်ုပ်တို့ကို သတိပေးလျက်ရှိပါ၏။ သိသရကဲ့သို့ မနေဘဲ၊ ကျွန်တော်တို့သည် ယခုဤနောက်ဆုံးသောကာလ၊ ခက်ခဲသောကာလ၌ သတိကြီးစွာနေထိုင် ကြရပါမည်။ ထို့ပြင်၊ ယေလကဲ့သို့ ကျွန်တော်တို့သည် သမ္မာတရားအတွက် ရပ်တည်တိုက်လှန်ခြင်း ငှါ သတ္တိရှိကြရပါမည်။

အဓိကအားဖြင့်၊ ဘုရားသခင်၏အလိုတော်သည် အဆုံးစွန်အာဏာရှိတော်မူအကြောင်း ကျွန်တော်တို့သိကြရပါမည်။ သိသရနှင့်သူ၏မြင်းရထား ၉၀၀ တို့သည် စစ်ရှုံး၍ပြေးကြားခဲ့သည် အတိုင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ပြည့်စုံခဲ့၏။ “မြင်းသော်လည်းဘေးလွတ်ခြင်းအမှုကို မတတ်နိုင်၊ ကြီးစွာသောခွန်အားဗလဖြင့် မကယ်မယူနိုင်” (ဆာလံ ၃၃း၁၇)။ ဘုရားသခင်၏ကျေးဇူး ဂရုဏာတော်သည် တိုင်းတာမှန်းဆ၍မရပါ။ မိမိလူ (နာမခံသောသူဖြစ်ကြသော်လည်း)တို့၏ အော်ဟစ်ဆုတောင်းသံကို ကြား၍ ဘုရားသခင်သည် မိမိ၏ဂရုဏာတော်နှင့်ကျေးဇူးတော်အားဖြင့် ကယ်နှုတ်ခြင်းပေးသနားတော်မူ၏။

**ဆင်ခြင်ရန်** - (ဆာလံ ၂၀း၇ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - အဆုံးစွန်အာဏာရှိတော်မူသောဘုရား၊ ကျဉ်းသောလမ်း၌ကျွန်ုပ်တို့ကို ကွယ်ကာ စောင့်ရှောက်တော်မူပါ။

*"သင်တို့သည် ထာဝရဘုရားဘက်၌နေလျှင်၊ နေစဉ်ကာလ၊ ထာဝရဘုရားသည် သင်တို့နှင့်အတူ ရှိတော်မူမည်"*

# ဒေဗောရ၏သီချင်း (၁)

ဒေဗောရသီချင်းက တရားသူကြီးမှတ်စာအခန်းကြီး ၄ အကြောင်းကို အကျယ်တဝင့်ဖော်ပြထားပါသည်။ ထိုသို့ ဖော်ပြရာတွင်၊ ဘုရားသခင်၏ကွယ်ကာလမ်းပြစောင့်ရှောက်တော်မူခြင်းနှင့် အလိုတော်ပြည့်စုံခြင်းအမှုပြုခြင်းတို့ကို အဓိကထင်ဟပ်စေခဲ့ပါသည်။ ထို့ကြောင့် ဤသီချင်းတွင်၊ မည်သို့ဘုရားသခင်အမှုပြုတော်မူသည်ကို ဖော်ပြခဲ့ပါသည်။ ပထမအချက်၌၊ ဘုရားသခင်သည် လူကိုရွေးချယ်ပေါ်ထွန်းစေတော်မူ၏။

<u>"စေတနာစိတ်နှင့်မိမိကိုယ်ကို လှူသောကြောင့်"(သူကြီး ၅း၂)</u>။ ဤအချက်က တရားသူကြီးမှတ်စာတခုလုံး၌တွေ့ရသောအဓိကအချက်ကို ပေါ်လွင်စေပါ၏။ ဘုရားသခင်သည် လူ၊ ဆက်ကပ်သောသူတို့ကိုအသုံးပြုတော်မူ၏။ လွတ်မြောက်ခြင်းအပေါင်းကို ဘုရားသခင်ပြုတော်မူ၏။ ကယ်တင်တော်မူသောသူလည်း ဘုရားသခင်ဖြစ်၏၊ ကျွန်ဘဝမှ ဣသရေလကိုလွတ်မြောက်စေ၍ ငြိမ်သက်ခြင်းပေးသောသူသည် ဘုရားသခင်ဖြစ်ပါသည်။ သို့သော်လည်း ထိုအမှုကိုပြုခြင်း၌ ဘုရားသခင်သည် လူကိုအသုံးပြုတော်မူ၏။ ထိုကာလသည် လူတိုင်းမိမိအလိုအတိုင်းကျင့်၍နေထိုင်ကြသော၊ ဝိညာဉ်ရေးရာကျဆင်းသောကာလဖြစ်ပါသည်။ သို့သော်လည်း ထိုသို့သောကာလ၌အချို့သောသူသည် ရုပ်တုဆင်းတုကိုမကိုးကွယ်ဘဲ၊ အားသောသူဖြစ်သော်လည်း၊ နှိပ်စက်သောသူတို့ကို တိုက်လှန်ခြင်းငှါ မိမိကိုယ်ကိုဆက်ကပ်သောသူဖြစ်ကြပါသည်။ ဘုရားသခင်ထံ မိမိကိုယ်ကိုဆက်ကပ်ကြခြင်းဖြစ်ပါသည်။

များစွာသောလူတို့သည် လောကီအပျော်ကျူးခြင်း၊ ရုပ်တုကိုးကွယ်ခြင်းတို့၌ ဆက်ကပ်ကြသော်လည်း၊ အချို့သည် ဘုရားသခင်ထံဆက်ကပ်ခဲ့ကြ၏။ များစွာသောလူတို့သည် မိမိကိုယ်ကျိုးနှင့်နာမည်ကျော်ကြားခြင်းအတွက် ခေါင်းဆောင်လုပ်ကြသော်လည်း၊ အချို့လူတို့သည် ဘုရားသခင်၏ အမှုတော်အတွက် မိမိကိုယ်ကိုဆက်ကပ်ခဲ့ကြ၏။ ထိုသို့သောသူကို ဘုရားသခင်အသုံးပြုလို၏။ ဒေဗောရသီချင်းသည် ဗာရက်ကိုချီးမြှောက်ခြင်းမဟုတ်သလို၊ မိမိကျော်ကြားခြင်းအတွက်မဟုတ်ပါ။ "ဣသရေလအမျိုး၏ဘုရားသခင်ထာဝရဘုရား၏ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းခြင်း" (သူကြီး ၅း၃)ဖြစ်ပါသည်။ "မိမိကိုယ်ကို လှူသောဣသရေလအမျိုးမင်းတို့" (သူကြီး ၅း၉) ကဲ့သို့သော ပုဂ္ဂိုလ်တို့ကို ဘုရားသခင်ပေါ်ထွန်းစေမည်အကြောင်း ဆုတောင်းကြပါစို့။

**ဆင်ခြင်ရန်** - "ဘုရားသခင်ဘက်၌ဘယ်သူရပ်တည်မည်နည်း၊ ဘုရားသခင်၏အမှုတော်ကို မည်သူဆောင်ရွက်မည်နည်း။ မည်သူသည် ဤလောကီကိုစွန့်မည်နည်း၊ ရန်သူကို မည်သူတိုက်လှန်မည်နည်း။"

**ဆုတောင်းချက်** - "ယေရှုသည် ကျွန်ုပ်တို့ကိုရွေးနှုတ်တော်မူ၏။ ကျေးဇူးတော်မင်္ဂလာနှင့်ပြည့်ဝစေလျက်၊ ဆက်ကပ်သောသူဖြစ်စေတော်မူပါ။ ကျွန်ုပ်တို့ကိုကယ်တင်ရှင်ပိုင်ပါ၏"။

*“ထာဝရဘုရားသည် ကြာသရေလအမျိုးဘက်မှာ စစ်တိုက်တော်မူ၏”*

# ဒေဗောရ၏သီချင်း (၂)

ဒေဗောရသီချင်းမှရရှိသော ဒုတိယသင်ခန်းစာမှုကား ဘုရားသခင်သည်အခြေအနေအရပ်ရပ်ကို ထိန်းချုပ်တော်မူ၏ဟူ၍ဖြစ်ပါသည်။ ဘုရားသခင်၏အမှုတော်ကို ဘုရားသခင်၏လမ်းပြကွယ်ကာထိန်းချုပ်တော်မူခြင်းအားဖြင့် လူကိုအသုံးပြု၍ဆောင်ရွက်ပြည့်စုံစေတော်မူ၏။ ဘုရားသခင်သည် အခြေအနေအရပ်ရပ်ကို မိမိ၏အလိုတော်ပြည့်စုံစေဖို့အတွက် အသုံးပြုနိုင်ပါ၏။ ဘုရားသခင်က ဣသရေလကိုဆုံးမခြင်းငှါ ရာဘိန်ကိုအသုံးပြုခဲ့ပါသည်။ ထိုသို့ရာဘိန်၏နှိပ်စက်ခြင်းကြောင့် ဣသရေလလူတို့သည် ပြန်၍သတိရခဲ့ကြ၏။ ဘုရားသခင်ထံပြန်သွား၍ရုပ်တုကိုဖယ်ရှားခဲ့ကြ၏။ ခါနနိလူတို့၏ညှဉ်းပန်းနှိပ်စက်မှုကြောင့် အခက်အခဲကြုံတွေ့ခဲ့ကြ၏ (သူကြီး ၅း၆-၇)။ ထိုခက်ခဲသောအချိန်ကာလသည် အိပ်ပျော်နေသောမိမိသားသမီးတို့ကို ဘုရားသခင်နိုးထစေသောနိုးစက်ဖြစ်ပါသည်။

<u>“ကိရှုန်မြစ်သည် ရန်သူတို့ကိုပယ်သွား၏”(သူကြီး ၅း ၂၁)</u>။ ဘုရားသခင်က ခေါင်းဆောင်ကိုပေါ်ထွန်းစေသောအခါ၊ ထိုအမျိုးသားတို့သည် စစ်တိုက်ခြင်းငှါ သူ့နောက်သို့လိုက်ကြ၏။ ထိုခေါင်းဆောင်၏နိုးဆော်မှုကြောင့် စစ်တိုက်ခြင်းငှါချီတတ်ကြ၏။ သူတို့သည် “အသက်ကိုစွန့်စားသည်တိုင်အောင်ရဲရင့်”(သူကြီး ၅း၁၄-၁၈)ကြ၏။ သို့သော်လည်း၊ သူတို့ထက်အားကြီးသောရန်သူနှင့်ရင်ဆိုင်ခဲ့ကြရ၏ (သူကြီး ၄း၂-၃)။ သို့သော်လည်း ခါနနိလူတို့၏အားကြီးမှုသည်စစ်ပွဲ၌အားနည်းသူဖြစ်ခဲ့ပါသည်။ သူတို့၏သံမြင်းရထားတို့သည် သူတို့အတွက် အန္တရာယ်ဖြစ်စေပါ၏။ အကြောင်းမှာ ဘုရားသခင်က အခြေအနေကိုထိန်းချုပ်တော်မူ၏။ လေနှင့်ရေလှိုင်းတို့က နာခံသောဘုရားသခင်သည် ဣသရေလလူတို့အတွက် စစ်တိုက်ပေးတော်မူ၏ (သူကြီး ၅း၂၀)။ ရန်သူတို့သည် ဘုရားသခင်၏လူတို့ကိုမနိုင်၊ ထွက်ပြေးသော်လည်း မလွတ်မြောက်ကြပါ။ ဘုရားသခင်၏မစတော်မူခြင်းသည် ရန်သူအပေါ်အောင်မြင်ခြင်းငှါ လုံလောက်တော်မူ၏။ ထို့ကြောင့် ဒေဗောရသည် - “အို ငါ့ဝိညာဉ်၊ သင်သည် ခွန်အားကြီးသောသူကိုနှိပ်နင်းပြီ” (သူကြီး ၅း၂၁) ဟုသီချင်းဆိုခဲ့၏။

ထိုသို့ ဣသရေလလူတို့၏အခြေအနေကြောင်းပြန်လှန်စေခဲ့သောအရာမှာ ဘုရားသခင်ကိုအောက်မေ့၍ထိုဘုရားထံ ပြန်သွားခြင်းသာလျှင်ဖြစ်ပါသည်။ သူတို့သည် အရေအတွက်နည်း၍အားနည်းသောသူဖြစ်ကြသော်လည်း၊ ဘုရားသခင်သည် သူတို့ဘက်၌တိုက်တော်မူပြီး၊ အရာခပ်သိမ်းကို ထိန်းချုပ်တော်မူသောဘုရားသခင်က သဘာဝတရားလက်နက်ကို မစခြင်းငှါ အသုံးပြုတော်မူခဲ့သောကြောင့် အောင်မြင်မှုရခဲ့ကြ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ကျွန်တော်တို့ကိုမစတော်မူလျှင် ကြီးသောအမှုဖြစ်ပွားပါလိမ့်မည်။
**ဆုတောင်းချက်** - (ဆာလံ ၇၉း၈-၉ ကိုအသုံးပြုပါ)။

ကြာသပတေး၊ ဇန်နဝါရီ (၁၉)
**သူကြီး ၅း၂၃-၃၁**
၁ ကော ၃း၅-၁၅

*"ငါနှင့်အတူ မစုမသိမ်းသောသူသည် ကြဲဖြန့်သောသူဖြစ်၏"*

## ဒေဗောရ၏သီချင်း (၃)

ဒေဗောရသီချင်းမှရရှိသော တတိရသင်ခန်းစာမှုကား ဘုရားသခင်၏ကျေးဇူးတော်အကြောင်းဖြစ်ပါသည်။ ဘုရားသခင်သည် အလုံးစုံကိုတတ်နိုင်သောဘုရား၊ အရာခပ်သိမ်းနှင့် သဘာဝတရားကို ထိန်းချုပ်တော်မူသောဘုရားဖြစ်သော်လည်း မိမိ၏ရည်ရွယ်ချက်နှင့်အလိုတော်ပြည့်စုံခြင်းအမှုဆောင်ရွက်ခြင်း၌ လူသားတို့ကိုအသုံးပြုတော်မူ၏။ သူ၏ရည်ရွယ်ချက်သည် ဖျက်ဆီး၍မရပါ။ ဘုရားသခင်ရွေးချယ်သောလူ၏အားနည်းမှုကလည်း မဖျက်ဆီးနိုင်ပါ။ ယောန၏နာမခံခြင်းနှင့် တွန့်ဆုတ်ခြင်းကလည်း မဖျက်ဆီးနိုင်၊ မေရောဇက မကူညီသော်လည်း ဘုရားသခင်၏ရည်ရွယ်ချက်သည် ပြည့်စုံခြင်းရှိပါ၏။

<u>"မေရောဇမြို့ကို ကျိန်ကြလော့. . . ကေနိအမျိုးသားဟေဗာ၏မယားယေလသည်၊ မိန်းမတကာတို့ထက်မြတ်စွာသော မင်္ဂလာရှိ၏"(သူကြီး ၅း၂၃-၂၄)</u>။ ဘုရားသခင်၏အမှုတော်မြတ်၌ ကျွန်တော်တို့ပါဝင်ခွင့်ရခြင်းသည် ဘုရားသခင်၏ကျေးဇူးတော်နှင့် ဂရုဏာတော်ကြောင့်ဖြစ်ပါသည်။ ဣသရေလကိုကူညီမစခြင်းမပြုဘဲ ငြင်းပယ်ခြင်သည် ဘုရားသခင်ကိုငြင်းပယ်ရာရောက်၏။ အဘယ်အကြောင်းကြောင့်ဘဲဖြစ်ဖြစ် မကူညီဘဲနေခြင်းသည် ထိုက်သင့်သောပြစ်ဒဏ်ကိုခံရမည်ဖြစ်ပါသည်။ မေရောဇက ဣသရေလူတို့ကိုမကူညီသောကြောင့် ကျိန်ခြင်းကိုခံရ၏။ ဂါမလျေလက ယုဒလူတို့အား ဆုံးဖြတ်ချက်သတိပြုခြင်းငှါ ဤသို့သတိပေးခဲ့ပါသည်-"သင်တို့သည် ဘုရားသခင်၏အာဏာတော်ကိုဆန်သောသူမဖြစ်မည်အကြောင်း သတိပြုကြလော့" (တမန် ၅း၃၃-၃၉)။ ထို့ပြင်၊ သမ္မာကျမ်းစာထဲ၌ အာမလက်ကဲ့သို့သောသာဓကများစွာရှိခဲ့ပါသည် (ထွက် ၁၇း၁၄၊ တရား ၂၅း၁၉)။ ဘုရားသခင်၏အမှုတော်ဆန့်ကျင်ခြင်းသည် ဘုရားသခင်ကိုဆန့်ကျင်ရာရောက်၏။ ယေလသည် မိမိ၏ရွေးချယ်မှုကြောင့် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာကိုခံရခဲ့ပါသည်။ သူသည် ဘုရားသခင်ဘက်၌ရပ်တည်ခဲ့ပါသည်။ တိုက်ပွဲသို့မသွားခဲ့ပါ၊ သို့သော်လည်း အချိန်တန်သောအခါ ဘုရားသခင်ဘက်၌ရပ်တည်သဖြင့် "တဲ၌နေသောမိန်းမတကာတို့ထက် မြတ်စွာသောမင်္ဂလာရှိ၏" (သူကြီး ၅း၂၄)။

သိသရသည် ဘုရားသခင်၏လူတို့ကို ညှင်းပန်းနှိပ်စက်၍နာကျင်ခြင်းဝေဒနာခံစားစေခဲ့ပါသည်။ ထို့ကြောင့်၊ သူနှင့်တကွ သူ၏စစ်တပ်သည်ဖျက်ဆီးခြင်းသို့ ရောက်ခဲ့၏။ "ကိုယ်တော်၏ရန်သူအပေါင်းတို့သည် ထိုသို့ပျက်စီးခြင်းသို့ရောက်ကြပါစေသော" (သူကြီး ၅း၃၁)။ ကျေးဇူးတော်သည် ကျွန်ုပ်တို့ကိုဘုရားသခင်၏အမှုတော်၌ပါဝင်စေပြီး၊ ဤသို့ဖြင့် ကျွန်တော်တို့သည် ဘုရားသခင်၏အမှုတော်ဆောင်ဖြစ်ကြ၏။ ဘုရားသခင်၌သစ္စာရှိခြင်းက ကောင်းကြီးမင်္ဂလာကို ကျွန်ုပ်တို့အား ခံစားစေပါလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အမှုတော်၌ မပါဝင်ခြင်းသည် ဆီးတားခြင်းတမျိုးဖြစ်၏။
**ဆုတောင်းချက်** - (၁ ရာ ၂၅း၂၈ ကိုအသုံးပြုပါ)။

သောကြာ၊ ဇန်နဝါရီ (၂၀)
**သူကြီး ၆း၁-၁၀**
ယေရမိ ၇း၂၁-၂၈

*"အလိုတော်သို့လိုက်ခြင်းသည် ယဇ်မျိုးထက်သာ၍ကောင်း၏"*

# ဂိဒေါင် (၁)

တရားသူကြီးတို့တွင်၊ ဂိဒေါင်သည် အသေးစိတ်အကြောင်းအရာဖော်ပြခြင်းခံရသော တရား သူကြီးဖြစ်ပါသည်။ ရှံဆုန်အကြောင်းကို အခန်းကြီးလေးခန်းထဲ၌ဖော်ပြစဉ်၊ ဂိဒေါင်သည် အခန်းကြီး သုံးခန်း၌ ဖော်ပြခြင်းခံရ၍ ဒုတိယအများဆုံးဖြစ်ပါ၏။ ဂိဒေါင်အကြောင်းသည် မိဒျန်အမျိုး၌ညှဉ်း ပန်းနှိပ်စက်ခြင်းဖြင့် အစပျိုးခဲ့ပါသည်။

<u>"ထာဝရဘုရားသည် သူတို့ကိုမိဒျန်အမျိုးလက်၌ . . . အပ်တော်မူသဖြင့်" (သူကြီး ၆း၁)</u>။ မိဒျန်အမျိုးသားတို့သည် ဣသရေလလူတို့ကို အလွန်နှိပ်စက်၍ပိုင်ဆိုင်သောအရာတို့ကို သိမ်းပိုက် ဖျက်ဆီးခဲ့ကြ၏။ ဤညှဉ်းပန်းနှိပ်စက်ခြင်းသည် အရင်၌မတွေ့ရသော၊ အသစ်သောနှိပ်စက်ခြင်း မျိုးဖြစ်ပါသည်။ ထို့ကြောင့် ဣသရေလလူတို့သည် ခိုလှုံရာရှာ၍ တောတောင်နှင့်ဂူများထဲ၌ ပုန်း အောင်းနေကြရ၏။ သူတို့၏ကြိုးစားမှုသည် အရာမထင်ခဲ့ပါ။ ဆင်းရဲဒုက္ခကြုံရသောကြောင့်၊ ဖခင် အိမ်မှထွက်သွားသောသားကဲ့သို့၊ ဘုရားသခင်ထံပြန်သွားခဲ့ကြ၏။ ယနေ့ ကျွန်ုပ်တို့အသက်တာ၌ လည်း ဆင်းရဲဒုက္ခသည် အရင်ကခံစားခဲ့ရသောဘုရားသခင်၏ကောင်းမြတ်ခြင်းကို သတိရစေ၍ ဘုရားသခင်ထံပြန်သွား၍ မစခြင်းတောင်းလျှောက်ခြင်းငှါ အသိပေးသောအရာဖြစ်တတ်ပါသည်။

<u>"ထာဝရဘုရားသည် ပရောဖက်တယောက်ကိုဣသရေလအမျိုးသားတို့ထံသို့ စေလွှတ်တော် မူ၍. . ." (သူကြီး ၆း၈)</u>။ ထိုပရောဖက်အားဖြင့်၊ ဘုရားသခင်သည် သူတို့၏မျက်စိကိုဖွင့်စေပြီး၊ အရင်က ဘုရားသခင်၏ဂရုဏာတော်နှင့်ကျေးဇူးတော်ကို အမှတ်ရစေလျက်၊ ဒူးထောက်ဆုတောင်း ခြင်းကိုပြုစေခဲ့ပါသည်။ ထိုအခါ ဘုရားသခင်က သတင်းစကားပြန်လည်ပြောကြားခဲ့ပါသည်။ ထိုသို့ ဘုရားသခင်ထံပြန်သွားကြခြင်းမှာ ဣသရေအတွက် နောက်ဆုံးမျှော်လင့်ချက်၊ ကောက်ရိုးတမျှင်ကို ဖမ်းဆွဲခြင်းမျိုးဖြစ်ပါသည်။ အရင်က ထိုသို့ဆုတောင်းကြသောအခါ ဘုရားသခင်သည် ကယ်နှုတ်ခြင်း ကို ယူဆောင်သောတရားသူကြီးများ ပေါ်ထွန်းစေခဲ၏။ ယခုအခါ ဘုရားသခင်သည် ပရောဖက်တ ယောက်ကိုစေလွှတ်၍၊ သူကြီး ၂း၁ ၌တွေ့ရသောဗောခိမ်မြို့၌ ဖြစ်ပျက်သကဲ့သို့ ဣသရေလလူတို့ အား အပြစ်တင်သော စကားကိုဆိုခဲ့ပါသည်။ သမိုင်းကြောင်းကို မေ့သောသူသည် အကြိမ်ကြိမ် ပြန်လည်သတိပေး ခြင်းခံရတတ်၏။ သူတို့သည် ကျွန်ခံ၍လွတ်မြောက်စေခြင်းခံရ၏။ ထိုသို့သော လွတ်မြောက်ခြင်း ကိုဘုရားသခင်ကသာ ပေးတော်မူခြင်းဖြစ်ပါသည်။ ထိုသို့ ကျွန်ဘဝသို့ရောက်စေ သောအကြောင်း ရင်းတခုသာလျှင် ရှိပါ၏- နာမခံခြင်းပင်ဖြစ်ပါသည်။ "သင်တို့သည် ငါ့စကားကို နားမထောင်ကြ ဟုမိန့်တော်မူ၏" (သူကြီး ၆း၁၀)။

**ဆင်ခြင်ရန်** - ဘုရားသခင်ထံမဆက်ကပ်လိုမှုက ကျွန်ုပ်တို့ကိုဘုရားသခင်အသုံးမပြုနိုင်သော လူဖြစ်စေတတ်၏။

**ဆုတောင်းချက်** - "သခင်ဘုရား၊ ကိုယ်တော်၏စကားကိုကြားသောအခါ နာခံခြင်းနှင့်ဝမ်းမြောက် စွာလိုက်နာမည်အကြောင်း အကျွန်ုပ်ကိုပြင်ဆင်မွမ်းမံတော်မူပါ။"

စနေ၊ ဇန်နဝါရီ (၂၁)
**သူကြီး ၆း၁၂-၂၄**
တရား ၂၈း၁၅-၂၆

*"သင်၏ဘုရားသခင်ထာဝရဘုရား. . .*
*စကားတော်ကိုနားမထောင်လျှင်. . . "*

# ဂိဒေါင် (၂)

ထာဝရဘုရားသည် ဣသရေလလူတို့ကိုအပြစ်တင်၍ သူတို့၏နာမခံခြင်းကို ဖော်ပြခြင်းငှါ ၎င်း၊ ဘုရားသခင်ပြုတော်မူသော ပဋိညာဉ်ကိုပြန်၍အမှတ်ရစေခြင်းငှါ ပရောဖက်တဦးကိုစေလွှတ်တော်မူခဲ့၏။ ထာဝရဘုရား၏ကောင်းကင်တမန်သည် ဂိဒေါင်ထံထင်ရှားတော်မူခဲ့၏။ ဘုရားသခင်သည် မိမိအသုံးပြုတော်မူမည့်လူကို ရွေးချယ်တော်မူ၏။ ဂိဒေါင်ကိုရွေးချယ်ခေါ်တော်မူခြင်းအမှု၌ များစွာသောသင်ခန်းစာကို ကျွန်တော်တို့လေ့လာနိုင်ပါသည်။ ပထမအချက်ကား၊ ဘုရားသခင်၏ အဆုံးစွန်အာဏာရှိတော်မူခြင်းပင်ဖြစ်ပါသည်။

<u>"ထာဝရဘုရား၏ကောင်းကင်တမန်သည် ကိုယ်ထင်ရှား၍. . . "(သူကြီး ၆း၁၂)</u>။ ဂိဒေါင်ခေါ်ခြင်းအမှုသည် ထာဝရဘုရားထင်ရှားခြင်းဖြင့် အစပြုခဲ့ပါသည်။ သူကြီး ၆း၁၁ ထဲတွင်။ ထာဝရဘုရား၏ကောင်းကင်တမန်သည်လာ၍ ဂိဒေါင်အလုပ်လုပ်သောနေရာ၌ ထိုင်လေ၏ (ဂိဒေါင်သည် ကြောက်စိတ်ရှိသော်လည်း၊ ခက်ခဲသောကာလ၌ပင် ကြိုးစားအလုပ်လုပ်နေခဲ့ပါသည်)။ အငယ် ၁၂ ထဲတွင်၊ ထာဝရဘုရား၏ကောင်းကင်တမန်သည် မိမိကိုယ်ကိုမိတ်ဆက်၍ ဘုရားသခင်အတူရှိတော်မူကြောင်းကို ဖော်ပြခဲ့ပါသည်။ ဘုရာသခင်၏အမှုတော်သည် ဘုရားသခင်၏တန်ခိုးခွန်အားဖြင့် ဆောင်ရွက်ပြီးစီးလုပ်ဆောင်ရပါ၏။ အငယ် ၁၆ ထဲတွင်၊ ဂိဒေါင်၏အောင်မြင်မှုတရားကို တွေ့ရပါသည် - ထာဝရဘုရားအတူပါရှိတော်မူခြင်းပင်ဖြစ်ပါသည်။ အငယ် ၁၇ မှ ၂၁ ထဲတွင် ဂိဒေါင်၏ ဆုတောင်းခြင်းတွေ့ရ၍ဘုရားသခင်အတူပါရှိတော်မူခြင်းကိုလည်း ဖော်ပြခဲ့ပါသည်။ ဘုရားသခင်၏ ခွန်အားပေးနှိမ့်သိမ့်မှုခံရသောအခါ သူသည် ယဇ်ပလ္လင်ကိုတည်၍ ယေဟောဝါရှာလုံ ဟုအမည်ပေးခဲ့ပါသည်။

ဂိဒေါင်အပေါ်၌ပြုသောအမှု၌ ဘုရားသခင်၏အဆုံးစွန်အာဏာရှိတော်မူခြင်းကို တွေ့ရပါသည်။ ထာဝရဘုရား၏ကောင်းကင်တမန်က ဂိဒေါင်အား - "ခွန်အားကြီးသောအချင်းသူရဲ၊ ထာဝရဘုရားသည်သင်နှင့်အတူ ရှိတော်မူ၏" (သူကြီး ၆း၁၂) ဟု မိန့်တော်မူ၏။ ဤစကားကိုပုန်းလျက် စပါးနယ်လျက်ရှိသောလူထံ မိန့်တော်မူခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် ဘုရားသခင်သည်ဂိဒေါင်ကို ခွန်အားကြီးသောသူဖြစ်စေမည်ဖြစ်ပါသည်။ ဂိဒေါင်သည် ခွန်အားကြီးသောကြောင့်မဟုတ်ဘဲ၊ အားနည်းချက်ရှိသော်လည်း၊ ဘုရားသခင်သည် သူ့ကိုရွေးချယ်၍အသုံးပြုခဲ့ပါသည်။ ဂိဒေါင်၏ တုန့်ပြန်မှုသည် မြည်တမ်းခြင်းဖြစ်သော်လည်း၊ ထာဝရဘုရားသည် ဂိဒေါင်ကိုခေါ်၍ တာဝန်ပေးခဲ့ပါသည် - "ယခုသင်ရသောတန်ခိုးကို အမှီပြုလျက်သွားလော့"၊ "သင့်ကိုငါစေခိုင်းသည်မဟုတ်လော ဟုမိန့်တော်မူ၏" (သူကြီး ၆း၁၄)။

**ဆင်ခြင်ရန်** - "ဘုရားသခင်သည် ကျွန်ုပ်ကိုခေါ်နေသည်ဖြစ်သောကြောင့် ကျွန်တော်သည် တုန့်ဆိုင်းနေရပါမည်လော။"
**ဆုတောင်းချက်** - "အို ကယ်တင်ရှင်သခင်ယေရှု၊ ကိုယ်တော့်ထံကျွန်တော်ဆက်ကပ်ပါ၏။"

တနင်္ဂနွေ၊ ဇန်နဝါရီ (၂၂)
**သူကြီး ၆း၁၂-၂၄**
ဆာလံ ၈၄း၁၁

*"ထိုသူ၏ပြည့်စုံခြင်းမှလည်း ကျေးဇူးတပါး၌ထပ်ဆင့်၍ ကျေးဇူးတပါးကိုငါတို့ရှိသမျှသည် ခံရကြပြီ"*

# ဂိဒေါင် (၃)

ဂိဒေါင်ခေါ်ခြင်းအမှု၌ တွေ့ရသောဒုတိယသင်ခန်းစာမှကား ဘုရားသခင်၏ကျေးဇူးတော်ပင်ဖြစ်ပါသည်။ ဂိဒေါင်သည် မိဒျန်လူတို့ကိုကြောက်သောကြောင့် ပုန်းလျက်စပါးကိုနယ်နေခဲ့ပါသည်။ ဤအချက်က ရိတ်သိမ်းရသောအခွင့်ကောင်းကြီးကို ဘုရားသခင်က ကျေးဇူးတော်အားဖြင့် ပေးတော်မူကြောင်း တွေ့ရ၏။ ဂိဒေါင်သည် ထိုဘုရားပေးသောကောင်းကြီးစပါးကို နယ်စဉ် ထာဝရဘုရား၏ကောင်းကင်တမန်သည်ထင်ရှားခဲ့၏။ ထိုကောင်းကင်တမန်ပြောသောစကားထဲတွင် ဘုရားသခင်၏ကျေးဇူးတော်ကိုထင်ရှားစွာတွေ့ခဲ့ရပါသည်။

<u>"ထာဝရဘုရားသည် ကျွန်ုပ်တို့နှင့်အတူ ရှိတော်မူသည်မှန်လျှင် အဘယ်ကြောင့်ဤအမှုကြီးရောက်ရပါသနည်း" (သူကြီး ၆း၁၃)</u>။ ထိုသို့ ထာဝရဘုရား၏ကောင်းကင်တမန်နှုတ်ဆက်ခြင်းကို ဂိဒေါင်သည် မြည်တမ်းခြင်းပြု၍တုန့်ပြန်ခဲ့ပါသည်။ ထိုသို့ဂိဒေါင်ပြုသော်လည်း ဘုရားသခင်သည် ကျေးဇူးတော်အားဖြင့် ဂိဒေါင်ကိုရွေးချယ်ခဲ့ပါသည်။ ထိုသို့ ဂိဒေါင်မြည်တမ်းခြင်းမှာ မိမိကိုယ်ကို မဆင်ခြင်၊ အချိန်အခါနှင့်ဣသရေလပြုသောအပြစ်ကို မဆင်ခြင်သောကြောင့်ဖြစ်ပါသည်။ ထို့ပြင် မိမိကိုစွန့်ပစ်လျှင် မည်သို့သောပြစ်ဒဏ်ခံရမည်ဟူ၍ ဖော်ပြသောဘုရားသခင်၏နှုတ်ကပတ်တော်ကို မဆင်ခြင်သောကြောင့်ဖြစ်ပါသည်။ "ထာဝရဘုရားသည် အကျွန်ုပ်တို့ကိုစွန့်၍ မိဒျန်လူတို့လက်သို့ အပ်တော်မူပြီတကား" (သူကြီး ၆း၁၃) ဟုလည်းဆိုခဲ့ပါသည်။ သို့သော်လည်း "ထာဝရဘုရားသည် သူ့ကိုကြည့်ရှု၍" (သူကြီး ၆း၁၄) ဟု ဘုရားသခင်သည် ကျေးဇူးတော်အားဖြင့် စိတ်ရှည်စွာသည်းခံ၍ မိမိ၏လူတို့ကိုပြုစုကွယ်ကာခဲ့ပါသည်။

<u>"အိုသခင်၊ အကျွန်ုပ်သည် ဣသရေလအမျိုးကိုအဘယ်သို့ကယ်နှုတ်နိုင်ပါမည်နည်း" (သူကြီး ၆း၁၅)</u>။ ဂိဒေါင်သည် ဘုရားသခင်စေခိုင်းတော်မူသောအမှု၌ မိမိ၏အားနည်းချက်နှင့် မိသားစုကျောထောက်နောက်ခံအားနည်းချက်ကို ကောင်းစွာသိ၍ဖော်ပြခဲ့ပါသည်။ မိမိအမြင်၌ သူသည် ဘာမှမလုပ်နိုင်သောသူဖြစ်ပါ၏။ မိမိကိုယ်ကို လုံးဝမကိုးစားနိုင်သောသူဖြစ်ပါသည်။ မိမိလုပ်ဆောင်ရမည့်အမှု၌ ကျေးဇူးတော်သာလျှင် မိမိကိုခွန်အားပေးနိုင်ကြောင်း သူသိပါ၏။ ထို့ကြောင့် ဘုရားသခင်က "အကယ်စင်စစ် ငါသည်သင်နှင့်အတူရှိသဖြင့်" (သူကြီး ၆း၁၆)ဟု မိန့်တော်မူ၏။ ဤသည်ကား စေခိုင်းသောအမှုဆောင်ရွက်ခြင်း၌ လုံလောက်သောကျေးဇူးတော်ပင် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "ဘုရားသခင်ခေါ်တော်မူနေစဉ်၊ အကျွန်ုပ်သည် တွန့်ဆုတ်နေ၍မရပါ၊ အလျင်အမြန်နာခံရပါမည်။"

**ဆုတောင်းချက်** - "အကျွန်ုပ်စိတ်နှလုံးကိုယူ၍ ကိုယ်တော်အဘို့ဖြစ်စေတော်မူပါ။"

# ဂိဒေါင် (၄)

တတိယသင်ခန်းစာဟူမူကား၊ သစ္စာရှိမရှိ စစ်ကြောခြင်းပင်ဖြစ်ပါသည်။ ဘုရားသခင်သည် မထိုက်တန်သော၊ အားနည်းသောလူကိုရွေးချယ်ခဲ့ပါသည်။ မိမိ၏အဆုံးစွန်အာဏာတော်နှင့် ကျေးဇူးတော်အားဖြင့် ရွေးချယ်တော်မူ၏။ ထိုမိမိရွေးချယ်သောသူကို စေလွှတ်၍တန်ခိုးခွန်အားပေးလျက် အသုံးပြုတော်မူတတ်၏။ မိမိခေါ်တော်မူသောသူတို့ထံမှ ဘုရားသခင်တောင်းလျှောက်သောအရာမူကား သစ္စာရှိခြင်းပင်ဖြစ်ပါသည်။

<u>“သင့်အဘ၏နွားကို. . . ယူပြီးလျှင်၊ . . . ဗာလဘုရား၏ယဇ်ပလ္လင်ကိုဖြိုဖျက်၍. . . ” (သူကြီး ၆း၂၅)</u>။ ဤသည်ကား ဂိဒေါင်လုပ်ဆောင်ရမည့်ပထမတာဝန်ဖြစ်ပါသည်။ မိဒျန်လူတို့ကို သွားမတိုက်မီ အိမ်၌ရှိသောဗာလဘုရား၏ယဇ်ပလ္လင်ကို အရင်ဖြိုဖျက်ဖို့လိုပါသည်။ တိုင်းပြည်ကို ပြန်လည်မပြုပြင်မီ မိမိမိသားစုကို အရင်ပြုပြင်ဖို့လို၏။ အဘတည်ထားသော ရုပ်တုဆင်းတုကို ပယ်ဖျက်၍စစ်မှန်သောဘုရားသခင်ဝတ်ပြုကိုးကွယ်ခြင်းဖြင့် အစားထိုးရပါမည်။ ဤသည်ကား၊ ဘုရားသခင်ထံ သစ္စာရှိမရှိစစ်ကြောခြင်းပင် ဖြစ်ပါသည်။ ထိုသို့သောအမှုသည် အသစ်သောအရာမဟုတ်ပါ။ ဂတိတော်ပြည်သို့ ဝင်ရောက်လာသောဣသရေလလူတို့ကိုလည်း ထိုသို့ပြုခြင်းငှါ ဘုရားသခင်တာဝန်ပေးခဲ့ပါ၏။ (ထွက် ၃၄း၁၃၊ တရား ၇း၅)။ ထို့ပြင် မိမိလူတို့ကိုပြုပြင်ပြောင်းလဲခြင်းငှါ ဦးဆောင်သောသူ၊ ဘုရားသခင်ရွေးကောက်သောသူတို့သည်လည်း ထိုအမှုကိုပြုရပါမည် (၄ ရာ ၁၈း၄၊ ၂၃း၁၄၊ ၆ ရာ ၁၅း၁၆၊ ၃၁း၁၊ ၃၄း၄၊ ၇)။

<u>“နေ့အချိန်၌မပြုဝံ့သောကြောင့်၊ ညဉ့်အချိန်၌ပြု၏” (သူကြီး ၆း၂၇)</u>။ ထာဝရဘုရား၏ အလိုတော်သည် အမှန်ပြည့်စုံခြင်းရှိလိမ့်မည်။ ထို့အတွက် နာခံခြင်းလိုအပ်ပါ၏။ ထိုသို့ အလိုတော်ကို နာခံဆောင်ရွက်ခြင်းငှါ ဘုရားသခင်သည် ဉာဏ်ပညာကိုလည်း ပေးတော်မူ၏။ မြို့သူမြို့သားတို့ ပြုသောအမှုကို ကြည့်ခြင်းအားဖြင့် (သူကြီး ၆း၂၈-၃၀) ဂိဒေါင်သည် မိမိတာဝန်ကို နေ့အချိန်၌ပြုခဲ့လျှင် မအောင်မြင်ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဂိဒေါင်သည် ညဉ့်၌အေးချမ်းစွာထိုသို့ပြုခြင်းဖြစ်ပါသည်။ ဒံယေလနှင့်သူ၏သူငယ်ချင်းသုံးယောက်တို့သည်လည်း ရုပ်တုဆင်းတုထံ ဆက်ကပ်သော အစားအစာကိုမစားဘဲနေ၍ ဘုရားသခင်၏စကားတော်ကိုနာခံခြင်းငှါ ထိုသို့ပညာရှိရှိ ကျော်ဖြတ်ခဲ့ဖူးကြပါသည်(ဒံ ၁း၈-၁၆)။ တခါတရံ ကျွန်တော်တို့သည် ဘုရားသခင်၏စကားကို နာမခံခြင်း၊ သစ္စာမရှိခြင်းကြောင့် မိမိကိုယ်ကိုပို၍ကြီးသောဒုက္ခကို ဖန်တီးတတ်ကြ၏။

**ဆင်ခြင်ရန်** - ယုံကြည်ခြင်းအမှု၌ နာခံခြင်းရှိခြင်းသည် ယုံကြည်ခြင်းကိုပို၍တိုးပွားမြဲမြံစေတတ်၏။

**ဆုတောင်းချက်** - “ယေရှု၌ ဝမ်းမြောက်ခြင်းရှိခြင်းငှါ၊ ကိုးစားခြင်းနှင့်နာခံခြင်းရှိရပါမည်။”

# ဂိဒေါင် (၅)

ဂိဒေါင်ကိုရွေးချယ်ခြင်း၌ တွေ့ရသောစတုတ္ထသင်ခန်းစာမှုကား ယုံကြည်ကိုးစားခြင်းပင်ဖြစ်ပါသည်။ ထာဝရဘုရား၏ကောင်းကင်တမန်နှင့်စကားပြောစဉ် ဂိဒေါင်သည် မိမိ၏အားနည်းချက်ကိုသိခဲ့ပါသည်။ ယုံကြည်ခြင်း၌မရင့်ကျက်သေးကြောင်း သူ၏မြည်တမ်းခြင်း၌တွေ့ရပါ၏။ ဘုရားသခင်ပြုသောအံ့ဘွယ်အမှုကို သတိရအောက်မေ့သော်လည်း၊ ထိုဘုရားသခင်အပေါ်၌ သူတို့၏တာဝန်ဖြစ်သောသစ္စာရှိခြင်းကို မေ့လျော့ခဲ့ပါသည်။ ယခုအခါ သူသည်ဘုရားသခင်ကို ယုံကြည်ကိုးစား၍ ဘုရားစေခိုင်းသောအမှုကိုဆောင်ရွက်ခြင်းငှါ အသင့်ရှိခဲ့ပါသည်။ ဘုရားသခင်သည် ဂိဒေါင်ကိုနိုးဆော်၍ ဂိဒေါင်သည်စတင်လှုပ်ရှားခဲ့ပါသည်။ စစ်တိုက်ခြင်းငှါ ဣသရေလလူတို့ကိုစုရုံး၍ ပြင်ဆင်ခဲ့ပါသည်။

<u>“ကိုယ်တော်သည် မိန့်တော်မူသည်အတိုင်း ဣသရေလအမျိုးကိုအကျွန်ုပ်အားဖြင့်ကယ်တင်တော်မူမည်မှန်လျှင်. . .” (သူကြီး ၆း၃၆)</u>။ ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်း၌ ပြင်ဆင်မှုလိုအပ်ပါသည်။ သို့သော်လည်း၊ လူ့အနေဖြင့် မိမိကိုယ်ကိုပြင်ဆင်ခြင်းမဟုတ်ဘဲ၊ ဘုရားသခင်ကိုကိုးစား၍ပြင်ဆင်ရပါမည်။ အမြင်အားဖြင့်မဟုတ်ဘဲ၊ ယုံကြည်ခြင်းအားဖြင့် ကျွန်တော်တို့လျှောက်လှမ်းကြရပါမည်။ ယုံကြည်ခြင်းဖြင့်မဟုတ်သောအရာသည် အပြစ်ဖြစ်ပါ၏။ အမှုတော်အတွက် ဂိဒေါင်သည် ဘုရားသခင်ထံဆုတောင်းခဲ့ပါသည်။ သို့သော်လည်း၊ သူ၏ဆုတောင်းချက်၌ယုံကြည်ခြင်းအားနည်းမှုနှင့်သံသယစိတ်ကိုမြင်တွေ့ရပါသည်။ လူတို့သည် သူ့စကားကိုနားထောင်၍ စစ်ပွဲအတွက်ပြင်ဆင်ခြင်းငှါ လာကြ၏။ ညှင်းပန်းနှိပ်စက်ခြင်းခံရကြသောကြောင့် အော်ဟစ်ခဲ့ကြသော်လည်း၊ အခွင့်ကောင်းရရှိကြသောအခါ မိမိကိုယ်ကိုဆက်ကပ်ခဲ့ကြ၏။ သို့သော်လည်း ဘုရားသခင်ရွေးချယ်သောဂိဒေါင်သည် သံသယစိတ်ရှိသောကြောင့် ဘုရားသခင်သည် သူ့ကိုစိတ်ရှည်စွာပြင်ဆင်မွမ်းမံခဲ့ပါသည်။ များစွာသောလူတို့သည် ဂိဒေါင်၏သိုးမွေးဖြင့် စုံစမ်းခြင်းကို ယုံကြည်ခြင်းအားနည်းမှုဟုမမြင်ဘဲ ဘုရားသခင်ရှေ့၌ ထိုသို့စုံစမ်းခြင်းပြုရန်တိုက်တွန်းတတ်ကြ၏။ သို့သော်လည်း၊ နောက်ပိုင်းတွင် ဂိဒေါင်သည်မိမိထံစကားပြောသောသူသည် ထာဝရဘုရားဖြစ်ကြောင်းသိမှတ်ခဲ့ပါသည် (သူကြီး ၆း၁၆-၂၁၊ ၂၂)။ ထို့ကြောင့် ဘုရားသခင်ထံသစ္စာရှိခြင်းကိုပြ၍ ဗာလဘုရား၏ရုပ်တုကိုဖြိုဖျက်ခဲ့ပါသည်။ သို့သော်လည်း၊ မိဒျန်လူတို့ရှေ့၌ သံသယစိတ်ဝင်၍၊ လက္ခဏာကိုတောင်းလျှောက်ခဲ့ပါ၏။ ထိုအခါ ဘုရားသခင်သည်စိတ်ရှည်သည်းခံလျက် ဘုရားသခင်စေခိုင်းသောအမှုဆောင်ရွက်ခြင်း၌ ယုံကြည်ကိုးစားမှုလိုအပ်ကြောင်းသိသဖြင့် ထိုလက္ခဏာကိုတောင်းသည့်အတိုင်း ပြတော်မူခဲ့၏။

**ဆင်ခြင်ရန်** - ခရစ်ယာန်သည် မြင်နိုင်သောအရာမှမဟုတ်ဘဲ၊ မမြင်ရသောအရာမှ ဝမ်းမြောက်ခြင်းကိုရယူတတ်၏။

**ဆုတောင်းချက်** - “အကျွန်ုပ်ယုံကြည်ပါ၏သခင်၊ မယုံကြည်သည်ကို မစတော်မူမပါ” (မာကု ၉း၁၄)။

*"ရေဆိပ်သို့ခေါ်ခဲ့လော့။ သူတို့ကိုရေဆိပ်မှာ သင့်အဘို့ငါစုံစမ်းမည်"*

## ဂိဒေါင် (၆)

ပဥ္စမသင်ခန်းစာမူကား နာခံခြင်းပင်ဖြစ်ပါသည်။အမှုတော်ဆောင်ရွက်ခြင်း၌ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာခံရခြင်းငှါ ဘုရားသခင်၏နည်းလမ်းအတိုင်း၊ ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့ လုပ်ဆောင်ရပါမည်။ ထိုသို့လုပ်ဆောင်ဖို့ရန် ဘုရားသခင်၏စကားနာခံဖို့လိုအပ်ပါသည်။

"ထာဝရဘုရားကလည်း. . . ဂိဒေါင်အားမိန့်တော်မူသဖြင့်" (သူကြီး ၇း၂၊ ၄၊ ၇)။ လူများလျှင်နိုင်မည်ဟုမထင်ပါနှင့်။ လူဦးရေသည် အဓိကမဟုတ်၊ စိတ်ဓာတ်သည်သာ အဓိကကျပါ၏။ ဂိဒေါင်၌တွေ့ရသောစိတ်ဓာတ်မူကား နာခံခြင်းဖြစ်ပါသည်။ သူတို့ညှင်းပန်းနှိပ်စက်ခံရခြင်းသည် ဝိညာဉ်ရေးရာလမ်းမှားမှုကြောင့်ဖြစ်၏။ အခြားဘုရားများနောက်သို့ လိုက်၍ထိုပြည်၏ရုပ်တုဆင်းတုကိုးကွယ်ခြင်း၌ ကျရောက်ခဲ့ကြ၏။ ဘုရားသခင်ထံလုံးဝဆက်ကပ်မှုမရှိခဲ့ကြလျှင် ထိုကဲ့သို့ထပ်၍ဖြစ်နေအုံးမည်ဖြစ်ပါသည်။ ထို့ကြောင့် မိဒျန်လူတို့ကိုတိုက်ခိုက်ခြင်း၌ ထိုသင်ခန်းစာကိုရရှိကြဖို့လိုအပ်ပါ၏။ မိမိတို့ခွန်အားဖြင့်အောင်မြင်ခြင်းရရှိခဲ့ကြလျှင်၊ မိမိကိုယ်ကိုကိုးစား၍ မကြာမီလမ်းလွဲခဲ့ကြပါလိမ့်မည်။ ဤအောင်မြင်ခြင်းက သူတို့ကိုမာနမထောင်လွှားစေဘဲ၊ နှိမ့်ချစေဖို့လိုအပ်ပါသည်။ ထို့ကြောင့် ဂိဒေါင်အား စစ်အင်အားမတိုးစေဘဲ၊ လျော့ချစေခဲ့ခြင်းဖြစ်ပါသည်။ ဘုရားသခင်၏စကားကို နာခံလျက်စစ်သူရဲသုံးသောင်းကျော်မှ ၃၀၀ အထိ လျော့ချခဲ့၏။

"လျက်၍သောက်သောသူသုံးရာအားဖြင့်သင့်ကို ငါကယ်တင်၍"(သူကြီး ၇း၇)။ လျက်၍သောက်ခြင်းနှင့်ဒူးထောက်၍သောက်ခြင်း၌ အထူးသဖြင့်ခြားနားသောအမှုမရှိပါ။ ထိုအရာကို အထူးတလည်လေ့လာဖို့မလိုပါ။ အဓိကအချက်မှာ ဘုရားသခင်၏လူဦးရေလျော့ခြင်းအမှုသာလျှင် ဖြစ်ပါသည်။ "ငါ့လက်ရုံးသည် ငါ့ကိုကယ်တင်ပြီ" (သူကြီး ၇း၂)ဟု မဝါကြွားကြခြင်းငှါ ထိုသို့လျော့ချခြင်းဖြစ်ပါသည်။ ကျန်ရှိသောစစ်သူရဲတို့အဖို့ ထိုသို့လျော့ချခြင်း၌ မည်သို့ခံစားရပါမည်နည်း။ မိဒျန်လူတို့ကလည်း ဂိဒေါင်၏လူတို့သည် တဖက်၌စစ်တိုက်ခြင်းငှါ နေရာယူကြကြောင်း သိသောအခါ မည်သို့ခံစားရပါမည်နည်း။ အဓိကအချက်မူကား၊ ဣသရေလလူတို့သည် အောင်မြင်ခြင်း၌ ဘုရားသခင်၏ခွန်အားကြောင့်ဖြစ်သည်ကို အသိအမှတ်ပြု၍၊ ထိုဘုရားသခင်ကိုသာ ကိုးစားယုံကြည်ခြင်းငှါဖြစ်၏။ ဘုရားသခင်၏စကားကို နာခံခြင်း၊ ကိုးစားခြင်းအမှုကို ဆီးတားသောအရာကား မိမိကိုယ်ကိုကိုးစားခြင်းပေတည်း။

**ဆင်ခြင်ရန်** - "နာခံခြင်းသည် ယုံကြည်ခြင်း၏အကောင်းဆုံးသက်သေဖြစ်ပါ၏။"
**ဆုတောင်းချက်** - ကိုယ်တော်၏နှုတ်ကပတ်တရားတော်ကို နာခံခြင်းရှိ၍ ကိုယ်တော်၌ခိုလှုံခြင်းရှိမည်အကြောင်း မစတော်မူပါ။

# ဂိဒေါင် (၇)

ပဋ္ဌမသင်ခန်းစာနှင့်ဆက်နွယ်သော နောက်ထပ်သင်ခန်းစာမှုကား ယုံကြည်စိတ်ချမှုပင် ဖြစ်ပါသည်။ ထိုသို့ လူဦးရေလျော့ချခံရသောအခါ လူ့အနေဖြင့် တွေဝေကြောက်ရွံ့မှုရှိရမည်ဖြစ်၏။ သို့သော်လည်း၊ ဂိဒေါင်နှင့်စစ်သူရဲတို့သည် ဘုရားသခင်ထံ နာခံဆက်ကပ်မှုရှိကြသောကြောင့် ယုံကြည်စိတ်ချမှုဖြင့် ရဲရင့်ခဲ့ကြ၏။ “ယခုသင်ရသောတန်ခိုးကို အမှီပြုလျက်သွားလော့” (သူကြီး ၆း၁၄) ဟူသောအချိန်ရောက်ရှိလာပါ၏။ ဂိဒေါင်သည် ဘုရားသခင်ကိုနာခံ၍ စစ်သူရဲတို့စုံစမ်းခြင်း ငှါ ခွင့်ပြုခဲ့ပါသည်။ စစ်ပွဲ၌မဖြစ်နိုင်သောအမှုကို ဂိဒေါင်ပြု၍ကျန်လူတို့ကို ပြန်စေပြီး လူ ၃၀၀ နှင့်သာ ချီတတ်ခဲ့၏။

<u>“ထိုညဉ့်တွင် ထာဝရဘုရားက . . . မိန့်တော်မူ၏” (သူကြီး ၇း၉)</u>။ ထာဝရဘုရားသည် အမှုအလုံးစုံကို မိမိ၏အလိုတော်အတိုင်း စီစဉ်ပြုတော်မူပြီး၊ ဂိဒေါင်ကိုလည်း မိမိအားနာခံစေလျက်၊ ယုံကြည်စိတ်ချမှုရှိသော စစ်သည် ၃၀၀ နှင့်အတူ မိဒျန်လူတို့ကို တိုက်စေတော်မူ၏။ မိဒျန်လူတို့ တပ်ချသောအရပ်သို့ ညဉ့်အချိန်၌ချဉ်းကပ်ကြပြီး၊ ရန်သူတို့၏ဂိဒေါင်အောင်မြင်မှုရမည်အကြောင်း ပြောနေကြသောစကားကို ကြားသိခဲ့ရ၏။ ထိုအခါ ဝမ်းမြောက်ခြင်း၊ ကိုးကွယ်ခြင်းနှင့် ယုံကြည်စိတ်ချမှုတိုးပွားခဲ့၏။

<u>“ထာဝရဘုရားနှင့်ဂိဒေါင်၏ထား”(သူကြီး ၇း၁၈၊ ၂၀)</u>။ အောင်မြင်မှုရမည်ဟူသော ဂတိတော်၊ မိဒျန်တို့တပ်ချသောနေရာသို့ ညဉ့်၌ချဉ်းကပ်ခြင်းကြောင့် ယုံကြည်စိတ်ချမှုတိုးပွားသဖြင့်၊ ဂိဒေါင်သည် တိုက်ခိုက်ခြင်းငှါ လျင်မြန်စွာပြင်ဆင်၏။ ထိုသို့ ညဉ့်သန်းခေါင်စစ်တိုက်သံကြောင့် ရန်သူတို့သည် ဖရိုဖရဲဖြစ်၍ ကြောက်လန့်တုန်လှုပ်ခဲ့ကြ၏။ တဖက်တွင်၊ ဘုရားသခင်၏လူတို့သည် မိမိတို့၏မီးခွက်ကို ကိုင်လျက်ရပ်နေကြ၏။ စစ်ပွဲသည် ဘုရားသခင်၏စစ်ပွဲဖြစ်၍၊ သူတို့သည် နာခံခြင်းနှင့်ရပ်တည်နေကြ၏။ အမှောင်ထဲ၌လက်နက်မပါဘဲ ရပ်နေကြ၏။ သူတို့လက်တွင် တံပိုးကိုင်ကြပြီး မှုတ်လျက်၊ လက်တဖက်ဖြင့် မီးခွက်ကိုကိုင်မြှောက်ခဲ့ကြ၏။ ရန်သူတို့သည် ထွက်ပြေးအော်ဟစ်ကြ၍ မိမိကိုယ်ကိုတိုက်ခိုက်ခဲ့ကြ၏။

**ဆင်ခြင်ရန်** - “ခရစ်ယာန်စစ်သူရဲများ ယေရှုနောက်တော်သို့လိုက်လျက် ရှေ့သို့ချီတတ်ကြပါလော့။”

**ဆုတောင်းချက်** - (ဆာလံ ၈၆း၁၁ ကိုအသုံးပြုပါ)။

သောကြာ၊ ဇန်နဝါရီ (၂၇)
**သူကြီး ၈း၁-၂၁**
ရောမ ၁၂း၁-၈

*“ဖြည်းညှင်းသောစကားသည် စိတ်ကိုဖြေတတ်၏။*
*ကြမ်းတမ်းသောစကားမူကား၊ အမျက်ကိုနှိုးတော်တတ်၏”*

# ဂိဒေါင် (၈)

အရင်တရားသူကြီးများအကြောင်းတွင် ရန်သူ၏ညှင်းပန်းနှိပ်စက်မှုမှ ဣသရေလလွတ်မြောက်ခြင်းဖြင့် အဆုံးသတ်ခဲ့ကြ၏။ သို့သော်လည်း၊ ဂိဒေါင်အမှုတွင် ထိုသို့မဟုတ်ပါ။ အခန်းကြီး ၈ ထဲတွင် မိဒျန်လူတို့ထွက်ပြေးရာလမ်းကြောင်း အသေးစိတ်ဖော်ပြသည်သာမက၊ အောင်မြင်မှုရပြီးနောက် လူနေမှုဘဝအကြောင်းကို အသေးစိတ်ဖော်ပြခဲ့ပါသည်။ ဂိဒေါင်ကြုံတွေ့ရသောစိန်ခေါ်မှုနှင့် သူပြုသောဆုံးဖြတ်ချက်၊ ဉာဏ်ပညာနှင့်ယှဉ်သောဆုံးဖြတ်ချက်နှင့်မိုက်သော ဆုံးဖြတ်ချက်တို့ကိုလည်း တွေ့ရပါ၏။

<u>“ဧဖရိမ်လူတို့က. . . ငါတို့၌အဘယ်သို့ပြုသနည်းဟု ကျပ်ကျပ်အပြစ်တင်ကြ၏”(သူကြီး ၈း၁)</u>။ သူကြီး ၈း၁ က ဘုရားသခင်၏ဉာဏ်ပညာနှင့်လူ၏အသိဉာဏ်ကို ဖော်ပြလျက်ရှိ၏။ ဘုရားသခင်က ဣသရေလလူတို့သည် “ငါ့ါတဘက်၌ဝါကြွားလိမ့်မည်” (သူကြီး ၇း၂)ဟု မိန့်တော်မူခဲ့ပြီဖြစ်ပါသည်။ ယခုတွင် ဧဖရိမ်သည် ဂိဒေါင်အပေါ်၌ ထိုသို့ပြုခဲ့ကြ၏။ ဧဖရိမ်သည် စစ်ပွဲ၌ပါဝင်ခြင်းငှါ ဖိတ်ခေါ်ခြင်းခံခဲ့ရပါ၏(သူကြီး ၇း၂၄-၂၅)။ သူတို့သည် ထွက်ပြေးသောမိဒျန်လူတို့ကို ကြားမှတိုက်၍ မင်းနှစ်ပါးကိုသတ်ခဲ့ကြ၏။ ထို့ကြောင့် သူတို့သည်ဂိဒေါင်ကို ရင်ဆိုင်လျက် ဝါကြွားခြင်းပြုကြ၏။ တိုက်ပွဲ၌အဘယ်ကြောင့် အစကတည်းမှမခေါ်သနည်းဟု ကျပ်ကျပ်ပြစ်တင်ကြ၏(သူကြီး ၈း၁)။ သူတို့သည် ဣသရေလ၏ စစ်မှန်သောခွန်အားဖြစ်သည်ဟု မိမိကိုယ်ကိုထင်မှတ်ကြ၏။ ဂိဒေါင်က “သင်တို့ပြုသကဲ့သို့ ငါသည်အဘယ်သို့ပြုနိုင်သနည်းဟု ပြန်ပြောသောစကားကို သူတို့သည်ကြားသောအခါ စိတ်ပြေကြ၏” (သူကြီး ၈း၃)။ ဖြစ်ပျက်သောအမှု၌ ဘုရားသခင်၏လက်တော်ကို မမြင်ကြဘဲ၊ သူတို့ထက်အားနည်းသောအမျိုးသည် သူတို့မပါဘဲ စစ်တိုက်သောကြောင့် သိမ်ငယ်သည်ဟု ခံစားကြရ၏။

<u>“ပြန်ပြောသောစကားကို သူတို့ကြားသောအခါ စိတ်ပြေကြ၏” (သူကြီး ၈း၃)</u>။ ဂိဒေါင်သည် ဧဖရိမ်အမျိုးတို့ကို ပြန်ပြောရာတွင် ဉာဏ်ပညာကိုအသုံးပြုခဲ့ပါသည်။ မိမိအား ဘုရားသခင်ခေါ်တော်မူကြောင်း၊ တာဝန်ပေးတော်မူကြောင်း မဖော်ပြခဲ့ပါ။ ထို့ပြင် မိဒျန်လူတို့ကို လူအယောက် ၃၀၀ တည်းဖြင့် ညဥ့်၌ချဉ်းကပ်တိုက်ခဲ့ကြောင်းလည်း မဖော်ပြခဲ့ပါ။ သူတို့သည် မကျေနပ်ခဲ့သော်လည်း ဘုရားသခင်ပြုတော်မူသောအမှုကို ဖော်ပြ၍ သူတို့စိတ်ကိုပြေစေခဲ့ပါသည်။ မိမိပြုသောအမှုသည် သူတို့လောက် မကြီးမြတ်ကြောင်းဆိုခဲ့ပါသည်။ မိဒျန်လူတို့၏ဖိနှိပ်ခြင်းမှ လွတ်မြောက်ပြီးနောက် သူတို့အချင်းချင်းကြား၌ဖြစ်ပေါ်လာနိုင်သောပြည်တွင်းစစ်ကို ဂိဒေါင်သည် ဉာဏ်ပညာနှင့်ဖြည်းညှင်းသောစကားဖြင့် ပြေငြိမ်းစေခဲ့ပါသည်။

**ဆင်ခြင်ရန်** - ပြင်းထန်သောငြင်းခုံခြင်းကို ဖြည်းညှင်းသောစကားဖြင့် တုန့်ပြန်အနိုင်ယူရပါမည်။
**ဆုတောင်းချက်** - အို အဘဘုရား၊ အမျက်ဒေါသကိုမနိုးဆွမည့်အကြောင်း အကျွန်ုပ်ကို မစတော်မူပါ။

*"သင်တို့သည် စုံစမ်းနှောင့်ယှက်ခြင်းနှင့်
ကင်းလွတ်မည်အကြောင်း ဆုတောင်းကြလော့"*

# ဂိဒေါင် (၉)

ဂိဒေါင်ရင်ဆိုင်သောစိန်ခေါ်မှုနှင့်ပြုသောဆုံးဖြတ်ချက်တို့က အရေးကြီးသောသင်ခန်းစာများသင်ပေးလျက် ရှိ၏။ တရားသူကြီး အခန်းကြီး ၈ အစပိုင်းတွင် ဘုရားသခင်ကကျွန်ုပ်တို့ကို အသုံးပြုတော်မူသောအခါ နှိမ့်ချသောစိတ်သဘောရှိဖို့ အလွန်အရေးကြီးကြောင်း သင်ကြားလေ့လာရပါ၏။ အခန်းကြီး ၈ ၏ဒုတိယအပိုင်းတွင် သတိကြီးစွာနေထိုင်ခြင်း၏အရေးကြီးမှုကို လေ့လာရပါ၏။

<u>"အကျွန်ုပ်တို့ကို မိဒျန်လူတို့လက်မှကယ်နှုတ်သောကြောင့်. . . ကျွန်ုပ်တို့ကိုအုပ်စိုးတော်မူပါ" (သူကြီး ၈း၂၂)</u>။ ဧဖရိမ်အမျိုးသားတို့သည် ဂိဒေါင်ကိုအပြစ်တင်ကြသော်လည်း၊ ဂိဒေါင်သည် နှိမ့်ချသောစိတ်ဖြင့် ဖြေရှင်း၍ပြဿနာကိုငြိမ်းစေခဲ့ပါသည်။ တဖက်တွင်၊ ဣသရေလလူတို့သည် လာ၍ မိမိတို့ကိုအုပ်စိုးခြင်းငှါ၊ ရှင်ဘုရင်အရာ၌ခန့်ထားခြင်းငှါ ဖိတ်ခေါ်ကြ၏။ ဂိဒေါင်သည် ရန်သူကိုအောင်နိုင်ပြီးနောက်တွင်၊ သူသည် မနာရှေအမျိုးဆင်းရဲသောသူမဟုတ်တော့ဘဲ ရှင်ဘုရင်အရာ၌ လူတို့၏ရွေးချယ်ခြင်းခံရပါ၏။ ဣသရေလူတို့ကို လွတ်မြောက်စေသည်သာမက၊ ဧဖရိမ်အမျိုး၏ အမျက်ဒေါသကိုလည်း ငြိမ်းအေးစေခဲ့ပါသည်။ ဣသရေလလူတို့သည် မိမိတို့၏ဘဝတစ်ခုလုံးကို ဂိဒေါင်လက်ထဲသို့ အပ်နှံလိုကြ၏။ ဣသရေလလူတို့သည် ဘုရားသခင်မိန့်တော်မူသည်အတိုင်း ဘုရားသခင်ကိုမေ့လျော့၍ လူကိုကိုးစားလိုကြ၏။ ဂိဒေါင်၏တုန့်ပြန်မှုကိုကြည့်ခြင်းဖြင့် သူသည် အတွေ့အကြုံကြောင့် ရင့်ကျက်လာသည်ကိုတွေ့ရ၏။ သူတို့၏တောင်းဆိုချက်ကို ငြင်းပယ်လျက်၊ အောင်မြင်မှုကိုပေးသောသူသည် ထာဝရဘုရားဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ဘုရားသခင်သည် လူကိုအသုံးပြုတော်မူခြင်းဖြစ်သောကြောင့်၊ ထိုလူနှင့်သူ၏သားစဉ်မြေးဆက်ထံ တိုင်းပြည်ကိုအပ်နှံမည့်သူတို့၏အတွေးကိုဖယ်ရှားကြရန်လိုအပ်ပါသည်။

<u>"ဂိဒေါင်သည် သင်တိုင်းတော်ကိုလုပ်၍ မိမိနေရာဩဖရမြို့မှာထားသဖြင့်" (သူကြီး ၈း၂၇)</u>။ ဗာလဘုရား၏ရုပ်တုဆင်းတုကို အစဉ်ဖြိုဖျက်ခဲ့သောသူသည် နောက်ဆုံး၌သင်တိုင်းတော်ကို လုပ်လေ၏။ ထိုအရာသည် မိမိနှင့်မိသားစုအတွက် ကျော့ကွင်းဖြစ်လာခဲ့ပါသည်။ ဂိဒေါင်သည် ထိုအရာကို ဩဖရမြို့၌ထား၏။ ဘုရားသခင်၏တဲတော်သည် ရှိလောမြို့၌ရှိပါ၏ (တရား ၁၂း၅)။ ထို့ကြောင့် ရှိလောမြို့သို့မသွားဘဲ၊ ဩဖရမြို့သို့သွားခြင်းသည် နာမခံခြင်းဖြစ်၏။ သို့သော်လည်း၊ ဘုရားသခင်သည် မိမိ၏ကျေးဇူးတော်အားဖြင့် ဂိဒေါင်ခေတ်၌ နှစ်ပေါင်းလေးဆယ်လုံးလုံးတိုင်းပြည်၌ ငြိမ်းချမ်းမှုရှိစေတော်မူခဲ့၏ (သူကြီး ၈း၂၈)။

**ဆင်ခြင်ရန်** - ဆုတောင်းလျက် သတိပြုနေခြင်းသည် အောင်မြင်သောအချိန်၌၎င်း၊ ခက်ခဲသောအချိန်၌၎င်း လိုအပ်ပါ၏။

**ဆုတောင်းချက်** - "အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေဘဲ၊ မကောင်းအမှုအရာ၌လည်း ကွယ်ကာစောင့်ရှောက်တော်မူပါ" (မဿဲ ၆း၁၃)။

တနင်္ဂနွေ ၊ ဇန်နဝါရီ (၂၉)
**သူကြီး ၁၁း၃၄-၄၀**
ထွက် ၁၈း၁၉-၂၆

*"ဘုရားသခင်ကိုကြောက်ရွံ့လျက်. . . တတ်စွမ်းနိုင်သောသူတို့ကို လူအပေါင်းတို့အထဲကရွေးကောက်၍. . . "*

# အကျင့်ပျက်သောသူအစိုးရသောအခါတိုင်းပြည်ပျက်စီး၏ (၁)

အဘိမလက်ပေါ် ထွန်းခြင်းနှင့်ကျဆုံးခြင်းအကြောင်းသည် တရားသူကြီးမှတ်စာထဲတွင်ထူးခြားသော အခန်းကြီးဖြစ်ခဲ့ပါသည်။ ထိုအရာကလူ၏အကျင့်ပျက်ခြင်းနှင့်လူ့အဖွဲ့အစည်း၌ ဆိုးကျိုးဖြစ်စေမှုကို ဖော်ပြခဲ့ပါသည်။ ဘုရားသခင်သည် ထိုသို့သောအကျင့်အပေါ် မည်သို့တရားစီရင်ကြောင်းကိုလည်းကောင်း၊ ထိုသို့သောအကျင့်ပျက်ခြင်းသည် အစိုးရသောအခါမည်သို့သော ဆိုးကျိုးကိုဖြစ်စေသနည်းဟူသောအချက်ကို ဖော်ပြခဲ့ပါသည်။

<u>"ငါသည်သင်တို့၏အရိုးအသားစစ်ဖြစ်ကြောင်းကို မမေ့ကြနှင့်"</u> (သူကြီး ၉း၂)။ အဘိမလက်သည်သူ့ဖခင်ဂိဒေါင်နေရာ၌ အုပ်စိုးခြင်းကိုလိမ္မာပါးနပ်စွာရယူဖို့ရန် ကြိုးစားခဲ့ပါသည်။ ထိုသို့အစိုးရခြင်းငှါ သူအသုံးပြုသောနည်းလမ်းတို့သည် ဇာတိသဘောကိုဆောင်ကြပါ၏။ သူ့ဖခင်ဂိဒေါင်က (မိမိအသက်ရှင်စဉ်) ငြင်းပယ်ခဲ့သောအရာကို သားအဘိမလက်က (ဂိဒေါင်သေပြီးနောက်) ရယူလိုခဲ့ ပါ၏။ အဘိမလက်သည်သူ့ဖခင်ဂိဒေါင်၏ဂုဏ်သတင်းကို အခွင့်ကောင်းယူ၍ ရှေခင်မြို့မှ သူ့အမိ၏ အဆွေအမျိုးတို့ကို အားကိုးပြီးကြိုးစားခဲ့ပါသည်။ ဂိဒေါင်၏သားအပေါင်းတို့သည် သင်တို့ကိုအုပ်စိုး ကောင်းသလောဟူသောသူ၏စကားသည် အခြေအမြစ်မရှိသော၊ မမှန်သော စကားဖြစ်ပါသည် (သူကြီး ၉း၂)။ ထို့ပြင်ဂိဒေါင်သည်အုပ်စိုးခြင်းကို မပြုလိုခဲ့ပါ၊ မိမိ၏ သားတို့ကလည်း ထိုသို့အုပ်စိုးခြင်း မပြုဟုဆိုခဲ့ဖူးပါသည်။ အဘိမလက်သည် ရှေခင်မြို့သားတို့ကိုနှိုးဆော်၍ မတရားမှုဖြင့်သိမ်းသွင်း၍ မိမိနောက်သို့လိုက်စေခဲ့၏။

<u>"ရှေခင်မြို့သားအပေါင်းတို့သည်. . . စည်းဝေး၍အဘိမလက်ကိုရှင်ဘုရင်အရာ၌ခန့်ထားကြ၏"</u> <u>(သူကြီး ၉း၆)</u>။ ခေါင်းဆောင်နေရာကို ရယူဖို့ကြိုးစားသောသူတို့ထံမှ အချက်သုံးချက်ကို ကျွန်တော်တို့လေ့လာရပါ၏။ ထိုသုံးချက်ကိုသူတို့၌ တွေ့ရလျှင်ထိုသူသည်ခေါင်းဆောင်မဖြစ်ထိုက်၊ ပထမအချက်သည် အဘိမလက်က (သူကြီး ၉း၂-၃) တွင်ပြုသကဲ့သို့ မဟုတ်မမှန်သတင်းကိုလွှင့်၍ အမျိုးမျိုးသောသရုပ်ပြခြင်းပင် ဖြစ်ပါသည်။ ဒုတိယအချက်မှာ အဘိမလက်က (သူကြီး ၉း၄)တွင် ပြုသကဲ့သို့ တံစိုးပေး၍ပိုက်ဆံဖြင့်နောက်လိုက်ရှာဖွေခြင်း ဖြစ်ပါသည်။ တတိယအချက်မှာ မိမိကျော်ကြားဖို့သူတပါးကို ဖျက်ဆီးခြင်းပင် ဖြစ်ပါသည်။ စစ်မှန်သောခေါင်းဆောင်သည် သူတပါးကိုနင်းခြေခြင်းဖြင့် ဘယ်တော့မှ မိမိအတွက်နေရာမတည်ဆောက်တတ်ပါ။ အဘိမလက်သည် မိမိ၏တတ်လမ်းကိုဆီးတားသည်ဟု သူထင်မှတ်သောသူ၏ညီအစ်ကို(၇၀)ဦး ကိုသတ်ဖြတ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ခေါင်းဆောင်ရွေးချယ်သောအခါ အခြားအရာကို မကြည့်ဘဲအကျင့်စရိုက်ကို ကြည့်ပါ။

**ဆုတောင်းချက်** - အဘဘုရား၊ အမှားအမှန်၊ အကောင်းအဆိုး ခွဲခြားတတ်ခြင်းငှါ သင်ပေးတော်မူပါ။

တနင်္လာ၊ ဇန်နဝါရီ (၃၀)
**သူကြီး ၉း၇-၂၁**
၄ ရာ ၁၄း၈-၁၄

*"ငါ့လူတို့သည် ကိုယ်ကိုနှိမ့်ချသဖြင့် . . . ငါသည် ကောင်းကင်ဘုံ၌နားထောင်မည်"*

# အကျင့်ပျက်သောသူအစိုးရသောအခါ တိုင်းပြည်ပျက်စီး၏ (၂)

ယောသံ၏ဥပမာစကားသည် ဘုရားကိုကြောက်ရွံ့သော၊ ဉာဏ်ပညာရှိသောခေါင်းဆောင်ရွေးချယ်ခြင်း၏အရေးပါမှုသင်ခန်းစာကို ပေးပါ၏။ ဂိဒေါင်၏သားအပေါင်းတို့ကို အဘိမလက်သတ်ဖြတ်ခြင်း၌ လွတ်မြောက်ခဲ့သောယောသံသည် အဝေးမှဤအရေးပါလှသောပုံဥပမာစကားကို ဖော်ပြခဲ့ ပါသည်။ ဤဥပမာစကားသည် ခေါင်းဆောင်ရွေးချယ်ခြင်းအကြောင်းဖြစ်၏။ ခေါင်းဆောင်ရွေးချယ် ခြင်းကို အပြစ်မတင်ဘဲ၊ အရည်အချင်းမရှိသောခေါင်းဆောင်ရွေးချယ်မှုကို ရှုတ်ချ၏။ အကျင့်ပျက် ခြင်းသည် တိုင်းပြည်ကိုပျက်စီးစေ၍၊ ခေါင်းဆောင်ကောင်း မရွေးချယ်နိုင်လောက်အောင် ဖြစ်စေခဲ့ပါသည်။ အရည်အချင်းမရှိသောသူတို့သည် အဘယ်သို့နည်းဖြင့် ခေါင်းဆောင်နေရာကို ရရှိခဲ့ကြပါ သနည်း။

<u>"သစ်ပင်တို့သည် မိမိတို့ကိုအုပ်စိုးရသောရှင်ဘုရင်ကို ခန့်ထားလျက်ဘိသိက်ပေးခြင်းငါ . . ."(သူကြီး ၉း၈)။</u> ဤဥပမာစကား၌ အရည်အချင်းမရှိသောသူတို့သည် ခေါင်းဆောင်နေရာကို ရရှိကြခြင်းမှာ အရည်အချင်းရှိသောသူများ တွန့်ဆုတ်ကြသောကြောင့်ဖြစ်သည်ဟု ပထမအချက်ဖြင့် ဖော်ပြထားပါသည်။ သစ်ပင်တို့သည် ရှင်ဘုရင်ကိုရှာကြပြီး၊ အရည်အချင်းရှိသောသူတို့သည် ထိုတာဝန်ကိုမယူလိုကြပါ။ ခေါင်းဆောင်နေရာကို ပျင်းရိသောသူတို့အားမပေးသင့်ပါ။ တာဝန်ယူမှုရှိသောသူ၊ သူတပါးအတွက် အကျိုးပြုသောသူ၊ မိမိအကျင့်အားဖြင့် မိမိတန်ဖိုးကိုပြသခဲ့သောသူ၊ ထိုသို့သောပုဂ္ဂိုလ်သည် ခေါင်းနေရာကိုရသင့်ပါ၏။ ထိုသို့သောပုဂ္ဂိုလ်တို့သည် ခေါင်းဆောင်နေရာကို မငြင်းပယ်ဘဲ၊ တာဝန်ထမ်းဆောင်၍ ဘုရားသခင်နှင့်လူ၏အမှုကိုဆောင်ရွက်ရပါမည်။ အရည်အချင်းရှိသောသစ်ပင်တို့၏ငြင်းပယ်မှုသည် ပထမအချက်ဖြစ်၏။ ဒုတိယအချက်မှာ ဥပမာ၌တွေ့ရသည့်အတိုင်း၊ ထိုသို့ရွေးချယ်ခြင်း၌ စံနှုန်းလျော့ချခြင်းပင်ဖြစ်ပါသည်။ ထိုသို့အရည်အချင်းရှိသောသစ်ပင်တို့က ငြင်းပယ်သောကြောင့်၊ ဘာမှပေးစရာမရှိသောဆူးလေပင်ထံ ချဉ်းကပ်ခဲ့ကြ၏။ စံနှုန်းနှင့်ကိုက်ညီသောသူမတွေ့နိုင်သောအခါ၊ စံနှုန်းလျော့ချခြင်းဖြစ်လာ၏။ စံနှုန်းကိုထိန်းသိမ်းရပါမည်။ မလျော့ချသင့်ပါ။ သင့်တော်သောပုဂ္ဂိုလ်မရှိသေးလျှင်၊ ဆက်လက်စောင့်ဆိုင်း၍ ရှာဖွေရပါမည်။ စံနှုန်းနှင့်အညီ ကြိုးစား၍ သင်ယူလေ့လာရပါမည်။ ဆူးလေပင်သည် အရိပ်အာဝါသမပေးနိုင်ဘဲနှင့် မိမိအရိပ်၌ ခိုကြဟုဆိုခဲ့ပါသည်။ ဥပမာ၌တွေ့ရသောတတိယအချက်သည် ခေါင်းဆောင်ရွေးချယ်ခြင်းအမှုကို အလေးမထား၊ ဂရုမစိုက်ခြင်းပင်ဖြစ်ပါသည်။ "သစ်ပင်အပေါင်း" (သူကြီး ၉း၁၄) တွင် ထိုအရည်အချင်းရှိသောသစ်ပင်များလည်း ပါဝင်ပါလိမ့်မည်။ သူတို့သည် ခေါင်းဆောင်တာဝန် ကို မယူလိုကြ၊ အရည်အချင်းမရှိသောခေါင်းဆောင်ကိုလည်း လက်ခံကြ၏။ ကျွန်တော်တို့သည် အားလုံးခေါင်းဆောင်မဖြစ်နိုင်ပါ၊ သို့သော်လည်း၊ ခေါင်းဆောင်ရွေးချယ်ခြင်း၌ ကျွန်တော်တို့သတိထားကြရပါမည်။ အရည်အချင်းမရှိသောသူမဟုတ်ဘဲ၊ ရှိသောသူကို မဲပေးရပါမည်။

**ဆင်ခြင်ရန်** - အရည်အချင်းမရှိသောသူ အစိုးရသောအခါ အဖွဲ့အစည်းပျက်စီးတတ်၏။
**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်တော်တို့မဲပေးသောအချိန်၌ ဉာဏ်ပညာပေးသနားတော်မူပါ။

*"ဖြောင့်မတ်ခြင်းတရားသည် ပြည်သားတို့ကို ချီးမြှောက်တတ်၏။
ဒုစရိုက်အပြစ်မူကား၊ ပြည်သားများတို့ကို ရှုတ်ချတတ်၏"*

# အကျင့်ပျက်သောသူအစိုးရသောအခါတိုင်းပြည်ပျက်စီး၏ (၃)

ယောသံ၏ဥပမာစကားသည် ပရောဖက်စကားဖြစ်၍ အဇရှလုံခေတ်၌ ပြည့်စုံခဲ့ပါသည်။ ထားကိုစွဲကိုင်အသက်ရှင်သောသူသည် ထားဖြင့်သေရလိမ့်မည် (မသဲ ၂၆း၅)။ အဘိမလက်အသက်တာအားဖြင့် မိမိပြုသောအရာ၊ စိုက်သောအရာကိုရိတ်ရသကဲ့သို့ သစ္စာဖောက်ခြင်းက သစ္စာဖောက်ခြင်းကို မွေးထုတ်ကြောင်းတွေ့ရပါ၏။

<u>"အဘိမလက်သည် ကာလရေလကိုအုပ်စိုး၍သုံးနှစ်စေ့သောအခါ" (သူကြီး ၉း၂၂)</u>။ အဘိမလက်သည် ရှေခင်မြို့သားတို့၏ထောက်ခံမှုဖြင့် အာဏာရလာ၍၊ သူသည် လူဆိုးလူမိုက်၊ အကျင့်ပျက်သောသူတို့ကို စုရုံး၍မိမိနောက်လိုက်ဖြစ်စေခဲ့ပါသည်။ ထိုလူတို့ကပင် သူ့အပေါ်၌သစ္စာဖောက်ခဲ့ကြ၏ (သူကြီး ၉း၂၃)။ အဘယ်အမှု၌မဆို မှုသားနှင့်ကိုယ်ကျိုးရှာခြင်းပေါင်းကြသောအခါ ညီညွတ်ခြင်းမရှိနိုင်ပါ။ အဘိမလက်သစ္စာဖောက်ခံရခြင်းအမှုသည် သူကိုယ်တိုင်က မိမိ မိသားစုကို သစ္စာဖောက်သောကြောင့် ခံသင့်ခံထိုက်သော၊ ဘုရားသခင်၏တုန့်ပြန်မှုပင်ဖြစ်ပါသည်။ ရှေခင်မြို့သားတို့သည် ဥစ္စာကိုလုယူခြင်းငှါ ကြံစည်ကြပြီး (သူကြီး ၉း၂၅)၊ အဘိမလက်ကို ဂါလကဆန့်ကျင်ပုန်ကန်ခဲ့ပါသည် (သူကြီး ၉း၂၆)။

<u>"ရှေခင်အဘတာမော်လူတို့၏အမှုကိုထမ်းကြလော့။ အဘိမလက်အမှုကို အဘယ်ကြောင့်ထမ်းရမည်နည်း" (သူကြီး ၉း၂၈)</u>။ ရှေခင်မြို့သားတို့အား အဘိမလက်ဆွဲဆောင်သိမ်းသွင်းခြင်း၌ အသုံးပြုသောမက်လုံးနှင့်သူ့ကိုဆန့်ကျင်ခြင်းငှါ ရှေခင်မြို့သားတို့ တပ်မက်သောအရာသည် အတူတူပင်ဖြစ်ပါသည်။ တစ်ခုခုပေး၍သိမ်းသွင်းခြင်းသည်၊ တစ်ခုခုကြောင့်ပြန်လည်ဆုံးရှုံးရလိမ့်မည်။ အဘိမလက်သည် မိမိကိုယ်ကိုသူတို့၏အသွေးအသားဟု ခေါ်ခဲ့၏။ ဂါလက ရှေခင်မြို့သားတို့အား အဘိမလက်ထံ သစ္စာရှိမရှိကို စိန်ခေါ်မေးခွန်းထုတ်ခဲ့ပါသည်။ တရားသောနည်းဖြင့် သင့်ကိုထောက်ခံလာသော သူတို့အားသစ္စာရှိလိမ့်မည်ဟု မမှတ်ပါနှင့်။ ကိုယ်ကျိုးအတွက် သင့်ကိုထောက်ခံသောသူသည် အခွင့်ကြုံသောအခါ သင့်ကိုသစ္စာဖောက်ကြပါလိမ့်မည်။ နောက်ဆုံးတွင်၊ အဘိမလက်နှင့်ဂါလတို့သည် အသေသတ်ခြင်းခံရ၍၊ ယောသံ၏ကျိန်ခြင်းသည် ရှေခင်မြို့သားတို့အပေါ်သို့ ကျရောက်ခဲ့ပါသည်။ အဘယ်သူမျှ သစ္စာဖောက်ခြင်းဖြင့် ကြီးပွားချမ်းသာသောသူမရှိပါ။ သစ္စာမရှိခြင်းကြောင့် သူတို့အားလုံးပျက်စီးခဲ့ကြ၏။

**ဆင်ခြင်ရန်** - အကျင့်ပျက်ခြင်းနှင့်သစ္စာမရှိခြင်းကတိုင်းပြည်ကို ကျဆင်းစေ၍ အရှက်ရစေပါသည်။

**ဆုတောင်းချက်** - အဘဘုရား၊ မကောင်းမှုမှ ကျွန်ုပ်တို့ကို ကယ်နှုတ်လျက်၊ ဖြောင့်မတ်ခြင်းတရားသို့ လျှောက်လှမ်းစေပြီး၊ တိုင်းပြည်၌ငြိမ်သက်ခြင်းရှိစေတော်မူပါ။

*“သင်တို့သည် ပြောင်းလဲ၍ငြိမ်ဝပ်စွာနေလျှင်၊
ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်”*

# တောလနှင့်ယာဣရ

အဘိမလက်ကွယ်လွန်ပြီးနောက်၊ တရားသူကြီးနှစ်ဦးဖြစ်သော တောလနှင့်ယာဣရ အကြောင်းကို တွေ့ရပါသည်။ သူတို့နှစ်ဦးပြုသောအမှုနှင့်အဖြစ်အပျက်များကို မဖော်ပြထားပါ။ ဂိဒေါင်အကြောင်းကို အသေးစိတ်ဖော်ပြထားခဲ့ပြီး၊ သင်ခန်းစာလည်း ကျွန်တော်တို့လေ့လာခဲ့ရပါ၏။ ဂိဒေါင်ပြီးနောက်၊ အဘိမလက်ခေတ်၌တွေ့ရသောအကျင့်ပျက်ခြင်းပုံရိပ်သည်လည်း ထင်ရှားခဲ့ပါသည်။ ထို့နောက် တောလနှင့်ယာဣရ၏အကြောင်းတွေ့ရပြီး၊ သူတို့အကြောင်းကို အပိုဒ်ငယ် ၅ ပိုဒ်ဖြင့် တိုတိုတုတ်တုတ်ဖော်ပြခဲ့ပါသည်။ ထိုအပိုဒ်ငယ် ၅ ပိုဒ်သည် နှစ်ပေါင်း ၄၅ နှစ်ကို အတိုချုပ်ထားပါသည်။ လူတို့က မုန်တိုင်းမတိုင်မှီငြိမ်သက်ခြင်းဟု ဆိုကြသော်လည်း၊ တောလနှင့်ယာဣရ၌ တွေ့ရသောအရာကား မုန်တိုင်းအလွန်တိတ်ဆိတ်ငြိမ်သက်ခြင်းပင်ဖြစ်ပါသည်။

<u>“ဣသခါအမျိုးဒေါဒေါ၏သား၊ ဖုဝါ၏သားတောလသည် ဧဖရိမ်တောင်ပေါ်၊ ရှမိရမြို့မှာ နေလေ၏” (သူကြီး ၁၀း၁)</u>။ မတရားသောနည်းဖြင့် အာဏာရခဲ့သောအဘိမလက်နောက်တွင်၊ ဧဖရိမ်တောင်၌နေသော ဣသခါအမျိုးတောလသည် ဣသရေလကိုအုပ်စိုးခဲ့ပါသည်။

အာဏာကိုအလွဲသုံးစားလုပ်ခြင်းနှင့်ကိုယ်ကျိုးရှာခြင်းက ပြည်တွင်းစစ်ကိုဖြစ်စေခဲ့ပါသည်။ ထိုအချိန်၌ တောလသည်ပေါ်ထွန်းခဲ့ပါသည်။ တောလက မိမိအုပ်စိုးသောနှစ်ပေါင်း ၂၃ နှစ်အတွင်း ဘယ်အမှုပြုသည်ကိုဂုင်း၊ မည်သို့အုပ်ချုပ်သည်ကိုဂုင်း ကျွန်တော်တို့မသိရပါ။ မိမိတို့“အသွေးအသား”မျိုးရိုးထဲမှ မစခြင်းရှာနေကြသောအချိန်၌၊ ဘုရားသခင်သည် မစခြင်းနှင့်ငြိမ်သက်ခြင်းကို ပေးတော်မူ၏။ အဘိမလက်ကွယ်လွန်ပြီးနောက် လူတို့၏စိတ်ထဲ၌မည်သို့ရှိသည်ကို မသိသော်လည်း၊ တရားသူကြီးနှစ်ဦးတို့သည် ဣသရေလကိုကယ်တင်ခဲ့ကြောင်းတွေ့ရပါ၏။ မည်သို့ကယ်တင်ခဲ့သည်ကိုမူ မဖော်ပြခဲ့ပါ။ တွေ့ရသည်မှာ သူတို့အုပ်ချုပ်စဉ် ငြိမ်သက်ခြင်းရှိ၏။

<u>“ထိုသူလက်ထက်နောက်မှ၊ ဂိလဒ်ပြည်သားယာဣရသည် ပေါ်ထွန်း၍ ဣသရေလအမျိုးကိုအနှစ်နှစ်ဆယ်နှစ်နှစ်ပတ်လုံးအုပ်စိုး၏” (သူကြီး ၁၀း၃)</u>။ ဂိလဒ်ပြည်သားယာဣရသည် ပထမဆုံးသော ယောဒန်မြစ်တဖက်မ်းမှ တရားသူကြီးဖြစ်ပါသည်။ ဤအချက်က အဘိမလက်လက်ထက်ပြီးနောက် ငြိမ်သက်ခြင်းကျယ်ပြန့်ခဲ့ကြောင်း ထင်ရှားစေခဲ့ပါသည်။ ဂိဒေါင်ကဲ့သို့ ယာဣရသည် သားများစွာမွေး၍ သားအယောက် ၃၀ ရှိ၏။ တောလနှင့်ယာဣရတို့သည် ရှေ့ကတရားသူကြီးများကဲ့သို့ဖြစ်၍၊ ဘုရားသခင်၏ကျေးဇူးတော်ကို ခံစားခဲ့ကြရပါသည်။

**ဆင်ခြင်ရန်** - ငြိမ်ဝပ်သောအချိန်၌ပင် ဘုရားသခင်ကျေးဇူးတော်သည် ကျွန်ုပ်တို့၏ခွန်အားဖြစ်ပါသည်။

**ဆုတောင်းချက်** - အဘဘုရား၊ ခန့်ထားတော်မူသောခေါင်းဆောင်တို့အားဖြင့် ငြိမ်သက်ခြင်းနှင့် ငြိမ်းချမ်းခြင်းပေးသနားတော်မူပါ။

ကြာသပတေး၊ ဖေဖော်ဝါရီ (၂)
**သူကြီး ၁၀း၆-၁၈**
၃ ရာ ၉း၁-၉

*"သင်တို့သည် ငါ့နောက်သို့မလိုက်၊
လမ်းလွဲလျက်. . . နေလျှင်"*

# ယေဖသ (၁)

တောလနှင့်ယာဣရလက်ထက်၊ ငြိမ်းချမ်းရေးကာလပြီးဆုံးပြီးနောက်၊ ဣသရေလလူတို့သည် ရုပ်တုဆင်းတုကိုးကွယ်ခြင်းကို ပြန်ပြုကြ၏။ ထိုရုပ်တုဆင်းတုကိုးကွယ်ခြင်းအပြစ်သည် ပျံ့နှံ့ခဲ့ပါသည်။ တရားသူကြီးရှိစဉ်ကာလတွင် သူတို့သည်သစ္စာရှိခဲ့ကြပြီး၊ သိုးထိန်းမရှိသောအခါ လမ်းပျောက်ခဲ့ကြပြီး မိမိအလိုအတိုင်းနေထိုင်ကျင့်ကြံပြုမူခဲ့ကြ၏။ အမျိုးသောရုပ်တုဆင်းတုကို ကိုးကွယ်ကြခြင်းက သူတို့၏ပျက်စီးယိုယွင်းမှုနှင့်တိုင်းတပါး၏ဘာသာတရား၏ဆွဲဆောင်မှုအားကြီးခြင်းကို ပေါ်လွင်စေပါသည်။

<u>"တဖန် ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားရှေ့တော်၌ဒုစရိုက်ကိုပြု၍. . ." (သူကြီး ၁၀း၆)</u>။ ဣသရေလ၏လမ်းလွဲမှုကိုဖော်ပြထားသောအခြားဘုရားများက ထင်ရှားစွာဖော်ပြလျက်ရှိ၏။ တိုင်းတပါးတို့၏ရုပ်တုဆင်းတုက သူတို့ကိုအလွန်လွှမ်းထားကြောင်းလည်း တွေ့ရပါသည်။ အရင်နှိပ်စက်ခံရခြင်းနှင့် ဘုရားသခင်ကယ်နှုတ်တော်မူခြင်းသမိုင်းကိုမေ့၍ ခွေးသည်မိမိအန်ဖက်ကို ပြန်စားသကဲ့သို့ဖြစ်ကြ၏ (သုတ္တံ ၂၆း၁၁)။ ဣသရေလသည် မိမိ၏ဒုက္ခအခက်အခဲအရင်းအမြစ်ဖြစ်သောရုပ်တုကိုးကွယ်ခြင်းကိုပြုပြန်၏။ ထို့ပြင် အသစ်သောရုပ်တုကိုလည်း ဖန်တီးခဲ့ကြ၏။ စစ်မှန်သောအသက်ရှင်သောဘုရားသခင်ကိုစွန့်၍ အခြားဘုရားများကို ကိုးကွယ်ကြ၏။ လူသားပျက်စီးယိုယွင်းမှုကိုပေါ်လွင်စေပါ၏။ သမ္မာတရားကိုငြင်းပယ်၍ မုသားကိုယုံကြည်ခဲ့ပါသည်။ ဘုရားသခင်၏ သမ္မာတရားကိုငြင်းပယ်လျက်၊ မှားယွင်းသောဩဝါဒမှန်သမျှနှင့် ဇာတိ တပ်မက်ခြင်းသဘောနောက် သို့ လိုက်ခဲ့ကြ၏။

<u>"ထာဝရဘုရားသည် ဣသရေလအမျိုးကိုအမျက်ထွက်၍. . ." (သူကြီး ၁၀း၇)</u>။ လမ်းလွဲခြင်း၏ဆိုးကျိုးနှင့်ပြစ်ဒဏ်ကိုလည်း ဖော်ပြခဲ့ပါသည်။ ဘုရားသခင်၏အမျက်တော်ကျရောက်၍ ညှင်းပန်းနှိပ်စက်ခြင်းကိုခံရကြ၏ (သူကြီး ၁၀း၁၁-၁၄)။ သူတို့သည် မစခြင်းအတွက် ဘုရားသခင်ကို မချဉ်းကပ်နိုင်တော့ပါ။ ရုပ်တုဆင်းတုထံ မစခြင်းရှာကြရပါတော့မည်။ သို့သော်လည်း အပြစ်ပေါများသောအရပ်၌ ဘုရားသခင်၏ကျေးဇူးတော်သည် ကြီးမားလျက်ရှိ၍ (ရောမ ၅း၂၀)၊ မိမိ၏ကျေးဇူးတော်ကို ဘုရားသခင်ကျရောက်စေတော်မူလိမ့်မည်။

**ဆင်ခြင်ရန်** - နာခံခြင်းသည် သစ္စာရှိခြင်းဖြစ်၏။ ဘုရားသခင်ကိုနာခံမည်လော၊ အပြစ်ကို နာခံမည်လော။

**ဆုတောင်းချက်** - အို အဘဘုရား၊ မိမိဇာတိသဘော၏အလိုကိုမလိုက်ဘဲ၊ ကိုယ်တော်၏ အမျက်တော်ကိုမထွက်စေခြင်းငှါ သတိရှိမည်အကြောင်း သနားတော်မူပါ။

# ယေဖသ (၂)

တရားသူကြီးအခန်းကြီး ၁၁ ထဲတွင် ယေဖသအကြောင်းကိုတွေ့ရပါသည်။ သူ့အကြောင်းအစ၌ပင် သူသည်ငြင်းပယ်ခြင်းခံရခဲ့၏။ သူသည် အဘိမလက်ထက်ပို၍ဆိုးပါ၏။ သူ့မိခင်သည် အဘိမလက်မိခင်ကဲ့သို့ မယားငယ်မဟုတ်ပါ။ သို့သော်လည်း ပြည့်တန်ဆာဖြစ်ပါသည်။ ထို့ကြောင့် ဖခင်အိမ်၌မနေရဘဲ၊ သူ့ဖခင်သားတို့က သူ့ကိုမောင်းထုတ်ခဲ့ကြ၏။ သို့သော်လည်း ဘုရားသခင်က မိမိလူတို့ကိုကယ်နှုတ်ခြင်းငှါ သူ့ကိုရွေးချယ်ခဲ့ပါသည်။ ထို့ပြင် ဟေဗြဲ ၁၁း၃၂ ထဲတွင် သူ့ယုံကြည်ခြင်းအကြောင်းကို ဖော်ပြခံရခဲ့၏။

<u>"ထိုအခါ ယေဖသသည် ညီတို့ဆီမှထွက်သွား၍" (သူကြီး ၁၁း၃)</u>။ ယေဖသသည် ငြင်းပယ်မောင်းထုတ်ခြင်းခံရ၍ ထွက်သွားခဲ့သော်လည်း ပြန်လာရသောအခွင့်ကြုံရမည်ဖြစ်ပါသည်။ သူသည် မိမိနှင့်ဘဝတူသော၊ လူတို့ငြင်းပယ်ခြင်းခံရသောသူများ၏ ခေါင်းဆောင်ဖြစ်လာခဲ့ပြီး၊ သူ့ကိုငြင်းပယ်သောသူတို့၏အကျိုးကို သယ်ပိုးမည့်သူဖြစ်လာခဲ့ပါသည်။ အမွေမခံရခြင်းငှါ ငြင်းပယ်ခြင်းခံရသောသူသည် အမ္မုန်လူတို့၏သိမ်းပိုက်ခြင်းမှ ထိုအမွေကိုလုံခြုံစွာ ကာကွယ်ပေးသောသူဖြစ်လာခဲ့ပါသည်။

<u>"ဂိလဒ်ပြည်သားအသက်ကြီးသူတို့အား ပြောဆို၏" (သူကြီး ၁၁း၇)</u>။ မိမိ၏အကူအညီကို တောင်းလျှောက်ကြသောအသက်ကြီးသူတို့နှင့်တွေ့ရသောအခါ ယေဖသသည် သူညီအစ်ကိုတို့၏ ငြင်းပယ်မောင်းထုတ်ခြင်း၌ သူတို့ကိုပြစ်တင်ခဲ့ပါသည်။ သို့သော်လည်း သူတို့အခက်အခဲကြုံရသောကြောင့် သူတို့တောင်းလျှောက်မှုကို သဘောတူခဲ့ပါသည်။ ဤသို့ဖြင့် သူ့ကိုမောင်းထုတ်ခဲ့သောအသိုင်းအဝန်းသို့ပြန်လာပြီး၊ အမ္မုန်လူတို့၏ညှင်းပန်းနှိပ်စက်ခြင်းမှ လွတ်မြောက်ခြင်းငှါ ရှေ့မှဦးဆောင်ခဲ့ပါသည်။ ထိုသို့ခေါင်းဆောင်နေရာအတွက် ဖိတ်ခေါ်ကြသောအမှု၌ ယေဖသသည် ထာဝရဘုရား၏နာမတော်ကိုဖော်ပြခဲ့ပါသည်။ ယေဖသသည် တောဘပြည်၌နေစဉ်ကြုံတွေ့ရသောအတွေ့အကြုံနှင့် မိမိသတ္တိကိုအားမကိုးဘဲ၊ ရန်သူအပေါ် အောင်မြင်မှုကိုပေးတော်မူသောထာဝရဘုရားကိုသာကိုးစားခဲ့ပါသည်။ ထိုသို့ အသက်ကြီးသောသူတို့နှင့် တွေ့ဆုံစကားပြောခြင်း၌ ယေဖသသည် မာနထောင်လွှားခြင်းမရှိဘဲ၊ မိမိ၌ရှိသည့်ထူးခြားသောစိတ်သဘောကို ပေါ်လွင်စေ၍ သူတို့၏တောင်းလျှောက်မှုကိုလက်ခံခဲ့ပါသည်။ ထို့ပြင်၊ အဘိမလက်ကဲ့သို့မဟုတ်ဘဲ၊ ယေဖသသည် မိမိ၏တာဝန်ကို ဘုရားသခင်ရှေ့တော်၌ မိဇပါမြို့၌ခံယူခဲ့ပါသည် (သူကြီး ၁၁း၈-၁၁)။

**ဆင်ခြင်ရန်** - လူ့ဥပဒေသက ဘုရားသခင်၏ရွေးချယ်မှုကိုအစိုးမရပါ။
**ဆုတောင်းချက်** - အို အဘဘုရား၊ အကျွန်ုပ်၏အနာဂတ်နှင့် ဆုံးဖြတ်ချက်အမှု၌ ကိုယ်တော်ကိုသာ ကိုးစားမည်အကြောင်း မစတော်မူပါ။

စနေ၊ ဖေဖော်ဝါရီ (၄)
**သူကြီး ၁၁း၁၂-၁၈**
တရား ၂ဝး၂ဝး၁ဝ-၁၅

*"သင်တို့သည် တတ်နိုင်သမျှအတိုင်း လူအပေါင်းနှင့်အသင့်အတင့်နေကြလော့"*

# ယေဖသ (၃)

ယေဖသ၏ပထမလုပ်ဆောင်ချက်သည် သံတမန်နည်းဖြစ်ပါသည်။ အမ္မုန်ဘုရင်ထံ သံတမန်များကိုစေလွှတ်ခဲ့ပါသည်။ စစ်တိုက်ခြင်းဖြင့် အစမပြုခဲ့ပါ။ မောရှေထံ ဘုရားသခင်ညွှန်ကြား ခဲ့သည်အတိုင်း၊ ယေဖသသည် ငြိမ်းချမ်းစွာအရင်ဆွေးနွေးခဲ့ပါသည်။ ဘုရားသခင်၏လူတို့သည် မတရားသောစစ်ကိုမတိုက်ရပါ။ ငြိမ်းချမ်းစွာနေသောအိမ်နီးချင်းနိုင်ငံနှင့်လည်း စစ်မဖြစ်ရပါ။ မုန်းတီး ခြင်းနှင့်ကိုယ်ကျိုးအတွက် စစ်မတိုက်ရပါ။ အာဏာလိုချင်သောကြောင့်လည်း စစ်မတိုက်ရပါ။ ထိုသို့ အမ္မုန်ဘုရင်ထံစကားပါးလိုက်ခြင်းဖြင့်၊ ယေဖသသည် အပြစ်မပြုတော့ဘဲ မှားသောသူသည် အမ္မုန် လူတို့ဖြစ်သောကြောင့်၊ စစ်တိုက်သောအခါ ဘုရားသခင်သည် ယေဖသဘက်၌ရပ်တည်တိုက်ပေး လိမ့်မည် (သူကြီး ၁၁း၂၇)။

<u>"တဖန်ယေဖသသည် သံတမန်ကိုအမ္မုန်ရှင်ဘုရင်ထံစေလွှတ်၍" (သူကြီး ၁၁း၁၄)</u>။ အမောရိနှင့်မောဘလူတို့ပိုင်ဆိုင်ခဲ့ဖူးသောမြေ၊ မိမိမြေကို ဣသရေလသည်ကာကွယ်ရမည်ဖြစ် ကြောင်း ယေဖသသည် သမိုင်းကြောင်းဖော်ပြ၍ ပြောပြခဲ့ပါသည်။ ယေဖသသည် ပညတ္တိကျမ်းထဲမှ ဣသရေလသမိုင်းကြောင်းကို ကောင်းကောင်းသိခဲ့ပါသည်။ အမောရိရှင်ဘုရင်ရှိဟုန်ကို အနိုင်ယူ ခြင်းအကြောင်းသည် တောလည်ရာကျမ်း ၂၁ ထဲတွင် တွေ့ရပြီး၊ အငယ် ၂၄ တွင် အမ္မုန်နယ်နမိတ် ကိုသေချာဖော်ပြထားပါသည်။ ထို့ပြင် ဗာလမ်နှင့်ဗာလက်အကြောင်းကိုလည်း တောလည်ရာကျမ်း ၂၂ မှ ၂၄ ထဲတွင်ဖော်ပြထားပါသည်။ နောက်ဆုံးတွင် ယေဖသက အမ္မုန်ရှင်ဘုရင်အား မောဘလူတို့ သည် ငြိမ်ဝပ်စွာနေစဉ် (သူကြီး ၁၁း၂၅) အဘယ့်ကြောင့် သူသည်ဤသို့ရန်ရှာသနည်းဟု ပြန်၍တုန့် ပြန်ခဲ့ပါသည်။

<u>"သင်၏ဘုရားခေမုရှအပိုင်ပေးသောမြေကို သင်သိမ်းယူရမည်မဟုတ်လော" (သူကြီး ၁၁း၂၄)</u>။ ယေဖသပြောကြားခဲ့သောစကား၌ ဝိညာဉ်သဘောတရားပါဝင်ပါ၏။ ဣသရေလသမိုင်း ကြောင်း ယေဖသပြောကြားခြင်း၌ ဂတိတော်ကိုပိုင်ဆိုင်ခြင်း၌ ဣသရေလသွားရောက်စဉ် ယခုမြေကို လည်း မိမိတို့သိမ်းပိုက်ဖို့ မကြိုးစားခဲ့ကြောင်း၊ ထိုပြည်မှဖြတ်လျှောက်ရန်သာ ကြိုးစားခဲ့ကြောင်း ဖော်ပြခဲ့ပါသည် (တရား ၂း၉၊ ၂၉)။ ဣသရေလအပိုင်မဟုတ်ဟု ငြင်းပယ်မည်ဆိုလျှင်၊ အမ္မုန်အမျိုး သားတို့စစ်တိုက်ပိုင်ဆိုင်သောမြေကိုလည်း အမ္မုန်တို့မပိုင်ဟု ဆိုရပါမည်။ ထိုသို့ဆက်၍ အငြင်းပွား မည်ဆိုလျှင် ဘုရားသခင်သည် တရားစီရင်တော်မူပါစေဟုဆိုခဲ့ပါသည် (သူကြီး ၁၁း၂၇)။

**ဆင်ခြင်ရန်** - ငြင်းခုံတိုက်ခိုက်ခြင်းသည် ယုံကြည်သူတို့ပထမဆုံးပြုရမည့်အမှုမဟုတ်ပါ။
**ဆုတောင်းချက်** - အဘဘုရား၊ ခက်ခဲသောကာလ၌ ငြိမ်သက်ခြင်းကိုရှာတတ်မည်အကြောင်း ကျွန်ုပ်တို့အား ဉာဏ်ပညာပေးသနားတော်မူပါ။

*"အမှုရောက်သည်ကာလ၌ ငါ့ကိုပဌနာပြုလော့။
ငါသည်ကယ်လွှတ်မည်"*

# ယေဖသ (၄)

ယေဖသသည် အမ္မုန်လူတို့နှင့်စစ်တိုက်ခြင်းမှအပ အခြားနည်းလမ်းမရှိတော့သောကြောင့်၊ ဘုရားသခင်၏ဝိညာဉ်တော်နိုးဆော်မှုအားဖြင့် စစ်တိုက်ခြင်းငှါသွားခဲ့ပါသည်။ အမ္မုန်လူတို့ကို တိုက်ခိုက်ခဲ့ပါသည်။ သူသည် ဣသရေလခေါင်းဆောင်အဖြစ် လက်ခံခဲ့ကြပြီး၊ ဘုရားသခင်ရှေ့တော်၌ အသက်ကြီးသူတို့နှင့်ပြည်သူတို့ထံ စကားပြောခဲ့ပြီး၊ အမ္မုန်ရှင်ဘုရင်ထံလည်း စကားပြောကြားခဲ့ပါသည်။ ယခုအခါ ထာဝရဘုရား၏ဝိညာဉ်တော်နိုးတော်မူနှင့်လမ်းပြမှုဖြင့် လှုပ်ရှားခဲ့ပါသည်။ ထိုအချိန်ကာလအတွက် သူသည်ဘုရားသခင်၏လူဖြစ်ခဲ့ပါသည်။

<u>"ယေဖသသည်ထာဝရဘုရားအား သစ္စာဂတိထားလျက်. . ." (သူကြီး ၁၁း၃၀)</u>။ အမ္မုန်အမျိုးသားတို့ကို တိုက်ခိုက်ခြင်းငှါ ဦးဆောင်မှုပြုရန် အသက်ကြီးသူတို့က ယေဖသအားဖိတ်ခေါ်သောအချိန်၌၊ ယေဖသက ထာဝရဘုရားသည်အောင်မြင်မှုကို ပေးပိုင်ကြောင်းဆိုခဲ့ပါသည် (သူကြီး ၁၁း၉)။ အောင်မြင်မှုကိုမျှော်လင့်၍ ယေဖသသည်ဂတိသစ္စာစကားဆိုခဲ့ပါသည်။ ဂတိသစ္စာပြုခြင်းသည် ဘုရားသခင်ထံဆက်ကပ်မှုတမျိုးဖြစ်၍ မှားသောအမှုမဟုတ်ပါ (ထွက် ၂၈း၂၀၊ တော ၆း၂၊ ၃၀း၂)။ တရား ၂၃း၂၁-၂၃ ထဲတွင်၊ ဂတိသစ္စာပြုခြင်းနှင့်ဆိုင်သောညွှန်ကြားချက်များကို တွေ့ရပါသည်။ ဂတိသစ္စာစကားကို ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အညီ ပြုရမည်ဖြစ်ပြီး၊ ထိုဂတိစကားအတိုင်း အမှန်ပြုရမည်ဖြစ်ပါသည်။ မိမိသဘောအရ ဂတိသစ္စာစကားပြုနိုင်သော်လည်း ထိုဂတိစကားသည်အတည်ဖြစ်၍ အမှန်တကယ်ပြုကိုပြုရမည်အကြောင်း သတိပေးခဲ့ပါသည် (ဆာလံ ၆၁း၈၊ ၁၁၆း၁၄)။

ထို့ကြောင့် ဂတိသစ္စာစကားကို လျင်မြန်စွာမပြုသင့်ပေ၊ စိတ်ခံစားချက်အတိုင်းလည်း မပြုသင့်ပါ။ ဥပမာတခုကား၊ ယောရှုနှင့်ဂိဗောင်လူတို့အကြောင်းပင်ဖြစ်ပါသည်။ ၂ ရာ ၂၁ ထဲတွင် ရှောလုကထိုဂတိသစ္စာစကားကို ချိုးဖောက်ခဲ့သောကြောင့် ဣသရေလလူတို့၌တာဝန်ရှိခဲ့ပါ၏။ ဂတိသစ္စာစကားအတိုင်း အမှန်ပြုရမည်ဖြစ်၍ သစ္စာရှိဖို့လိုသောကြောင့်၊ ဂတိသစ္စာပြုသောအခါ သေချာစဉ်းစား၍ဘုရားသခင်ဘုန်းတော်အဖို့သာ ပြုရပါမည်။ ယနေ့ခေတ်၌ ထိမ်းမြားခြင်းဂတိသစ္စာနှင့် အမှုတော်ဆောင်ခြင်းငှါ ဂတိသစ္စာပြုခြင်းတို့ကို အလေးမထားဘဲနေကြ၏။ ထို့ကြောင့် ပြုသောဂတိသစ္စာကို အမှန်ပြုရမည်ဖြစ်သောကြောင့်၊ ဆင်ခြင်တုံတရားရှိလျက် ပြုရမည်သာမက၊ ထိုဂတိစကားအတိုင်း မပြုခြင်း၌ ဘုရားသခင်ဝမ်းမြောက်တော်မမူ။

**ဆင်ခြင်ရန်** - အခက်အခဲဒုက္ခကြုံတွေ့သောအချိန်၌ ဘုရားသခင်ကိုချဉ်းကပ်သောအခါ ကျွန်တော်တို့သည် သတိထားရပါမည်။
**ဆုတောင်းချက်** - (ယောန ၂း၉ ကိုအသုံးပြုပါ)။

# ယေဖသ (၅)

ယေဖသသည် အမ္မုန်အမျိုးသားတို့အပေါ်၌ အောင်မြင်မှုရခဲ့ပြီး၊ အသေးစိတ်အကြောင်းအရာကိုမူ မဖော်ပြခဲ့ပါ။ ယေဖသသည် အောင်မြင်ခြင်းနှင့်မိဇပါမြို့သို့ ရောက်လာခဲ့ပြီး၊ ပြည်သူပြည်သားတို့သည် ဝမ်းမြောက်ပျော်ရွှင်မည်အကြောင်း၊ ကြိုသရေလအသက်ကြီးသူတို့သည် မိမိတို့စကားအတိုင်းပြု၍၊ မိမိသည်လည်း ဘုရားသခင်ထံပြုသော ဂတိသစ္စာစကားအတိုင်းပြုခြင်းငှါ မျှော်လင့်ခဲ့ပါသည်။

<u>"ယေဖသသည် မိဇပါမြို့မိမိအိမ်သို့ ရောက်သောအခါ"(သူကြီး ၁၁း၃၄)</u>။ အံ့သြဝမ်းနည်းစရာကောင်းလှစွာဖြင့် သူ့သမီးကသူ့ကိုခရီးဦးကြိုပြုခဲ့ပါသည်။ သူ၏တဦးတည်းသောသမီးသည် ဂတိသစ္စာစကားကြောင့် ထာဝရဘုရားအပိုင်ဖြစ်၍ ယေဖသသည်ငိုကြွေးခဲ့ပါသည်။ စိတ်အားထက်သန်စွာ ဂတိသစ္စာပြုခဲ့သော်လည်း၊ ဝမ်းနည်းစရာဖြစ်လာခဲ့ပါသည်။ ဂတိသစ္စာစကားကို ပြုသောအချိန်ကကဲ့သို့ ဝမ်းမြောက်စွာပြုရမည်ဖြစ်၏။ ဝမ်းနည်းစွာမပြုသင့်ပါ။ ထိုသို့ဝမ်းနည်းရခြင်းအကြောင်းကသူသည် ဂတိသစ္စာစကားကို မဆင်ခြင်ဘဲလျင်မြန်စွာပြုခဲ့ကြောင်း ပေါ်လွင်စေပါသည်။ တရားသူကြီးခေတ်ကာလ၌ ဟန္နသည်ဂတိသစ္စာပြု၍ ဝမ်းမြောက်စွာသီချင်းဆိုလျက် ထိုဂတိသစ္စာစကားကိုစုံလင်စွာလိုက်လျှောက်ခဲ့ပါသည်။ ထို့ကြောင့် ဘုရားသခင်ထံဆက်ကပ်ပေးလှူသောသူသည် ဆုံးရှုံးခြင်းဟုမမှတ်ဘဲ ပျော်ရွှင်ခြင်းရှိရပါမည်။ အသက်ရှင်သောပူဇော်သက္ကာအဖြစ် မိမိကိုယ်ကို ဆက်ကပ်ပူဇော်ခြင်းကို (ရောမ ၁၂း၁) ပျော်ရွှင်ဝမ်းမြောက်စွာပြုကြရပါမည်။

<u>"ခမည်းတော်သည် ထာဝရဘုရားအားလျှောက်ထားလျှင်၊ လျှောက်ထားသည်အတိုင်းကျွန်မ၌ပြုပါ" (သူကြီး ၁၁း၃၆)</u>။ သူ့သမီး၏ပြောဆိုချက်ကို မှတ်သားလောက်ပါ၏။ ဘုရားသခင်ပေးတော်မူသောကယ်နှုတ်လွတ်မြောက်ခြင်းသည် ထိုသို့မိမိကိုယ်ကိုပေးလှူခြင်းငှါ ဝမ်းမြောက်စွာလက်ခံခြင်းကိုဖြစ်စေပါ၏။ ဘုရားသခင်ပြုတော်မူသောအမှုအတွက် မိမိ၏အပျိုစင်ဖြစ်ခြင်းနှင့်အသက်ကိုပေးလှူခဲ့ပါသည်။ သူသည် အချိန်နှစ်လတောင်းဆိုခဲ့ပါသည်၊ သူခံရမည့်အမှုနှင့်ဖခင်၏သတိမထားဘဲပြုသောဂတိသစ္စာစကားကြောင့် ဝမ်းနည်းပူဆွေးခြင်းငှါမဟုတ်ပါ။ ထိုနှစ်လသောအချိန်ကိုဖခင်နှင့်မဟုတ်ဘဲ၊ မိမိ၏အပျိုစင်ဘဝအတွက် ဝမ်းနည်းငိုကြွေးသောသူမ၏အပေါင်းအဘော်တို့နှင့် ဖြတ်သန်းခဲ့ပါသည် (သူကြီး ၁၁း၃၇)။ ထို့နောက် ထာဝရဘုရားထံပြုခဲ့သောဂတိစကားအတိုင်း ဖခင်သည်ပြုနိုင်မည်အကြောင်း သူသည်အိမ်သို့ပြန်လာခဲ့ပါသည်။ သူမကြုံရမည့်အမှုမှထွက်ပြေးဖို့မကြိုးစားခဲ့ပါ။ ယေဖသကလည်း ဝမ်းနည်းခြင်းရှိလျက်ပင် ထာဝရဘုရားထံပြုသောဂတိစကားအတိုင်းပြုခဲ့ပါသည်။ ဂတိသစ္စာစကားသည် အလွန်အရေးကြီးသည်ဖြစ်၍ စုံလင်စေရပါမည်။ ထို့ကြောင့် ပြုသောဂတိသစ္စာစကားကို ကျွန်တော်တို့သတိထားကြရပါမည်။

**ဆင်ခြင်ရန်** - ဝမ်းနည်းခြင်းဖြင့်မဟုတ်ဘဲ၊ ဝမ်းမြောက်စွာပြုနိုင်မည့်ဂတိသစ္စာစကားကို ပြုကြပါစို့။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ကိုကြောက်ရွံ့သောသဘောနှင့် ဝမ်းမြောက်စွာ ဂတိသစ္စာ စကားကိုစုံလင်စေမည်အကြောင်း သနားတော်မူပါ။

# ယေဖသ (၆)

တရားသူကြီးများခေတ်ကာလတွင်၊ မိမိတို့ကိုလျစ်လျူရှုသည်ဟုဆိုလျက် တရားသူကြီးကို ပုန်ကန်ဆန့်ကျင်လျက် ဧဖရိမ်လူတို့သည် ဒုတိယအကြိမ်ပြဿနာရှာကြပါ၏။ ပထမအကြိမ်၌ ဂိဒေါင်သည်ဖြည်းညှင်းသောစကားဖြင့် ငြိမ်သက်စေခဲ့သော်လည်း၊ ယခုဒုတိယအကြိမ်တွင်မူ ပြည်တွင်းစစ်ဖြစ်စေခဲ့၏။ အမ္မုန်လူတို့ကို တိုက်ခိုက်ခြင်းငှါ ဖိတ်ခေါ်ခံရသောယေဖသသည် ဧဖရိမ်လူတို့ကိုသံတမန်နည်းဖြင့် ငြိမ်းချမ်းရေးမဆွေးနွေးခဲ့ပါ။ သူသည် ဂိဒေါင်ကဲ့သို့ပြုမူပြောဆိုခြင်းမပြုခဲ့ပါ။ ဂိဒေါင်သည် သူတို့၏အမျက်ဒေါသကိုငြိမ်းစေခဲ့ပြီး၊ ယေဖသကမူ သူတို့၏မာနကိုထိခိုက်ပြောဆိုခဲ့ပါသည်။

<u>"ယေဖသက၊ ငါနှင့်ငါ၏လူတို့သည် အမ္မုန်အမျိုးသားတို့နှင့်ကြီးသောအမှုရှိစဉ်အခါ၊ သင်တို့ကိုငါခေါ်သော်လည်း၊ သင်တို့သည် . . . ငါ့ကိုမကယ်မနှုတ်ဘဲ နေကြ၏" (သူကြီး ၁၂း၂)</u>။ ယေဖသသည် ဧဖရိမ်အမျိုးသားတို့ကို မိမိအမှု၌အပြစ်တင်ခဲ့ပါသည်။ ကူညီခြင်းငှါ ဖိတ်ခေါ်သော်လည်း၊ သူတို့ကမကူညီခဲ့ပါ။ ခက်ခဲသောကာလ၌ သူ့ကိုခေါင်းဆောင်မတင်ဘဲ အခြားသူကိုရှာခဲ့ကြပါသည်။ အမ္မုန်အမျိုးသားတို့သည် ဣသရေလလူတို့ကိုနှစ်ပေါင်း ၁၈ နှစ်လုံးလုံးနှိပ်စက်ခဲ့ကြ၏ (သူကြီး ၁၀း၈)။ ယခုအခါ ဧဖရိမ်အမျိုးသားတို့သည် ရန်သူအမ္မုန်လူတို့ကို တိုက်ခိုက်အောင်မြင်ခဲ့သော ညီအစ်ကိုကိုတိုက်ခိုက်ခြင်းငှါ ထွက်လာခဲ့ကြ၏

<u>"ဂိလဒ်ပြည်သားအပေါင်းတို့ကို စုဝေးစေ၍ ဧဖရိမ်အမျိုးကိုတိုက်ကြ၏" (သူကြီး ၁၂း၄)</u>။ ယေဖသသည် အပြင်ရန်သူကိုတိုက်ခိုက်ခဲ့ပြီး၊ ယခုတွင် ထောင်လွှားမောက်မာသောညီအစ်ကိုကို တိုက်ခိုက်ခဲ့ပါသည်။ ဧဖရိမ်လူတို့က ဂိလဒ်ပြည်သားတို့ကို "အမျိုးမစစ်သောသူ၊ မနာရှေအမျိုးထဲက ထွက်ပြေးသောသူ" (သူကြီး ၁၂း၄) ဟုဆိုခဲ့ဖူးကြ၏။ ယခုအခါ ယေဖသလူတို့သည် ဂိဒေါင်ခေတ်၌ ဧဖရိမ်လူတို့ထိန်းချုပ်ခဲ့သောမြစ်ကူးကို ထိန်းချုပ်၍ ဧဖရိမ်လူတို့၏ဇာတိကို သိခြင်းငှါ စကားတလုံးကို ပြောစေခဲ့ပြီးမှ ကူးခွင့်ပေးကြ၏။ ထိုစကားဟူမူကား "ရှိဗောလက်" ဟူ၍ဖြစ်ပါသည်။ ထိုအခါ ဧဖရိမ်လူတို့သည် သူတို့စကားကြောင့် အသေသတ်ခြင်းခံရကြပြီး၊ လေးသောင်းနှစ်ထောင်သေကြ၏။ ပထမအကြိမ် သူတို့၏နှုတ်စကားကြောင့် ယေဖသနှင့်တိုက်ပွဲဖြစ်၍၊ ယခု၌ဤသို့သူတို့၏စကားကြောင့်သေခဲ့ကြပါသည် (သူကြီး ၁၂း၆)။

**ဆင်ခြင်ရန်** - မာနထောင်လွှားခြင်းက ဘယ်သူမျှအကျိုးမပြုပါ။ သင့်မာနကို သင်ထိန်းချုပ်လျှင် သင်ဒုက္ခရောက်မည်မဟုတ်ပါ။

**ဆုတောင်းချက်** - အဘဘုရား၊ မာနထောင်လွှားမောက်မာခြင်းကို ဆီးတား၍နှိမ့်ချခြင်းရှိမည်အကြောင်း မစတော်မူပါ။

*"လူသည် တခါတည်းသေ၍ ထိုနောက်မှ တရားစီရင်တော်မူခြင်းကို ခံရသကဲ့သို့ . . . "*

# ဣဗဇန်၊ ဧလုန် နှင့် အာဗဒုန်

အဘိမလက်နောက်တွင် တရားသူကြီးနှစ်ဦးတို့သည် ဣသရေလကိုငြိမ်းချမ်းစွာ အုပ်ချုပ်ခဲ့ကြ၏။ ယခု ယေဖသလက်ထက် အပြီးတွင် ဣသရေလကို အုပ်စိုးသောတရားသူကြီးသုံးဦးအကြောင်း တွေ့ရပါသည်။ သူတို့လက်ထက်၌ ရန်သူ၏ညှင်းပန်းနှိပ်စက်မှုအကြောင်း ဖော်ပြခြင်းမတွေ့ရပါ။ ဣသရေလအတွက် သူတို့ပြုခဲ့သောအမှုကို အသေးစိတ်ဖော်ပြခြင်းမရှိပါ။ ဤတရားသူကြီးသုံးဦးတွင် နှစ်ဦးသည်သားသမီးများစွာ မွေးဖွားခဲ့ကြောင်း ဖော်ပြထားပါသည် (သူကြီး ၁၂း၉၊ ၁၄)။ သို့သော်လည်း၊ ယေဖသနှင့်မတူဘဲ၊ သူတို့ပြုသောအမှု ဘယ်အရာမျှဖော်ပြခြင်းမရှိဘဲ၊ ထိုသို့ဖော်ပြသည်ဖြစ်စေ၊ မဖော်ပြသည်ဖြစ်စေ နောက်ဆုံး၌ ယေဖသလည်းသေ၏။ ဣဗဇန်၊ ဧလုန်နှင့်အာဗဒုန်လည်း သေခဲ့ကြပါသည်။ ယေဖသသည် ၆ နှစ်အုပ်စိုးပြီးနောက် သေခဲ့ပါသည်။ လူများတို့က ထိုသို့စောစောသေခြင်းမှာ သူ့သမီးကိုလွမ်းဆွတ်သောကြောင့်ဟု ထင်မှတ်ကြပါသည်။ ဣဗဇန်နှင့်အာဗဒုန်တို့၌ များစွာသောသားသမီးရှိ၍ အိမ်ထောင်ပြုခဲ့ကြသည်ကို မြင်တွေ့ရကြ၏။ သူတို့နှစ်ဦးသည် ၇ နှစ်နှင့် ၈ နှစ်အသီးသီးအုပ်စိုးပြီးမှ သေကြ၏။ ဧလုန်သည် ၁၀ နှစ်အုပ်စိုး၍ သေခဲ့ပါသည်။ သူ့သားသမီးအကြောင်း ဖော်ပြခြင်းမရှိပါ။ ဤတရားသူကြီးတို့အကြောင်း၌ သေခြင်းတရားကို ထင်ရှားစွာ မြင်တွေ့ရပါသည်။

<u>"ဣဗဇန်သည်သေ၍ ဗက်လင်မြို့၌ သင်္ဂြိုဟ်လေ၏" (သူကြီး ၁၂း၁၀)</u>။ ဣသရေလနှင့် မိမိ မိသားစုအတွက် အမှုပြုပြီးနောက် ဣဗဇန်သည်သေခဲ့ပါသည်။ သေခြင်းသည် သေချာသောအမှုဖြစ်သောကြောင့် ကျွန်တော်တို့မည်သို့အသက်ရှင်သည်ကို သတိထားကြရပါမည်။ ကျွန်တော်တို့ဘဝသည် မည်သို့ပင်ဖြစ်စေ ဒေသနာဆရာသတိပေးသည်အတိုင်း ကျွန်တော်တို့သည် မိမိတာဝန်ကို ကြိုးစားလုပ်ဆောင်ကြရပါမည် - "ဆောင်ရွက်စရာအမှုရှိသမျှကို ကြိုးစားအားထုတ်၍ဆောင်ရွက်လော့။ အကြောင်းမူကား သင်ယခုသွား၍ရောက်ရလတံ့သောအရပ်တည်းဟူသော မရဏာနိုင်ငံ၌ လုပ်ဆောင်ခြင်းမရှိ၊ ကြံစည်ခြင်းမရှိ သိပ္ပံအတတ်မရှိ။ ပညာမရှိပါတကား" (ဒေ ၉း၁၀)။ ကျွန်တော်တို့သည် ဘုရားသခင်၏စကားကိုနာခံ၍ သစ္စာရှိကြ ရပါမည်။ "အချုပ်အခြာစကားဟူမူကား ဘုရားသခင်ကိုကြောက်ရွံ့၍ပညတ်တော်တို့ကို စောင့်ရှောက်လော့။ ဤရွေ့ကား လူနှင့်ဆိုင်သော အမှုအရာအလုံးစုံတို့ကိုချုပ်ခြာသတည်း။ အကြောင်းမူကား၊ ဘုရားသခင်သည် ခပ်သိမ်းသောဝှက်ထားခြင်းမှစ၍၊ အလုံးစုံသောအမှု၊ ကောင်းမကောင်းရှိသမျှတို့ကိုစစ်ကြော၍၊ တရားသဖြင့် စီရင် တော်မူလတံ့သတည်း" (ဒေ ၁၂း၁၃-၁၄)။

**ဆင်ခြင်ရန်** - ယုံကြည်သူအဖို့ နှိမ့်သိမ့်စရာမူကား သူသည်တခါတည်းသာ သေရလိမ့်မည်။
**ဆုတောင်းချက်** - (ဆာလံ ၉၀း၁၂ ကိုအသုံးပြုပါ)။

**သူကြီး ၁၃:၁-၇**
တော ၆း၁-၂၁

*"သင်တို့သည်လည်း မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုးဖြစ်ရကြလိမ့်မည်"*

# ရှံဆုန် (၁)

ရှံဆုန်သည် တရားသူကြီးမှတ်စာထဲတွင် အကြောင်းအရာအများဆုံးဖော်ပြခြင်းခံရသော တရားသူကြီးဖြစ်ပါသည်။ အခန်းကြီးလေးခန်း၌ ဖော်ပြထား၍ သူ့အကြောင်းသည် သူ့မိဘထံသူမွေးဖွားမည့်အကြောင်း ပြောခြင်းခြင်းငှါ ကောင်းကင်တမန်သူတို့ထံ စေလွှတ်ခြင်းဖြင့် အစပြုခဲ့ပါသည်။ ရှံဆုန်သည် ဘုရားသခင်အသုံးပြုသောသူဖြစ်သော်လည်း၊ သူ့အကြောင်း၌ အများအားဖြင့်သူ၏ခရီးသွားခြင်းနှင့်အားနည်းချက်များကို များစွာဖော်ပြခံရပါသည်။ ဂိဒေါင်အကြောင်းတွင် အဆုံးစွန်အာဏာရှိတော်မူသောထာဝရဘုရားအပေါ် လူ၏တုန့်ပြန်မှုကိုဖော်ပြခဲ့ပြီး၊ ရှံဆုန်အကြောင်းတွင် ဘုရားသခင်ခေါ်ခြင်းခံရသောသူသည် ထိုအမှုနှင့်ထိုက်တန်စွာနေထိုင်ရမည်အကြောင်း လူ၏တာဝန်ဝတ္တရားကိုဖော်ပြခဲ့ပါသည်။ တရားသူကြီးအပေါင်းတို့သည် ဘုရားသခင်ကသူတို့ကိုယ်တိုင်ထံစကားပြောခေါ်ခဲ့ပြီး၊ ရှံဆုန်သည် သူမမွေးဖွားမှီ သူ့မိခင်ထံကောင်းကင်တမန်စေလွှတ်၍ခေါ်ခဲ့ပါ၏။

<u>"သို့ဖြစ်၍သတိပြုလော့. . . သားယောက်ျားသည်. . . အမိဝမ်းထဲမှစ၍ ဘုရားသခင်၏နာဇရိလူဖြစ်ရလိမ့်မည်" (သူကြီး ၁၃:၄-၇)</u>။ ဖိလိတ္တိလူတို့သည် နှစ်ပေါင်းလေးဆယ်လုံးလုံး ဣသရေလလူတို့ကိုညှင်းပန်းနှိပ်စက်ခဲ့ပြီး၊ ထိုအချိန်၌ကောင်းကင်တမန်သည် မာနော်၏မယားထံကြွလာခဲ့ပါသည်။ ကောင်းကင်တမန်သည် သတင်းကောင်းယူလာ၍ထိုမိန်းမသည် မိခင်ဖြစ်မည်အကြောင်း၊ မွေးဖွားလာမည့်ကလေးကို မည်သို့ပြုစုရမည်အကြောင်းတမန်များပေး၍ ထိုကလေးကိုဘုရားသခင်ရွေးချယ်ကြောင်းပြောကြားခဲ့ပါသည်။ အခြားတရားသူကြီးများအကြောင်းတွင် သူတို့ဆောင်ရွက်ရမည့်အမှုကို ဖော်ပြခဲ့ပါသည်။ ရှံဆုန်မှုကား သူပြုရမည့်အမှုမဟုတ်ဘဲ၊ သူဖြစ်ရမည့်အကြောင်းကိုဖော်ပြခဲ့ပါသည်။ အခြားတရားသူကြီးတို့သည် ထာဝရဘုရား၏ခွန်အားဖြင့် အမှုတော်ကို ဆောင်ရွက်ခဲ့ကြ၏။ ထာဝရဘုရား၏ဝိညာဉ်တော်သူတို့အပေါ် ကျရောက်ခြင်းက ထိုအကြောင်းကိုပေါ်လွင်စေပါသည်။ ရှံဆုန်သည် အမှုတော်ဆောင်ရွက်စဉ်သာမက သူ၏ဘဝတစ်ခုလုံးကို ဘုရားသခင်ထံဆက်ကပ်၍ သန့်ရှင်းသောအသက်တာရှိနေရမည်အကြောင်း ကောင်းကင်တမန်က ပြောကြားခဲ့ပါသည်။ ထိုအခါ မာနော်၏မယားကလည်း အဘယ်မေးခွန်းမျှမထုတ်ဘဲ၊ လက်ခံခဲ့ပါသည်။ ပထမဆုံးသူပြုသောအရာကား သူ့ခင်ပွန်းထံကောင်းကင်တမန်နှင့်တွေ့ဆုံခဲ့ကြောင်း ပြန်၍ပြောကြားခြင်းပင်ဖြစ်၏။ ဘုရားသခင်၏အမှုတော်ကို ဘုရားသခင်၏နည်းလမ်းအတိုင်း ဆောင်ရွက်ရပါမည်။ လူ၏တာဝန်မှာ ထိုအချက်အတိုင်း လိုက်နာဆောင်ရွက်ရန်သာဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏သားသမီးတို့၏စံနှုန်းသည် သန့်ရှင်းခြင်းအသက်တာပင် ဖြစ်ပါသည်။

**ဆုတောင်းချက်** - အို အဘဘုရား၊ ကျွန်ုပ်တို့ဘဝတစ်ခုလုံး ကိုယ်တော်၏ဘုန်းတော်ထင်ရှားစေခြင်းအဖို့ ဖြစ်ခြင်းငှါ ကျွန်ုပ်တို့ကိုခရစ်တော်၌တည်စေပြီး၊ နှုတ်ကပတ်တရားကို နာခံလိုက်လျှောက်ခြင်းငှါ မစတော်မူပါ။

*“အထက်ဆိုခဲ့ပြီးသောအကျင့်တို့ကိုပယ်၍၊ မိမိကိုစင်ကြယ်စေသောသူမည်သည်ကား. . . ”*

# ရှံဆုန် (၂)

ကောင်းကင်တမန်ကြွလာခဲ့ကြောင်း သူ့မယား၏ပြောပြချက်ကြောင့် မာနော်သည်ဘုရားသခင်ထံတောင်းလျှောက်လျက် ထိုကောင်းကင်တမန်သည် ဒုတိယအကြိမ်ကြွလာခဲ့ပါသည်။ ဤဒုတိယအကြိမ်တွင် မိခင်ဖခင်ဖြစ်မည့်သူများက အသေးစိတ်နားလည်သဘောပေါက်ခြင်းမရှိသောမိဘ၏တာဝန်ဝတ္တရားများကို အသေးစိတ်ညွှန်ကြားထားပါသည်။

<u>“ဘွားမြင်လတံ့သောသူငယ်၌ အဘယ်သို့ပြုရမည်ကို. . . သွန်သင်စေတော်မူပါ” (သုကြီး ၁၃း၈)</u>။ ဤတောင်းလျှောက်မှုက မိဘမေတ္တာနှင့်တာဝန်ကို ဖော်ကျူးထားပါ၏။ မိဘတို့သည် ဘုရားသခင်၏ဘဏ္ဍာစိုးကဲ့သို့ သားသမီးတို့ကိုဘုရားသခင်၏အလိုတော်နှင့် ရည်ရွယ်ချက်အတိုင်း ပြုစုသွန်သင်စောင့်ရှောက်ရပါမည်။ ထို့ကြောင့် မိဘသည်ဘုရားသခင်၏အလိုတော်နှင့်နှုတ်ကပတ်တော်ကိုသိဖို့လိုပါသည်။ ထို့ပြင် ဤတောင်းလျှောက်မှုကိုချက်ချင်းတုန့်ပြန်တော်မူသော ဘုရားသခင်၏တုန့်ပြန်မှုက မိဘတို့သည်သားသမီးတို့ကို မည်သို့ပြုစုရမည်အကြောင်း ဘုရားသခင်သိစေလိုခြင်းကိုတွေ့ရပါ၏။ ထို့ကြောင့် ကောင်းကင်တမန်ကိုစေလွှတ်၍ ဖိလိတ္တိလူတို့၏ဖိနှိပ်မှုမှ ဣသရေလကိုကယ်နှုတ်ခြင်းငှါ ဘုရားသခင်အသုံးပြုတော်မူမည့်လူကို မည်သို့စောင့်ရှောက်ရမည်အကြောင်း အသေးစိတ်ထပ်မံပြောပြခဲ့ပါသည်။

<u>“ငါပြောသမျှကို မိန်းမရှောင်ရမည်” (သုကြီး ၁၃း၁၃)</u>။ ကောင်းကင်တမန်သည် အသစ်သောအရာ ဘာမှမပြောဘဲ၊ ဖော်ပြခဲ့ပြီးသောအရာကို ထပ်မံပြောပြခဲ့ပါသည်။ အဘယ်အကြောင်းဘဲဖြစ်ဖြစ်၊ မာနော်က သူ့မယား၏ပြောပြချက်၌ မကျေနပ်မှုမရှိ၍သော်လည်းကောင်း၊ မိမိကိုယ်တိုင်က သံသယစိတ်ရှိ၍သော်လည်း၊ သေချာအောင် တဖန်ကောင်းကင်တမန်ထင်ရှား၍ ပြောပြခြင်းငှါတောင်းလျှောက်သောအခါ၊ ဘုရားသခင်သည် ပြန်လည်ပြောပြခဲ့ပါသည်။ ပြောကြားခဲ့သောစကားသည် ပြောင်းလဲခြင်းမရှိကြောင်း၊ ဘုရားသခင်၏စကားသည် မပြောင်းလဲတတ်ကြောင်း ထင်ရှားလှပါ၏။ ဘုရားသခင်၏နှုတ်ကပတ်တော်၌တွေ့ရသော မိဘဝတ္တရားသည်အတည်ဖြစ်၏။ အသစ်သောဖော်ပြခြင်းမရှာကြပါနှင့်။ ထိုနှုတ်ကပတ်တော်၌တွေ့ရသောဝတ္တရားတို့အတိုင်း ဆောင်ရွက်ခြင်းငှါမိဘတို့သည် သတိပြုကြရပါမည်။ မိဘတို့၏သန့်ရှင်းစင်ကြယ်မှုက သားသမီးတို့၏သန့်ရှင်းမှုကိုဖြစ်ပွားစေပါ၏။ သားသမီးတို့လိုက်လျှောက်အတုယူခြင်းငှါ ကျွန်တော်တို့၏အသက်တာကို သတိပြုကြပါစို့။ ဘုရားသခင်အသုံးတော်ခံဖြစ်ခြင်းငှါ ကျွန်တော်တို့၏အသက်တာကို သတိပြုကြပါစို့။ ဘုရားသခင်အသုံးတော်ခံဖြစ်ခြင်းငှါ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုသတိပြုကြပါစို့။ ဘုရားသခင်အသုံးတော်ခံဖြစ်ခြင်းငှါ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုသန့်ရှင်းစွာနေထိုင်စောင့်ရှောက်လျက်၊ သားသမီးတို့အတွက် စံနမူနာဖြစ်ကြပါစို့။

**ဆင်ခြင်ရန်** - “ကိုယ်တော့်လက်၌သန့်ရှင်းသောတန်ဆာဖြစ်၍ ဝိညာဉ်တော်နှင့်ပြည့်ဝမည်အကြောင်း အကျွန်ုပ်ကိုနှိမ့်ချသောစိတ်သဘောပေးသနားတော်မူပါ။”

**ဆုတောင်းချက်** - ကိုယ်တော်၏အသုံးတော်ခံဖြစ်မည်အကြောင်း၊ အကျွန်ုပ်အား ကိုယ်တော်၏နှုတ်ကပတ်တော်ဖြင့်သန့်ရှင်းစေလျက်၊ ကိုယ်တော်၏ဝိညာဉ်ဖြင့် ပြည့်ဝစေတော်မူပါ။

# ရှံဆွန် (၃)

မာနော်နှင့်ကောင်းကင်တမန်တို့ အပြန်အလှန်စကားပြောချက်သည် သူ့ဇနီးနှင့်ကောင်းကင် တမန်အပြန်အလှန်စကားပြောခြင်းနှင့် ခြားနားလှပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ "သူသည် ထာဝရ ဘုရား၏ကောင်းကင်တမန်ဖြစ်သည်ကို မာနော်မသိသေး" (သူကြီး ၁၃း၁၆) သောကြောင့်ဖြစ်ပါ သည်။ သူတို့တောင့်တလျက်ရှိသောသတင်းကောင်းကို ယူဆောင်လာသည့် ထို"ဧည့်သည်"ကိုသာ ဂရုစိုက်ခဲ့ပါသည်။ ဤအပြန်အလှန်စကားပြောချက်မှာ မိမိကို မေ့လျော့နေကြသော မိမိလူတို့အပေါ် ဘုရားသခင်၏ကျေးဇူးတော်နှင့်စိတ်ရှည်သည်းခံမှုကို တွေ့မြင်ရပါသည်။

<u>"ကိုယ်တော်အဘို့ ဆိတ်သူငယ်ကိုမပြင်ဆင်မှီတိုင်အောင် ကိုယ်တော်ကိုဆီးတားပါရစေ" (သူကြီး ၁၃း၁၅)</u>။ မာနော်က အစားအသောက်ပြင်ဆင်မည်ဟု တောင်းဆိုခဲ့သော်လည်း၊ ဘုရားသခင်၏အမှုကို မည်သို့ဆောင်ရွက်ရမည်ကို မသိခဲ့ပါ။ ထိုတောင်းဆိုမှု၏အဖြေ၌ မည်သို့ ဘုရားသခင်လက်ခံအောင်အမှုဆောင်ရွက်ရမည်ကို သွန်သင်ပြသခဲ့ပါသည်။ အမှုဆောင်ရွက်ခြင်း၌ စိတ်သဘောထားတခုတည်းမလုံလောက်ပါ။ ထိုစိတ်သဘောထား၌ ဘုရားသခင်ဖော်ပြသော အချက်အတိုင်းလုပ်ဆောင်မှု၊ နာခံခြင်းလိုအပ်ပါသည်။ မာနော်၏ကြိုးစားအားထုတ်မှုနှင့် ပြင်ဆင်မှုတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်၏လမ်းညွှန်မှုနှင့်မလိုက်ညီလျှင် အကျိုးမရှိပါ။

<u>"ကိုယ်တော်စကားပြည့်စုံသောအခါ၊ အကျွန်ုပ်တို့သည် ကိုယ်တော်ကိုချီးမွမ်းရမည်အကြောင်း ကိုယ်တော်၏အမည်ကား အဘယ်သို့နည်း"(သူကြီး ၁၃း၁၇)</u>။ ဤမေးခွန်းကို အဖြေမပေးခဲ့သော်လည်း၊ ကောင်းကင်တမန်က နားလည်သဘောပေါက်ခြင်းကို ပေးခဲ့ပါသည်။ သိဖို့လိုအပ်သောအရာကိုသိစေ၍၊ မလိုအပ်သောအရာကို မသိစေခဲ့ပါ။ သူတို့ပြုရမည့်ဝတ္တရားကို သိစေတော်မူခဲ့ပါသည်။ မာနော်သည် ထာဝရဘုရားရှေ့၌ ကော်ဇဉ်ပူဇော်သက္ကာကို ယူဆောင်၍ပူဇော်ခဲ့ပြီး၊ ထို "ဧည့်သည်"သည် ထာဝရဘုရား၏ကောင်းကင်တမန်ဖြစ်ကြောင်း မိမိကိုယ်ကိုပြလျက်၊ "ယဇ်ပလ္လင်မီးလျှံ၌တတ်လေ၏" (သူကြီး ၁၃း၂၀)။

<u>"ငါတို့သည်ဘုရားသခင်ကိုမြင်သောကြောင့်၊ ဆက်ဆက်သေတော့မည်" (သူကြီး ၁၃း၂၂)</u>။ မာနော်သည် သိက္ခမ်းခြင်းမရှိသောကြောင့် ကြောက်ရွံ့ခြင်းရှိခဲ့ပါသည်။ ဘုရားသခင်သိက္ခမ်းခြင်း၏အကျိုးကိုလည်း တွေ့ရပါသည်။ သူ့ဇနီးက သူ့ကိုအားပေးခဲ့ပါသည်။ သူ့ဇနီးသည် ဘုရားသခင်ထံမှရရှိခဲ့သောတရားများကို နှလုံးသွင်း၍သဘောပေါက်ခဲ့သောကြောင့် စိတ်ဝိညာဉ်ခွန်အားရ၍ ကြောက်ရွံ့ခြင်းမရှိခဲ့ပါ။

**ဆင်ခြင်ရန်** - (ဒေ ၄း၉-၁၂ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏အလိုတော်၌ ကျင်လည်ခြင်းငှါ ကျွန်ုပ်တို့အား မစတော်မူပါ။

# ရှံဆုန် (၄)

ရှံဆုန်မွေးဖွားခြင်းနှင့်ကြီးပြင်းခြင်းအကြောင်းကို သူကြီး ၁၃း၂၄-၂၅ ထဲတွင်ဖော်ပြထားပါသည်။ ဤကျမ်းပိုဒ်က သားမွေးဖွားမည်အကြောင်း ဘုရားသခင်၏စကားတော်နှင့်ရှံဆုန်သည် ဖိလိတ္တိလူတို့၏နှိပ်စက်ခြင်းကို တိုက်ဖျက်မည်အကြောင်း ဘုရားသခင်၏ဂတိတော်ကိုပြည့်စုံစေခြင်းဖြစ်၍ ဘုရားသခင်၏သစ္စာရှိတော်မူခြင်းကို ပြသခဲ့ပါသည်။ ထို့ပြင် ရှံဆုန်ကိုကျွေးမွေးပြုစုစောင့်ရှောက်ခြင်း၌ ဘုရားသခင်ပေးအပ်သောမိဘဝတ္တရားကို မာနော်တို့လင်မယားက သစ္စာရှိစွာဆောင်ရွက်ခဲ့ကြကြောင်း ပြသလျက်ရှိ၏။

<u>"ထိုမိန်းမသည် သားယောကျ်ားကိုဘွားမြင်၍" (သူကြီး ၁၃း၂၄)</u>။ ကောင်းကင်တမန်ပေါ်ထွန်း၍ ဂတိထားတော်မူပြီးနောက်တွင်၊ ထိုမိန်းမသည်သားယောကျ်ားကို ဖွားမြင်ခဲ့ပါသည်။ ဘုရားသခင်သည် မိမိစကားကိုအလေးထားတော်မူပြီး၊ ထိုမိန်းမကလည်း ဘုရားသခင်၏စကားကိုနာခံခဲ့ပါသည်။ ဘုရားသခင်သည် မိမိအသုံးပြုတော်မူမည့်ပုဂ္ဂိုလ်ကို ပေါ်ထွန်းစေတော်မူ၏။ ထိုသို့ပြုခြင်း၌ လိုအပ်သောအရာမှန်သမျှကို မိမိ၏အဆုံးစွန်အာဏာတော်နှင့် ကွယ်ကာစောင့်ရှာက်တော်မူခြင်းဖြင့် ပြည့်စုံစေတော်မူ၏။ ရှံဆုန်မွေးဖွားကြီးပြင်းခြင်း၌ ဘုရားသခင်က သူ့မိဘကိုအသုံးပြုတော်မူပြီး၊ သူ့မိဘတို့ကလည်း သူတို့ဝတ္တရားကို ကျေပွန်စွာထမ်းရွက်ခဲ့ကြပါသည်။ ထိုအခါ "ထာဝရဘုရားကောင်းကြီးပေးတော်မူ၏" (သူကြီး ၁၃း၂၄)။

<u>"ထာဝရဘုရား၏ဝိညာဉ်တော်သည် . . . နှိုးဆော်စပြုတော်မူ၏" (သူကြီး ၁၃း၂၅)</u>။ ရှံဆုန်၏အသက်တာနိဒါန်း၌ သူ၏ခွန်အားကြီးမှုကို မဖော်ပြဘဲ၊ ထိုခွန်အား၏အရင်းအမြစ်ဖြစ်သော ဘုရားသခင်၏ဝိညာဉ်တော်အမှုပြုခြင်းဖြင့် အစပြုခဲ့ပါသည်။ ရှံဆုန်သည် (အခြားသောတရားသူကြီးတို့ကဲ့သို့မဟုတ်၊ သူတို့သည် တကြိမ်စစ်ပွဲဆင်နွှဲ၍ အောင်ပွဲရခဲ့ကြ၏) ဖိလိတ္တိလူတို့နှင့်အကြိမ်ကြိမ်တွေ့ဆုံတိုက်ခိုက်ခဲ့ကြပါသည်။ ထိုအမှုတို့၌ ဘုရားသခင်က မိမိရွေးချယ်တော်မူသောရှံဆုန်ကို အမှန်အသုံးပြုတော်မူခဲ့ပါသည်။ ရှံဆုန်အသက်တာ၌ ဘုရားသခင်သာလျှင် ကျွန်ုပ်တို့၏ခွန်အားဖြစ်၍ မိမိဘုန်းတော်အတွက် ကျွန်ုပ်တို့ကိုအသုံးပြုတော်မူကြောင်း တွေ့ရပါသည်။ ထို့ပြင် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အလိုတော်ကို သိလျက်ပင် နာခံခြင်းမရှိသောအခါ မည်သို့သောနောက်ဆက်တွဲအကျိုးခံရကြောင်းကိုလည်း တွေ့ရပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်နှင့်မိဿဟာယဖွဲ့ခြင်းက အကျွန်ုပ်လမ်းခရီးကိုဖြောင့်ဖြူးစေ၍ နာကျင်ခြင်းမှကယ်တင်တော်မူ၏။

**ဆုတောင်းချက်** - (ဆာလံ ၈၆း၁၁ ကိုအသုံးပြုပါ)။

တနင်္လာ၊ ဖေဖော်ဝါရီ (၁၃)
**သူကြီး ၁၄း၁-၄**
သုတ္တံ ၃း၁-၈

*"ငါသည် ပညာရှိ၏ဟုကိုယ်ကိုမထင်နှင့်။*
*ထာဝရဘုရားကို ကြောက်ရွံ့၍. . . "*

# ရှံဆုန် (၅)

ဘုရားသခင်က လူကိုခေါ်တော်မူသောအခါ ဘယ်အရာကိုတောင်းတော်မူသနည်း။ ကျွန်ုပ်တို့ကို ဘုရားသခင်အသုံးပြုတော်မူခြင်းက ဘာကိုပြသပါသနည်း။ ရှံဆုန်မွေးဖွားကြီးပြင်းခြင်းသည် ဘုရားသခင်၏သစ္စာရှိတော်မူခြင်းနှင့် သူ့မိဘတို့၏ဝတ္တရားကျေပွန်ခြင်းကိုပြသပါ၏။ သုတ္တံကျမ်းက "သူငယ်သွားရာလမ်းဝ၌ ဆုံးမသွန်သင်လော့။ သို့ပြုလျှင် သူသည်အိုသောအခါ ထိုလမ်းမှမလွဲ၊ လိုက်သွားလိမ့်မည်" (သုတ္တံ ၂၂း၆) ဟုဆိုထားပါသည်။ သူငယ်ကို ဆုံးမသွန်သင်ခြင်းတာဝန်သည် မိဘဝတ္တရားဖြစ်၍ ထိုလမ်းမှမလွဲဘဲ လိုက်သွားခြင်းသည် သူငယ်၏ဝတ္တရားဖြစ်ပါ၏။ ရှံဆုန်သည် မိမိ၏ဝတ္တရားကိုမလိုက်လျှောက်ဘဲ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သိလျက်ပင် နာမခံဘဲနေခဲ့ပါသည်။

<u>"ရှံဆုန်သည် တိမနတ်မြို့သို့သွား၍. . . မိန်းမတယောက်ကိုမြင်လျှင်"(သူကြီး ၁၄း၁)</u>။ ရှံဆုန်၏အသက်တာသည် ဘုရားသခင်၏လမ်းတော်နှင့်သူ့မိဘ၏သွန်သင်ဆုံးမခြင်းတရားမှ လမ်းလွဲခြင်းဖြင့် အစပြုခဲ့ပါသည်။ "လူထင်သည်အတိုင်း မှန်သောလက္ခဏာရှိသော်လည်း၊ အဆုံး၌ သေခြင်းသို့ ပို့သောလမ်းတမျိုးရှိ၏" (သုတ္တံ ၁၄း၁၂)။ ရှံဆုန် သည် လက်တွဲဖော်ဇနီးသည် ရွေးချယ်ခြင်းအမှု၌ သေခြင်းသို့ပို့ဆောင်သောလမ်းကို ရွေးချယ်ခဲ့ပါ သည်။ ဤထိမ်းမြားခြင်းအမှု၌ လောကီလူတို့က "သင့်စိတ်အလိုကိုလိုက်လော့"၊ "အချစ်၌မျက်စိမရှိ"၊ "အချစ်၌နယ်မြေအပိုင်းအခြားမရှိ"ဟူ၍ ကြွေးကြော်တတ်ကြပါသည်။ ဇနီးမယားနှင့်ယောကျ်ား ရွေးချယ်ခြင်း၌ ကျွန်ုပ်တို့၏ ဇာတိအလိုဆန္ဒသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အလိုတော် ကို ဆန့်ကျင်တတ်၏။ ထိုအခါ ရှံဆုန်ကဲ့သို့ များစွာသောကျွန်တော်တို့သည် နာကျင်ခြင်း၊ စိတ်ညစ် ခြင်းနှင့် နောင်တများစွာနှင့် ကြုံခဲ့ကြ၏။

<u>"ထာဝရဘုရားစီရင်တော်မူသောအားဖြင့်၊ . . . အမှုရှာကြောင်းကိုမိဘတို့သည် မရိပ်မိကြ" (သူကြီး ၁၄း၄)</u>။ နာကျင်ဝမ်းနည်းခြင်းများစွာကြုံတွေ့စေသော၊ ကျွန်ုပ်တို့၏ဇာတိသဘောအလိုကိုလိုက်သော်လည်း၊ ဘုရားသခင်သည် မိမိ၏ဘုန်းတော်ထင်ရှားစေခြင်းငှါငှင်း၊ ကျွန်ုပ်တို့၌ မိမိ၏ရည်ရွယ်ချက်ပြည့်စုံစေခြင်းငှါငှင်း၊ မိမိ၏အဆုံးစွန်အာဏာတော်နှင့် တန်ခိုးတော်အားဖြင့် ထိုအရာတို့ကို ပြောင်းလဲအသုံးပြုတော်မူနိုင်၏။ သို့သော်လည်း၊ ကျွန်ုပ်တို့၏အမှားများအတွက် နောက်ဆက်တွဲအကျိုးဆက်ကိုမူ ကျွန်တော်တို့ခံရကြပါမည်။ ဘုရားသခင်သည် အရာခပ်သိမ်းကိုအစိုးရတော်မူ၏။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုခေါ်တော်မူစဉ် မိမိ၏နှုတ်ကပတ်တော်ကို နာခံလိုက်လျှောက်ခြင်းငှါငှင်း၊ ကျွန်ုပ်တို့နေ့စဉ်အသက်တာ၌ ကိုယ်တော်၏အလိုတော်ကိုရွေးချယ်ခြင်းငှါငှင်း တောင်းလျှောက်တာဝန်ပေးထားတော်မူ၏။

**ဆင်ခြင်ရန်** - သိလျက် နာမခံခြင်း၌အကျိုးမရှိ၊ နာခံခြင်း၌နောင်တမရှိ။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော့်စကားကိုနေ့စဉ်နာခံမည်အကြောင်း မစတော်မူပါ။

*"ငါဆုံးမခြင်းကိုမပယ်ကြနှင့်။
နားထောင်၍ပညာရှိကြလော့"*

# ရှံဆုန် (၆)

ရှံဆုန်သည် ဘုရားသခင်၏အမိန့်တော်နှင့်မိမိ၏တာဝန်ကို လျစ်လျူရှုလျက် ဖိလိတ္တိမိန်းမကို လက်ထပ်ခြင်းငှါ ဆုံးဖြတ်ခဲ့ပါသည်။ ထိုသို့ဘုရားသခင်၏စကားကို နာမခံဘဲနေခဲ့သော်လည်း၊ ဘုရားသခင်သည် သူ့အပေါ်၌ကျေးဇူးပြုတော်မူ၏။ ဘုရားသခင်၏ကျေးဇူးတော်ကို ခြင်္သေ့နှင့်တွေ့ဆုံစဉ် ခွန်အားပေးခြင်း၌ထင်ရှားစွာတွေ့ရပါ၏။

<u>"ထိုအခါ ရှံဆုန်သည် မိဘနှင့်တကွ တိမနတ်မြို့သွား၍. . ." (သူကြီး ၁၄း၅)</u>။ ဖိလိတ္တိမိန်းမကို လက်ထပ်မည့်ရှံဆုန်၏ဆန္ဒအား သူ့မိဘတို့ကလိုက်လျောသောကြောင့် ထိုအမှုကို ဘုရားသခင်သဘောတူသည်ဟု မဆိုလိုပါ။ လူတဦးက မိမိအလိုပြည့်စုံသောကြောင့် ထိုအရာသည် မှန်ကန်သည်ဟုမဆိုလိုပါ။ "လူထင်သည်အတိုင်း မှန်သောလက္ခဏာရှိသော်လည်း၊ အဆုံး၌သေခြင်းသို့ ပို့သောလမ်းတမျိုးရှိ၏" (သုတ္တံ ၁၄း၁၂)။ ရှံဆုန်သည် မိမိဆန္ဒရှိသောမိန်းမကို ရှာဖွေခြင်းငှါ မိမိရွေးချယ်သောလမ်းသို့ သွားစဉ် အမှန်တကယ်သေခြင်းနှင့်ကြုံတွေ့ခဲ့သော်လည်း ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ထိုခြင်္သေ့ကို အနိုင်ရခဲ့ခြင်းသာဖြစ်ပါသည်။ ထိုခြင်္သေ့ကို အနိုင်ယူခဲ့သောဉာဏ်ပုဂ္ဂိုလ်သည်မိမိ၏ဇာတိ သဘောကိုမနိုင်ခဲ့ပါ။ ဆိုလိုသည်မှာ ခြင်္သေ့ကိုအောင်နိုင်ခြင်းငှါ ခွန်အားပေးသော ထိုဘုရားသခင်က မိမိ၏စကားကိုနာမခံသောရှံဆုန်ကို သူ၏ဇာတိသဘော အနိုင်ယူခြင်းငှါ ကျေးဇူးနှင့်ဉာဏ်ပညာမပေး ခဲ့ပါ။

<u>"မိမိပြုသောအမှုကို မိဘတို့အားမကြားမပြောဘဲနေ၏" (သူကြီး ၁၄း၆)</u>။ ထိုသို့ မိဘတို့အား မပြောဘဲနေရခြင်းအကြောင်းကို မဖော်ပြထားပါ။ လူသိရှင်ကြားမိမိ၏ခွန်အားကို မဖော်ပြလိုသေးသောကြောင့် ရိုးသားစွာမပြောဘဲ နေခြင်းလည်းဖြစ်နိုင်ပါသည်။ သို့မဟုတ်။ မိမိ၏ဇနီးမယားရွေးချယ်မှုမှားယွင်းကြောင်း၊ ဘုရားသခင်ကအသိပေးဆုံးမခြင်းဖြစ်သည်ဟု ခံယူသဖြင့်မပြောဘဲ နေခြင်းလည်း ဖြစ်နိုင်ပါသည်။ ဘာပဲဖြစ်ဖြစ်၊ မပြောဘဲနေ၍ မိမိ၏ဇာတိသဘောဆန္ဒနောက်သို့လိုက်၍ ဖိလိတ္တိမိန်းမကိုယူရန် ဆက်လက်ကြိုးစားခဲ့ပါသည်။ မိမိ၏မြည်းနှင့်အပြန်အလှန်စကားပြီးသည့်တိုင် ဗာလက်ပေးမည့်ပစ္စည်းဥစ္စာနှင့် ချီးမြှောက်ခြင်းနောက်သို့ဆက်၍ လိုက်သောဗာလမ်ကဲ့သို့ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "ရဲရင့်စွာရှေ့သို့ချီတတ်၍ ကြောက်ရွံ့သောစိတ်ကို အနိုင်ယူလျက်၊ ယေရှုကို မျှော်ကြည့်လော့၊ သူသည်သင့်ကိုပို့ဆောင်တော်မူမည်။"

**ဆုတောင်းချက်** - ("ကယ်တင်ရှင်ထံ အကူအညီတောင်းလော့၊ သူသည်သင့်ကိုမစခြင်းငှါ အလိုရှိတော်မူ၏")။

ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ (၁၅)
**သုကြီး ၁၄း၈-၁၁**
သုတ္တံ ၄း၁-၁၅

*"ပညာသည် အမြတ်ဆုံးသောအရာဖြစ်၏။ ပညာကိုဆည်းပူးလော့"*

# ရှံဆုန် (၇)

အချိန်လွန်သွားခဲ့ပါသည်။ ရှံဆုန်သည် ဖိလိတ္တိမိန်းမကိုယူလိုသော မိမိ၏ဆန္ဒနောက်သို့ ကြိုးစားလျှောက်လှမ်းခဲ့ပါသည်။ ယခုကျမ်းပိုဒ်တွင် မိမိသွားခဲ့သောလမ်းအတိုင်း ပြန်သွားစဉ်ကြုံတွေ့ သောအဖြစ်အပျက်ကို ဖော်ပြခဲ့ပါသည်။ ထိုလမ်းသို့လျှောက်ခဲ့စဉ် သေခြင်းနှင့်ကြုံတွေ့ခဲ့ပြီး၊ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် မသေခဲ့ပါ။ ထိုလမ်းသို့ပြန်သွားစဉ် အရင်ကအဖြစ်အပျက်ကို မမေ့လျော့ခဲ့ပါ။

<u>"ထိုမိန်းမကို သိမ်းယူခြင်းငှါသွားစဉ်အခါ၊ ခြင်္သေ့အကောင်ကိုကြည့်ရှုအံ့သောငှါ၊ လမ်းမှလွှဲသွား၍. . ." (သူကြီး ၁၄း၈)</u>။ ခြင်္သေ့ကိုသတ်ခဲ့သောလမ်းအတိုင်း တဖန်ပြန်သွားထိုနေရာသို့ ရောက်သောအခါ၊ ထိုခြင်္သေ့အသေကောင်ကိုကြည့်ခြင်းငှါ လမ်းမှလွှဲ၍သွားကြည့်ခဲ့ပါသည်။ ရှံဆုန်အသက်တာသည် ကျွန်ုပ်တို့အတွက် သင်ခန်းစာဖြစ်ပါ၏။ ထိုသို့သွားကြည့်သောအခါ ရှံဆုန်သည် သွေးဆောင်ခြင်းနှင့်ကြုံတွေ့ရပြီး၊ နာဇရိလူ၏သစ္စာဂတိကို ဆန့်ကျင်လျက် ထိုသွေးဆောင်ခြင်း၌ လဲကျခဲ့ပါသည်။ ခြင်္သေ့အသေကောင်၌ရှိသောပျားရည်ကိုမြင်လျှင် ခန္ဓာကိုယ်တပ်မက်ခြင်း၊ အစားအစာ(ကမ္ဘာ ၃း၆)၌ လဲကျခဲ့ပါသည်။ ထိုအစားအစာကိုယူဖို့ နာဇာရိလူ၏သစ္စာဂတိဖြစ်သော အသေကောင်မထိမကိုင်ရဟူသောဂတိကို ကျူးလွန်ခဲ့ပါသည်။

<u>"သို့ရာတွင် ထိုပျားရည်ကို ခြင်္သေ့အကောင်ထဲက နှိုက်ယူကြောင်းကို မကြားမပြောဘဲနေ၏" (သူကြီး ၁၄း၉)</u>။ ဤအခန်းကြီးထဲ၌ ရှံဆုန်သည်မိဘတို့အား အကြောင်းအရာမပြောဘဲ နေခြင်းဒုတိယအကြိမ်ဖြစ်ပါသည်။ သူပြုသောအမှု မှားယွင်းကြောင်း သူသိသည်မှာထင်ရှားပါ၏။ မိမိအမှားကိုသိသဖြင့် မိဘတို့၏ထပ်၍ပြောဆိုဆုံးမမည်ကို ကောင်းကောင်းသိသည်ဖြစ်သောကြောင့် မပြောဘဲနေခြင်းဖြစ်ပါလိမ့်မည်။

ကျွန်တော်တို့လျှောက်လှမ်းရမည့်လမ်းခရီးမှလွှဲသောအခါ ကျွန်တော်တို့သည် နာကျင်ခြင်းဝေဒနာများစွာကြုံတွေ့ခံစားရတတ်၏။ ယာကုပ်က ဤသို့ဖော်ပြထားပါသည် - "မိမိတပ်မက်သောစိတ်ဆွဲငင်ဖြားယောင်းခြင်းကိုခံသောသူမည်သည်ကား၊ အပြစ်သွေးဆောင်ခြင်းသို့ရောက်တတ်၏" (ယာကုပ် ၁း၁၄)။ တိမနတ်မြို့သို့ ရှံဆုန်သွားခြင်း သည် တပ်မက်သောစိတ်၌အရင်းခံသောကြောင့် လုံးဝကောင်းသောအသီးမတွေ့ရပါ။ မိမိ၏တပ်မက် သောစိတ်ကြောင့် မိန်းမရှာဖွေခြင်းငှါ ပထမအကြိမ်သွားခဲ့ပါသည်။ ဒုတိယအကြိမ်တွင် တားမြစ်ထားသောပျားရည်နှင့်တွေ့၍ အပြစ်ကျူးလွန်ခဲ့ပြီး၊ မိဘတို့ကိုလည်း အကြောင်းမှန်မပြောပြခဲ့ပါ။

**ဆင်ခြင်ရန်** - "သွေးဆောင်ခြင်းနောက်သို့မလိုက်နှင့် အပြစ်ဖြစ်ပါ၏"။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ကိုသာ အစဉ်မျှော်ကြည့်မည်အကြောင်း မစတော်မူပါ။

# ရှံဆုန် (၈)

တရားသူကြီး ၁၄း၁၂-၂၀ ထဲတွင် ရှံဆုန်၏ဇာတိသဘောနှင့်မိုက်မဲမှုကိုဖော်ပြထားပါသည်။ ရှံဆုန်သည် မိမိချစ်သောမိန်းမကို လက်ထပ်ခြင်းငှါ ယခုအခါ မိဘနှင့်တကွ သွားရောက်ခဲ့ပါသည်။ ထို့ပြင်၊ သတို့သမီးအိမ်၌ကျင်းပသောမင်္ဂလာပွဲတွင် ရှံဆုန်နှင့်အတူ ပွဲခံခြင်းငှါ ဖိလိတ္တိလူတို့က "အပေါင်းအဘော်သုံးဆယ်ကိုခေါ်ခဲ့ကြ၏။" ထိုပွဲတွင် အပျော်ကျူးခြင်းနှင့်ပျော်ပါးသောက်စားခြင်းလည်းရှိမည်ဟုထင်ရပါသည်။ ထိုပွဲတွင် ရှံဆုန်က ထိုအပေါင်းအဘော်သုံးဆယ်ထံ စကားဝှက်ကိုပြော၍ ဖော်ပြစေခဲ့ပါသည်။ ထိုသို့ပြုခြင်းက ရှံဆုန်သည်ခြုံထည်နှင့်အင်္ကျီကိုလိုချင်တပ်မက်သည်ဟုဖော်ပြလျက်ရှိ၏ (သူကြီး ၁၄း၁၂)။ ရှံဆုန်က စကားဝှက်ကိုဖော်ပြနိုင်လျှင် သူတို့အားခြုံထည်သုံးဆယ်၊ အင်္ကျီသုံးဆယ်ပေးမည်ဟု ဂတိပေး၏။ သို့ရာတွင်၊ မဖော်ပြနိုင်လျှင် သူတို့ထံမှ ခြုံထည်သုံးဆယ်၊ အင်္ကျီသုံးဆယ်ရမည်ဟုမျှော်လင့်ခဲ့ပါသည်။

<u>"သင်၏လင်သည် စကားဝှက်အနက်ကိုဘော်ပြစေခြင်းငှါ သူ့ကိုချော့မော့ရမည်။ ငါတို့ဥစ္စာကိုလုယူခြင်းငှါ ငါတို့ကိုခေါ်ဘိတ်သလောဟုဆိုသောကြောင့် . . ." (သူကြီး ၁၄း၁၅)</u>။ သူ၏စကားဝှက်ကြောင့် ရှံဆုန်သည် ခုနစ်ရက်လုံးလုံးစိတ်အနှောင့်အယှက်ခံရပါသည်။ သူနှင့်အတူ ပွဲခံသောထိုလူတို့သည် အနက်ကိုမဖော်ပြနိုင်၍ သူ့မိန်းမကိုနောက်ကွယ်၌ ခြိမ်းခြောက်လျက် အဖြေကိုတောင်းကြ၏။ ထိုအခါ သူ့မိန်းမကလည်း ရှံဆုန်အား အတင်းဖိအားပေး၍စကားဝှက်၏အဓိပ္ပာယ်ကိုမေးခဲ့သောကြောင့် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ပါသည်။ ထိုသို့ဖြင့် နောက်ဆုံးတွင် ရှံဆုန်ကသူ့မိန်းမကို အဖြေပေးခဲ့၏။ ထိုအခါ ဖိလိတ္တိလူတို့သည် ရှံဆုန်ထံအဖြေကို ပြောကြားခဲ့ပါသည်။ ရှံဆုန်သည် ရှုံးသောကြောင့် အဝတ်စုံသုံးဆယ်ကိုပေးခဲ့ရပါသည်။

<u>"အမျက်ထွက်၍ မိမိအဘအိမ်သို့ပြန်သွားလေ၏" (သူကြီး ၁၄း၁၉)</u>။ တပတ်လုံးလုံးပွဲလုပ်၍ မိမိနှစ်သက်သောမိန်းမကို ရယူမည့်မျှော်လင့်ချက်သည် ပြောင်းပြန်ဖြစ်ခဲ့ပါသည်။ ရှံဆုန်သည် မိမိ၏ဂတိစကားတည်ခြင်းငှါ ဖိလိတ္တိလူအယောက်သုံးဆယ်ကို သတ်ခဲ့ပြီးနောက်၊ အဘအိမ်သို့ပြန်သွားခဲ့ပါသည်။ မိမိမျှော်လင့်ချက်ပျက်စီးသည်သာမက၊ အဝတ်စုံသုံးဆယ်ကိုလည်းမရ၊ မိန်းမလည်းမရဖြစ်ခဲ့ပါသည်။ သူ့မိန်းမကိုလည်း အပေါင်းအဘော်တစ်ဦးထံ ပေးစားခဲ့ကြ၏။ မှန်ပါ၏ - "ငါတို့သည် သမ္မာတရားကိုဆီးတားခြင်းငှါ အလျှင်းမတတ်နိုင်ကြ" (၂ ကော ၁၃း၈)။ သူ၏တပ်မက်ခြင်းသည် တင်းတိမ်ရောင့်ရဲခြင်းမရှိ၊ သူ၏ကြိုးစားအားထုတ်မှုသည် အရာမထင်ဖြစ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - "မကောင်းသောအပေါင်းအသင်းကိုရှောင်၍ ဆိုးသောစကားကိုရှုတ်ချလော့။"

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏ကျဉ်းသောလမ်း၌ အကျွန်ုပ်ကိုထိန်းသိမ်းကွယ်ကာတော်မူပါ။

သောကြာ၊ ဖေဖော်ဝါရီ (၁၇)
**သူကြီး ၁၅း၁-၈**
ကမ္ဘာ ၄၉း၁-၇

*"သူတို့သည် အမျက်ထွက်၍လူအသက်ကိုသတ်ကြပြီ။ ကိုယ်အလိုသို့လိုက်၍မြို့ကို ဖြိုဖျက်ကြပြီ"*

# ရှံဆုန် (၉)

စိတ်ခံစားချက်သည် ပြောင်းလဲခြင်းရှိ၍ ကြာရှည်မခံပါ။ ထိုနည်းတူ ရှံဆုန်၏အမျက်ဒေါသသည်ပြေ၍ မိမိ၏ဇနီးကိုရှာခြင်းငှါ တိမနတ်မြို့သို့ ပြန်သွားခဲ့ပါသည်။ ဤခရီးသည် မိမိနှင့်ဖိလိတ္တိလူတို့အကြား၌ ဖြစ်ပွားမည့်ရန်ပွဲအစဖြစ်သည်ကို မသိခဲ့ပါ။ ဘုရားသခင်၏ကွယ်ကာစောင့်မတော်မူခြင်းအားဖြင့်၊ ရှံဆုန်သည် ဖိလိတ္တိလူတို့နှင့်မတူညီသော ထမ်းပိုးထမ်းခြင်းမှလွတ်၍ ဖိလိတ္တိလူတို့၏နှိပ်စက်ခြင်းမှ ဣသရေလလူတို့ကို ကယ်နှုတ်ခြင်းငှါ စတင်အမှုပြုမည်ဖြစ်ပါသည်။ ဤအမှု၌ ဘုရားသခင်၏ကျေးဇူးတော်နှင့်အဆုံးစွန်အာဏာတော်ကို မြင်တွေ့ရပါသည်။ ဘုရားသခင်အသုံးပြုတော်မူသောလူသည် ဘုရားသခင်၏အလိုတော်ကိုမရှာသည့်တိုင် ဘုရားသခင်သည် ထိုလူကိုမိမိ၏ရည်ရွယ်ချက်အတွက် အသုံးပြုတော်မူတတ်၏။

<u>"ငါသည် ဖိလိတ္တိလူတို့၌အပြစ်ပြုသော်လည်း၊ သူတို့သည် ငါ့ကိုအပြစ်တင်စရာမရှိ" (သူကြီး ၁၅း၃)</u>။ ရှံဆုန်၏အမျက်ဒေါသပေါက်ကွဲခဲ့ပါသည်။ မိမိခံရသောအရာအတွက် ကလဲ့စားချေခဲ့ပါသည်။ ဖိလိတ္တိလူတို့သည်စကားဝှက်၏အနက်ကိုသိခြင်းငှါ သူ၏ဇနီးကိုခြိမ်းခြောက်ခဲ့ကြသည်သာမက၊ ထိုဇနီးကိုသူတပါးထံ ပေးခဲ့ကြ၏။ ထို့ကြောင့် ရှံဆုန်သည် ဖိလိတ္တိလူတို့၏အသီးအနှံများကို မီးလောင်စေခြင်းငှါ သူတို့၏လယ်ယာထဲသို့ အမြီး၌မီးရှူးချည်ထားသောမြေခွေးများကို စေလွှတ်ခဲ့ပါသည်။ ထို့ကြောင့် ဖိလိတ္တိလူတို့သည် တိမနတ်မြို့သားမိသားစု၌ ကလဲ့စားချေခဲ့ကြပြန်၏။ ကလဲ့စားချေခြင်းက ကလဲ့စားချေခြင်းကိုဖြစ်စေပါ၏။

<u>"ထိုသို့ပြုသောကြောင့် ငါသည်စိတ်ပြေအောင်ပြုမည်။ စိတ်ပြေပြီးမှငြိမ်သက်စွာနေမည်" (သူကြီး ၁၅း၇)</u>။ မိမိဇနီးကိုခေါ်ခြင်းငှါ ဆိတ်သူငယ်ကိုယူဆောင်လျက် တိမနတ်မြို့သို့ သွားခဲ့သောရှံဆုန်သည်အပြန်အလှန်တိုက်ခိုက်ခြင်းကိုဖြစ်ပွားခဲ့ပါသည်။ သူ့ဇနီးမိသားစုက ရှံဆုန်အပေါ် အမှားကျူးလွန်ခဲ့ပါသည်။ ထို့ကြောင့် ရှံဆုန်ကဖိလိတ္တိလူတို့၏ယာခင်းကို မီးရှို့ခဲ့၏။ ဤရှံဆုန်၏အမှားကြောင့်၊ ဖိလိတ္တိလူတို့သည် တိမနတ်မြို့ရှိ မိသားစုကိုအိမ်နှင့်တကွ မီးရှို့ခဲ့ကြပါသည်။ ထိုအခါရှံဆုန်က "ငါသည်စိတ်ပြေအောင်ပြုမည်။ စိတ်ပြေပြီးမှငြိမ်သက်စွာနေမည်" (သူကြီး ၁၅း၇) ဟုဆို၏။ သို့သော်လည်း ထိုသို့အဆုံးသတ်မည်မဟုတ်ပါ။ ရှံဆုန်သည်သူတို့ကိုသတ်ပြီးမှ ကျောက်ထိပ်သို့သွား၍နေ၏။ ကလဲ့စားချေခြင်း၊ လက်တုန့်ပြန်ခြင်းရှိမည်ကိုသိသဖြင့် ထိုသို့ထွက်သွားခြင်းဖြစ်ပါလိမ့်မည်။

**ဆင်ခြင်ရန်** - ကလဲ့စားချေခြင်းက ဘုရားသခင်နှင့်ငြိမ်းချမ်းခြင်းကိုလျစ်လျူရှု၏။
**ဆုတောင်းချက်** - ကလဲ့စားချေခြင်းကို ကိုယ်တော်ပိုင်တော်မူ၏။ အဘဘုရား၊ မိမိလက်ဖြင့် ကလဲ့စားချေခြင်းမပြုမည်အကြောင်း မစတော်မူပါ။

စနေ၊ ဖေဖော်ဝါရီ (၁၈)
**သူကြီး ၁၅း၉-၁၃**
သုတ္တံ ၃၀း၁၁-၁၄၊ ၂၀

*"ကောင်းသောအကျင့်ကိုသိလျက်မကျင့်ဘဲ နေသောသူသည်အပြစ်ရှိ၏"*

# ရှံဆုန် (၁၀)

ရှံဆုန်နှင့်ယုဒလူတို့ထိပ်တိုက်တွေ့ဆုံခြင်းအကြောင်းက ဖိလိတ္တိလူတို့၏ ဩဇာအာဏာ ကျယ်ပြန့်မှုကိုပေါ်လွင်စေပါ၏။ ဖြစ်ပျက်ခဲ့သောအရာများ၊ ယာခင်းကိုရှံဆုန်မီးရှို့ခြင်း၊ တိမနတ်မြို့ မိသားစုသတ်ဖြတ်ခံရခြင်းနှင့် ရှံဆုန်၏ဖိလိတ္တိလူတို့သတ်ဖြတ်ခြင်း စသည်တို့ကို ယုဒလူတို့က သိခဲ့ကြပါလိမ့်မည်။ သိတင်းစကားသည်ပျံ့နှံ့လွယ်၏။ ထိုသို့ ဖိလိတ္တိလူတို့က ယုဒကိုတိုက်ခိုက်ခြင်းငှါ ချီတက်လာသောအခါ၊ ယုဒသည် လူတဦးပြုခဲ့သောအမှုမှ မျှော်လင့်ခြင်းနှင့်သတ္တိကို မမွေးဘဲ ကြောက်ရွံ့နေကြသည်ကို တွေ့ရပါ၏။

<u>"ယုဒလူတို့ကလည်း၊ အဘယ်ကြောင့်ချီလာကြသနည်းဟု မေးသော်" (သူကြီး ၁၅း၁၀)</u>။ ဖိလိတ္တိလူတို့၏တုန့်ပြန်မှု၌ ရှံဆုန်၏ပြုသောအမှုကြီးမားခြင်းကိုတွေ့ရပါသည်။ ထိုသို့တပ်ချကြသဖြင့် ယုဒလူတို့သည် စိုးရိမ်ခြင်းရှိကြ၏။ အဘယ်ကြောင့် စစ်တပ်သည်လူတဦးကို လိုက်ဖမ်းနေရပါသနည်း။ ယုဒလူတို့သည် သူတို့ကိုအုပ်စိုးသောဖိလိတ္တိလူတို့ကို ကြောက်သဖြင့် သူတို့လက်သို့ရှံဆုန်အားအပ်ရန်ကြိုးစားခဲ့ကြ၏။ သူတို့က ရှံဆုန်အား "ဖိလိတ္တိလူတို့သည် ငါတို့သခင်ဖြစ်ကြောင်းကို သင်မသိသလော" (သူကြီး ၁၅း၁၁) ဟုဆိုကြ၏။ လူကိုကြောက်ရွံ့ခြင်းသည် အမှန်ထောင်ချောက်ဖြစ်ပါ၏။ ရှံဆုန်ပြုသောအမှု၌ ဘုရားသခင်က သူတို့ကိုအခွင့်အရေးပေးနေကြောင်းကို ယုဒလူတို့သည် မသိမမြင်နိုင်ကြပါ။ သူတို့ကိုယ်တိုင် မိမိကိုမသတ်မည်အကြောင်း ကျိန်ဆိုစေပြီးမှ ရှံဆုန်သည် သူတို့ထံ မိမိကိုယ်ကိုအပ်လေ၏။ ယခုတွင် အင်အားကြီးသောစစ်တပ်နှင့်လူတဦးတို့၏တိုက်ပွဲကို မြင်ရတော့မည်ဖြစ်ပါသည်။

မိမိတို့အလယ်၌ ဘုရားသခင်စပြုတော်မူသောအမှုကို မမြင်ဘဲဝမ်းနည်းစရာအခြေအနေ၌ ဘုရားသခင်၏လူတို့နေကြခြင်းသည် ဝမ်းနည်းစရာကောင်းလှပါသည်။ လူသုံးထောင်ထဲတွင် တယောက်ကမျှ ရှံဆုန်ကိုလွှတ်ပေးမည်ဟူသောစကားပြောသောသူမရှိခဲ့ပါ။ ရှံဆုန်ကိုသာ လက်ညှိုးထိုး၍ ပြဿနာရှာသောသူဟုဆိုကြ၏။ "သင်သည်ငါတို့၌ အဘယ်သို့ပြုသနည်းဟုမေး" (သူကြီး ၁၅း၁၁) ကြ၏။ ကျွန်ခံခြင်းကိုလက်ခံကြပြီး၊ လွတ်မြောက်ခြင်းငှါ မျှော်လင့်ချက်မရှိခဲ့ကြပါ။ ဤလောကီအရာတို့၏အသိဉာဏ်မျက်စိကွယ်စေခြင်းကြောင့် များစွာသောလူတို့သည် အပြစ်၏ကျေးကျွန်ဘဝ၌ ကျေနပ်နေတတ်ကြ၏။ သူတို့၏အခြေအနေအမှန်မှာ ရုန်းထွက်ခြင်းငှါ အသိပေးသောသူတို့ကိုသူတို့မုန်းတီးတတ်ကြ၏။

**ဆင်ခြင်ရန်** - အဆင်ပြေခြင်းငှါ အပြစ်နှင့်ရောထွေးခြင်းသည် အပြစ်ဖြစ်ပါ၏။
**ဆုတောင်းချက်** - ("ကိုယ်တော်သည် သင့်ကိုကူညီမစလို၏၊ ကိုယ်တော်သည်သင့်ကို ပို့ဆောင်တော်မူလိမ့်မည်")။

တနင်္ဂနွေ၊ ဖေဖော်ဝါရီ (၁၉)
**သူကြီး ၁၅း၁၄-၂၀**
၃ ရာ ၁၈း၄၁-၁၉း၇

*“အိုထာဝရဘုရား၊ ယခုတန်ပါ၏။ . . .*
*အကျွန်ုပ်သည်ဘိုးဘေးတို့ထက် သာ၍မကောင်းပါ”*

# ရှံဆုန် (၁၁)

အခြားတရားသူကြီးတို့နှင့်မတူဘဲ၊ ရှံဆုန်သည် တဦးတည်းတိုက်ခိုက်ခဲ့ပါသည်။ စစ်တပ်ကို မစုဆောင်း၊ တယောက်ကိုမျှ မဦးဆောင်ခဲ့ပါ။ မိမိလူမျိုးတို့က ဖိလိတ္တိလူတို့ထံ ပေးအပ်သောအချိန်မှစ၍ သူသည်ဖိလိတ္တိလူတို့ကို စတင်တိုက်ခိုက်ခဲ့ပါသည်။ ဘုရားသခင်၏အမှုတော်ကို ကျွန်တော်တို့ဆောင်ရွက်သောအခါ၊ ဘုရားသခင်အလိုရှိတော်မူလျှင် လုပ်ဖော်ဆောင်ဖက်ကို ပေးတော်မူ၏။ သို့သော်၊ ဘယ်သူမှကျွန်တော်တို့နှင့်အတူ မရပ်တည်သော်လည်း ဘုရားသခင်သည် ကျွန်တော်တို့ကို အသုံးပြုနိုင်တော်မူ၏။ ကျွန်တော်တို့နှင့်အတူ လူဘယ်လောက်ရပ်တည်သလဲဟူသောအချက်သည် အဓိကမဟုတ်ပါ။ ဘုရားသခင်အတွက်၊ နှုတ်ကပတ်တရားအတွက် ကျွန်တော်တို့ရပ်တည်ပါသလားဟူသောအချက်သည် အဓိကဖြစ်ပါသလား။

<u>“ထာဝရဘုရား၏ဝိညာဉ်တော်သည်သူ့အပေါ်မှာ သက်ရောက်သဖြင့်” (သူကြီး ၁၅း၁၄)</u>။ ယုဒလူတို့သည် အံ့ဖွယ်အမှုကို မြင်တွေ့ကြရတော့မည်ဖြစ်ပါသည်။ ဖိလိတ္တိလူတို့က ရှံဆုန်သည် ချည်နှောင်ခံရ၍ ဘာမှမလုပ်နိုင်ဟုထင်လျက် ကဲ့ရဲ့ခဲ့ကြ၏။ ရှံဆုန်ကိုဖိလိတ္တိလူတို့ထံ အပ်နှံခြင်းဖြင့် ယုဒလူတို့သည် ဖိလိတ္တိလူတို့၏အုပ်စိုးခြင်းကို လက်ခံကြကြောင်း ပေါ်လွင်စေပါသည်။ သို့သော်လည်း၊ သူတို့၏အောင်မြင်မှုကြွေးကြော်သံသည် ဘုရားသခင်ပြုတော်မူသောအမှုအားဖြင့် နာကျင်ခြင်း၊ ကျဆုံးခြင်းအသံသို့ ပြောင်းလဲခဲ့ပါသည်။ ထာဝရဘုရားသည် လူတဦးကိုခွန်အားပေး၍ စစ်တပ်ကို ချေမှုန်းတော်မူ၏။ မြည်းမေးရိုးဖြင့် လူတဦးကစစ်တပ်တစ်ခုလုံးကို ချေမှုန်းသတ်ဖြတ်ခဲ့ပါသည်။

<u>“အလွန်ရေငတ်၍ ထာဝရဘုရားကိုဆုတောင်းလျက်” (သူကြီး ၁၅း၁၈)</u>။ ထိုသို့ ထာဝရဘုရားဝိညာဉ်တော်၏ခွန်အားပေးခြင်းဖြင့် ရန်သူကိုအောင်မြင်ခဲ့ပါသည်။ သို့သော်လည်း၊ ခန္ဓာကိုယ်အားအင်လျော့နည်းခဲ့ပါသည်။ ထိုအခါ ရှံဆုန်သည် အလွန်ရေငတ်သဖြင့်၊ မိမိခွန်အားဖြင့် မိမိလိုအပ်ချက်ကို မရနိုင်ကြောင်း၊ ဘုရားသခင်၏ကျေးဇူးတော်လိုအပ်ကြောင်း သူသိပါ၏။ ထို့ကြောင့် ဘုရားသခင်ထံဆုတောင်းပေးခဲ့ပါသည်။ ဘယ်သူမှမကူညီသော်လည်း၊ ဘုရားသခင်က ကူညီမစတော်မူ၏။ ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်း၌ သင်ပင်ပန်း၍ကူညီမည့်သူမရှိဟု သင်ထင်ရသော်လည်း၊ မိမိသားသမီးတို့ကိုဂရုစိုက်ပြုစုတော်မူသော ထာဝရဘုရားသည်ကျေးဇူးတော်အားဖြင့် လိုအပ်သောအရာကိုမစတော်မူလိမ့်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ယုံကြည်ခြင်းဖြင့် ကျွန်တော်တို့အောင်နိုင်လိမ့်မည်။
**ဆုတောင်းချက်** - (“ယေရှုကိုမျှော်ကြည့်လော့၊ သူသည် သင့်ကိုပို့ဆောင်တော်မူလိမ့်မည်”)။

*"ပြည့်တန်ဆာမကို မှီဝဲသောယောကျ်ားသည် ဆင်းရဲ၍မုန့်တလုံးကိုသာရတတ်၏"*

# ရှံဆုန် (၁၂)

တရားသူကြီးအခန်းကြီး ၁၅ ကို ရှံဆုန်က ဣသရေလအမျိုးကိုအနှစ်နှစ်ဆယ်အုပ်စိုးလေ၏ ဟု အဆုံးသတ်ခဲ့ပါသည်။ ထိုသို့သောအဆုံးသတ်ခြင်းတွေ့ရပြီးနောက်တွင် တရားသူကြီးတို့၏ အကြောင်းထပ်၍မဖော်ပြတော့ကြောင်းကို အရင်တရားသူကြီးတို့၌ တွေ့ရပါသည်။ သို့သော်လည်း၊ ရှံဆုန်အကြောင်းတွင် ထိုသို့မဟုတ်၊ ဆက်လက်၍သူ၏အားသာချက်နှင့်အားနည်းချက်ကို ဆက်လက် ဖော်ပြခဲ့ပါသည်။ ယနေ့ကျမ်းပိုဒ်တွင်ရှံဆုန်၏လမ်းမှားမှုနှင့် ဇာတိတပ်မက်ခြင်းကို ဖော်ပြခဲ့ပါသည်။ ကြုံတွေ့ခံစားခဲ့သောကျေးဇူးတော်သည် လူတဦးကိုပြောင်းလဲစေရန် လုံလောက်သည်ဟုထင်တတ်ကြ ပါသည်။ မှန်ပါ၏၊ ဘုရားသခင်၏ကျေးဇူးတော်ကိုအစဉ်ရေတွက်တတ်ပါလျှင် အမှားကျူးလွန်မည် မဟုတ်ပါ။

<u>"နောက်တဖန် ရှံဆုန်သည် ဂါဇမြို့သို့သွား၍ ပြည့်တန်ဆာမိန်းမကိုတွေ့ပြီးလျှင် သူ့ဆီသို့ ဝင်၍နေ၏"(သူကြီး ၁၆း၁)</u>။ ဤကျမ်းပိုဒ်၌ရှံဆုန်၏ကြောက်ရွံ့မှုကင်းမဲ့ခြင်းကို တွေ့ရပါသည်။ သူသည် ဖိလိတ္တိနယ်မြေထဲသို့ဝင်ရောက်ခဲ့ပါသည်။ ထိုသို့မြို့ထဲဝင်သည်သာမက၊ ညအိပ်ခဲ့ပါသည်။ ဖိလိတ္တိလူတို့သည် မိမိတို့ရန်သူ၏ခွန်အားကိုသိသဖြင့် လျင်မြန်စွာမလှုပ်ရှားဘဲ အခွင့်ကောင်းကို စောင့်နေခဲ့ကြ၏။ ဤကျမ်းပိုဒ်၌တွေ့ရသော ဒုတိယအချက်မှကား၊ ရှံဆုန်၏အားနည်းချက်နှင့် မိုက်မဲမှုပင်ဖြစ်ပါသည်။ အရင်၌မိန်းမတဦးကြောင့် သေလုနီးပါးဖြစ်ခဲ့ပြီး၊ ဘုရား၏ကျေးဇူးတော် ကြောင့်သာ အသက်ရှင်ခဲ့၏။ ယခုတဖန် ဂါဇမြို့၌ "ပြည့်တန်ဆာမိန်းမ" ကို တွေ့ပြန်၏။ အပြစ်၏ သွေးဆောင်ခြင်းသည် သတိမထားသောပုဂ္ဂိုလ်ကိုကျော့မိတတ်၏။ သမ္မာကျမ်းစာက "ထို့ကြောင့် အကြင်သူသည် မိမိတည်ကြည်လျက်နေသည်ဟု မိမိထင်မှတ်၏၊ ထိုသူသည်မလဲခြင်းငှါ သတိပြုစေ" (၁ ကော ၁၀း၁၂) ဟုဆိုထားပါသည်။

<u>"ရှံဆုန်သည် . . . သန်းခေါင်အချိန်၌ထ၍မြို့တံခါးရွက်တို့ကို . . . ထမ်းသွား၍" (သူကြီး ၁၆း၃)</u>။ ဤကျမ်းပိုဒ်၌ မိမိကျွန်တော်အပေါ် ထာဝရဘုရား၏စိတ်ရှည်သည်းခံခြင်းကိုတွေ့ရပါသည်။ ရှံဆုန်သည် မိမိ၏အံ့ဖွယ်ခွန်အားကြောင့် မိမိကိုယ်ကိုစိတ်ချယုံကြည်ခြင်းရှိ၏။ ခန္ဓာကိုယ်ခွန်အားက ဝိညာဉ်ရေးရာမရင့်ကျက်မှုကို ဖုံးကွယ်တတ်၏။ ဘုရားသခင်က ကျွန်ုပ်တို့ကိုအသုံးပြုတော်မူခြင်း၌ ကျွန်တော်တို့ပြုသောအမှုတိုင်းကို သဘောတူသည်ဟုမဆိုလိုပါ။ ဘုရားသခင်၏အသိမှတ်ပြုခြင်းကို နာခံခြင်းဖြင့်သာ တိုင်းတာကြရပါမည်။

**ဆင်ခြင်ရန်** - "အပြစ်သွေးဆောင်ခြင်းသို့မလိုက်ပါနှင့်၊ ထိုသို့လိုက်ခြင်းသည် အပြစ်ဖြစ် ပါသည်။"

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏တန်ခိုးတော်ကို ကျွန်တော်ဘယ်တော့မှသံသယ မဝင်မည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ ဖေဖော်ဝါရီ (၂၁)
**သူကြီး ၁၆း၄-၅**
၃ ရာ ၁၁း၁-၁၃

*“မိန်းမများတို့သည် စိတ်နှလုံးတော်ကိုအခြားတပါးသော ဘုရားနောက်သို့ လွှဲစေသဖြင့် . . ”*

---

# ရှံဆွန် (၁၃)

ရှံဆုန်၏ပြဿနာသည် သမ္မာကျမ်းစာ၌တွေ့ရသည်အတိုင်း ဖိလိတ္တိမိန်းမများဖြစ်သော တိမနတ်မြို့မှ မိန်းမနှင့် ဂါဇမြို့မှ ပြည့်တန်ဆာနှင့်ဆိုင်သော သွေးဆောင်ခြင်းပင်ဖြစ်ပါသည်။ သူ၏ ကျဆုံးခန်းသည် စောရက်၌နေသော ဒေလိလအားဖြင့်ဖြစ်ပါသည်။ သူ၏စကားဝှက်အနက် ကို သူချစ်သောမိန်းမကြောင့် ပေါက်ကြားစေခဲ့ပါ၏။ သူ၏ခွန်အားလျှို့ဝှက်ချက်သည်လည်း ဤ ဒေလိလဟူသောမိန်းမအားဖြင့် ဖိလိတ္တိလူတို့က သိခဲ့ကြပါသည်။ ဒံယေလသည် သူ့ရန်သူတို့၏ ချောင်းမြောင်းတိုက်ခိုက်ခြင်းကို ခံရသကဲ့သို့ (ဒံယေလ ၆း၄)၊ ရှံဆုန်သည်လည်း ရန်သူ၏ချောင်း မြောင်းတိုက်ခိုက်ခြင်းခံခဲ့ရပါသည်။ သို့သော်လည်း ဒံယေလသည် အခြားအမှု၌တိုက်ခိုက်ခြင်းငှါ အပြစ်ရှာမတွေ့ကြဘဲ၊ “ဘုရားသခင်၏ဘာသာမှု”၌သာ စွပ်စွဲတိုက်ခိုက်ခွင့်ရကြ၏ (ဒံယေလ ၆း၅)။ ဖိလိတ္တိလူတို့သည် ရှံဆုန်၏အားနည်းချက်ကို ဒေလိလ၌တွေ့ရှိခဲ့ကြပြီး၊ ငွေအသပြာပေးခြင်းငှါ ကမ်း လှမ်းခဲ့ကြပါသည်။

“<u>ရှံဆုန်၌ကြီးသောခွန်အားသည် အဘယ်အရာအားဖြင့်တည်သနည်း၊ သူ့ကိုချည်နှောင်၍ နှိပ်စက်ခြင်းငှါ အဘယ်သို့တတ်နိုင်မည်နည်းဟု သူ့ကိုချော့မော့၍စုံစမ်းပါ” (သူကြီး ၁၆း၅)</u>။ ရန်သူ သည် နည်းဗျူဟာကိုပြောင်း၍၊ စစ်တပ်ကိုမစေလွှတ်၊ မြို့တံခါးကိုပိတ်၍ ချောင်းမြောင်းစောင့်ခြင်း မပြုတော့ဘဲ၊ ရှံဆုန်၏အားနည်းချက်ကို ရှာဖွေခဲ့ကြပါသည်။ ဇာတိတပ်မက်ခြင်းနောက်သို့ လိုက် သောသူသည် ထိုအမှုအားဖြင့် တိုက်ခိုက်ခြင်းယခုခံရပါပြီ။ ဤကမ္ဘာလောက၌ အခက်အခဲအန္တ ရာယ်များစွာရှိသည်ဖြစ်၍ ထိုအရာတို့ကိုကျော်ဖြတ်ခြင်းငှါ ဘုရားသခင်က ကျွန်ုပ်တို့ကိုကျေးဇူးတော် အားဖြင့် ခွန်အားပေးတော်မူ၏။ ဘုရားသခင်ကိုယုံကြည်ကိုးစားလျက်၊ အပြစ်သွေးဆောင်ရာသို့ မလိုက်ပါစေဘဲ၊ မကောင်းသောအမှုမှ ကယ်နှုတ်ခြင်းငှါ ကျွန်တော်တို့ဆုတောင်းကြရပါမည်။ ဘုရား သခင်ကယ်နှုတ်တော်မူနိုင်သည်ဟုဆိုလျက် သွေးဆောင်ခြင်းနှင့်မကောင်းသောအမှု၌ ကျွန်တော်တို့ မကျင်လည်ရပါ။ “ကျေးဇူးတော်ပွားများစေခြင်းငှါ အပြစ်တရားကိုကျင့်၍နေရမည်လော”(ရောမ ၆း၁-၂) ဟု ပေါလုဆိုသည်အတိုင်း၊ ဘုရားသခင်ကယ်နှုတ်တော်မူနိုင်ပါ၏ဟုဆိုလျက် မကောင်းသော အမှု၌ ကျွန်တော်တို့မကျင်လည်ရပါ။ ရှံဆုန်သာလျှင် သွေးဆောင်ခြင်းခံရသည်မဟုတ်ဘဲ၊ ဒေလိလ လည်း ခံရပါ၏။ ဖိလိတ္တိမင်းတို့သည် ဒေလိလပြုမည့်အမှုသည် ခက်ခဲသောကြောင့်ချော့မော့၍ ပြုရန်နှင့်ထိုအမှုအတွက် ငွေအသပြာပေးရန် သွေးဆောင်ခဲ့ကြပါသည်။ ထိုသို့ လာဘ်ထိုးခြင်းက ပြုရမည့်အမှု၏အန္တရာယ်ကြီးမားမှုကို ပေါ်လွင်စေပါသည်။ ဒေလိလသည် ဖိလိတ္တိမင်းတို့၏ ချုပ်နှောင်ခြင်းခံရခဲ့ပြီး၊ ရှံဆုန်ကို ချော့မော့သိမ်းသွင်း၍ သူ့အားနည်းချက်ကိုဖော်ထုတ်လျက် သူတို့ထံ အပ်နှံမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - “သင်၏နှလုံးကိုအထူးသဖြင့်စောင့်ရှောက်လော့” (သုတ္တံ ၄း၂၃)။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ကို နေ့စဉ်ယုံကြည်ကိုးစားမည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ (၂၂)
**သူကြီး ၁၆း၆-၁၄**
သုတ္တံ ၅း၁-၁၄

*"တပါးအမျိုးသားတို့သည်
သင်၏စည်းစိမ်နှင့်ပြည့်ဝကြလိမ့်မည်"*

# ရှံဆုန် (၁၄)

ဒေလိလ၏ချော့မော့သွေးဆောင်ခြင်းနှင့် ရှံဆုန်၏ခွန်အားလျှို့ဝှက်ချက်ဖော်ထုတ်ခြင်းအကြောင်း၌၊ တယောက်ယောက်က -ဘာကြောင့် ရှံဆုန်ကသံသယမဝင်ဘဲ၊ မသိဘဲနေပါသနည်းဟု မေးခွန်းထုတ်နိုင်ပါသည်။ လူအချို့က ရှံဆုန်ထက်ပို၍ဉာဏ်ရှိမည်ဟု မိမိကိုယ်ကိုထင်နိုင်ပါသည်။ ကျွန်ုပ်တို့၏လုံးဝယိုယွင်းပျက်စီးခြင်းကို ကျွန်တော်တို့သတိမပြုမိကြပါ။ ဤကျမ်းပိုဒ်၌ ကျွန်ုပ်တို့ဇာတိတပ်မက်ခြင်းအလိုလိုက်ခြင်းအကြောင်းကို တွေ့ရပါသည်။ ထို့ပြင် သွေးဆောင်သူ၏အစဉ်ကြိုးစားအားထုတ်မှုနှင့်ချော့မော့တတ်ခြင်းကိုလည်း တွေ့ရပါသည်။ သမ္မာကျမ်းစာက ဤသို့သတိပေးထားပါသည် - "ထို့ကြောင့် အကြင်သူသည် မိမိတည်ကြည်လျက်နေသည်ဟု မိမိထင်မှတ်၏၊ ထိုသူသည် မလဲခြင်းငှါ သတိပြုစေ" (၁ ကော ၁၀း၁၂)။ "ညီအစ်ကိုတို့၊ လူသည်သတိလစ်၍ တစုံတခုသောဒုစရိုက်ကိုပြုမိလျှင် ဝိညာဉ်ဆုကျေးဇူးကိုခံရသောသင်တို့သည် အပြစ်သွေးဆောင်ခြင်းနှင့် ကိုယ်တိုင်လွတ်မည်အကြောင်း၊ ကိုယ်ကိုသတိပြုလျက် သိမ်မွေ့နူးညံ့သောသဘောနှင့် ထိုသို့သောသူကိုမစ၍၊ သူ၏နေရာ၌တည်မြဲတည်စေပြန်ကြလော့" (ဂလာတိ ၆း၁)။

<u>"ဒေလိလကလည်း. . . ရှံဆုန်အားတောင်းပန်သော်. . . ရှံဆုန်က. . . ပြောဆို၏" (သူကြီး ၁၆း၆-၇)</u>။ အဖြစ်အပျက်တခုလုံး၌ ဤအချက်ကိုအကြိမ်ကြိမ်တွေ့ရပါသည်။ အပြစ်ကိုမွေးမြူလျှင် မကြာမီအားကြီးလာမည်ဖြစ်ပါသည်။ ဒေလိလသည် ကြိုးစားအားထုတ်၍ ချော့မော့သွေးဆောင်ခဲ့ပြီး၊ ရှံဆုန်ကလည်း အမျိုးမျိုးဖြင့် ပြန်လည်တုန့်ပြန်ခဲ့ပါသည်။ ရှံဆုန်သည် ဒေလိယ၌မိမိ၏ဇာတိတပ်မက်ခြင်းကို ရောင့်ရဲတင်းတိမ်စေခြင်းငှါ အလိုရှိသောကြောင့် အရေးကြီးသောအချက်ကိုဖော်ထုတ်ခြင်းခံခဲ့ရပါသည်။ မြွေနှင့်ဧဝ၏အပြန်အလှန်ပြောစကား၌လည်း (ကမ္ဘာ ၃း၁-၆)၊ အန္တရာယ်မရှိဟုထင်၍ မိဿဟာယဖွဲ့သောကြောင့် နောက်ဆုံး၌သွေးဆောင်ခြင်းထဲသို့ ကျရောက်ခဲ့ပါသည်။ ရှံဆုန်က မုသားပြောသဖြင့် ဒေလိလကလည်း ပို၍ကြိုးစားအားထုတ်သည်ဟု ထင်ရပါသည်။ သွေးဆောင်ခြင်းခံရသောအခါ လုံခြုံလွတ်မြောက်နိုင်သော နည်းလမ်းမှာပေါတိဖါမိန်းမ၏ သွေးဆောင်ခြင်းခံရသောယောသပ်၏အပြုအမူပင် ဖြစ်ပါသည် (ထိုသို့ပြုခြင်းငှါ တမန်တော်ကလည်း ၂ တိ ၂း၁၄-၂၆ ထဲတွင် တိုက်တွန်း၍ပညတ်ထားပါသည်။ မလိုအပ်သောငြင်းခုံခြင်း၊ မိဿဟာယဖွဲ့ခြင်းကို ရှောင်ကြရပါမည်။ ဇာတိတပ်မက်ခြင်းနှင့် အလိုဆန္ဒကိုဘယ်နည်းနှင့်မဆို ငြင်းပယ်ရပါမည်။ သို့မှသာ ဘုရားသခင်အသုံးတော်ခံသန့်ရှင်းသောတန်ဆာပလာဖြစ်မည်ဖြစ်ပါသည်။ ကျွန်တော်တို့သည် ရှံဆုန်ကဲ့သို့ကျွန်ုပ်တို့၏ဇာတိတပ်မက်ခြင်းကို မွေးဖြူသောကြောင့် အသက်တာ၌လဲကျခြင်းကြုံတွေ့ရတတ်၏။ ထို့ကြောင့် အပြစ်ကိုလုံးဝမမွေးမြူသင့်ပါ။ သွေးဆောင်ခြင်းစကားကို ဆင်ခြင်သောကြောင့် ကျွန်တော်တို့သည် ဘုရားသခင်ကိုသံသယဝင်တတ်ကြသည်မဟုတ်လော။ မသေချာမရေရာမှုနောက်သို့လိုက်၍ လမ်းမှားရောက်တတ်ကြသည်မဟုတ်လော။

**ဆင်ခြင်ရန်** - (သုတ္တံ ၂၃း၂၆-၂၈ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - မိမိကိုယ်ကို ကိုးစားခြင်းက အပြစ်သို့ပို့ဆောင်တတ်၏။ အဘဘုရား၊ အကျွန်ုပ်ကိုခွင့်လွှတ်တော်မူပါ။

*"ချစ်ဘွယ်သောစကားနှင့်ထိုသူကို
သွေးဆောင်၍ . . . နိုင်သဖြင့်"*

# ရှံဆွန် (၁၅)

ဒေလိလသည် မိမိ၏ရည်ရွယ်ချက်အောင်မြင်ခြင်း၌ ကြိုးစားအားထုတ်ခဲ့ပါသည်။ ရှံဆုန်သည် ဒေလိလ၏အလှအပနှင့်ချော့မော့ခြင်းကိုမလွန်ဆန်နိုင်ဘဲ ဖြစ်ခဲ့ပါသည်။ ရှံဆုန်က မုသားပြောသော်လည်း၊ ဒေလိလသည် ကြိုးစား၍ လျှို့ဝှက်ချကကိုမေးမြန်းသွေးဆောင်ခဲ့ပါသည်။ ထိုသို့ အစဉ်ကြိုးစားမေးမြန်းခဲ့သောကြောင့် လိုချင်သောလျှို့ဝှက်ချက်အကြောင်းကို သူရရှိခဲ့ပါ၏။ ဤအမှု၌ အချို့က အဘယ့်ကြောင့်ရှံဆုန်သည် အရင်အဖြစ်အပျက်ကိုမေ့လျော့ခဲ့သနည်း။ စကားဝှက်၏အနက်ကို ဖော်ထုတ်ခြင်းကြောင့် သူပေးဆပ်ခဲ့သောအဖိုးအခကို ဘာကြောင့်မေ့ခဲ့ပါသနည်း။ လူအယောက်သုံးဆယ်ကိုသတ်ခဲ့ရ၏။ ဝံပုလွေသုံးရာကိုဖမ်း၍ လယ်ယာကိုမီးရှို့ခဲ့၏။ တိမနတ်မြို့မိသားစုကိုဂလဲ့စားချေသောကြောင့် ယုဒလူတို့က သူ့ကိုဖမ်း၍ဖိလိတ္တိလူတို့ထံ ချည်နှောင်လျက်အပ်နှံခြင်းခံရခဲ့၏။ ထိုအရာတို့ကို ဘာကြောင့် မေ့ခဲ့ပါသနည်းဟုဆိုနိုင်ပါသည်။ လူ၏စိတ်သည် အလွန်ကောက်ကျစ်၍ယိုယွင်းပျက်စီး၍ အားနည်းကြောင်းသိမှတ်ရပါမည်။

<u>"သင်သည် ငါ့ကိုချစ်သည်ဟုစိတ်နှလုံးမပါဘဲလျက် အဘယ်သို့ပြောနိုင်သနည်း" (သူကြီး ၁၆း၁၅)</u>။ ဒေလိလထံ ရှံဆုန်မိမိကိုယ်ကိုအပ်နှံခြင်းက လူသား၏စိတ်နှလုံးယိုယွင်းမှုနှင့်အားနည်းမှုကို ဖော်ပြပါ၏။ ရှံဆုန်သည် သေလုအောင်နှောင့်ယှက်ခြင်းခံရသော်လည်း၊ ဒေလိလထံမှ ထွက်မသွားနိုင်ခဲ့ပါ။ သူသည် မြည်းမေးရိုးဖြင့် လူတထောင်သတ်နိုင်ခဲ့သော်လည်း၊ မြို့တံခါးကိုထမ်း၍ ထွက်ပြေးနိုင်သော်လည်း၊ စိတ်နှလုံးကိုနှောင့်ယှက်သောအပြစ်ကို မတိုက်ထုတ်နိုင်၊ ဘုရားသခင်ထံ ပြုသောသစ္စာဂတိကို မစောင့်ရှောက်နိုင်ခဲ့ပါ။ အပြစ်တရားသည် လူ့စိတ်နှလုံးကိုချယ်လှယ်နိုင်ကြောင်း တွေ့ရပါ၏။ ရှံဆုန်သည် ထိုသို့ဒေလိလအပေါ်၌ သစ္စာရှိ၍မိမိကိုယ်ကို အပ်နှံသော်လည်း၊ ဒေလိလ၏စိတ်နှလုံးကိုမရခဲ့ကြောင်း တွေ့ရပါသည်။ သုတ္တံ ၁၉း၁၃ထဲတွင် ဤသို့ဖော်ပြထားပါသည်- "မိုက်သောသားသည် အဘဆင်းရဲစရာအကြောင်းဖြစ်၏။ ရန်တွေ့တတ်သောမယားသည်လည်း အစက်စက်ကျသောနှင်းရည်ကဲ့သို့ဖြစ်၏။" အဆက်မပြတ်ကျသောစကားက ရှံဆုန်ကိုနှောင့်ယှက်ခဲ့ပြီး၊ သူ့မိုက်မဲမှုက ဘုရားသခင်နှင့်ကင်းကွာစေခဲ့၏။ ဒေလိလနှင့်မကင်းကွာနိုင်သောရှံဆုန်ကဲ့သို့ အပြစ်နှင့်မကင်းကွာနိုင်သောခရစ်ယာန်သည် ကျဆုံးပါလိမ့်မည်။ အပြစ်နှင့်မရောနှောဘဲနေခြင်း၌ မရွေးချယ်နိုင်ခဲ့သောကြောင့်၊ ထိုအပြစ်ကသူ့ကိုဘုရားသခင်ထံမှ ကင်းကွာစေခဲ့ပါသည်။ မိမိစိတ်နှလုံးကို နှောင့်ယှက်နေသောမိုက်မဲမှုက မကြာမီသူ့ခန္ဓာကိုယ်ကိုချုပ်နှောင်၍ "ထောင်ဒဏ်၌ကြိတ်ဆုံနှင့်ကြိတ်စေ" လိမ့်မည်ဖြစ်ပါသည် (သူကြီး ၁၆း၂၁)။ ဝမ်းနည်းစရာကောင်းသည်မှာ ဤအမှုများ၌ရှံဆုန်က "ထာဝရဘုရားစွန့်တော်မူကြောင်းကို မရိပ်မိ"ခြင်းပင်ဖြစ်ပါသည် (သူကြီး ၁၆း၂၀)။

**ဆင်ခြင်ရန်** - (သုတ္တံ ၇း၂၆ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်စိတ်နှလုံးသည် ကိုယ်တော်၌တည်မည်အကြောင်း မစတော်မူပါ။

သောကြာ၊ ဖေဖော်ဝါရီ (၂၄)
**သူကြီး ၁၆း၂၃-၃၁**
၂ ကော ၆း၁၄-၇း၁ *“ငါ့နာမကိုနေ့တိုင်းကဲ့ရဲ့ကြသည်ဖြစ်၍. . . ”*

---

# ရှံဆုန် (၁၆)

ရှံဆုန်၏အသက်တာက အပြစ်ကိုမွေးမြူပြုစုလျှင် အကျိုးသက်ရောက်မှုနှစ်ခုရှိကြောင်း ပေါ်လွင်စေပါသည်။ ပထမအကျိုးကား၊ အပြစ်သည် အပြစ်သားကိုဘုရားသခင်နှင့်ကင်းကွာစေ၏။ ရှံဆုန်က မိမိအားဘုရားသခင်စွန့်တော်မူကြောင်း မသိခဲ့ပါ။ ဒုတိယအချက်ကား၊ အပြစ်သည် စိတ်နှလုံးကိုနှောင့်ယှက်သည်သာမက၊ ခန္ဓာကိုယ်ကိုလည်း ချုပ်နှောင်နှောင့်ယှက်ပါ၏။ ဣသရေလကိုကယ်နှုတ်ခဲ့သောရှံဆုန်သည် ကိုယ်တိုင်ချုပ်နှောင်ခြင်းခံရ၍ အချုပ်ထဲ၌အလုပ်ကြမ်းလုပ်စေခြင်း ခံရပါသည်။ ထို့ပြင် ဤရှံဆုန်၏ဘဝနိဂုံးအသက်တာမှ အခြားသောအကျိုးနှစ်ခုကို အပြစ်က ဖြစ်စေကြောင်းတွေ့ပြန်ပါသည်။ ထိုအချက်ကို ယာကုပ်ကသမ္မာကျမ်းစာထဲတွင် ဤသို့ဖော်ပြထားပါသည်- “တပ်မက်သောစိတ်သည် ပဋိသန္ဓေယူ၍ဒုစရိုက်ကို ဘွားတတ်၏။ ဒုစရိုက်သည်လည်း ပြည့်စုံလျှင် သေခြင်းကိုဘွားတတ်၏” (ယာကုပ် ၁း၁၅)။

<u>“ငါတို့ဘုရားသည် . . . ငါတို့၏ရန်သူကိုငါတို့လက်သို့အပ်တော်မူပြီ”(သူကြီး ၁၆း၂၄)</u>။ ဤဘုရားသခင်ကိုကဲ့ရဲ့သောစကားဆိုကြခြင်းအကြောင်းရင်းသည် သတိမထားသောရှံဆုန်၏အသက်တာပင်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် အပြစ်ကိုမွေးဖြူပြုစုသောအခါ ထိုအပြစ်နှင့်ကျွန်တော်တို့၏မိုက်မဲမှုက ဘုရားသခင်၏နာမတော်ကို အရှက်ရစေပါ၏။ အပြစ်ကြောင့် ဘုရားသခင်၏အမှုတော်၌ ကျွန်တော်တို့မပါဝင်ရတော့ဘဲရှိသော်လည်း၊ ဘုရားသခင်၏အမှုတော်သည် ဆက်လက်၍ဆောင်ရွက်ခြင်းခံရမည်ဖြစ်ပါသည်။ ပေါလုက ဤသို့ဆိုထားပါသည်- “ပညတ်တရားတော်ကိုအမှီပြု၍ဝါကြွားလျက်ပင် ထိုတရားကိုလွန်ကျူး၍ ဘုရားသခင်၏ဂုဏ်အသရေတော်ကိုရှုတ်ချသလော။ အကြောင်းမူကား ကျမ်းစာ၌လာသည်နှင့်အညီ တပါးအမျိုးသားတို့သည် သင်တို့အကျင့်ကိုထောက်၍ဘုရားသခင်၏နာမတော်ကို ကဲ့ရဲ့တတ်ကြ၏” (ရောမ ၂း၂၃-၂၄)။ ဖိလိတ္တိလူတို့သည် မိမိတို့၏ဘုရားကို ချီးမွမ်းကြသည် သာမက၊ ထိုရုပ်တုကိုချီးမြှောက်သောအားဖြင့် ရှံဆုန်ကိုနှိပ်စက်လျက် ကစားစေခဲ့ကြ၏။

<u>“အကျွန်ုပ်သည် ဖိလိတ္တိလူတို့နှင့်အတူသေပါရစေ” (သူကြီး ၁၆း၃၀)</u>။ အပြစ်ကို ပြုစုမွေးမြူလျှင် နောက်ဆုံး၌သေခြင်းခံရတတ်ပါသည်။ ရှံဆုန်ပြုသောနောက်ဆုံးအမှုသည် မိမိကိုယ်ကျိုးအတွက် မဟုတ်သကဲ့သို့၊ အလွန်အကျိုးရှိသောအမှုဖြစ်ပါသည်။ သို့သော်လည်း၊ ယာကုပ်ဆိုသကဲ့သို့ အပြစ်သည်သေခြင်းကိုဖြစ်စေ၏။ ပေါလုက ဤတရားကိုပွဲတော်၌မထီမဲ့မြင်ပြုသောကောရိန္သုမြို့သူမြို့သားတို့အား ပြောကြားခဲ့ပါသည် -“ထိုအကြောင်းကြောင့် သင်တို့တွင်အားနည်းသောသူ၊ မကျန်းမမာသောသူအများရှိကြ၏။ သေသောသူအများလည်းရှိကြ၏” (၁ ကော ၁၁း၃၀)။ ဘုရားသခင်၏ သားသမီးတို့သည်အပြစ်ကို မပြုစုမမွေးမြူသင့်ပါ။ ရှံဆုန်သည် မျက်စိတပ်မက်ခြင်းနောက်သို့ လိုက်၍ နောက်ဆုံး၌မိမိ၏မျက်စိကန်းသောအခါ၊ မိမိ၏တာဝန်ဝတ္တရားကို ပြန်လည်အမှတ်ရသည်ဟုထင်ရပါသည် - ထိုအခါ အရာခပ်သိမ်းကိုပေးဆပ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - (မသဲ ၅း၂၉ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ကိုအစဉ်ယုံကြည်ကိုးစား၍ နာခံခြင်းရှိမည်အကြောင်း မစတော်မူပါ။

စနေ၊ ဖေဖော်ဝါရီ (၂၅)
**သူကြီး ၁၇း၁-၆**
ဟောရှေ ၄း၆-၁၀ *"သင်သည်ပညာကိုပယ်သောကြောင့် . . သင့်ကိုငါပယ်မည်"*

# ပြည့်စွက်အကြောင်းအရာများ

တရားသူကြီးမှတ်စာနောက်ဆုံးအခန်းကြီးငါးခု (၁၇-၂၁)ထဲတွင် အဘယ်တရားသူကြီး၏ လုပ်ဆောင်မှုကိုမျှမဖော်ပြဘဲ၊ တရားသူကြီးခေတ်ကာလ၌ ဖြစ်ပျက်သောအခြေအနေနှင့်ဘဝအကြောင်းကိုအကျဉ်းချုပ်ဖော်ပြထားပါသည်။ ဤအခန်းကြီးငါးခန်းကို နောက်ဆုံးတရားသူကြီးဖြစ်သောရှမွေလ၏ဘဝအကြောင်း မလေ့လာမှီလေ့လာသိမှတ်ကြပါစို့။ ဤအကျဉ်းချုပ်ဖော်ပြချက်တွင် ကျဆုံးသောတိုင်းပြည်နှင့်အုပ်ချုပ်ရေးကိုတွေ့ရပါ၏။ အချို့သောအချက်အလက်အကြောင်းအရာကို တရားသူကြီးတို့ခေတ်ကာလလေ့လာခြင်းဟူသော နိဒါန်း၌ လေ့လာခဲ့ပြီးဖြစ်ပါသည်။ အခန်းကြီး ၁၇-၁၈ ထဲတွင် ပြည်တွင်းအုပ်ချုပ်ရေးကျဆုံးမှုကို တွေ့ရပါသည်။ တခုမှတ်သားရမည်မှာ ဣသရေလ၏ဘာသာရေးတရားသည် လူနေမှုဘဝတစ်ခုလုံးကို အကျိုးသက်ရောက်စေသည်ဖြစ်သောကြောင့်၊ လူနေမှုဘဝကျဆုံးခြင်းသည် ဘာသာရေးတရားကျဆုံးခြင်းကြောင့်ဖြစ်ပါသည်။ (မိသားစုတိုင်း၌ ဘာသာတရားနှင့်ဘုရားသခင်ကြောက်ရွံ့ခြင်းတရားကို သင်ကြားကြရပါမည်)။

<u>"အမိက၊ ငါ့သား၊ ထာဝရဘုရားကောင်းကြီးပေးတော်မူပါစေသောဟုဆို၏" (သူကြီး ၁၇း၂)</u>။ အသပြာငွေပျောက်သွားသောမိသားစုအကြောင်းကို တွေ့ရပါသည်။ မိမိမိခင်၏အသပြာငွေကို ခိုးယူကြောင်းဝန်ခံသောသူခိုး၊ မိက္ခာကိုစတင်တွေ့ရပါ၏။ ဤငွေပျောက်သောကြောင့် မိခင်သည် ကျိန်ဆဲခြင်းစကားကိုဆိုခဲ့သည်ဟုထင်ရပါသည်။ ထိုကျိန်ဆဲခြင်းစကားကြောင့် မိက္ခာသည် ဝန်ခံခြင်းဖြစ်သည်ဟုထင်ရပါသည်။ သို့သော်လည်း ထိုဝန်ခံခြင်းနောက်၌ ဖြစ်ပျက်သောအရာက ဤမိသားစု၌ ဝိညာဉ်ရေးရာတရားသဘောပေါက်နားလည်ခြင်းမရှိကြောင်း တွေ့ရပါသည်။ ပထမအချက်ကား၊ မိခင်သည် မိမိကျိန်ဆဲခြင်းကို ပြောင်းပြန်ဖြစ်စေခြင်းငှါ သားအားကောင်းကြီးပေး၍၊ ထိုအသပြာဖြင့် ရုပ်တုသွန်းလုပ်ခဲ့ပါသည်။ ဒုတိယအချက်ကား၊ မိခင်က - 'ငွေရှိသမျှကို ထာဝရဘုရားအားငါပူဇော်နှင့်ပြီ" (သူကြီး ၁၇း၃) ဟုဆိုသော်လည်း၊ မိမိလက်ထဲပြန်ရသောအခါ ဆယ်တပိသာထဲတွင် နှစ်ပိသာကိုသာ ရုပ်တုသွန်းလုပ်ဖို့အသုံးပြုခဲ့ပါသည်။ ဤမိသားစုလူနေမှုဘဝ၌ ဘုရားသခင်ကြောက်ရွံ့မှုမရှိကြောင်း တွေ့ရပါသည်။ ခိုးခြင်း၊ ရုပ်တုဆင်းတုသွန်းလုပ်ခြင်း၊ ဘုရားသခင်၏အမည်နာမအားမုသာနှင့်ဆိုင်၍မြွက်ဆိုခြင်းဟူသော ဘုရားသခင်တားမြစ်သောအရာတို့ကို ကျူးလွန်ခဲ့ကြပါသည်။ ဣသရေလသမိုင်းကြောင်း၊ နွားသူငယ်ရွှေရုပ်တုအဖြစ်အပျက်တို့ကို မေ့လျော့ခဲ့ကြပြီဖြစ်၍၊ ဤမိသားစု၌လည်း ထာဝရဘုရား၏တရားများကို မေ့လျော့လျစ်လျူရှုခဲ့ကြကြောင်း ထင်ရှားလှပါ၏။

**ဆင်ခြင်ရန်** - လူ့ပြဿနာသည် နှုတ်ကပတ်တော်အသိဉာဏ်ငြင်းပယ်ခြင်း၌ အမြစ်တွယ်လျက် ရှိ၏။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ကိုကြောက်ရွံ့သောအသက်ဖြင့် အသက်ရှင်မည့်အကြောင်း ဉာဏ်အလင်းနှင့်နားလည်သဘောပေါက်ခြင်းကို အကျွန်ုပ်အားပေးသနားတော်မူပါ။

**သူကြီး ၁၇:၇-၁၃**
တော ၈:၅-၂၂

*"လေဝိသားယဇ်ပုရောဟိတ်တို့သွန်သင်သမျှအတိုင်း သတိပြု၍စေ့စေ့စောင့်ရှောက်ကြလော့"*

# ဘုရားသခင်ကိုရှုံးနိမ့်ခဲ့သူတွေ (၁)

မိက္ခာ၏ဇာတ်လမ်းက အိမ်တွင်းရေးစနစ်ကျဆုံးမှုသည် ဘာသာရေးသွန်သင်ချက်နှင့်လမ်းညွှန်မှုပျက်ကွက်မှုတွင် အမြစ်တွယ်နေကြောင်းကျွန်ုပ်တို့အားတင်ပြသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်အလင်းကိုထွန်းလင်းစေရမည့်သူတွေက နှုတ်ကပတ်တော်ကို ခြုံပုတ်အောက်တွင်ဝှက်ထားကြသောကြောင့် လူများသည်အမှောင်ထဲတွင် ကျင်လည်ကျရခြင်းဖြစ်သည်။ ငွေကိုသူ့မိခင်ထံမှခိုးယူသော်လည်းအယူသည်းခြင်း၏ ဖိအားကြောင့်မိခင်ကို ပြန်ပေးသောမိကာသည် ယခုအခါ "ဘုရားများ အိမ်" ပိုင်ဆိုင်ထား " သင်တိုင်းတော်၊ တေရာဖိမ်" ကိုပြုလုပ်၍သူ၏သားတစ်ဦးကို ယဇ်ပုရောဟိတ် ဖြစ်စေတော်မူ၏။ ဘာသာရေးသွန်သင်မှုနှင့်လမ်းညွှန်မှုပျက်ကွက်ခြင်းကို ဖြတ်သွား၍ယဇ်ပုရောဟိတ် အငှါးဖြစ်လာသောလေဝိသား၏ နိဒါန်းကို ကျွန်ုပ်တို့အားဖော်ပြသည်။

"<u>. . . ငါသည် ယုဒခရိုင်ဗက်လင်မြို့သားလေဝိလူဖြစ်၏။ တည်းခိုစရာအရပ်ကိုရှာ၏" (တရားသူ ၁၇:၉</u>)။ မိသားစု၏ဘာသာရေးအစီအစဉ်သည်သူ့ရှိရာအရပ်သို့ ဧည့်သည်တစ်ဦးဖြတ်သွားသည့်အထိ မိက္ခာမိသားစုအတွက်လုံလောက်ခဲ့သည်။ မိက္ခာသည် ထိုသူနှင့်တဆက်ဆံသောအခါတွင် ထိုသူသည်မူလနေရာမှဖယ်ရှားခဲ့ရသော စစ်မှန်သောလေဝိသားဖြစ်ကြောင်း သိမြင်လာသည်။ ဤနေရာတွင်လေဝိသားကို အဘယ်ကြောင့်ဖယ်ရှားခံခဲ့ရကြောင်းကို မဖော်ပြသော်လည်းသူ၏တာဝန်ကို စွန့်ပယ်ဖို့ပတ်ဝန်းကျင်အခြေအနေကအတင်းဖိအားပေးခြင်းခံရ၍ စားဝတ်နေရေးအတွက်မိမိကိုယ်တိုင်ရှာဖွေဖို့ စေခိုင်းခံရသူအကြောင်းကို ဖော်ပြထားသည်။ အခြေခံလိုအပ်ချက်များ (စားနပ်ရိက္ခာ၊ အဝတ်အစားနှင့်အိမ်များ)နှင့် ထောက်ပံ့ကြေးအချို့ကိုပေးဆောင်ဖို့ကတိနှင့်အတူ မိက္ခာက သူတို့နှင့်အတူနေထိုင်ပြီးသာသနာပြုဖို့ ထိုသူကိုဖိတ်ခေါ်ခဲ့သည်။

"<u>. . . ငါနှင့်အတူနေ၍ ငါ၏အဘ၊ ငါ၏ယဇ်ပုရောဟိတ်လုပ်ပါ. . . ထိုသူသည်မိက္ခာ၏သားတစ်ဦးကဲ့သို့ဖြစ်၏" (တရားသူ ၁၇:၁၀-၁၁)</u>။ မိက္ခာပေးသောကမ်းလှမ်းချက်နှင့်ဖြစ်တည်လာသောအဖြစ်မှန်တို့သည် လိုက်လျောညီထွေမှုမရှိပေ။ ဘာသာရေးစနစ်ကျရှုံးမှုကို မိက္ခာမိသားစု၏ရုပ်တုကိုးကွယ်မှုနှင့် လေဝိသား၏အသက်မွေးဝမ်းကြောင်းရှာဖွေခြင်းတွင်သာမကအခန်းကဏ္ဍများပြောင်းလဲခြင်းတွင်ပါထင်ရှားလာခဲ့သည်။ မိက္ခာက သူ့အတွက်ဖခင်ဖြစ်ဖို့တောင်းဆိုခဲ့သော်လည်း၊ သားတစ်ဦးဖြစ်လာခဲ့သည်။ မိက္ခာ၏အယူသီးသောစိတ်နှလုံးသည်ပြေလျော့သွားပြီး လေဝိသား၏လိုအပ်ရာများကို ဖြည့်ဆည်းပေးကာ နှစ်ဦးစလုံးသည် ၎င်း၌ရောင့်ရဲနေခဲ့ကြသည်။ မည်သူမျှဘုရားသခင်၏အလိုတော်ကိုရှာဖွေပြီး မဆောင်ရွက်ခဲ့ကြပါ။ အားလုံးကရင်တွင်းမရောင့်ရဲမှုကိုသာ ဖြေဖျောက်ဖို့ကြိုးစားကြသည်။ ယနေ့ဘာသာရေးသည် ထိုကဲ့သို့ဖြစ်နေကြသည်။ ယားယံသောနားရွက်ကို ကုတ်ခြစ်ခြင်းနှင့် ဇာတိပကတိအလိုဆန္ဒများကို ဖြည့်ဆည်းခြင်းအားဖြင့် စိတ်အာရုံကိုမေးမှိန်စေကြသည်။

**ဆင်ခြင်ရန်** - အယူဝါဒသည် သစ္စာရှိမှုကို လှုံ့ဆော်ပေးပြီး၊ အသင်းတော်ကိုတည်တံ့စေသည်။
**ဆုတောင်းချက်** - အဖ၊ အကျွန်ုပ်တို့၏ တရားဟောဆရာများကို သစ္စာရှိပြီး ပညာရှိသောနှလုံးသားများကိုပေးသနားတော်မူပါ။

တနင်္လာ၊ ဖေဖော်ဝါရီ (၂၇)

**သူကြီး ၁၈း၁-၆**

၄ ရာ ၂၂း၁-၁၂

*“ငါ့အတွက်၊ လူများအတွက်၊ ယုဒအမျိုးသားအပေါင်းတို့အတွက် ထာဝရဘုရား၌မေးလျှောက်ကြပါ”*

# ဘုရားသခင်ကိုရှုံးနိမ့်ခဲ့သူတွေ (၂)

အိမ်တွင်းရေးပြဿနာနှင့် ကျရှုံးမှုသည်တိုင်းပြည်၏အခြေအနေ၏ ရောင်ပြန်ဟတ်မှုဖြစ်သည်။ ဤအချက်ကိုတရားသူကြီး၁၈တွင် ကျွန်ုပ်တို့အားတင်ပြထားသည်။ တိုင်းပြည်ကိုလူမျိုးစုများဖြင့်သော်၎င်း၊ လူမျိုးစုများကိုမိသားစုများဖြင့်သော်၎င်း ဖွဲ့စည်းထား၏။ တိုင်းပြည်နှင့်လူမျိုးစုများသည် မိသားစုများခိုင်ခံ့ပြီးသစ္စာရှိမှသာ သစ္စာရှိပြီးခိုင်ခံ့ကြမှာဖြစ်သည်။ တရားသူကြီး၁၇တွင် မိက္ခာ၏မိသားစုဇာတ်လမ်းကို ပေးထားသည်။ တရားသူကြီး၁၈တွင် ဒန်မျိုးနွယ်စုအကြောင်းကို ဖော်ပြထားသည်။ စိတ်ဝင်စားစရာမှာ ထိုဇာတ်ကြောင်းနှစ်ခုစလုံးတွင် လေဝိအမျိုးသားယဇ်ပုရောဟိတ်ငှါးရမ်းခြင်းအကြောင်းပါရှိသည်။ ဒန်မျိုးနွယ်စုပြဿနာမှာ သူတို့ပိုင်ဆိုင်သောနယ်မြေကို ခွဲဝေရာ၌ဖြစ်သည် သူတို့သည် ဖိလိတ္တိလူမျိုးများနှင့်အာမောရိလူမျိုးတို့၏ဖိအားကို ခံရသည်။ သူတို့စိတ်ပျက်အားငယ်နေစဉ်တွင်အခြားနည်းလမ်းကိုရှာဖွေခဲ့ကြပြီး၊ ထိုလုပ်ရပ်ကမိက္ခာ၏နေအိမ်သို့ သူလျှိုငါးဦးကို ခေါ်ဆောင်ခဲ့သည်။

<u>“သူတို့မိက္ခာအိမ်၌ရှိနေကြစဉ်အခါ၊ လေဝိသားလုလင်၏အသံကိုသိကြ၏” (တရားသူ ၁၈း၃)</u>။ ပေတရုသည် မီးလှုံနေစဉ်တွင်သူ၏စကားတခွန်းတည်းဖြင့် သူ့ကိုခွဲခြားနိုင်သကဲ့သို့၎င်း၊ ယေဖသသည် ဧဖရိမ်လူတို့အား သူတို့၏စကားတခွန်းတည်းဖြင့်ခွဲခြားနိုင်သကဲ့သို့၎င်း၊ မိက္ခာ၏ယဇ်ပုရောဟိတ်ကို သူ၏အသံဖြင့်ခွဲခြားနိုင်ခဲ့ကြသည်။ သူလျှိုငါးဦးသည် လှည့်လာပြီး လုလင်နှင့်စကားပြောဆိုကြသည်။ လုလင်ကသူသည်ထိုအိမ်တွင် မည်သို့ရောက်ရှိသည်ကို ပြောရင်း “ငါသည်သူ၏ယဇ်ပုရောဟိတ်ဖြစ်သည်” ဟု သူတို့အားပြောပြသည်။ သူလျှိုများသည် သူ၏လမ်းညွှန်မှုကိုရှာကာ ၎င်းတို့၏မစ်ရှင်အတွက် ဆုတောင်းပေးရန်တောင်းဆိုခဲ့ကြသည်။ ဤတွေ့ဆုံမှုနှင့်အတူ၊ မိသားစုအတွက် သတ်မှတ်ထားသောဇာတ်ခံသည် မျိုးနွယ်စုအတွက်ဖြစ်လာခဲ့သည်။ မိက္ခာအိမ်၌ရှိသောတဆေးသည် ဒန်မျိုးနွယ်စုတို့သည် မိမိတို့အခြေအနေကို မကျေနပ်ဘဲဖြစ်နေကြသောကြောင့် မကြာမီသူတို့ကို လွှမ်းခြုံလာလိမ့်မည်။

<u>“. . . ငြိမ်ဝပ်စွာသွားကြလော့။ သင်တို့သွားရာလမ်းကို ထာဝရဘုရားကြည့်ရှုတော်မူသည်” (တရားသူ ၁၈း၆)</u>။ ရုပ်တုကိုးကွယ်ခြင်း၏ဗိမာန်သည် သူလျှိုတွေကို သူတို့၏မစ်ရှင်အပေါ်နာခံမှုမရှိဘဲ ကြံ့ကြာစေမည့်မှားယွင်းသောမျှော်လင့်ချက်နှင့်အတူ အဆင်သင့်ဖြစ်နေ၏။ ယောရှုနှင့်အသက်ကြီးသူတို့သည် ဇိုပြောင်လူတို့ပေးသော “သက်သေ” ကိုယူဆောင်ခဲ့စဉ်၌ ထာဝရဘုရား၏အကြံဉာဏ်ကိုမတောင်းဘဲ စီရင်ဆုံးဖြတ်ခြင်း၌ မှားယွင်းခဲ့ကြသည်။ သူတို့၏ရည်ရွယ်ချက်သည်မည်မျှကောင်းသည်ဖြစ်စေ၊ ထာဝရဘုရား၏အလိုတော်ကိုဘဲ ရှာသောသူတို့သည် ထိုနည်းတူပင်မှားတတ်ကြသည်။ သူလျှိုများသည်သွား၍ မြင်ရသည်ကိုသဘောကျကာ၊ သူတို့နေရာပြောင်းရွှေ့ဖို့ကိုဦးတည်စေသည့် “သတင်းကောင်း” ကို မျိုးနွယ်စုထံ ယူဆောင်လာခဲ့ကြသည်။

**ဆင်ခြင်ရန်** - “. . . ကရာနီတွင် ဝန်ထုတ်ဝန်ပိုးများကိုပျောက်ပြယ်သွားစေသည်။”

**ဆုတောင်းချက်** - အို အဘဘုရား၊ ဘေးဥပဒ်ရောက်သောကာလ၌ နားထောင်၍ကယ်တင်တော်မူပါ။

အင်္ဂါ၊ ဖေဖော်ဝါရီ (၂၈)
**သူကြီး ၁၈း၁၁-၂၆**
ယောဟန် ၂း၁၂-၁၇

*"လောကကိုဝင်း၊ လောက၌ရှိသော အရာတို့ကိုဝင်း၊ မချစ်ကြနှင့်"*

# ဘုရားသခင်အပေါ် တာဝန်မကျေပွန်သောသူများ (၃)

မိက္ခာ၏ယဇ်ပုရောဟိတ်ပေးသောမှားယွင်းသောမျှော်လင့်ချက်ကြောင့် လှုံ့ဆော်ခံရကာ ဘုရားသခင်မြင်သကဲ့သို့မဟုတ်ဘဲ လူမြင်သကဲ့သို့မြင်သည့်သူလျှိုများ၏ မှားယွင်းသောအာမခံချက်ဖြင့် တင်ပြသည့်အစီရင်ခံစာနှင့်အတူ၊ ဒန်မျိုးနွယ်စစ်သည်ခြောက်ရာသည် "ကတိတော်ပြည်" အသစ်ကိုရှာဖို့ရန် သူတို့၏နယ်မြေမှထွက်ခွာလာကြသည်။ သူတို့သည် သူလျှိုငါးဦး၏လမ်းညွှန်မှုဖြင့် မြောက်ဘက်သို့သွား၍ ဧဖရိမ်တောင်ပေါ်ရှိ မိက္ခာအိမ်တွင်ရပ်လိုက်ကြသည်။

"<u>. . . ဤအိမ်တို့၌ သင်တိုင်းတော်၊ တေရပ်ရုပ်တု၊ ထုသောရုပ်တု၊ သွန်းသောရုပ်တုရှိကြောင်းကိုသိသလော။ အဘယ်သို့ပြုရမည်ကို ဆင်ခြင်ကြလော့" (တရားသူ ၁၈း၁၄)</u>။ "အဘယ်သို့ပြုရမည်ကိုဆင်ခြင်ကြလော" ဟူသောဤဖိတ်ကြားချက်မှာ ဂရုတစိုက်စဉ်းစားရန်နှင့်ဆုံးဖြတ်ချက်ချရန်ဖြစ်သည်။ သို့သော်လည်း ကံမကောင်းစွာဘဲ၊ သူတို့သည်မှားယွင်းသောရွေးချယ်မှုနှင့်ဆုံးဖြတ်ချက်ကို ချခဲ့သည်။ သူလျှိုတို့၏ကြီးပွားချမ်းသာခြင်းသည် ဤလေဝိသား၏ကောင်းကြီးနှင့်ကြားဝင်ဆောင်ရွက်ပေးမှုကြောင့်ဖြစ်သည်ဟု သူတို့ထင်မှတ်ကြသည်။ ဤအချက်၌ သူတို့မှားယွင်းစွာတွေးခေါ်ယူဆကြသည်။ သူတို့၏ကြီးပွားချမ်းသာမှုသည် ထိုယဇ်ပုရောဟိတ်နှင့်ရုပ်တုများအပေါ်တွင် မူတည်ကြသည်ဟု ထင်မြင်ယူဆကြသည်။ ဤအချက်တွင်လည်း သူတို့တွေးခေါ်မှုမှားယွင်း၏။ ထို့နောက်သူတို့သည်မိက္ခာ၏ဗိမာန်တော်ကို ဝင်ရောက်စီးနင်းကာ ယဇ်ပုရောဟိတ်ကိုသွေးဆောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။

"<u>. . . တစ်အိမ်ထောင်၌သာ ယဇ်ပုရောဟိတ်လုပ်ကောင်းသလော၊ ဣသရေလအမျိုးအနွယ်တို့တွင် တမျိုးတနွယ်လုံး၌ ယဇ်ပုရောဟိတ်မလုပ်ကောင်းသလော" (သူကြီး ၁၈း၁၉)</u>။ ဖိလိပ္ပိလူတို့အား ရှင်ပေါလုညွှန်ကြားထားသော လောကီဆန်သောအမှုတော်ဆောင်သူတို့၏ရုပ်တုမှာ "လူခပ်သိမ်းတို့သည် ယေရှုခရစ်၏အကျိုးကိုမရှာ၊ ကိုယ်အကျိုးကိုသာရှာကြ၏" (ဖိ ၂း၂၁)။ ထို့နောက်သူသတိပေးရန်ဖွင့်ပြထားသည်မှာ "ထိုသူတို့သည် ပျက်စီးခြင်း၌လမ်းဆုံးတတ်ကြ၏။ သူတို့၏ဘုရားမှုကား မိမိတို့ဝမ်းပေတည်း။ မိမိတို့ရှက်ကြောက်ဘွယ်သောအကျင့်၌သာ မိမိတို့ဝါကြွားကြ၏။ လောကီအရာတို့ကိုသာ စိတ်စွဲလန်းခြင်းရှိကြ၏" (ဖိလိ ၃း၁၉)။ မိက္ခာ၏လေဝိသားသည် ပိုမိုကောင်းမွန်သောအလားအလာများနှင့် ပို၍လေးစားမှုကိုမြင်သောအခါ စိတ်နှလုံး ပြောင်းလဲသွားသည်။ စိတ်ဝင်စားစရာမှာ သူသည် မိက္ခာနှင့်သူ့အိမ်၏ဖခင်ဖြစ်ရန် ပျက်ကွက်ခဲ့ပြီး၊ ဒန်မျိုးနွယ်ထွက်ခွာသွားသောအခါ "ထိုလူစုထဲသို့ ဝင်သွား လေ၏"။ သင်းအုပ်များနှင့်ပတ်သက်၍ ပေါလုပေးခဲ့သောဆုံးမစကားသည် အလွန်မှန်ကန်လှ၏ - "မိမိအိမ်ကိုမအုပ်စိုးတတ်လျှင် ဘုရားသခင်၏အသင်းတော်ကို အဘယ်သို့ပြုစုလိမ့်မည်နည်း" (၁ တိ ၃း၅)။ လောကီခဏတာဘဝနှင့်ကြီးပွားချမ်းသာမှုကိုသာ အာရုံစိုက်သောသူ တစ်ဦးအနေဖြင့် ဘုရားသခင်၏သိုးစုကိုထိန်းသိမ်းရန်မှာ မဖြစ်နိုင်ပေ။

**ဆင်ခြင်ရန်** - အောင်မြင်သောသာသနာသည် ဘုရားသခင်နှင့်နှုတ်ကပတ်တော်ကို အာရုံစိုက်ခြင်း၌အခြေခံသည်။
**ဆုတောင်းချက်** - (ဆာလံ ၁၂၃း၁-၂ ကိုအသုံးပြုပါ)။

ဗုဒ္ဓဟူး၊ မတ် (၁)
**သူကြီး ၁၈း၂၇-၃၁**
ဆာလံ ၇၈း၅၅-၆၄

*“. . . သူတို့သည်အမြင့်ဆုံးသောဘုရားကိုစုံစမ်း၍ ပုန်ကန်ကြ၏. . .”*

# ဘုရားသခင်အပေါ် တာဝန်မကျေပွန်သောသူများ (၄)

တရားသူကြီး ၁၈း၂၇-၃၁ တွင် ဒန်တပ်များက လဲရှမြို့ကိုသိမ်းပိုက်နိုင်ခဲ့သည်။ မိမိတို့ဘာသာလုံခြုံစွာနေထိုင်ပြီး အခြားမြို့များနှင့်ကင်းကွာနေသောမြို့သူမြို့သားများသည် ရုတ်တရက် ထားဖြင့်သတ်ဖြတ်ခံခဲ့ရသည်။ သူနေရာ၌ မြို့သစ်တစ်ခုပေါ် လာ၏။ မြို့အမည်ကား ဒန်မြို့ဟုမှည့်ကြသည်။ ဤမြို့သစ်သည် အနာဂတ်တွင် ဣသရေလအမျိုးတွင် ကွဲပြားသောနိုင်ငံအတွင်း နိုင်ငံ၏ ရုပ်တုကိုးကွယ်ရာနေရာများထဲမှ တစ်ခုဖြစ်လာခဲ့သည်။

<u>“ဒန်အမျိုးသားတို့သည် ရုပ်တုကိုထူလုပ်ကြ၏” (တရား ၁၈း၃၀)</u>။ မိက္ခာသည် သူ၏ဘုရားများကိုဆုံးရှုံးခဲ့သည်။ သို့သော်၊ ကိုးကွယ်ဆည်းကပ်သူများမှ ရွှေ့ပြောင်းနိုင်ပြီး၊ ခိုးယူဖယ်ရှားနိုင်သောဘုရားများသည် ဘုရားမဟုတ်ပါ။ မူလပိုင်ရှင်နှင့်ခိုးယူသူတို့မှာ ခြားနားမှုမရှိကြပေ။ ဤနေရာတွင် ဒန်အမျိုးသားတို့သည် မိသားစုနှင့်မျိုးနွယ်စုကဲ့သို့ငင်း၊ မျိုးနွယ်စုနှင့်တမျိုးသားလုံးကဲ့သို့ငင်း ပြသသည်။ စစ်မှန်သောဘာသာရေးသည် ပြင်ပပုံစံများနှင့်အဖွဲ့အစည်းများနှင့်မပတ်သက်ပါ။ အကြောင်းမူကား၊ မိက္ခာသည် တနေ့တည်း၌အရာခပ်သိမ်းကို ဆုံးရှုံး၍၊ တနေ့တည်းတွင် ဒန်အမျိုးသည် နယ်မြေသစ်၌ အခြေချပြီး အရာခပ်သိမ်းကိုတည်ထားကြသည်။

<u>“ဘုရားသခင်၏အိမ်တော်သည်ရှိလောမြို့၌ ရှိသည်ကာလပတ်လုံး” (သူကြီး ၁၈း၃၁)</u>။ ယောရှုဦးဆောင်သောပထမအောင်ပွဲ၌၊ ရှိလောတွင် ဝတ်ပြုရာနေရာကိုတည်ထောင်ခဲ့သည် (ယောရှု ၁၈း၁)။ နှစ်နှစ်ခွဲရှိသောအခါ မျိုးနွယ်စုတို့သည် မိမိတို့ညီအစ်ကိုတို့အား ပေးသောဂတိဂဝတ်ကို ရုပ်သိမ်းသောအခါ ယော်ဒန်မြစ်ကိုဖြတ်၍ မထွက်ခွာမီတွင် ဝိညာဉ်ရေးရာတာဝန်များကို ယောရှု သတိပြန်ပေးခဲ့သည်။ ယော်ဒန်မြစ်တဘက်၌ ယဇ်ပလ္လင်ကိုတည်သောအခါ၊ ဣသရေလအမျိုးအနွယ်တို့သည် စစ်တိုက်ခြင်းငှါ အဆင်သင့်ရှိ၍ ရှိလောမြို့၌စုဝေးကြသည် (ယောရှု ၂၂း၁၀-၁၂)။ ယခုတွင် ဒန်အမျိုးသားတို့သည် ဝတ်ပြုရေးဗဟိုချက်အသစ်ကို ထူထောင်သတ်မှတ်ကြပြီးဖြစ်သော်လည်း၊ တဲတော်သည် ရှိလောမြို့တွင် ရှိနေဆဲဖြစ်သည်။ ဘုရားတရားကိုရိုသေကိုးကွယ်သောလူမျိုးသည် အဘယ်သို့ဖောက်ပြန်ခဲ့သနည်း။ သူတို့၏သမိုင်းကိုမေ့လျော့ကြပြီလား။ ဒီမျိုးဆက်သည် ဘာသာတရားကိုင်းရှိုင်းမှုအမွေအနှစ်ကို မရကြသလော။ ဖိလိတ္တိလူတို့သည် သေတ္တာကိုသိမ်းသွားကာ ဧလိ၏ ယဇ်ပုရောဟိတ်ကာလအတွင်း ရှိလောမြို့ကိုဖျက်ဆီးသည့်အထိ ဒန်အနွယ်သည် ရုပ်တုကိုးကွယ်မှု ဘာသာကိုစောင့်ရှောက်ခဲ့ကြသည်။ စစ်မှန်သောဘာသာတရား၏ ဆုတ်ယုတ်မှုသည် တဖြည်းဖြည်းဖြင့်ဖြစ်သော်လည်း၊ အကျိုးဆက်မှာ အလွန်ပြင်းထန်ခဲ့သည်။ ယဇ်ပုရောဟိတ် (သို့) လေဝိ၊ မြင့်မြတ်သူ (သို့) သာမာန်သူ အစရှိသောလူ အဘယ်သူမျှ ခံနိုင်စွမ်းမရှိသောကြောင့်၊ အားလုံးစောင့်ကြည့်ပြီး ဆုတောင်းရမည်။ ယုံကြည်ခြင်း၌ တည်ကြည်ရမည်။ ဟဗက္ကုက် ၂း၉-၂၀ တွင် ဟဗက္ကုက်ညွှန်ပြသည့်အရင်းအမြစ်သည် အမြဲတမ်းပျက်စီးခြင်းသို့ ဦးတည်သည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်တို့၏သားတို့သည် ယုံကြည်ခြင်းကို ခုခံကာကွယ်မည်လော။
**ဆုတောင်းချက်** - အဘ၏အထံတော်၌ အကျွန်ုပ်၏နှလုံးကိုငြိမ်စေတော်မူပါ။ အကျွန်ုပ်ကို သစ္စာရှိစေတော်မူပါ။

# ဘုရားသခင်အပေါ် တာဝန်မကျေပွန်သောသူများ (၅)

ဤဆက်တွဲနှစ်ခု၏ဒုတိယသည် နိုင်ငံတော်စနစ်ပျက်စီးခြင်းကို ဖော်ပြ၏ (သူကြီး ၁၉-၂၁)။ ဣသရေလအနွယ်များထဲမှ မျိုးနွယ်စုတစ်ခုကို သုတ်သင်ပစ်လုနီးပါးရှုံးနိမ့်မှုတစ်ခုဖြစ်သည်။ ဤဖြစ်စဉ်သည် ပထမဖြစ်စဉ်ကဲ့သို့ပင် အိမ်တွင်းရေးမှစတင်ခဲ့သည်။ သို့သော် ပထမနှင့်မတူသော အချက်မှာ လေဝိသားတစ်ဦး၏အိမ်တွင်းရေးဘဝဖြစ်သည်။ သူ့မယားနှင့်တူသော်လည်း မယား အဆင့်အတန်းမရှိသည့်မိန်းမနှင့် အတူနေထိုင်သောလေဝိသား၏ဘဝမှစတင်သည်။ မယားများစွာ ယူခြင်း၊ ကွာရှင်းခြင်းနှင့်မယားငယ်များ ထားခြင်းသည် လက်ထပ်ခြင်း၏မူလအစီအစဉ်တွင် မပါဝင်ကြပါ။ ထို့ကြောင့် ဤဒုတိယဆက်တွဲသည် ဘုရားသခင်၏"စိတ်နှလုံးခိုင်မာသော" အစေခံတစ်ဦးကို ဖော်ပြခြင်းဖြင့် အစပြုသည်။

<u>"ကိုယ်လုပ်တော်သည် သူ့ကိုပြစ်မှား၏" (သူကြီး ၁၉း၂)</u>။ ထိုမယားငယ်တွင် တရားဝင်မိသားစုအဆင့်အတန်းနှင့် မယားအဖြစ် ချည်နှောင်ထားခြင်းမရှိသောကြောင့် ယောကျ်ားအပေါ် သစ္စာ စောင့်သိရန် ချည်နှောင်ထားခြင်းမရှိပါ။ သူမသည် မယားငယ်ဖြစ်သည်ဟူသောအချက်က လေဝိ သားသည် အိမ်ထောင်သည်ဖြစ်သည်ဟု ယူဆရသည်။ သို့တိုင်အောင်၊ ဤလူသည် သူ၏မယားငယ် နောက်သို့လိုက်သွားပြီး သူ့ထံသို့ပြန်လာဖို့ဆွဲဆောင်ရန် ကြိုးပမ်းနေသည်။ သူမသည် သူ့အပေါ် ဖောက်ပြန်လျက် ပြည့်တန်ဆာလုပ်ခဲ့သည့်တိုင်အောင် သူတို့၏အပြစ်ရှိသောဘဝကို သူဆက်လက် လိုချင်ခဲ့သည်။ သမ္မာကျမ်းစာက မယားငယ်အကြောင်းကို ဖော်ပြလေ့ရှိသော်လည်း မည်သည့်နေရာ တွင်မှ ထောက်ခံခြင်းမပြုထားပေ။ ဘုရားသခင်သည် သူ၏အချုပ်အခြာအာဏာနှင့် ကျေးဇူးတော် ဖြင့် ဤကဲ့သို့ဆက်ဆံရေးမျိုးရှိသော အမျိုးသမီးများနှင့် (သူတို့၏သားသမီးများ)သည် စော်ကားခြင်း နှင့်လူတို့၏ကြမ်းတမ်းစွာဆက်ဆံခြင်း (သို့) မမျှတစွာဆက်ဆံခြင်းမခံရစေရန် စီမံပေးထားသော်လည်း ထိုကဲ့သို့သော ဆက်ဆံရေးများကိုမူ ထောက်ခံခြင်းမပြုပေ။

<u>"သူသည် ထွက်သွားခြင်းငါ့ထံ၏" (သူကြီး ၁၉း၅၊ ၇၊ ၉)</u>။ မယားငယ်ကို အိမ်ပြန်ခေါ်ဖို့ ခရီးက လေဝိသားအား ယောက္ခမအိမ်၌ငါးရက်ကြာနေစေ၏။ လေဝိသားသည် မိမိမယားငယ်ကို မတားဆီးနိုင်ဘဲ၊ သူမ၏အဘအိမ်ထိ လိုက်သွားလေ၏။ ထိုနေရာ၌ အကြိမ်ကြိမ်ထိန်းသိမ်းခံရပြီး၊ ငါးရက်ကြာနေထိုင်ရ၏။ သူ့"ယောက္ခမ"က "အားဖြည့်ပါအုံး" (သူကြီး ၁၉း၅၊၈) ဟူ၍၎င်း၊ "စိတ်နှလုံးရွှင်လန်းစေအုံး" (သူကြီး ၁၉း၆) ဟူ၍၎င်း ပြောဆိုလျက် ငါးရက်ကြာထိန်းသိမ်းခဲ့သည်။ ဘုရားသခင်၏အစေကိုခံသောလေဝိသားသည် သူ၏မယားငယ်နောက်ကို လိုက်စဉ်တွင် အစားအသောက်ဖြင့် ထိန်းသိမ်းခြင်းခံရသည်။ တကယ့်ကိုဝမ်းနည်းစရာကောင်းသောဖြစ်စဉ်ပါတကား။

**ဆင်ခြင်ရန်** - အပြစ်၏လွှမ်းမိုးမှုသည် အောက်ဘက်သို့ဦးတည်လိမ့်သွားစေ၏။
**ဆုတောင်းချက်** - (ယေဇကျေလ ၁၈း၂၆-၂၇ ကိုဆင်ခြင်သုံးသပ်၍ ဆုတောင်းခြင်းဖြင့် ဘုရားသခင်၏မျက်နှာတော်ကိုရှာလော့)။

သောကြာ၊ မတ် (၃)
**သူကြီး ၁၉း၁၀-၂၁**
တရားဟော ၁၂း၁၀-၁၉

*". . . အသက်ရှင်သမျှကာလပတ်လုံး၊ လေဝိသားတို့ကို မမေ့လျော့နှင့်"*

# ဘုရားသခင်အပေါ် တာဝန်မကျေပွန်သောသူများ (၆)

လေဝိသား၊ သူ၏မယားငယ်နှင့်အစေခံကျွန်တို့သည် ညအချိန်၌အိမ်မှထွက်ခွာကြသည်။ ယောက္ခမ၏စားသောက်ဖို့ရန်ဖိတ်ကြားချက်ကို အရေးစိုက်သော်လည်း "မိုးချုပ်လုပြီ" ဟုဆိုသည့်အတိုင်း အချိန်အရမ်းနောက်ကျသည်ကို အရေးမစိုက်တော့ပါ (သူကြီး ၁၉း၉)။ သူတို့သည် တနေကုန်သွားရမည့်ခရီးစဉ်ကို မိုးချုပ်ခါနီးမှစတင်ထွက်ခဲ့ကြသည်။ အချိန်သည် နောက်ကျသော်လည်း ထွက်ခွာဖို့ဆုံးဖြတ်ခဲ့သည်။

<u>". . . ငယ်သားက. . . ယေဗုသိလူနေရာ ဤမြို့သို့ဝင်၍ အိပ်ကြကုန်အံ့ဟုဆို၏" (သူကြီး ၁၉း၁၁)</u>။ လေဝိသားကို ငယ်သားကအချိန်နာရီနောက်ကျကြောင်းကို တဖန်ဖော်ပြထားသည်။ အစေခံသည် ညအချိန်နီးလာသည်ကိုစိုးရိမ်သဖြင့် ယေဗုသိမြို့၌ခိုနားစေရာရှာရန် အကြံပြုခဲ့သည်။ လေဝိသားသည် ယောက္ခမ၏အကြံနှင့်သူ့ငယ်သား၏အကြံတို့ကို ငြင်းပယ်ခဲ့သည်။ လေဝိသား၏ငြင်းဆိုချက်မှာ ထိုမြို့သည် ဣသရေလမြို့မဟုတ်ဟူ၍ဖြစ်ပြီး ညလုံးပေါက်မြို့တွင်း၌ ရှိသောလမ်းများပေါ်တွင် ထိုင်ကြရာအရပ်ဂိဗာမြို့သို့ ခရီးဆက်ကြသည်။ အဘိုးအိုတစ်ယောက်မြို့ထဲသို့ ညဘက်ရောက်လာသည့်အချိန်ထိ မြို့သားများ၏ဧည့်ဝတ်ကျေပွန်မှု မရှိကြပေ။

<u>". . . ယခုထာဝရဘုရား၏အိမ်တော်သို့သွား၏။ အဘယ်သူမျှ ဧည့်မခံသေး" (သူကြီး ၁၉း၁၈)</u>။ အဘိုးအိုအတွက် လေဝိသား၏အဖြေသည် အလွန်မှန်သည်။ သူ၏အဖြေတွင် သူသည် အဘယ်အရပ်မှလာသည်ကိုဂင်း၊ အဘယ်အရပ်သို့ သွားသည်ကိုဂင်း ပြောဆိုသည်သာမက "ထာဝရဘုရား၏အိမ်တော်သို့သွားသောလေဝိလူဖြစ်ကြောင်းကိုလည်း ပြောပြခဲ့သည်။ သို့ရာတွင် ယုဒပြည်ဗက်လင်သို့သွားရောက်ရသည့်အကြောင်းရင်းက သတိထားရှောင်ရှားခဲ့သည်။ ထိုသူ၏ဤနောက်ဆုံးပြောဆိုသောစကားစုက သူ့ကိုကောင်းမွန်စွာကြိုဆိုဧည့်ခံရန် ရည်ရွယ်ပြောဆိုခြင်းဖြစ်သည်။ ဤနေရာတွင် သူတို့သည် တည်းခိုစရာလိုအပ်သောကြောင့် သူ၏လေဝိရုံး၏လေးစားခံရမှုကို အသုံးပြုခဲ့သော်လည်း သူ၏အပြုအမူသည် လေဝိရုံး၏တန်ဖိုးနှင့်ဂုဏ်သိက္ခာကို မမြှင့်တင်နိုင်ပေ။ သူ့ဘဝအဆင်ပြေဖို့အတွက် သူသည်သန့်ရှင်းသူဖြစ်ကြောင်း ပြသဖို့ရန်အတွက် ဘုရားသခင်၏အိမ်တော်သို့သူသွားခြင်းအကြောင်းကို ပြောဆိုခဲ့သည်။ သို့သော်၊ သူ၏မြင့်မားသောအလုပ်တာဝန်နှင့်ဘုရားသခင်၏ခေါ်ဆိုခြင်းကို သူ့နေ့စဉ်အသက်တာ၌ စဉ်းစားပုံမရပါ။ ဤအချက်မှာ သန့်ရှင်းခြင်းမဟုတ်ဘဲ အယောင်ယောင်ခြင်းသာဖြစ်သည်။

**ဆင်ခြင်ရန်** - ဟန်ဆောင်ခြင်းသည် လူတစ်ဦး၏တကယ့်အသက်တာနှင့်မကိုက်ညီသော ပုံစံကိုပြသ၏။

**ဆုတောင်းချက်** - "ငါ့ကိုယုံကြည်ကိုးစားသူများရှိသောကြောင့် အကျွန်ုပ်ကိုမှန်ကန်စေပါ။"

# ဘုရားသခင်အပေါ် တာဝန်မကျေပွန်သောသူများ (၇)

လေဝိသားသည် အဘိုးအိုတစ်ဦး၏အိမ်၌ ကြိုဆိုခံရသော်လည်း လုံခြုံမှုမရှိပေ။ နားခိုရာနှင့် ကြိုဆိုမှုကို ရှာတွေ့ခြင်းကြောင့် ပျော်ရွှင်မှုသည် အဓမ္မလူတို့လာရောက်ခြင်းကြောင့် ရပ်တန့်ခဲ့ရသည်။ သူ့ကိုသတိပြုမိသော်လည်း မကြိုဆိုကြဘဲနေပြီး၊ ညမိုးချုပ်သောအခါ သောဒုံနှင့်ဂေါမောရမြို့ကို ပြန်လည်ပုံဖော်သည်ဟု ထင်ရသည့်အလားလာရောက်၍ တံခါးခေါက်ကြ၏။

<u>"လေဝိလူသည် မိမိမယားငယ်ကိုထုတ်၍အပ်သဖြင့်၊ သူတို့သည် တညဉ့်လုံးအဓမ္မပြု၍ နံနက်တိုင်အောင်ရှုတ်ချပြီးမှ အာရုဏ်တက်မှ လွှတ်လိုက်ကြ၏" (သူကြီး ၁၉း၂၅)</u>။ လောကသည် သူ၏ဧည့်သည်များကိုယ်စား ကြားဝင်ဖြန်ဖြေရန် ကြိုးစားသကဲ့သို့ ဤအဘိုးအိုသည် သူနှင့်လာရောက်တည်းခိုသော ဤ"ဘုရားသခင်၏လူ"အတွက် ကြားဝင်ဖြန်ဖြေပေးရန် ကြိုးစားခဲ့သည်။ လေဝိသားကိုပေါင်းသင်းဆက်ဆံခြင်းအပြစ်ထက် သူ၏သမီးနှင့်ထိုလေဝိသား၏မယားငယ်ကို ပေါင်းသင်းဆက်ဆံခြင်းသည် ထိုမြို့သူမြို့သားတို့အတွက် အပြစ်လျော့ပေါ့မည်ဟု သူယူဆနေ၏။ မြို့သားတို့သည် ထိုအဘိုးအို၏စကားကို နားမထောင်ကြကြောင်းကို လေဝိသားသည်တွေ့မြင်သောအခါ သူကိုယ်တိုင် ထိုကိစ္စကိုဖြေရှင်းသည့်အနေဖြင့် မယားငယ်ကို ထိုသူတို့လက်သို့အပ်ခဲ့၏။

<u>"နံနက်အချိန်ရောက်မှ သူ၏သခင်သည်ထ၍. . . ထလော့။ သွားကြကုန်အံ့. . ." (သူကြီး ၁၉း၂၇-၂၈)</u>။ နံနက်အချိန်၌ လေဝိလူထွက်ခွာရန် ပြင်ဆင်သည်ကိုတွေ့ရပြီး၊ မနေ့ညက အဖြစ်အပျက်များကို သူဂရုမစိုက်သကဲ့သို့ သူမကိုပြောဆိုခဲ့သည်။ တညလုံးသူအဘယ်သို့ အိပ်နိုင်မည်နည်း။ သူထပြီးထွက်ခွာဖို့ပြင်ဆင်နေစဉ် သူမ၏ကြမ်းပြင်ပေါ်မှာ လဲလျောင်းနေသောကိုယ်ကို မြင်ရသောအခါ ဤသို့ရိုင်းစိုင်းပြီး ခံစားချက်မဲ့သည့်ပုံစံကို အဘယ်သို့ပြောနိုင်ခဲ့သနည်း။ သူမထံမှ တုံ့ပြန်မှုမရှိဘဲ သူမကိုကောက်တင်၍မည်သို့ခရီးဆက်နိုင်သနည်း။ ဤသူ၏စရိုက်အားဖြင့် ဖော်ပြထားသကဲ့သို့ လေဝိရုံးသည်အဘယ်သို့ယိုယွင်းသွားသနည်း။

<u>". . . ထားကိုယူ၍မယားငယ်အကောင်ကို . . . ပိုင်း၏. . ." (သူကြီး ၁၉း၂၉)</u>။ သူ၏မယားငယ်အတွက် တရားမျှတမှုသူတောင်းဆိုချက်မှာ ထပ်တူထပ်မျှထိတ်လန့်စရာပင်။ နောက်ပိုင်းတွင် ရှောလုသည်လူများအား သူ့ဘက်၌ စုဝေးရန် အလားတူနည်းလမ်းကိုအသုံးပြုခဲ့သော်လည်း နွားကိုအသုံးပြုခဲ့သည် (၁ ရာ ၁၁း၁-၈)။ ဤနည်းလမ်းသည်သာ သူ့အတွက် တစ်ခုတည်းသော အကူအညီရနိုင်မည့်နည်းလမ်းဆိုလျှင် ဣသရေလလူတို့၏စိတ်နှလုံးသည် မည်မျှခိုင်မာသနည်း။

**ဆင်ခြင်ရန်** - အပြစ်အမြဲလုပ်ခြင်းက မိမိကိုယ်ကိုသိသောစိတ်ကို ထိုင်းစေပြီး၊ ဒုစရိုက်လုပ်ခြင်းကိုရဲစေ၏။

**ဆုတောင်းချက်** - "ငါသည် အားလုံးကိုရေတွက်နေသော်လည်း အမှိုက်သာဖြစ်၏။ ကယ်တင်ခြင်းအပြည့်အဝကိုရှာတွေ့မည်။"

# ဘုရားသခင်အပေါ် တာဝန်မကျေပွန်သောသူများ (၈)

လေဝိသား၏သတင်းစကားသည် တနိုင်ငံလုံးကို အမျက်ထွက်စေပြီး၊ ဣသရေလလူ အပေါင်းတို့သည် မြောက်ဘက်၌ရှိသောဒန်မြို့မှ တောင်ဘက်၌ရှိသော ဗေရရှေဘမြို့သို့ ထွက်သွား ကြ၏။ တစ်မျိုးသားလုံးအတူတကွ စုဝေးကြပြီး၊ ထိုဆိုးသွမ်းမှုသည် မည်သို့ဖြစ်သည်ကို သိရန်ရှာကြံ ကြ၏။ ဖြစ်ပျက်ခဲ့သမျှတွေကို ရှင်းပြဖို့လေဝိသားကို ပရိသတ်များတောင်းဆို၏။

<u>“. . . ထိုအဓမအမှုကား အဘယ်သို့နည်းဟု မေးမြန်းကြ၏” (သူကြီး ၂၀း၃)</u>။ လေဝိသား သည် ဂိဗာမြို့သို့ရောက်ရှိစဉ်အဖြစ်အပျက်များကို ပြောပြသော်လည်း အဘိုးအိုအိမ်၌ရှိစဉ်ညက အဖြစ်အပျက်များကိုမူ လိမ်လည်တင်ပြခဲ့သည်။ လူတို့သည် သူ့ကိုသတ်ဖို့ရှာကြံသောအမှုသည် အခန်းကြီး ၁၉ ၌မပါရှိပါ။ ထို့နောက် လူတို့သည်သူ့မယားငယ်ကို မည်သို့ယူဆောင်ကြကြောင်းကို လေဝိသားရှင်းပြချက်၌ ချန်လှပ်ထား၏။ သူ့မယားငယ်၌ဖြစ်ပျက်ခဲ့သည့်အရာများကို စဉ်းစားပြီး၊ ထိုသူတို့နှင့်အတူ သူလိုက်သွားလျှင် သူ့မယားငယ်၏ကံကြမ္မာမျိုးကို သူရင်ဆိုင်ရမည်ဟု ကောက် ချက်ချခဲ့သည်။ အမှန်မှာ သူတို့သည်သူ၏မယားငယ်ကို အတင်းအကြပ်ပြုခဲ့ကြပြီး သေသွားခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် အဘိုးအိုအကြောင်း (သို့) သူ၏မယားငယ်ကိုသူတို့ထံသူတွန်းပို့ခဲ့ခြင်းအကြောင်း ကို သူမဖွင့်ဟခဲ့ပါ။

ဤအမျိုးသားအားလုံးစည်းဝေးပွဲတွင် “ဣသရေလအမျိုးသားတို့သည် မိဇပါမြို့သို့သွား ကြောင်းကို ဗင်္ယာမိန်အမျိုးသားတို့ကြားသိရ” သည်မှာ ဝမ်းနည်းစရာဖြစ်သည်။ ထိုအမျိုးသမီး၏ ကိုယ်အပိုင်းအစတို့ကို လူမျိုးဆယ့်နှစ်မျိုးတို့ထံသို့ ပို့ဆောင်ခဲ့သော်လည်း၊ ဗင်္ယာမိန်အမျိုးသားတို့သည် ခေါ်ဖိတ်သံကိုမတုံ့ပြန်ကြပေ။ သူတို့အနီးနားတွင် အစည်းအဝေးကျင်းပသော်လည်း ဖြစ်ပျက်ခဲ့သည် များကို ကြားနာဖို့မလုပ်ဆောင်ခဲ့ကြပေ။ နှစ်ခြမ်းကွဲနေသောအိမ်သည် ပြည်တွင်းစစ်ဖြစ်ပေါ်လုဆဲ ဖြစ်သည်။

<u>“. . . ဤအရပ်၌တိုင်ပင်စီရင်ကြပါလော့” (သူကြီး ၂၀း၇)</u>။ လေဝိသားသည် အဖြစ်အ ပျက်များကို ရှင်းပြပြီးသည့်အခါ ဣသရေလအမျိုးသားတို့အား တရားစီရင်ချက်နှင့်အကြံဉာဏ်ကို ပေးခြင်းငှါ ဖိတ်ခေါ် ၏။ ဣသရေလလူတို့အပေါ် ကျူးလွန်သောထိုမိုက်မဲမှုအတွက် လျင်မြန်စွာအရေး ယူဆောင်ရွက်ကြဖို့ ထိုအရပ်၌သူတို့၏အကြံဉာဏ်ကို ပေးဖို့တောင်းဆိုခဲ့သည်။ ဆုံးဖြတ်ချက်ကို ချက်ချင်းချကြဖို့ သူတောင်းဆိုသည့်အတိုင်း၊ သူတို့သည်လက်ခံကြားသိရသောသတင်းစကားနှင့် ဖြစ်ရပ်တို့ကြောင့် ဖြစ်ပေါ်လာသောသက်ရောက်မှုနှင့် စိတ်ခံစားချက်ဖြင့် ဂိဗာမြို့ကိုအပြစ်ပေးဖို့ တစ်ညီတစ်ညွတ်တည်းဆုံးဖြတ်ကြသည်။ သူတို့ဆောင်ရွက်ကြဖို့ သဘောတူကြပြီး အားလုံးပါဝင်ဖို့ ရန် ဆုံးဖြတ်ခဲ့ကြ၍ မဲများဖြင့်ရွေးကောက်ခံရသူများက ဦးဆောင်ရမည်ဖြစ်သည်။ လူအုပ်ကြီး နိုးကြား လာခဲ့ကြသည်။ တရားမျှတမှုသည် မကြာမီတိမ်မြုပ်သွားမည်ဖြစ်ပြီး ရိုင်းစိုင်းသောလက်စားချေခြင်း ပေါ်ပေါက်လာလိမ့်မည်။

**ဆင်ခြင်ရန်** - လူသည် ကလဲ့စားချေခြင်းကို လုပ်ဆောင်သောအခါ တရားမျှတမှုကို ဖြိုဖျက် တတ်သည်။

**ဆုတောင်းချက် -** အဘဘုရား၊ ကလဲ့စားချေခြင်းသည် ကိုယ်တော်နှင့်သာဆိုင်ပါ၏။ အကျွန်ုပ် သည် ကိုယ်တော့်ကိုကိုးစားစေတော်မူပါ။

# ဘုရားသခင်အပေါ် တာဝန်မကျေပွန်သောသူများ (၉)

ဗင်္ယာမိန်မျိုးနွယ်၏အခြေအနေကို ကိုက်တွယ်ပုံကလည်း ၎င်းပြဿနာပို၍ပြင်းထန်လာရခြင်းအကြောင်းအရင်းဖြစ်သည်။ ယခင်အပိုင်းတွင် သူတို့သည်အစည်းအဝေးကိုမတက်ရောက်ဘဲ၊ ထိုဖြစ်ရပ်ကိုပင် သိဖို့မကြိုးစားခဲ့ကြသည်ကို ကျွန်ုပ်တို့မြင်တွေ့ခဲ့သည်။ ထို့ကြောင့် ဣသရေလလူတို့သည် သူတို့ပျက်ကွက်ချိန်တွင် ထိုမြို့ကိုစီရင်ဖို့ကို တညီတညွတ်တည်း သဘောတူဆုံးဖြတ်ခဲ့ကြသည်။ ထိုသူတို့သည် မည်သည့်အမှုကိစ္စကိုမဆို သက်သေတစ်ဦးထက်ပို၍ရှိရမည်ဟူသော ဘုရားသခင်၏ပညတ်ချက်ကို ဆန့်ကျင်လျက် သက်သေတစ်ဦး၏ထွက်ဆိုချက်ဖြင့် ဆုံးဖြတ်ချက်ချခဲ့ကြသည်။ သူတို့က ဗင်္ယာမိန်အမျိုးအနွယ်နေထိုင်ရာအရပ်ရပ်တို့၌ ရာဇဝတ်မှုကျူးလွန်သူတို့အား ရှာဖွေလျက် မိမိတို့ထံသို့ အပ်နှံရန်တောင်းဆိုခဲ့ကြသည်။

<u>“. . . သင်တို့တွင် ပြုသော ဤအဓမ္မအမှုကားအဘယ်နည်း” (သူကြီး ၂၀း ၁၂)</u>။ ဗင်္ယာမိန်အမျိုးသားတို့သည် အပြစ်ရှိသောသူတို့နှင့်အတူ အပြစ်မရှိသောသူတို့သည် မသေဖို့ပရန်အတွက် ရွေးချယ်ခွင့်ရှိခဲ့ကြသော်လည်း သူတို့သည် မိမိတို့ရပ်တည်ချက်ကိုရွေးထားခဲ့ကြပြီးဖြစ်သည်။ သူတို့သည် ဂိဗာမြို့သားများနှင့်အတူ အစောပိုင်းက ဣသရေလလူတို့၏ဖိတ်ခေါ်ချက်ကို ဂရုမစိုက်ဘဲနေခဲ့သည်။ ယခုတွင် သူတို့သည် “ညီအစ်ကိုဣသရေအမျိုးသားတို့၏စကားသံကို” နားမထောင်ဘဲ ဂိဗာမြို့သားတို့ဘက်တွင်ရှိနေကြသည်။ သူတို့၏“ညီအစ်ကိုများ” အပေါ်ထားရှိသောသူတို့၏ချစ်ခြင်းမေတ္တာက မှန်ကန်၍တရားမျှတမှုကိုဖုံးအုပ်ထား၏။

<u>“ဗင်္ယာမိန်အမျိုးသားတို့သည် . . . ထွက်၍. . . စည်းဝေးကြ၏” (သူကြီး ၂၀း၁၄)</u>။ သမ္မာကျမ်းစာတွင် အပြစ်ပြုသောသူများနှင့် ၎င်းတို့ပြုသောအပြစ်တို့ကို ခွဲခြားဖော်ထုတ်ခြင်း (သို့) ပါဝင်ပတ်သက်ခြင်းအကြောင်းကို ရှင်းလင်းစွာဖော်ပြထားသည်။ ပေါလုက ဧဖက်မြို့သားများအား “အကျိုးမဲ့သောမှောင်မိုက်အမှုတို့နှင့် မဆက်ဆံကြ” ဖို့ မိန့်ဆို၏ (ဧဖက် ၅း၁၁)။ သို့သော်လည်း ဗင်္ယာမိန်လူတို့သည် အပြစ်ဒုစရိုက်အတွက် စစ်တိုက်ဖို့ရန် စုဝေးကြပြီးအနိုင်မရနိုင်သောစစ်ပွဲထဲသို့ ဝင်ရောက်ကြသည်။

ဤနေရာတွင် ကျွန်ုပ်တို့ဘာကို သင်ယူနိုင်သနည်း။ လူ့စိတ်နှလုံး၏ချို့ယွင်းမှုနှင့် အပြစ်ကိုကိုင်တွယ်ပုံနှင့်ပတ်သက်၍ ဘုရားသခင်ပေးထားသည့်ပြဋ္ဌာန်းချက်များကို ယုံကြည်ရုံသာမက လိုက်နာဖို့လိုအပ်သည်။ ဣသရေလလူတို့သည် ဘုရားသခင်၏ပြဋ္ဌာန်းချက်များနှင့်ပညတ်တော်တို့ကို လျစ်လျူရှုထားသောကြောင့် သွေးထွက်သံယိုသည့်ပြည်တွင်းစစ်ဖြစ်ခဲ့သည်။ ဣသရေလအမျိုးသားတို့သည် ဒေါသကြောင့်မျက်စိကွယ်ကြ၏။ ဗင်္ယာမိန်အမျိုးသားတို့သည် ချစ်ခြင်းမေတ္တာကြောင့်မျက်စိကွယ်ကြ၏။ ရလဒ်သည် ဆိုးရွားလှပြီး အလွန်နောက်ကျမှသာ မျက်စိပွင့်လာကြလိမ့်မည်။

**ဆင်ခြင်ရန်** - ချစ်ခြင်းမေတ္တာသည် အပြစ်ကိုဖော်ထုတ်ပြီးဖယ်ရှားပေး၏။ ချစ်ခြင်းမေတ္တာသည် အပြစ်ကိုဆင်ခြင်မပေးပါ (သို့) ကာရံမပေးပါ။

**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်ုပ်သည် အပြစ်များကိုအမြန်ဝန်ခံပြီး၊ နောင်တရစေတော်မူပါ။

အဂ်ီ၊ မတ် (၇)
**သူကြီး ၂၀း၁၅-၂၁**
ယောရှု ၇း၁-၅

*“. . . လူများတို့၏စိတ်နှလုံးသည် အရည်ကျို၍ ရေကဲ့သို့ဖြစ်လေ၏”*

# ဘုရားသခင်အပေါ် တာဝန်မကျေပွန်သောသူများ (၁၀)

ဗယ်ာမိန်လူများနှင့် ဣသရေလလူတို့သည် မိမိတို့ရပ်တည်ချက်ကို ဆုံးဖြတ်ချက်ချထားပြီး စစ်ခင်းကြသဖြင့် စစ်ဖြစ်လူဆဲဆဲဖြစ်သည်။ လူအသေအပျောက်များ မြင့်မားလာမည်ဖြစ်ကာ ဤအရာအားလုံးသည် လူတစ်ဦးချင်းစီ၏လုပ်ဆောင်ချက်များနှင့် ရွေးချယ်မှုများမှ ထွက်ပေါ်လာလိမ့်မည်။ ဤအရာက ကောင်းသောအရာအတွက်ဖြစ်စေ၊ ဆိုးညစ်သောအရာအတွက်ဖြစ်စေ၊ သူတို့လုပ်ဆောင်ချက်များ၏အကျိုးဆက်များအလွန်ကျယ်ပြန့်မည်ကို အဘယ်သူမှမတိုင်းတာနိုင်ခဲ့ကြောင်းကို ကျွန်ုပ်တို့အားပြသပေး၏။ ဘုရားသခင်သည် ကျွန်ုပ်တို့အားသူ၏အလိုတော်ကို အမြဲရှာဖွေစေပြီး၊ ကျွန်ုပ်တို့ရွေးချယ်မှုတိုင်း၌ သူ၏နှုတ်ကပတ်တော်ကိုဆင်ခြင်နိုင်ဖို့ရန် အမြဲကူညီပေးပါစေ။

<u>“ဣသရေလအမျိုးသားတို့သည် ဘုရားသခင်၏အိမ်တော်သို့ထ၍သွားပြီးလျှင်. . . ဘုရားသခင်ထံတော်၌မေးလျှောက်ကြ၏” (သူကြီး ၂၀း၁၈)</u>။ အပြစ်ကိုကိုင်တွယ်ဖြေရှင်းရသည့်အခါတိုင်း၊ အဖွဲ့အစည်းတို့၌အပြစ်သားတို့ဘက်မှ စာနာနားလည်ပေးသူများရှိကြလိမ့်မည်။ အသင်းတော်၏ဆုံးမခြင်းလုပ်ဆောင်ရာတွင်ပင် ထိုအရာမျိုးဖြစ်ပေါ်တတ်သည်။ အသီးတစ်ခုလုံးကို တဖြည်းဖြည်းပွစေသောတဆေးကို ကျွန်ုပ်တို့မည်သို့ခွဲထုတ်မည်နည်း။ ကျွန်ုပ်တို့သည် ထိုအရာကိုဝိညာဉ်သဘောနှင့်၎င်း၊ သမ္မာကျမ်းစာနှင့်၎င်း၊ ပညာရှိစွာချဉ်းကပ်ရမည်။ ဣသရေလအမျိုးသားတို့သည် ဘုရားသခင်ထံအကြံဉာဏ်ရယူခြင်းမှာ မှန်ကန်သော်လည်း၊ သူတို့၏ပထမရွေးချယ်မှုမပြုလုပ်မီ ဘုရားသခင်ကိုအရင်တိုင်ပင်သင့်၏။ သူတို့၏မေးခွန်းမှာ တရားသူကြီး ၂၀း၂၈ ၌ဖော်ပြထားသည့် “. . . အကျွန်ုပ်တို့ညီဗယ်ာမိန်အမျိုးသားတို့ကို တဖန်သွား၍တိုက်ရပါမည်လော၊ မသွားဘဲနေရပါမည်လော” ဟူသောမေးခွန်းမျိုးမဟုတ်ဘဲ၊ သူတို့ဆုံးဖြတ်ပြီးသားအရာများဖြစ်၏။ ဤအထက်ပါမေးခွန်းတွင် ဘုရားသခင်၏အလိုတော်နှင့်အကြံဉာဏ်အတွက် နေရာလွတ်ကျန်ခဲ့ပြီး သူတို့သည် တိုင်းပြည်၌ရှိသောအပြစ်နှင့်မိုက်မဲမှုများကို ဖြေရှင်းရန်ကြိုးစားနေကြောင်းနှင့် သူတို့၏ညီအစ်ကိုတို့နှင့် ဆက်ဆံနေကြောင်းကို အသိအမှတ်ပြုခဲ့ကြသည်။ သို့သော် ဤအချက်တွင်သူတို့၏မေးခွန်းသည် အကြံဉာဏ်ကို တောင်းခံခြင်းထက် ပြုလုပ်ပြီးသောဆုံးဖြတ်ချက်များအတွက် ဘုရားသခင်၏ထောက်ခံမှုကို ရယူခြင်းမျိုးဖြစ်သည်။ “. . . အကျွန်ုပ်တို့တွင် အဘယ်သူသည် ဗယ်ာမိန်အမျိုးကို အဦးချီသွားရပါမည်နည်း” (သူကြီး ၂၀း၁၈)။ ကာလတစ်ခုတည်းတွင် ဖြစ်ပွားခဲ့ကြသော တရားသူကြီးကျမ်းပါတိုက်ပွဲများကို သုံးသပ်ကြည့်လော့။ ဂိဒေါင်သည် လူသုံးသောင်းနှစ်ထောင်ကို စုဝေးစေပြီး၊ ဘုရားသခင်သည် ၎င်းတို့အား သုံးရာအထိလျှော့ချခဲ့သည်။ ဗာရက်သည် ယာဘိန်နှင့်သူ၏ရထားများကိုစစ်ချီရန် လူတစ်သောင်းကိုစုဝေးစေ၍၊ ယေဖသသည် ဇေဖရိမ်လူတို့၏အကူအညီကို မရရှိခဲ့ပေ။ သို့သော် ဤတိုက်ပွဲများအားလုံးတွင် ဘုရားသခင်သည်အောင်ပွဲကိုပေးခဲ့သည်။ လက်ယာဘက်ခြမ်း၌ နေကြဖို့မလုံလောက်ကြပါ။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်တွင် ဖော်ပြထားသည့်အတိုင်း ဘုရားသခင်နှင့်သူ၏အလိုတော်ကိုနာခံပြီး လက်ယာဘက်တွက်ရပ်တည်ရပါမည်။ ဘုရားသခင်သည် အချုပ်အခြာအာဏာပိုင်ဖြစ်ရပါမည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ကိစ္စတိုင်းတွင် ကိုယ်တော်၏နှုတ်ကပတ်တော်ရှိရပါမည်။ ကျွန်ုပ်တို့သည် သူ၏အလိုတော်အတိုင်း ဆောင်ရွက်ကြသကဲ့သို့ ကျွန်ုပ်တို့ကိုသူ၏နှုတ်ကပတ်တော်က မောင်းနှင်ပြီး သူ့ဘုန်းတော်အတွက်သာဖြစ်ရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် လူသားတို့၏တုန့်ပြန်မှုအရ လုပ်ရှားဆောင်ရွက်သည်မဟုတ်ပါ။ သူသည် အချုပ်အခြာအာဏာပိုင်ဖြစ်သည်။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်၏အသက်တာကို ကိုယ်တော်ထံအမှန်တကယ်အပ်နှံနိုင်စေတော်မူပါ။

ဗုဒ္ဓဟူး၊ မတ် (၈)
**သူကြီး ၂၀း၂၂-၂၈**
ယောရှု ၇း၆-၂၆

*“ထ၍လူများတို့ကိုသန့်ရှင်းစေလော့”*

# ဘုရားသခင်အပေါ် တာဝန်မကျေပွန်သောသူများ (၁၁)

ပထမအကြိမ်တိုက်ပွဲမှာ ဣသရေအမျိုးသားများအတွက် ဆိုးရွားလှသော်လည်း၊ သူတို့သည် မိမိတို့ကိုယ်ကိုအားပေးပြီး ဗယာမိန်လူတို့ထံသို့ တဖန်ပြန်လာခဲ့ကြသည်။ တဖန်ပြန်ချီတက်ကြမည်ဟု ဆုံးဖြတ်ကြသဖြင့် “ငါတို့အထဲမှ အဘယ်သူအရင်တက်ရမည်နည်း” ဟူသောမေးခွန်းမဟုတ်သော်လည်း၊ အလားတူမေးခွန်းမျိုးဖြစ်သည့် “အကျွန်ုပ်တို့ညီဗယာမိန်အမျိုးသားတို့ကို တဖန်စစ်တိုက်ရပါမည်လော” (သူကြီး ၂၀း၂၃)ဟု၍ ဘုရားသခင်ကိုတိုင်ပင်ကြ၏။ ဣသရေလအမျိုးသားတို့သည် တဖန် ဗယာမိန်လူတို့ထံ စစ်ချီကြပြန်၏။ နည်းပရိယာယ်ပြောင်းလဲဖို့မစဉ်းစားဘဲ ဒုတိယအကြိမ်စစ်ရှုံးပြီးနောက် “ဘုရားသခင်၏အိမ်တော်”သို့ဆုတ်ခွာကာ “အစာရှောင်၍ ဘုရားသခင်ရှေ့တော်၌ ယဇ်ပူဇော်ကြ၏” (သူကြီး ၂၀း၂၆)။ အပြစ်၏အကျိုးဆက်ကိုခံရသောအခါ အစိတ်အပိုင်းတစ်ခုမျှသာမဟုတ်ဘဲ ခန္ဓာကိုယ်တစ်ခုလုံးကို ထိခိုက်စေပါသည်။ သုတ္တံ ၁၄း၃၄ က “ဒုစရိုက်အပြစ်သည် ပြည်သားများတို့ကို ရှုတ်ချတတ်၏”ဟု ခိုင်မာစွာဆိုသည်။ လူတစ်ဦးချင်းကြားမှ အစပြုခဲ့သောအရာသည် ယခုအခါ တစ်မျိုးသားလုံးအတွက် ကြီးမားသောဆုံးရှုံးမှုဖြစ်ပေါ် စေပြီး၊ မကောင်းမှုကိုကာကွယ်ရန် ရွေးချယ်ခဲ့သောဗယာမိန်အမျိုးအနွယ်အတွက် ပို၍ကြီးမားသောဆုံးရှုံးမှုကို ဖြစ်ပေါ် စေလိမ့်မည်။ <u>“. . . ထာဝရဘုရားကလည်း တက်သွားလော့။ အကြောင်းမူကား နက်ဖြန်နေ့၌ သူတို့ကို သင့်လက်၌ငါအပ်မည်ဟုမိန့်တော်မူ၏” (သူကြီး ၂၀း ၂၈)</u>။ ရှုံးနိမ့်မှုက သူတို့ကိုသာ၍စိတ်ကြည်လင်စေ၏။ ရှုံးနိမ့်ခြင်း၏အရှက်ကွဲခြင်းနှင့်ဝမ်းနည်းခြင်းတို့က သူတို့ကိုနှိမ့်ချစေ၍ ဘုရားသခင်၏ရှေ့တော်၌ထိုင်၍ ဘုရားသခင်အားတိုင်ပင်ခြင်းမပြုမီ မီးရှို့ရာယဇ်နှင့်မိဿဟာယယဇ်တို့ကို ပူဇော်ကြ၏။ ဆုံးမခြင်းခံရမှုကို မာန (သို့) ဒေါသစိတ်ဖြင့် လိုက်စေဖို့ရန်မဟုတ်ဘဲ ဘုရားသခင်ထံနှိမ့်ချ၍ ဆက်ကပ်အပ်နှံခြင်းစိတ်ဖြင့် လိုက်စေရပါမည်။ အပြစ်ကိုဖယ်ရှားနိုင်ရန် ဆောင်ရွက်ရမည့် အစီအမံများရှိရမည်ဖြစ်သည်။ သို့သော်၊ ဆုံးမခြင်းသည် လူတို့ရှုတ်ချသောအပြစ်ကို ဖယ်ရှားရန်အတွက်သာမက၊ ပြစ်မှားသော “ညီအစ်ကိုကိုပြန်လည်ထူထောင်ရန်အတွက်လည်းဖြစ်သည်။ အစောပိုင်းတိုက်ပွဲနှစ်ပွဲတွင် သူတို့ကဗယာမိန်ကိုအပြစ်သားကဲ့သို့ တိုက်ခိုက်ခဲ့ကြပြီး သူတို့မှာဘုရားသခင်၏တရားမျှတမှုကို စီမံသည့်ဖြောင့်မတ်သောစီမံအုပ်ချုပ်သူများဖြစ်ကြသည်။ ဤတစ်ကြိမ်တွင်၊ ၎င်းတို့သည် မိမိကိုယ်ကိုစတင်ဆန်းစစ်ကာ ဘုရားသခင်ထံတော်မှောက်တွင် နှိမ့်ချစွာဆုတောင်းကြသည်။ ပေါလုသည် ဂလာတိလူတို့အား “ဝိညာဉ်သဘောရှိသောသင်တို့”အပေါ် မှာ ပြန်လည်ထူထောင်ရေးတာဝန်ကိုချထား၏(ဂလာ ၆း၁)။ ယောရှုလက်အောက်တွင်ကဲ့သို့ပင်၊ ထာဝရဘုရား၏တိုက်ပွဲများသည် ဝိညာဉ်ရေးအရဖြစ်ပြီး၊ တပ်အတွင်း၌ အပြစ်ဖြေပြီးမှသာ စစ်တိုက်ရမည်ဖြစ်သည်။ ရှမွေလလက်ထက်တွင်၊ ဣသရေလလူတို့သည် ဖိလိတ္တိလူတို့ကို တိုက်ခိုက်ခြင်းမပြုမီ ဘုရားသခင်ရှေ့တော်၌ တရက်လုံးနေထိုင်ခဲ့သည် (၁ ရာ ၇း၆)။ အခြားသူများ၏အပြစ်များကို ကိုင်တွယ်ဖြေရှင်းခြင်းသည် မလုံလောက်သေးပေ။ ကျွန်ုပ်တို့ကိုယ်တိုင်၏အပြစ်များကို ကိုင်တွယ်ရာ၌စိတ်အားထက်သန်စွာနှင့် ဆုံးဖြတ်ချက်ချရပါမည်။

**ဆင်ခြင်ရန်** - အပြစ်သည် တစ်ကိုယ်လုံးကိုဒုက္ခပေး၏။ သန့်ရှင်းဖို့ ကြိုးစားရပါမည်။
**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်ုပ်အပြစ်များကို အဖူးလေးထွက်နေစဉ် ဖြတ်တောက်ဖို့ရန် ကူညီတော်မူပါ။

ကြာသပတေး၊ မတ် (၉)
**သူကြီး ၂၀း၂၉-၄၈**
ယောရှု ၈း၃-၂၉

*"အစမ္မလူမှုကား . . . ကောင်းသောအကျိုးကိုမခံရ . . . မိမိအသက်သည်လည်း မရှည်ရ"*

# ဘုရားသခင်အပေါ် တာဝန်မကျေပွန်သောသူများ (၁၂)

ဘုရားသခင်၏အလိုတော်ကို ပြီးမြောက်စေခြင်းနှင့်အပြစ်ပြုသောညီအစ်ကိုကိုဆုံးမခြင်း၌ ကျွန်ုပ်တို့၏တာဝန်ဝတ္တရားများကို ကျေပွန်အောင်ထမ်းဆောင်ရာတွင် သမ္မာသတိရှိရန်လိုအပ်ပါသည်။ ဣသရေလအမျိုးသားတို့ကို ဘုရားသခင်ကအောင်ပွဲရစေမည်အကြောင်း အာမခံထားသော်လည်း၊ ဗယ်ာမိန်နှင့်မည်သို့ရင်ဆိုင်ရမည်ကို သူတို့ဗျူဟာချရန်လိုအပ်နေသေးသည်။ အာခန်၏အပြစ်ကိုဖြေရှင်းပြီးနောက် ယောရှုသည် အာကုမြို့၌ပြုသကဲ့သို့ ဤတတိယအကြိမ်မှာတော့ သူတို့၏ချဉ်းကပ်ပုံကိုပြောင်းလဲခဲ့ကြသည်။

"ဗယ်ာမိန်အမျိုးသားတို့က၊ သူတို့သည် ယမန်ကဲ့သို့ငါတို့ရှေ့မှာ ရှုံးကြပြီဟုဆို၏" (သူကြီး ၂၀း၃၂)။ အပြစ်၏လှည့်ဖြားမှုနှင့်စိတ်နှလုံးခိုင်မာမှုနှင့် မှိုင်းတိုက်လွှမ်းမိုးမှုတို့ကို ဗယ်ာမိန်လူတို့အသက်တာ၌မြင်တွေ့ခဲ့ရသည်။ ဒီစစ်ပွဲနှစ်ပွဲက သူတို့အပေါ် ဒီအကျိုးသက်ရောက်မှုကို မဖြစ်သင့်ဖွင့်ထားသင့်ပါ၏။ အစောပိုင်းနှစ်ကြိမ်ရင်ဆိုင်တိုက်ပွဲတွင် ရှုံးနိမ့်ခဲ့ကြသော်လည်း ဣသရေလလူတို့သည် ပြန်လာခဲ့ကြသည်။ အရင်တိုက်ပွဲနှစ်ခု၏ ရှုံးနိမ့်မှုကဤတတိယအကြိမ်တိုက်ပွဲအတွက် ဗယ်ာမိန်လူတို့အား အားပေးအားမြှောက်ပြုခြင်း (သို့) ရဲရင့်စေခြင်းမျိုးမဖြစ်စေသင့်ပါ။ မကောင်းမှုဒုစရိုက်ကိုပြုခဲ့သောလူတို့အား အကာအကွယ်ပေးခြင်းသည် ထိုတိုက်ပွဲနှစ်ခုတွင် ဆုံးရှုံးခဲ့ရသည့်အသက်နှင့်ထိုက်တန်ပါသလား။ သို့သော် သူတို့ကိုမျက်စိကွယ်စေသောအပြစ်က သူတို့ကိုမာနထောင်လွှားစေပြီး သူတို့ကိုယ်ကို သေတွင်းထဲသို့ရဲရင့်စွာပြေးဝင်စေဖို့ ရဲဝံ့စေ၏။

". . . ဗယ်ာမိန်လူတို့သည် သူတို့အပေါ် ဘေးဥပဒ်ရောက်သည်ကို မြင်သောကြောင့် အံ့သြခြင်းသို့ရောက်ကြ၏" (သူကြီး ၂၀း၄၁)။ တစုံတရာကိုကုစားဖို့ရန်မှာ ဗယ်ာမိန်အမျိုးသားတို့၏မျက်စိပွင့်လာခြင်းသည် အချိန်နှောင်းသွားခဲ့သော်လည်း၊ သူတို့၏ပုန်ကန်မှုက သူတို့ကိုအဘယ်အရာဖြစ်စေခဲ့သည်ကို သိမြင်ကြဖို့အချိန်တန်ပြီဖြစ်သည်။ အပြစ်၌ကောင်းမွန်စွာဆက်နေလျက် ဆုံးမပြုပြင်ခြင်းကိုငြင်းပယ်သောသူတိုင်း၌ ဤအရာသည် ဖြစ်တတ်၏။အကူအညီမရရှိနိုင်သောအခါ သူတို့၏မျက်စိများပွင့်လာကြပြီး၊ ဤအချိန်တွင် စစ်ဖြစ်နေကြသော သူတို့၏ရန်သူများဖြစ်သည့်ညီအစ်ကိုများ၏ ဂရုဏာဖြင့်ကျန်ရစ်ခဲ့ကြပါသည်။ ပြေးဖို့စဉ်းစားကြသော်လည်း ပြေးစရာမြေမရှိတော့ပါ။ အမှားကို ကာကွယ်ရာမှာ သူတို့၏စည်းလုံးညီညွတ်မှုပျက်ပြားသွားခဲ့ပြီး၊ ခုအချိန်မှာတော့ လူတိုင်းဟာ မိမိအတွက်မိမိသာဖြစ်ကြတော့သည်။ သူတို့သည် မိမိတို့၏အရေးကိစ္စတွင် အောင်မြင်မှုအချို့ရှိသော်လည်း၊ အမှန်မှာ အပြစ်ကိုလိုက်စားခြင်း၌ အကျိုးမရှိခဲ့ဘဲ ယခုအားလုံးသည် အပြစ်၏အစကိုခံ့ဝေခံစားနေကြရသည်။ အပြစ်တရား၏အောင်ပွဲသည် ယာယီသာဖြစ်၍၎င်းကို တရားစီရင်ခြင်းနှင့် ရှုံးနိမ့်ခြင်းရောက်လာမည်မှာ သေချာလွန်းသည်။

**ဆင်ခြင်ရန်** - (ဒေသနာ ၈း၁၁ ကိုဖတ်လော့)။
**ဆုတောင်းချက်** - အဘဘုရား၊ အပြစ်တရား၏ခဏတာပျော်ရွှင်မှုတွင် ဝမ်းမြောက်ခြင်းမရှိကြစေဖို့ ကျေးဇူးတော်ကို အကျွန်ုပ်တို့အားပေးသနားတော်မူပါ။ အကြောင်းမူကား အပြစ်တရား၏ခါးသောခွက်မှာ ဧကန်မုချလိုက်လာပါ၏။

# ခါးသောအရသာရှိသည့်အပြစ်သည်နောက်တွင်ကျန်ရစ်၏

ဤဒုတိယဆက်တွဲ၏နိဂုံးသည် အပြစ်ဒုစရိုက်ကို လက်သင့်ခံသောအခါ၊ တိုင်းပြည်သို့ ဝမ်းနည်းမှုနှင့်ဆုံးရှုံးမှုကို အတိုင်းအတာတစ်ခုအထိ ရောက်စေကြောင်းကိုဖော်ပြပေးသည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုအုပ်စိုးကြပြီး၊ ဘုရားသခင်၏စည်းမျဉ်းစည်းကမ်းကို မလိုက်နာခြင်း၏အကျိုးဆက်များသည် အမြဲတစေဝမ်းနည်းပူဆွေးခြင်းများနှင့် ပြည့်နှက်နေစေ၏။

<u>“. . . ယခုအခါ ဣသရေလလူတို့သည် မိဇပါမြို့မှာ ကျိန်ဆိုခြင်းကိုပြုကြပြီ” (သူကြီး ၂၁း၁)</u>။ ပထမအချက်မှာ ဘုရားသခင်၏အလိုတော်အတိုင်းမဟုတ်ဘဲ လူ့ဇာတိဖြင့်ပြုလုပ်သောဆုံးဖြတ်ချက်များမှ ဝမ်းနည်းခြင်းနှင့်နောင်တရခြင်းပင်ဖြစ်သည်။ လူသည် မိမိကိုယ်၌ဉာဏ်ပညာမရှိ၊ လူ၏စိတ်နှလုံးသည် လှည့်စား၍အလွန်ဆိုးသွမ်း၏ (ယေရမိ ၁၇း၉)။ ထို့ကြောင့်၊ ကိုယ်ပိုင်ဉာဏ်ဖြင့်ပြုလုပ်သောဆုံးဖြတ်ချက်များ (သို့) မိမိ၏စိတ်နှလုံးအလိုကို လိုက်နာခြင်းက ကျွန်ုပ်တို့ကို လွှမ်းမိုးနေသောဆိုးယုတ်ခြင်းက အမြဲတမ်းအမည်းစက်စွန်းထင်းစေလိမ့်မည်။ သူတို့ရရှိခဲ့သော သတင်းဆိုးကြောင့် သူတို့စိတ်ခံစားချက်များ အရှိန်မြင့်လာပြီး၊ သူတို့အတွေးများတိမ်ကောနေသည့်အခိုက်အတန့်တွင် သူတို့ဆုံးဖြတ်ချက်ချခဲ့ကြ၏။ ယခုတွင်၊ သူတို့သည် ဝမ်းနည်းပူဆွေးခြင်းနှင့်ပြည့်ဝလျက် ၎င်းတို့ကိုယ်တိုင်လုပ်ခဲ့သောအရာကြောင့် ချုပ်နှောင်ခြင်းခံရပြီး၊ အားကိုးရာမဲ့နေကြသည်။

<u>“ဣသရေလအမျိုးသားတို့သည် မိမိတို့ညီဗင်္ယာမိန်အတွက် နောင်တရကြ၏” (သူကြီး ၂၁း၆)</u>။ ဒုတိယအချက်မှာ သူတို့၏ဇာတိပကတိနှင့်၎င်း၏စိတ်ခံစားချက်များက ညွှန်ကြားသည့်လုပ်ရပ်များကြောင့် ဝမ်းနည်းလျက်နောင်တရခြင်းဖြစ်သည်။ သူတို့သည် တရားမျှတမှုကိုဖော်ဆောင်ရန်တာဝန်ရှိပြီး၊ ဘုရားသခင်၏အကူအညီကိုရရှိကြသောအခါ၊ သူတို့သည် လက်လွန်ခြေလွန်ဖြစ်သွားကြကာ ဗင်္ယာမိန်မျိုးနွယ်ကို ရှင်းရှင်းသုတ်သင်ပစ်လုနီးပါးဖြစ်ခဲ့သည်။ ဇာတိပကတိ၏ချုပ်ကိုင်မှုအောက်တွင် ဝိညာဉ်ရေးအလုပ်ကို မလုပ်ဆောင်နိုင်ပါ။ ၎င်းတို့ကို ဝိညာဉ်ရေးရာအခြေခံမှုများ၏လမ်းညွှန်မှုအောက်တွင် လုပ်ဆောင်ရမည်ဖြစ်ပြီး ဝိညာဉ်အသီးများဖြင့် ထိန်းညှိပေးရမည်ဖြစ်သည်။ ဣသရေလအမျိုးသားတို့သည် မိမိတို့ထားကို သတ်ဖို့ရန်၎င်းမီးကိုရှို့ဖို့ရန်၎င်း အမြဲတမ်းချန်ထားလေ့ရှိ၍ ကြောင်းကျိုးမမြင်တော့သောအခိုက်အတန့်တွင် မိမိတို့၏ညီအစ်ကိုကိုပင် မညှာတာကြပေ။

<u>“လူများတို့သည် ဗင်္ယာမိန်အတွက် နောင်တရကြ၏” (သူကြီး ၂၁း၁၅)</u>။ တတိယအချက်မှာ စာတန်အားအခွင့်အရေးပေးပြီး သူ၏နည်းပရိယာယ်များကို လျစ်လျူရှုခြင်းကြောင့် ဝမ်းနည်းခြင်းနှင့်နောင်တရခြင်းဖြစ်၏။ နောက်ပြန်လှည့်၍ မရတော့သောပျက်စီးမှုများရှိကြောင်းကို ဣသရေလလူတို့နားလည်သဘောပေါက်ကြ၏။ အစားထိုးကုထုံးများကို ရှာဖွေခဲ့ကြသော်လည်း ထိုကုထုံးများတွင်လည်း အမှားအယွင်းရှိကြ၏။ ဗင်္ယာမိန်ကိုကယ်တင်ရန် ကြိုးပမ်းသောအခါ၊ ယာဗက်ဂိလဒ်လူတို့ကိုလုပ်ကြံသတ်ဖြတ်ကြ၏။ ဤအရာအားလုံးသည် လူသားတို့၏မိမိကိုယ်ကိုအုပ်ချုပ်မှုစနစ်ကြောင့်ဟုယူဆ၍ရသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့စိတ်နှလုံးကို အုပ်စိုးသောအရှင်မဟုတ်လျှင် စာတန်သည် ကျွန်ုပ်တို့အပေး အခွင့်ကောင်းရရှိတတ်၏။

**ဆင်ခြင်ရန်** - ခရစ်တော်သည် ကျွန်ုပ်၏သခင်ဖြစ်သလော။ သူ၏နှုတ်ကပတ်တော်သည် ကျွန်ုပ်၏အသက်တာကို လွှမ်းမိုးနေပါသလား။

**ဆုတောင်းချက်** - သခင်ယေရှု၊ ကျွန်ုပ်၏စိတ်နှလုံးထဲသို့ နေထိုင်ဖို့ရန်ကြွလာတော်မူပါ။

စနေ၊ မတ် (၁၁)

**၁ ရာ ၁း၁-၈**

တရားဟော ၁၂း၁၇-၂၈

*“ထိုအရာတို့ကိုသင်၏ဘုရားသခင်*
*ထာဝရဘုရားရှေ့တော်၌စားရပါမည့်”*

---

## မိသားစုစုံစမ်းခြင်းထဲက ဘုရားသခင်၏အစေခံခြင်း

ရှမွေလ၏ဘဝသည် တရားသူကြီးမှတ်စာကျမ်းကာလတွင် စတင်ခဲ့သည်။ ရှမွေလသည် ယဇ်ပုရောဟိတ်အဖြစ်နှင့် ပရောဖက်အဖြစ် ဘုရားသခင်ကိုအစေခံသော ဣသရေလ၏နောက်ဆုံး တရားသူကြီးဖြစ်သည်။ သူသည် ဣသရေလ၏အဦးဆုံးဘုရင်နှစ်ပါးကို ဘိသိက်ပေးခွင့်ရရှိသူဖြစ်သည်။ သူသည် အယူဝါဒဖောက်ပြန်ခြင်းနှင့် ကိုယ်ကြိုက်သလိုနေထိုင်ကြသော တရားသူကြီးများ ခေတ်တွင်နေထိုင်ခဲ့သည်။ ဤခေတ်ကိုအဆုံးသတ်ပြီး နိုင်ငံတော်တွင်ခေတ်သစ်တစ်ခုပေါ်လာသည်ကို သူမြင်တွေ့ခဲ့ရသည်။

<u>“ဤသူသည် ရှိလောမြို့၌ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားအား ယဇ်ပူဇော်ခြင်းငှါ နှစ်စဉ်မိမိမြို့မှထွက်သွား၏”(၁ ရာ ၁း၃)</u>။ ဤကာလအတွင်း အိမ်တွင်းရေးဘဝနှင့်အမျိုးသားရေး ဘဝ၏ စိန်ခေါ်မှုများကို တရားသူကြီးများကျမ်း၏နောက်ပိုင်းတွင်ဖော်ပြထားသည်(သူကြီး ၁၇း၂၁)။ ဓမ္မရာဇဝင်ပဌမစောင်အခန်းကြီး ၁ တွင် ရှိလောမြို့၌အလားတူသောဖြစ်ရပ်များကို ဖော်ပြထားသည်။ ဧလကာနမိသားစုဖော်ပြသောဖြစ်ရပ်က ဆုတ်ယုတ်သောကာလတွင် လူတစ်ဦး၏ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် ကိုယ်ပိုင်တာဝန်ဝတ္တရားများကို ကျွန်ုပ်တို့အားသိစေ၏။ ဤနေရာတွင် ကျွန်ုပ်တို့သည် တိုင်းပြည်နှင့်ဘာသာရေးအကျပ်အတည်းကာလတွင်သာမက အိမ်တွင်းရေးအခက်အခဲများနှင့် စိန်ခေါ်မှုများကြားတွင် ဘုရားသခင်ကိုအစေခံရန်ကြိုးပမ်းသည့် မိသားစုတစ်စုကိုတွေ့ရှိရသည်။ ဤအခန်းငယ်သည် အိမ်ထောင်ဦးစီးဧလကာနကို ရည်ညွှန်းပြီး သတ်မှတ်ထားသောအချိန်နှင့်နေရာတွင် ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ဖို့ သူ၏တာဝန်ဝတ္တရားနှင့်အစပြုထားသည်။ ဇနီးသည်နှစ်ဦးကြားတွင် အိမ်ထောင်ရေးပဋိပက္ခကြားမှ ဝတ်ပြုရေးနှင့်ပတ်သက်၍ ဘုရားသခင်၏ပညတ်တော်များနှင့်စည်းမျဉ်းများကိုလိုက်နာခဲ့သည်။

<u>“ဧလကာနသည် . . . မယားပေနိန္နနှင့် သူ၏သားသမီးတို့အား ဝေစုကိုဝေမျှ၏။ ဟန္နကို . . . နှစ်ဆသောအဘို့ကိုပေး၏” (၁ ရာ ၁း၄-၅)</u>။ လူယောက်ျား၏မိသားစုကို ထောက်ပံ့ရန်နှင့် ဦးဆောင်ရန်တာဝန်ကို ဤနေရာတွင်ရှင်းလင်းစွာဖော်ပြထားသည်။ ဘုရားသခင်ရှေ့တော်၌ လက်ဗလာဖြင့် သူတို့မပေါ်လာဘဲရှိရမည့်အကြောင်းဘဲမဟုတ်။ ဝတ်ပြုကိုးကွယ်ခြင်း၌ လူတိုင်းတက်ရောက်ပြီး တက်တက်ကြွကြွပါဝင်ရမည့်အကြောင်းကို သူသေချာစေ၏။ မိသားစုတိုင်းတွင် စိန်ခေါ်မှုများရှိ၏။ ဧလကာန၏မိသားစုတွင် ကိုယ်ပိုင်ရွေးချယ်မှု(မယားတစ်ဦးနှင့်အထက်ယူမှု) ကြောင့် ဖြစ်ပေါ်လာသောစိန်ခေါ်မှုတစ်ခုရှိ၏။ ထိုပဋိပက္ခသည် ဝတ်ပြုရန်ပြင်ဆင်ချိန်တိုင်းတွင် ပိုမိုဆိုးရွားလျက်ရှိသည်။ ထိုမိသားစုပြဿနာများကို ဧလကာနသည်တာဝန်ယူ၍ ဟန္နအားအားပေးစကားပြောဆိုလျက် ရှိလောမြို့ရှိဝတ်ပြုခြင်းတွင် သူမ၏စိတ်ဓာတ်ကိုမြှင့်တင်ပေး၏။ ကျွန်ုပ်တို့သည် မိမိရွေးချယ်မှုများ၏အကျိုးဆက်များနှင့်အတူ အသက်ရှင်နေထိုင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့အသက်တာတွင် ကြုံတွေ့နေရသောစုံစမ်းခြင်းများထဲမှ ဘုရားသခင်ကိုဆက်လက်ကိုးကွယ်ရပါမည်။

**ဆင်ခြင်ရန်** - “နေ့ရက်တိုင်း ကိုယ်တော်ကိုသာယုံကြည်လျက် ခိုလှုံကိုးစား၊ ဘယ်အမှုမျိုးဖြစ်သည်မဆို ယေရှုကိုယုံကြည်ကိုးစား”။

**ဆုတောင်းချက်** - အဘဘုရား၊ ဆင်းရဲ၍အပြစ်ရှိသောလူစုကို ကိုယ်တော်၏ခြေတော်ရင်း၌ ကြည့်ရှုတော်မူပါ။

# ဆင်းရဲဒုက္ခကြုံရစဉ်အခါဘုရားသခင်ကိုရှာခြင်း

ဧလကာနမိသားစု၏ပုံစံသည် စည်းလုံးညီညွတ်စွာနေထိုင်ပြီး ပြီးပြည့်စုံသောမိသားစုတစ်ခု မဟုတ်ပေ။ ၎င်းသည် စုံစမ်းခြင်းနှင့်ပြဿနာများကို ဖော်ပြသောမိသားစု၏ပုံစံဖြစ်သည်။ များစွာသောသူတို့အတွက် ပြဿနာများနှင့်ဝမ်းနည်းခြင်းတို့သည် သူတို့ဆုတောင်းခြင်းကိုဟန့်တားတတ်၏။ ကျွန်ုပ်တို့၏ဆုတောင်းချက်သည် ကျွန်ုပ်တို့စိတ်ပါဝင်မှုအပေါ် မူတည်၍ "ဆုတောင်းဖို့စိတ်မပါဘူး" ဟူသောစကားမှာ အသုံးများသောစကားဖြစ်သည်။ ဟန္န၏ဝမ်းနည်းမှုသည် သူမ၏အစာစားချင်စိတ်ကိုပျောက်စေသော်လည်း ဆုတောင်းခြင်းဖြင့်ဘုရားသခင်ကိုရှာရန် သူမကိုတွန်းအားပေးနေဆဲဖြစ်သည်။

<u>"ဟန္နသည် ညှိုးငယ်သောစိတ်နှင့်ထ၍ မျက်ရည်များစွာကျလျက် ထာဝရဘုရားကို ဆုတောင်း၏" (၁ ရာ ၁း၁၀)</u>။ သူမ၏အခြေအနေနှင့်ပတ်သက်၍ ပေနိန္န၏ရန်စခြင်းကြောင့် သူမစိတ်ဒုက္ခရောက်ရ၏။ ဖိအားကြားနှင့်ပေနိန္န၏ မခံချင်အောင်ရန်စမှုတို့ကြောင့် သူမ၏အတွင်းစိတ်မငြိမ်သက်မှုနှင့်ဝမ်းနည်းခြင်းတို့၌ သူမ၏ဆောင်ရွက်ပုံနည်းလမ်းမှာ ပညာအရှိဆုံးလူသားလုပ်နိုင်မည့်နည်းလမ်းဖြစ်သည်။ ဆုတောင်းခြင်းဖြင့် ဘုရားသခင်ထံတော်သို့ယူသွားလော့။ သူမတွင် ပွဲခံရန်စိတ်မရှိဘဲဆုတောင်းရန်နှလုံးသားရှိ၏။ ဆုတောင်းခြင်းကိုအများပြည်သူရှိရာအရပ်တွင် ပြုလုပ်ခဲ့သော်လည်းကောင်းမွန်သောစကားများဖြင့် ပြောဆိုခြင်းမရှိဘဲ တိတ်ဆိတ်စွာဖြင့် ဘုရားသခင်ကိုသာအာရုံစိုက်၍စိတ်ထားထက်သန်စွာဆုတောင်းခဲ့သည်။ ရှိလောမြို့ရှိတဲတော်သို့သွားရသောအချိန်သည် ရန်သူ၏ရန်စ၍မထီမဲ့မြင်ပြုသည့်အကြိမ်အများဆုံးအချိန်ဖြစ်သော်လည်း သူမအမြဲလိုက်သွားရ၏။ ထိုအရပ်မှာ သူနှင့်တွေ့ဆုံရန်ဘုရားသခင်သတ်မှတ်ထားသောနေရာဖြစ်သောကြောင့် ဟန္နသည် နာကျင်မှုကိုခံနိုင်ရည်ရှိပြီး သူမအသနားခံမှုဖြင့် ဘုရားသခင်၏ရှေ့တော်၌ပေါ် ထွန်းရန် အခွင့်အရေးရရှိမည်ဖြစ်သည်။

<u>". . . စပျစ်ရည်ကိုမသောက်ပါ၊ . . . ထာဝရဘုရားရှေ့တော်၌စိတ်နှလုံးကို သွန်းလောင်းလျက်နေပါ၏" (၁ ရာ ၁း၁၅)</u>။ ဧလိ၏ကဲ့ရဲ့ပြစ်တင်မှုသည် ဟန္နအတွက်မတရားသော်လည်း တရားသူကြီးများ၏အချိန်ကာလကိုဖော်ပြ၏။ ဘုရားသခင်၏အိမ်တော်နှင့်ရှေ့တော်တွင် လူတို့သည် မူးယစ်ကြပြီး မိမိကိုယ်ကိုထိန်းချုပ်နိုင်မှုအားနည်းကြသည်။ ဟန္နသည် စိတ်အားထက်သန်စွာဖြင့်ကြာရှည်စွာဆုတောင်းသည်ကို ဧလိကြည့်နေခဲ့ပြီး သူမမူးယစ်နေသည်ဟုထင်မှတ်ခဲ့သည်။ စပျစ်ရည်နှင့်အရက်များတွင် နှစ်သိမ့်မှုရှာဖို့ လူတို့အားတွန်းအားပေးသည့်အရာများက ဟန္နအားဆုတောင်းရန်တွန်းအားပေးခဲ့သည်။ ဆုတောင်းချက်တွင် သူမဂတိကဝတ်ပြုခဲ့သည်။ ယုံကြည်ခြင်းအားဖြင့် သူမသည်ဆုတောင်းထားသောအချက်တို့ကို ဘုရားသခင်လက်ခံပေးသည့်အတွက် ကျေးဇူးချီးမွမ်းသော ပေးကမ်းခြင်းကိုစိတ်လိုလက်ရကတိပြုပြီး သူမ၏ကလေးကို ဘုရားသခင်၏ဂုဏ်အသရေနှင့်အမှုတော်အတွက် ဆက်ကပ်အပ်နှံထားရန်ကတိပြုသည် (ဒေ ၅း၄-၅)။ သူမ၏အသနားခံစာကို ဘုရားသခင်ထံအပ်နှံပြီး သူမ၏ဝန်ထုတ်ဝန်ပိုးမှာ ဖယ်ရှားခံရပြီးနောက် "ခြားနားသောမျက်နှာနှင့်သွား၍အစာစားလေ၏" (၁ ရာ ၁း၁၈)။

**ဆင်ခြင်ရန်** - "အကျွန်ုပ်၏လမ်းခရီးသည် ရှင်းလင်းလျှင်သီချင်းဆို၍၊ အုံ့မှိုင်းလျှင် ဆုတောင်းလော့"။

**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်ုပ်သည် ဆုတောင်းခြင်းဖြင့်ကိုယ်တော်နှင့်အမြဲနီးစေတော်မူပါ။

တနင်္လာ၊ မတ် (၁၃)
**၁ ရာ ၁း၁၉-၂၈**
ဒေ ၅း၁-၆

*"ဘုရားသခင့်ထံတော်၌ သစ္စာဂတိပြုမိလျှင်*
*သစ္စာဝတ်ကိုမဖြေဘဲမနေနှင့်"*

# ဆုတောင်းခြင်းသို့ပို့ဆောင်သောပျော်ရွှင်မှုနှင့်တာဝန်ဝတ္တရား

၁ ရာ အခန်းကြီး ၁ တွင် စိန်ခေါ်မှုများထဲမှ ဘုရားသခင်အားဝတ်ပြုကိုးကွယ်၍အစေခံဖို့ ဆက်ကပ်အပ်နှံထားသည့် မိသားစုအကြောင်းကိုတင်ဆက်ထားသည်။ မိသားစုကိုဦးဆောင်သော ဧလကာန၏အခန်းကဏ္ဍကို ဇာတ်ကွက်တစ်ခုစီတွင် မြင်တွေ့ရသည်။ ရှိလောမြို့၌ဝတ်ပြုကိုးကွယ်ရန် မိသားစုကိုဦးဆောင်ကာ ဟန္နသည်အလွန်အမင်းစိတ်ဒုက္ခရောက်နေသောအခါ သူသည်ကြားဝင် ပြောဆိုပေးပြီး ဤအပိုင်းတွင်ဟန္နသည် သားတော်ရှမွေလကိုဘုရားသခင်ထံအပ်နှံဖို့ ဂတိကဝတ်ပြု ထားချက်အား ဂတိအတိုင်းတည်ဖို့ အားပေးထောက်ခံခဲ့သည်။

<u>"ဟန္နသည် ပဋိသန္ဓေယူ၍. . . သားယောက်ျားကိုဖွားမြင်ပြီးလျှင် ထိုသားကိုထာဝရဘုရားထံ၌ဆုတောင်းသောကြောင့် ရှမွေလအမည်ဖြင့်မှည့်လေ၏" (၁ ရာ ၁း၂၀)</u>။ ဟန္နသည် ဆင်းရဲခံရသောအချိန်၌စိတ်အားထက်သန်စွာအမှန်တကယ်ဆုတောင်းပြီး သူမကောင်းကြီးခံစားရသည့်နေ့တွင်လည်း မမေ့လျော့ပါ။ ၎င်းမှာ သားလေးမွေးဖွားပြီးနောက်တွင် သူမစဉ်းစားချင့်ချိန်စွာလုပ်ဆောင်မှုက ဖော်ပြနေသည်။ ကလေးအားပေးထားသောနာမသည် သူမဒုက္ခရောက်နေစဉ် ဘုရားသခင်၏ ကျေးဇူးတော်ကိုအမှတ်ရစေ၏။ မိသားစုဝတ်ပြုကိုးကွယ်ဖို့ သွားရောက်ချိန်ရောက်သောအခါ ခင်ပွန်းဖြစ်သူအား သားလေးကိုအိမ်မှာချန်ထားပေးဖို့တောင်းဆိုချက်ကိုကြည့်လျှင် ဟန္နမှည့်ထားသော ကလေးနာမကို ဧလကာနသဘောတူသည်ဟု ယူဆနိုင်သည်။ ထိုသို့တောင်းဆိုရခြင်းမှာ သူမသည် ဘုရားသခင်ထံပြုထားသောဂတိကဝတ်ကို အကောင်အထည်ဖော်ဖို့ရန်ဖြစ်သည်။ လူများစွာတို့သည် ဆင်းရဲခံရသောအခါ ဘုရားသခင်ကိုစိတ်အားထက်သန်စွာရှာကြပြီး အမှုတော်ကိုထမ်းရွက်ဘို့ ဆက်ကပ်ကြ၏။ ထိုသို့လုပ်ဆောင်ကြသည့်အချိန်ကာလမှာ သူတို့၏လိုအပ်ချက်များပြည့်မီပြီး ဝန်ထုတ်ဝန်ပိုးရုပ်သိမ်းသည့်အထိသာ ခံကြသည်။ ဝန်ထုတ်ဝန်ပိုးလျော့သွားပြီး လိုအပ်ချက်များ ဖြည့်တင်းသောအခါတွင် ဘုရားသခင်နှင့်နုတ်ကပတ်တော်ကိုငင်း အိမ်တော်ကိုငင်းစွန့်ခွာကြ၏။ ရှောလမုန်က ဂတိကဝတ်ပြု၍ဂတိမတည်ခြင်းထက် ဂတိကဝတ်မပြုဘဲနေခြင်းသည် သာ၍ကောင်းကြောင်းကို သတိပေးထား၏(ဒေ ၅း၄-၆)။

<u>"နို့ကွာပြီးမှ. . . သူငယ်ကိုဆောင်သွား၍. . . " (၁ ရာ ၁း၂၄)</u>။ ဟန္နသည် ဂတိသစ္စာကို ပြည့်စုံစေရပါမည်။ ထို့ကြောင့် ဟန္နသည် ကျေးဇူးသိတတ်သောအစေခံ၏ ရွှင်လန်း၍ရက်ရောမှုမျိုး ဖြင့်၎င်း၊ သနားကြင်နာတတ်သောမိခင်၏စေတနာနှင့် ဂရုတစိုက်ရှိမှုတို့နှင့်၎င်း သူမလုပ်ဆောင်ခဲ့၏။ ပညတ်တရား၏တောင်းဆိုမှုထက် ကျော်လွန်၍ပေးဆောင်ခဲ့သော ပူဇော်သက္ကာက သူမ၏ရွှင်လန်းမှုနှင့်ရက်ရောမှုကို မြင်တွေ့စေ၏။ ကလေးကို ယဇ်ပုရောဟိတ်မင်းဧလိထံ ပေးအပ်ခဲ့ပုံနှင့် တံတော်သို့လည်ပတ်တိုင်း သူ့အတွက် ယူဆောင်လာပေးသည့်အစားအသောက်များတွင် သူမ၏နူးညံ့မှုနှင့် ချစ်ခြင်းမေတ္တာကိုမြင်တွေ့ရသည် (၁ ရာ ၂း၁၉)။

**ဆင်ခြင်ရန်** - ဆင်းရဲခံရသောကာလ၌ ကျွန်ုပ်တို့သည်အဘယ်အရပ်သို့သွားရမည်နည်း။ ကောင်းကင်ဘုံ၏သခင်ထံသို့မဟုတ်လော။

**ဆုတောင်းချက်** - (ဆာလံ ၁၁၆း၁၂-၁၄ ကိုအသုံးပြုပါ)။

အဂၤါ၊ မတ် (၁၄)
**၁ ရာ ၂း၁-၁၀**
ယာကုပ် ၄း၁-၆

*“. . . ထောင်လွှားစော်ကားသောသူတို့ကို ဘုရားသခင်ဆီးတားတော်မူ၍ စိတ်နှိမ့်ချသော သူတို့အား ကျေးဇူးပြုတော်မူ၏”*

# ဘုရားသခင်၏အကြောင်းကိုဆုတောင်းခြင်းမှသင်ယူရ၏

ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်များနှင့်သူ၏လုပ်ဆောင်ချက်များအားဖြင့် သူကိုယ်သူဖော်ပြသည်။ ထို့ကြောင့် သူအဖြေပေးသောဆုတောင်းချက်များအပြင် သူအဖြေပေးရန် ငြင်းဆိုသောဆုတောင်းချက်များမှတဆင့် ဘုရားသခင်ကိုကျွန်ုပ်တို့သိရှိနားလည်နိုင်မည်ဖြစ်သည်။ ဘုရားသခင်၏အလိုတော်အတိုင်းတောင်းလျှင် သူနားထောင်ပြီး အဖြေပေးကြောင်းကို ယောဟန်က ဖော်ပြသည်။ တပ်မက်မှုလွန်ကဲစွာတောင်းသောကြောင့် ကျွန်ုပ်တို့မရရှိကြဟု ယာကုပ်ဆို၏။ ဘုရားသခင်၏ဘယ်အကြောင်းအရာကို ကျွန်ုပ်တို့သိဖို့လိုအပ်သနည်း။ သူမ၏ဆုတောင်းချက်ကို ဘုရားသခင်ဖြည့်ဆည်းပေးသောကြောင့် ဘုရားသခင်အား ချီးမွမ်းခြင်းသီချင်းတွင် ဟန္နသည်အဘယ်ဘုရား၏အကြောင်းကို ဖော်ပြခဲ့သနည်း။

<u>“ထာဝရဘုရားသန့်ရှင်းတော်မူသကဲ့သို့ အဘယ်သူမျှမသန့်ရှင်း” (၁ ရာ ၂း၂)</u>။ ဟန္န၏ ချီးမွမ်းခြင်းကိုအစပြုရာ၌ ဘုရားသခင်၏ဂုဏ်အင်္ဂါတော်များကို ဖော်ပြ၏။ ဘုရားသခင်၏အကြောင်းကိုရှင်းပြရာ၌ ပရိုတက်စတင့်ခရစ်ယာန်ယုံကြည်ချက်စာအုပ်က ဘုရားသခင်၏ဂုဏ်အင်္ဂါရပ်များကို ဖော်ပြထားသည်။ “ဘုရားသခင်ဆိုတာဘာလဲ” ဟူသောမေးခွန်းအတွက် Westminster Shorter Catechism ကဖြေကြားထားသည်မှာ “ဘုရားသခင်သည် ဝိညာဉ်တော်၊ အနန္တ၊ ထာဝရ၊ မပြောင်းလဲနိုင်သော၊ သူ၏ဖြစ်တည်မှုမှာ ဉာဏ်ပညာ၊ တန်ခိုး၊ သန့်ရှင်းမှု၊ တရားမျှတမှု၊ ကောင်းမြတ်မှု နှင့် သမ္မာတရားတို့ဖြစ်သည်”။ ဘုရားသခင်ကိုဟန္နချီးမွမ်းရာတွင် သူ၏ကောင်းမြတ်ခြင်း (၁ ရာ ၂း၁)၊ သန့်ရှင်းခြင်း (၁ ရာ ၂း၂)၊ ဉာဏ်ပညာ (၁ ရာ ၂း၃)၊ တန်ခိုး (၁ ရာ ၂း၄)၊ တရားမျှတခြင်း (၁ ရာ ၂း၄) တို့ကိုသိဆိုခဲ့သည်။

<u>“ထာဝရဘုရားသည် သေစေသောအခွင့်၊ အသက်ရှင်စေသောအခွင့် . . . ရှိတော်မူ၏” (၁ ရာ ၂း၆)</u>။ ဘုရားသခင်၏ကြည့်ရှုထောက်ပံ့ခြင်းနှင့်လုပ်ဆောင်မှုတို့သည် ဟန္နချီးမွမ်းခြင်းသီချင်း၏ဒုတိယအပိုင်းဖြစ်သည်။ ပရိုတက်စတင့်ခရစ်ယာန်ယုံကြည်ခြင်းစာအုပ်တွင် ဘုရားသခင်၏ ဂုဏ်တော်များအပြင် ဘုရားသခင်၏အလိုတော်နှင့်အချုပ်အခြာအာဏာကိုလည်း တင်ပြထားသည်။ ဘုရားသခင်၏ကြည့်ရှုစောင့်ရှောက်ခြင်းနှင့်ပတ်သက်၍ The Shorter Catechism က ရှင်းပြသည်မှာ - “ဘုရားသခင်၏ကြည့်ရှုစောင့်ရှောက်ခြင်းလုပ်ငန်းမှာ သူဖန်ဆင်းထားသောသတ္တဝါအားလုံးနှင့် သူတို၏လုပ်ဆောင်မှုအားလုံးကို သူ၏အသန့်ရှင်းဆုံး၊ ဉာဏ်ပညာနှင့်တန်ခိုးကြီးသော ထိန်းသိမ်းအုပ်စိုးခြင်းတို့ဖြစ်သည်။

သူမ၏ချီးမွမ်းသီချင်းတွင် ဟန္နသည်ဘုရားသခင်၏အုပ်ချုပ်မှုနှင့် သတ္တဝါအားလုံးအသက်တာများကို စနစ်တကျသူဖွဲ့စည်းထားခြင်းကို အတိုချုံးဖော်ပြသည်။ သူမက ဘုရားသခင်၏အုပ်စိုးမှုကိုဖော်ပြရာ၌ သေခြင်းနှင့်အသက်ရှင်ခြင်း (၁ ရာ ၂း၆)၊ ဆင်းရဲခြင်းနှင့်ချမ်းသာခြင်း (၁ ရာ ၂း၇)နှင့် ရာထူးအဆင့်အတန်း (၁ ရာ ၂း၈)တို့သည် ဘုရားသခင်၏လက်ထဲတွင်ရှိကြောင်းကို ဖော်ထုတ်ပြသည်။ ထို့နောက်ဘုရားသခင်သည် မိမိ၏သန့်ရှင်းသူတို့အား စောင့်ရှောက်ထားသည့် ကျေးဇူးတော်နှင့်ဂရုဏာတော်ကို ညွှန်ပြခဲ့သည် (၁ ရာ ၂း၉-၁၀)။

အမှန်စင်စစ် ဘုရားသခင်၏သဘောသဘာဝနှင့်လုပ်ဆောင်ချက်တို့ကို သိခြင်းသည် ဘဝစိန်ခေါ်မှုကြားတွင် ဘုရားသခင့်သားသမီးများအတွက် ပျော်ရွှင်မှုနှင့်နှိမ့်သိမ့်မှုကိုရစေသော အကြီးမားဆုံးအရင်းအမြစ်ဖြစ်သည်။ ကျွန်ုပ်တို့ဆုတောင်းသောအခါ သင်ယူကြ၏။ ကျွန်ုပ်တို့သင်ယူသောအခါ ဘုရားသခင်ထံမှရွှင်လန်းမှုနှင့်နှိမ့်သိမ့်မှုကို ရရှိကြ၏။

**ဆင်ခြင်ရန်** - (ဆာလံ ၈၆း၈-၁၀ ကိုအသုံးပြုပါ)။
**ဆုတောင်းချက်** - အို အဘဘုရား၊ ခပ်သိမ်းသောအမှု၌ ကိုယ်တော်၏ကောင်းမြတ်ခြင်းကို ယုံကြည်ကိုးစားရန်ကူညီတော်မူပါ။

ဗုဒ္ဓဟူး၊ မတ် (၁၅)
**၁ ရာ ၂း၁၁-၂၆**
ဖိလိ ၂း၁၃-၁၈

*"ပြုလေသမျှတို့၌မြည်တမ်းခြင်း၊ ငြင်းခုံခြင်းမရှိဘဲ ပြုကြလော့"*

# အပြစ်နှင့်ပျက်စီးမှုအကြားကျေးဇူးတော်၌ကြီးထွားခြင်း

သူကြီး ၁၇ မှ ၂၁ တွင် ဣသရေလလူမျိုးပျက်စီးယိုယွင်းမှုကို တွေ့ရ၍ထိုအချက်ကို လေဝိအမျိုးသားတို့၏အသက်တာအားဖြင့် ဖော်ပြခဲ့ပါသည်။ ယဇ်ပုရောဟိတ်အမှုပြုခြင်း၏ ယိုယွင်းပျက်စီးခြင်းကို ဧလိ၏မိသားစု၌တွေ့ရပါသည်။ ထိုသို့ပျက်စီးယိုယွင်းမှုအကြား၌ ဣသရေလ၏ နောက်ဆုံးတရားသူကြီး၏ကျေးဇူးတော်၌ ကြီးထွားခြင်းအကြောင်းကို တွေ့ရပါသည်။

<u>"ရှမွေလသည် . . . ထာဝရဘုရားရှေ့၌ အမှုတော်ကိုဆောင်ရွက်လေ၏" (၁ ရာ ၂း၁၈)</u>။ ပျက်စီးသောပတ်ဝန်းကျင်၊ ဆန့်ကျင်ခြင်းနှင့်ယဇ်ပုရောဟိတ် (ဧလိ၏သားများ) တို့၏နာမခံခြင်းအကြား၌ ရှမွေလသည် ထာဝရဘုရားကိုနာခံခဲ့ပါသည်။ ၁ ရာ ၂း၁၂-၁၇ ထဲတွင် ကျေးဇူးတော်အမွေမခံရသော ဧလိသားများ၏ဆိုးသွမ်းမှုကို တွေ့ရပါသည်။ ထို့ပြင် ဘုရားသခင်ဘိသိက်ပေးတော်မူသော ယဇ်ပုရောဟိတ်အိမ်တော်၌ ကြီးမားသောအပြစ်နှင့်ပျက်စီးမှုကိုလည်း တွေ့ရပါသည်။ ထိုအိမ်တော်၌ပင် ဘုရားသခင်ရွေးကောက်တော်မူသောသူသည် ကျွေးမွေးစောင့်ရှောက်ခြင်းခံရသည်ဖြစ်သောကြောင့် ဘုရားသခင်၏ကျေးဇူးတော်နှင့်တန်ခိုးတော်သည် ဘယ်အခြေအနေ၌မဆို ရွေးကောက်ခြင်းခံရသောသူအဖို့ အစဉ်လုံလောက်ခြင်းရှိကြောင်း တွေ့ရပါသည်။ မှောင်မိုက်သည် အလင်းကို မကွယ်စေနိုင်၊ မှောင်မိုက်၌ အလင်းသည်ပို၍လင်းတတ်ပါသည်။ ယဇ်ပုရောဟိတ်တို့သည် ဘုရားသခင်၏တရားကို မထီမဲ့မြင်ပြုကြသော်လည်း၊ သူငယ်တစ်ဦးသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို နာခံလိုက်လျှောက်ခဲ့၏၊ ဆန့်ကျင်ဘက်ပါတကား။

<u>"သူငယ်ရှမွေလသည် ကြီးပွား၍" (၁ ရာ ၂း၂၆)</u>။ ဘုရားသခင်၏လူတို့သည် သတိပေးချက်ကိုနာမခံဘဲ မိမိတို့၏တာဝန်ဝတ္တရားကို အလေးမထားသောအချိန်၌ သူငယ်ရှမွေလသည် ဘုရားသခင်နှင့်လူရှေ့၌ မျက်နှာရ၍ကြီးပွားလေ၏။ ဧလိသားတို့သည် အဘ၏သတိပေးချက်ကိုပယ်သောကြောင့် ခံရမည့်စီရင်ခြင်းသည် မကြာမီကျရောက်မည်ဖြစ်၍ ဧလကာနနှင့်ဟန္နအပေါ်၌ ဘုရားသခင်၏ကျေးဇူးတော် ကျရောက်ခဲ့ပါသည်။ ဧလိသားတို့ပြုသောအမှုသည် ဆိုးသွမ်းလှသည်ဖြစ်သောကြောင့် ဘယ်လိုမှလွတ်မြောက်ခြင်းရှိမည်မဟုတ်။ သို့သော်လည်း ထိုအမှောင်ထုကြီးထဲ၌ ကျေးဇူးတော်အလင်းသည်လင်း၍ သူငယ်တစ်ဦးသည် ဘုရားအိမ်တော်၌ကြီးထွားခဲ့ပါသည်။ ထိုယဇ်ပုရောဟိတ်တို့၏ဆိုးသွမ်းမှုသည် ကြီးထွားခြင်းရှိခဲ့သော်လည်း ထိုအရပ်၌ ဘုရားသခင်၏နည်းလမ်းကို သွန်သင်လေ့လာလျက်ရှိသော လူငယ်၏စိတ်နှလုံးကို မညစ်ညူးစေနိုင်ပါ။ ထာဝရဘုရားသည် မိမိရွေးချယ်သောသန့်ရှင်းသူတို့ကို ကြီးထွားလျက်ရှိသောယိုယွင်းပျက်စီးခြင်းမှ မည်သို့ကွယ်ကာစောင့်ရှောက်မည်အကြောင်း သိတော်မူ၏။

**ဆင်ခြင်ရန်** - ခရစ်ယာန်အသက်တာသည် အမှောင်၌လိုအပ်သောအလင်းကဲ့သို့ဖြစ်ပါသည်။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်ဘဝ၌ မှောင်မိုက်အပြစ်ဖုံးလွှမ်းသောအခါ ကိုယ်တော်၏ကျေးဇူးတော်အလင်းပေးသနားတော်မူပါ။

ကြာသပတေး၊ မတ် (၁၆)
၁ ရာ ၂း၂၇-၃၆
ဧဖက် ၅း၁-၁၃

*"ငါစီရင်သောယဇ်၊ ငါ့ပူဇော်သက္ကာကို အဘယ့်ကြောင့် ခြေနှင့်ကန်သနည်း"*

## ကျေးဇူးတော်မထီမဲ့မြင်ပြုခြင်း၏အကျိုးဆက်များ

မနေ့သင်ခန်းစာ၌ ဧလိသားတို့၏ဆန့်ကျင်ခြင်းအပြစ်တည်းဟူသော ယဇ်ပုရောဟိတ်အကြီး၏အိမ်တော်၌ ဖြစ်ပျက်သောမှောင်မိုက်ကိုတွေ့ရပါသည်။ ထို့ပြင် ကျေးဇူးတော်အလင်းကို သူငယ်ရှမွေလ၌တွေ့ရပါသည်။ ထိုအမှု၌ဧလိကိုယ်တိုင်ပြုသောအရာကိုလည်း တွေ့ရပါသည်။ သူသည်ဆန့်ကျင်ခြင်းအမှုကို ရှုတ်ချပြောဆိုသော်လည်း လက်တွေ့ဆန့်ကျင်ခြင်းမပြုခဲ့ပါ။ ယနေ့သင်ခန်းစာ၌ ဧလိအိမ်၌တွေ့ရသောအပြစ်အပေါ် ဘုရားသခင်၏ဒဏ်ခတ်တော်မူခြင်းကိုတွေ့ရပါသည်။

<u>"ဘုရားသခင်၏လူတစ်ယောက်သည် ဧလိထံသို့လာ၍" (၁ ရာ ၂း၂၇)</u>။ ဧလိထံ ဘုရားသခင်၏လူ ယူဆောင်လာသောသတင်းစကားသည် ဘုရားသခင်၏အိမ်တော်၌ အမှုတော်ဆောင်ခြင်းသည် အလွန်မြင့်မြတ်သောအရာဖြစ်သည်ဟူ၍ ဖြစ်ပါသည်။ အမှုတော်ဆောင်ခြင်းငှါ အာရုန်အမျိုးရွေးချယ်ခြင်းအကြောင်းကို ဖော်ပြလျက် ဘုရားသခင်၏ကျေးဇူးတော်ကို ပြန်လည်အမှတ်ရစေခဲ့ပါသည်။ ဧလိသားတို့သည် လောဘကြီးစရာအကြောင်းလုံးဝမရှိပါ။ အကြောင်းမှာ ဘုရားသခင်သည် သူတို့ကိုလုံလောက်စွာကျွေးမွေးပြုစုခဲ့ပါ၏။ "မီးဖြင့်ပူဇော်သက္ကာရှိသမျှတို့ကို သင့်အဘ၏အမျိုးအား ငါပေးသည်မဟုတ်လော" (၁ ရာ ၂း၂၈)၊ ထို့နောက် ထာဝရဘုရားကယဇ်ပုရောဟိတ်တို့၏တာဝန်မကျေပွန်မှုအကြောင်းကိုမေးခွန်းထုတ်၍ ဧလိအားမိမိထက်သူ့သားတို့ကို ပို၍ချီးမြှောက်ကြောင်းဖော်ထုတ်ခဲ့ပါသည်။ ဘုရားသခင်ထံယူဆောင်လာသောအရာများကိုစားသုံးရသောအခွင့် သူတို့၌ရှိသော်လည်း သူတို့သည် ဘုရားသခင်ထံမှခိုးယူခဲ့ပါသည်။ ဘုရားသခင်၏အမှုတော်ဆောင်ခြင်း၌ အလိုအပ်ဆုံးသောအရာသည် မိမိဝေစု၌ကျေနပ်ရောင့်ရဲခြင်းသာလျှင်ဖြစ်ပါသည်။

<u>"ငါ့ကိုချီးမြှောက်သောသူတို့ကိုငါချီးမြှောက်မည်။ ငါ့ကိုမထီမဲ့မြင်ပြုသောသူတို့သည် ဂုဏ်အသရေပျက်ရကြလိမ့်မည်" (၁ ရာ ၂း၃၀)</u>။ ထိုသတင်းစကားသည် ဆန့်ကျင်သောအိမ်သားတို့အပေါ် ဒဏ်ခတ်ခြင်းအကြောင်း နှင့်ဘုရားသခင်၏လူတို့အပေါ် ကယ်တင်ခြင်းကျေးဇူးတော်အကြောင်း ဖော်ပြခြင်းဖြင့် နိဂုံးချုပ်ခဲ့ပါသည်။ ဘုရားသခင်၏ရည်ရွယ်ချက်တို့သည် တည်လျက်ရှိ၏။ ဘုရားသခင်၏စကားနာခံခြင်းနှင့်သစ္စာရှိခြင်းတရား၌ အမြစ်တွယ်ခဲ့ပါသည်။ ဘုရားသခင်ထံမှ ကျွန်တော်တို့လမ်းလွဲသောအခါ ဘုရားသခင်၏ရည်ရွယ်ချက်မှ မိမိကိုယ်ကိုလမ်းလွဲစေတတ်၏။ ဧလိထံမှဘုရားသခင်သည် ယဇ်ပုရောဟိတ်အမှုကို ဖယ်ရှားခဲ့သော်လည်း၊ ကာလသရေလအတွက် ဘုရားသခင်၏ရည်ရွယ်ချက်သည် ဆက်လက်တည်မြဲလိမ့်မည်ဖြစ်ပါသည်။ ဘုရားသခင်ပေးအပ်တော်မူသော တာဝန်ဝတ္တရားကို ကျေပွန်စွာမထမ်းဆောင်သောသူတို့သည် ပျက်စီးခြင်းဖြင့် အဆုံးသတ်ကြပါလိမ့်မည်။ ဘုရားသခင်၏ရည်ရွယ်ချက်များမူကား ဘယ်တော့မှကျဆုံးလိမ့်မည်မဟုတ်ပါ။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်တော်တို့မဟုတ်မမှန်ပြောဆိုခြင်းသည် မိမိပျက်စီးရာပျက်စီးကြောင်း ပြောဆိုခြင်းဖြစ်၏။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်၏တာဝန်မကျေပွန်မှုကို ခွင့်လွှတ်တော်မူပါ။ ကိုယ်တော်၏ အမှုတော်အတွက်အကျွန်ုပ်ကိုခွန်အားပေးတော်မူပါ။

*"သူငယ်ရှမွေလသည်. . . ထာဝရဘုရား၏ အမှုတော်ကိုဆောင်ရွက်လေ၏"*

# ပရောဖက်ပေါ်ထွန်းစေခြင်း

မှောင်မိုက်သောကာလ၌ ရှမွေလသည်ခေါ်ခြင်းခံရ၏။ "ဧလိသည် မိမိနေရာ၌ အိပ်လျက်သူ၏မျက်စိမှုန်သောကြောင့် မမြင်နိုင်သည်ကာလ" (၁ ရာ ၃း၂) ဖြစ်သောကြောင့် မှောင်မိုက်သောကာလဟု မဆိုလိုပါ။ "ဘုရားသခင်၏သေတ္တာတော်ရှိရာ ထာဝရဘုရားအိမ်တော်၌ မီးခွက်မသေမီ ရှမွေလသည်လည်း အိပ်လျက်ရှိသော" (၁ ရာ ၃း၃) ညအခါဖြစ်သောကြောင့် မှောင်မိုက်သောကာလဟုမဆိုလို။ မှောင်မိုက်သောကာလဟုဆိုရခြင်းသည် "ထာဝရဘုရား၏နှုတ်ကပတ်တော်သည် နည်းပါး၏။ ထင်ရှားသောရူပါရုံမရှိ" သောကြောင့် ဖြစ်ပါသည်။

<u>"ထာဝရဘုရားသည် ရှမွေလကိုခေါ်တော်မူ၍" (၁ ရာ ၃း၄)</u>။ ယဇ်ပုရောဟိတ်အကြီးနှင့် လေဝိလူတို့သည် ထာဝရဘုရားနှင့်နှုတ်ကပတ်တော်ကိုစွန့်ပယ်ခဲ့ကြ၏။ ဘုရားသခင်ဖော်ပြတော်မူသောဗျာဒိတ်တော်ကို မထိမ့်မြင်ပြုသောသူတို့သည် ထာဝရဘုရားထံမှအသစ်သောဗျာဒိတ်တော်စောင့်နေလျှင်လည်း အချည်းနှီးသာလျှင်ဖြစ်ပါသည်။ ထာဝရဘုရား၌ အသုံးတော်ခံမရှိဘဲမနေ။ ဘုရားသခင်၏ပညတ်တော်ကို စောင့်ရှောက်မည့်သူတို့သည် မိမိတို့၏ဇာတိတပ်မက်ခြင်းနောက်သို့လိုက်သောအခါ ဘုရားသခင်သည်ယဇ်ပုရောဟိတ်အကြီးကို သစ္စာရှိစွာပြုစုသောသူငယ်ကို ရွေးချယ်ခဲ့ပါသည်။ ထိုသူငယ်သည် ယဇ်ပုရောဟိတ်တို့၏ဆိုးသွမ်းမှုအလယ်၌ ကျင်လည်သော်လည်း သူတို့နောက်သို့မလိုက်ခဲ့ပါ။ ထိုအချိန်၌ "ရှမွေလသည် ထာဝရဘုရားကိုမသိသေး၊ ဗျာဒိတ်တော်ကိုမခံရသေး" (၁ ရာ ၃း၇)။ ရှမွေလသည် ဘုရားသခင်ခေါ်တော်မူသောအခါ မိမိပြုစုသောဧလိထံသို့သွားခဲ့ပါ၏။ မည်သို့ပြန်လည်တုန့်ပြန်ရမည်အကြောင်း သွန်သင်ခြင်းခံရပြီးနောက် သူသည်ထိုသို့တုန့်ပြန်ရန် ဧလိကသင်ပေးခဲ့သည်ဟု သစ္စာရှိစွာဘုရားသခင်ထံ ဝန်ခံခဲ့ပါသည်။

<u>"ထာဝရဘုရားက. . . ရှမွေလအားမိန့်တော်မူ၏" (၁ ရာ ၃း၁၁)</u>။ သူငယ်ရှမွေလထံပြောကြားသောသတင်းစကားသည် ဗိမာန်တော်ကိုစောင့်ရှောက်သော သူ့ဆရာဧလိအတွက်ဖြစ်ပါသည်။ အသစ်သောသတင်းစကားမဟုတ်ဘဲ ဧလိထံဘုရားသခင်၏လူ မိန့်တော်မူခဲ့သောစကားကိုထပ်၍အတည်ပြုခြင်းဖြစ်ပါသည်။ ဤသူငယ်အဖို့ ကြီးမားသောတာဝန်ဖြစ်၍ ဘုရားသခင်၏တရားကိုဟောပြောမည့်သူအတွက် စစ်ကြောခြင်းလည်းဖြစ်ပါ၏။ သို့သော်လည်း သူငယ်သည်ဘုရားသခင်၏စကားကို ဧလိထံသစ္စာရှိစွာပြောကြားခဲ့ပါသည်။ "ရှမွေလသည် တစုံတခုကိုမျှဝှက်မထား၊ အလုံးစုံတို့ကို ပြန်ကြား၏" (၁ ရာ ၃း၁၈)။ ထိုသို့ ရှမွေလမည်သို့ပြုနိုင်ခဲ့ပါသနည်း။ ဘုရားသခင်သည် မိမိ၏အမှုတော်ကို သစ္စာရှိရှိဆောင်ရွက်မည့်သူပြင်ဆင်တော်မူခဲ့၏။

**ဆင်ခြင်ရန်** - (ဂလာတိ ၁း၁၀ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော့်ကိုနာခံ၍ ကြောက်ရွံ့မှုမရှိဘဲ သစ္စာရှိမည်အကြောင်း အကျွန်ုပ်ကိုမစတော်မူပါ။

စနေ၊ မတ် (၁၈)

**၁ ရာ ၄း၁-၉**

ယေရမိ ၂၆း၁-၆

*“ဤအိမ်ကိုရှိလောရွာကဲ့သို့ငါဖြစ်စေမည်”*

## ဘုရားသခင်၏ကွယ်ကာစောင့်မဆုံးမခြင်းလက်တော် (၁)

ဣသရေလလူမျိုးအပေါင်းတို့က ရှမွေလအား ဘုရားသခင်၏အမှုတော်ဆောင်အဖြစ် သိမှတ်ခဲ့ကြ၏။ သူသည် ဘုရားသခင်၏လူဖြစ်၍ ဘုရားသခင်သည်သူ့အားဖြင့် စကားပြောတော်မူမည်။ ဓမ္မရာဇဝင်ပဌမစောင် အခန်းကြီး ၄ ထဲတွင် ဘုရားသခင်၏သက်သေခံချက်နှင့် နှုတ်ကပတ်တော်မှန်ကန်ခြင်းအကြောင်းကို တွေ့ရပါ၏။ ဘုရားသခင်မိန့်တော်မူသောစကားသည် အမှန်ပြည့်စုံခြင်းရှိလိမ့်မည်။ သူတို့က ရှမွေလသည်ဘုရားသခင်၏လူဖြစ်ကြောင်း သိခဲ့ကြသော်လည်း ဤအခန်းကြီးတစ်ခုလုံးတွင် သူ့နာမည်ကိုမဖော်ပြခဲ့ကြပါ။ ဖိလိတ္တိလူတို့နှင့်စစ်တိုက်ခြင်းအမှု၌ ဘုရားသခင်၏စကားကိုကြားသိခြင်းငှါ ရှမွေလထံမချဉ်းကပ်ခဲ့ကြပါ။ ဘုရားသခင်၏ကွယ်ကာစောင့်ရှောက်မှုကို လိုချင်ကြသော်လည်း၊ ဘုရားသခင်ကို ဂရုမစိုက်ခဲ့ကြပါ။

<u>“ယနေ့ထာဝရဘုရားသည် ငါတို့ကိုဖိလိတ္တိလူတို့ရှေ့မှာ အဘယ့်ကြောင့်ရှုံးစေတော်မူသနည်း” (၁ ရာ ၄း၃)</u>။ အာဖက္ကမြို့၌ ဣသရေလစစ်ရှုံးသောအချိန်ကကဲ့သို့ ဤမေးခွန်းသည် မိမိကိုယ်ကို ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းကို ဖြစ်စေသင့်ပါသည်။ သူတို့၏အပြစ်ဘုရားသခင်ထံမှ သူတို့လမ်းလွဲမှုကိုဖော်ထုတ်ခဲ့သင့်ပါသည်။ သို့ဆိုလျှင် ထိုသို့သောအကျိုးတွေ့ရပါသလား။ မတွေ့ရပါ။ သူတို့၏ယိုယွင်းပျက်စီးမှုနှင့်မိုက်မဲမှုက နေရာယူ၍သူတို့၏အယူသီးမှုကို တွေ့ရပါသည်။ “လူသည်မိုက်သောသဘောကြောင့် လမ်းလွဲ၍စိတ်ထဲမှာ ထာဝရဘုရားကိုကဲ့ရဲ့ပြစ်တင်တတ်၏” (သုတ္တံ ၁၉း၃)။ ပဋိညာဉ်သေတ္တာတော်ယူဆောင်ခြင်းဖြင့် ဘုရားသခင်ကိုလှုပ်ရှားစေတော်မူနိုင်မည်ဟု သူတို့ထင်ခဲ့ကြ၏။

<u>“ဘုရားသခင်၏ပဋိညာဉ်သေတ္တာတော်နှင့်အတူ ဧလိ၏သားဟောဖနိနှင့်ဖိနဟတ်နှစ်ယောက်တို့သည် ပါကြ၏” (၁ ရာ ၄း၄)</u>။ ဣသရေလလူတို့သည် ဆုံးမခြင်းကိုခံထိုက်ကြပြီး ဧလိမိသားစုသည် ဒဏ်ခတ်ခြင်းခံရပါမည်။ ထိုအမှုအတွက် ဘုရားသခင်သည်ဖိလိတ္တိလူတို့ကို အသုံးပြုခဲ့ပါသည်။ သေတ္တာတော်ရောက်လာသောအခါ တပ်ထဲ၌ ဣသရေလလူတို့သည် ဝမ်းမြောက်စွာ အော်ဟစ်ခဲ့ကြပြီး ထိုအသံကြောင့် ဖိလိတ္တိလူတို့သည် တုန်လှုပ်ခဲ့ကြ၏။ သို့ဆိုလျှင် ဣသရေလတပ်ထဲ၌ ထာဝရဘုရားအတူရှိခဲ့ပါသလား။ ဘုရားသခင်၏ပူဇော်သက္ကာနှင့် နှုတ်ကပတ်တရားကို ကဲ့ရဲ့ခဲ့ကြသော ဟောဖနိနှင့်ဖိနဟတ်ထံ၌ ထာဝရဘုရားအတူရှိခဲ့ပါသလား။ သူတို့ပြုသကဲ့သို့ ထာဝရဘုရားသည် သူတို့အပေါ်၌ ပြုမည်မဟုတ်လော။ ထာဝရဘုရားသည် မိမိအပေါ်မသန့်ရှင်းသောအမှုကို ပြုကြသည်ဖြစ်သောကြောင့် သူတို့ကိုစီရင်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - (ဆာလံ ၁၈း၂၅-၂၆ ကိုဖတ်ပါ)။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို ဝမ်းမြောက်စွာလိုက်လျှောက်လျက် ကိုယ်တော်နှင့်အတူ သင့်မြတ်စွာနေမည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ မတ် (၁၉)
**၁ ရာ ၄း၁၀-၂၂**
ယေရမိ ၂၆း၁၆-၂၄

*"ဘုရားသခင်၏သေတ္တာတော်သည်လည်း ရန်သူလက်သို့ရောက်ပါပြီ"*

# ဘုရားသခင်၏ကွယ်ကာစောင်မဆုံးမခြင်းလက်တော် (၂)

ဘုရားသခင်ကို ချစ်သောသူတို့အဖို့ ဘုရားသခင်၏စောင့်မတော်မူခြင်းသည် အမှုပြု၍ ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေလျက် ကောင်းကျိုးကိုဖြစ်စေပါသည်။ ဖြစ်ပျက်သောအရာတို့သည် မကောင်းသောအမှုဟုထင်ရသော်လည်း၊ နောက်ဆုံးတွင် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေတတ်ကြ၏။ ဖိလိတ္တိလူတို့သည် ထာဝရဘုရား၏တန်ခိုးခွန်အားကို ကြားသိခဲ့ကြသောကြောင့် အောင်မြင်မှုရမည်ဟု မယုံကြည်ခဲ့ကြပါ။ သို့သော်လည်း ကြောက်စိတ်ရှိလျက်ပင် တဦးကိုတဦး ရဲရင့်စွာတိုက်ခိုက်ကြခြင်းငှါ နှိုးဆော်ခဲ့ကြ၏။ ဝမ်းမြောက်စွာအော်ဟစ်ခဲ့ကြသောသူတို့သည်၊ စစ်ရှုံး၍ ကြောက်စိတ်ရှိလျက်ပင် ကြိုးစားတိုက်ခိုက်ခဲ့ကြသော သူတို့သည် အောင်မြင်မှုရခဲ့၏။

<u>"ဖိလိတ္တိလူတို့သည် စစ်တိုက်သဖြင့် ဣသရေလအမျိုးရှုံးပြန်၍" (၁ ရာ ၄း၁၀)။</u> ဣသရေလ၏ခွန်အားသည် ထာဝရဘုရားဖြစ်သော်လည်း သူတို့ပြုသောအပြစ်နှင့် ဆန့်ကျင်မှုကြောင့် ထာဝရဘုရားထံမှလမ်းလွဲခဲ့ကြ၏။ ဖိလိတ္တိလူတို့သည် တရားသူကြီးခေတ်ကာလ၌ ဣသရေလကို နှိပ်စက်ခဲ့ကြသောကြောင့် ဣသရေလလူတို့သည် တရားသောစိတ်ကိုဆင်နွှဲသည်ဟု ထင်ရသော်လည်း၊ ရှောလုလက်ထက်အထိ ဆက်လက်တိုက်ပွဲဝင်ခဲ့ကြ၏ (၁ ရာ ၁၃း၁၉-၂၀)။ သို့သော်လည်း ဖိလိတ္တိလူတို့ရှေ့၌ သူတို့သည် စစ်ရှုံးခဲ့ပါသည်။ တပ်ထဲ၌သေတ္တာတော်ရောက်ရှိလာသောကြောင့် ဘုရားသခင်အတူပါရှိတော်မူသည်ဟုထင်လျက်၊ အောင်မြင်မှုရခြင်းငှါ ယုံကြည်မှုရှိခဲ့ကြပါသည်။ သို့သော်လည်း ရှုံးနိမ့်ခဲ့ကြ၏။ အပြစ်ကိုမဖယ်ရှားဘဲ လက်ခံမွေးမြူခဲ့ကြ၏။ အောင်မြင်မှုသည် မိမိကိုယ်ကိုယုံကြည်ခြင်း၊ အကြောင်းအရင်းမှန်ကန်မှု၌ မတည်ပါ။ အောင်မြင်မှုသည် ဘုရားသခင်နှင့် ဆက်နွယ်မှု၊ ဝိညာဉ်ရေးရာအကြောင်း၌ အခြေခံပါသည်။

<u>"ဘုရားသခင့်သေတ္တာတော်သည် ရန်သူလက်သို့ရောက်သောကြောင့် ဣသရေလ ဘုန်းအသရေ ပျောက်ခဲ့ပြီ" (၁ ရာ ၄း ၂၂)။</u> သူတို့၌ စစ်မှန်၍ အသက်ရှင်သောဘုရားသခင်ရှိသော်လည်း မသိခဲ့ကြပါ။ သူတို့၏ဘုရားသခင် သိမှတ်ခြင်းသည် နှုတ်ကပတ်တော်၌မတည်ဘဲ၊ ယိုယွင်းသော မိမိတို့၏စိတ်သဘော၌တည်၏။ ရှိလောမြို့မှ သေတ္တာတော်ကို မည်သို့သယ်ဆောင်သွားကြသည်ကိုငှင်း၊ ထိုအမှု၌ ဧလိပါဝင်မှုရှိမရှိကိုငှင်း ကျွန်တော်တို့မသိသော်လည်း၊ သေတ္တာတော် သိမ်းပိုက်ခံရခြင်းအကြောင်း သိသောအချိန်၌ ဧလိ၏တုံ့ပြန်မှုကို ကျွန်တော်တို့သိရပါ၏။ မကောင်းသတင်းတစ်ခုနောက်တစ်ခု ကြားသိခဲ့ရပါသည်။ ဣသရေလလူတို့သည် စစ်ရှုံး၍ ဟောဖနိနှင့် ဖိနဟတ်တို့သည် သေခဲ့ကြပြီး ဘုရားသခင်၏သေတ္တာတော်သည် သိမ်းပိုက်ခြင်းခံရ၏။ ဧလိသည် နောက်သို့ လန်ကျသဖြင့် သေလေ၏။ သူ၏ချွေးမသည် အချိန်မစေ့ဘဲ မီးဖွားခဲ့၏။ အဆိုးဆုံးသောသတင်းဟူမူကား၊ ဘုရားသခင်၏သေတ္တာတော်သိမ်းပိုက်ခံရခြင်းပေတည်း။ ထိုသို့သောနိဂုံး ကျွန်ုပ်တို့အပေါ်၌မရောက်မည်အကြောင်း သင်ခန်းစာယူကြပါစို့။

**ဆင်ခြင်ရန်** - (ဟေရှာယ ၅၉း၁-၂ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - (ဆာလံ ၅၁း၉-၁၂ ကိုအသုံးပြုပါ)။

တနင်္လာ၊ မတ် (၂၀)
**၁ ရာ ၅း၁-၁၂**
ဆာလံ ၇၆

*"ယုဒပြည်မှာ ဘုရားသခင်ကိုသိကြ၏။ ဣသရေလတိုင်းမှာ နာမတော်သည်ကြီးမြတ်လေ၏"*

# ဘုရားသခင်၏ကွယ်ကာစောင့်မဆုံးမခြင်းလက်တော် (၃)

ဣသရေလလူတို့သည် စိတ်လိုက်မာန်ပါပြု၍ သေတ္တာတော်ကို ရှိလောမြို့မှ စစ်မြေပြင်သို့ ယူဆောင်ခဲ့ကြ၏။ သေတ္တာတော်သိမ်းပိုက်ခံရ၍ တိုက်ပွဲရှုံးနိမ့်ခဲ့ပါသည်။ ဓမ္မရာဇဝင်ပထမစောင် အခန်းကြီး ၅ နှင့် ၆ တွင် ရှမွေလအကြောင်းမတွေ့ရပါ။ ဤအမှုအပေါင်းနှင့် မည်သို့ရှမွေလဆက်နွယ်သည်ကို ကျွန်တော်တို့မသိကြသော်လည်း ဧလိထံ ဘုရားသခင်ထံမှသတင်းစကားပြောကြားခဲ့ပြီးနောက် ဤမှတ်ချက်ပြုချက်ကို တွေ့ရပါ၏ - "ထာဝရဘုရား၏ နှုတ်ကပတ်တော်အားဖြင့် ရှမွေလအား ဗျာဒိတ်ပေးတော်မူ၏" (၁ ရာ ၃း၂၁)။ ဓမ္မရာဇဝင်ပထမစောင် အခန်းကြီး ၄ ထဲတွင် သေတ္တာတော်သိမ်းပိုက်ခံရခြင်းအကြောင်း တွေ့ရပြီး၊ အခန်းကြီး ၅ နှင့် ၆ တွင် သေတ္တာတော် ပြန်လည်ရောက်ရှိခြင်းအကြောင်း တွေ့ရ၏။

<u>"ဖိလိတ္တိလူတို့သည် ဘုရားသခင်၏သေတ္တာတော်ကိုယူ၍ . . . ဒါဂုန်ကျောင်းထဲသို့ သွင်း၍၊ ဒါဂုန်အနားမှာထားကြ၏" (၁ ရာ ၅း၂)။</u> ဘုရားသခင်အသုံးပြုခဲ့သော လူတို့အကြောင်းကို ကျွန်တော် တို့လေ့လာခဲ့ကြပြီးနောက်၊ ဤအခန်းကြီးထဲတွင် ဘုရားသခင်၏ အဆုံးစွန်အာဏာရှိတော်မူခြင်းနှင့် အနန္တတန်ခိုးတော်ကို တွေ့ရပါသည်။ ဘုရားသခင်သည် မိမိ၏အလိုတော်နှင့် ဉာဏ်တော်အတိုင်း လူတို့ကို အသုံးပြုခဲ့ပါသည်။ သူတို့ကိုခွန်အားပေး၍ ကျေးဇူးတော်အားဖြင့် အသုံးပြုခဲ့သော်လည်း ဘုရားသခင်သည် လူ၏ထိန်းချုပ်ခြင်းကိုမခံရပါ။ အသုံးပြုခြင်းငှါ လူတဦးတယောက်မျှမရှိခဲ့လျှင် မည်သို့ဖြစ်မည်နည်း။ အခန်းကြီး ၅ က ဤမေးခွန်းကို အဖြေပေးခဲ့ပါသည်။ ဖိလိတ္တိလူတို့သည် သူတို့၏အောင်မြင်မှုကို ဒါဂုန်ကြောင့်ဟုဆိုလျက် သေတ္တာတော်ကို ဒါဂုန်အနား၌ထားခဲ့ပါသည်။ သို့သော်လည်း သူတို့ကိုအောင်မြင်မှုပေးသည်ဟု ထင်မှတ်ခဲ့ကြသော သူတို့၏ဘုရားသည် နံနက်၌ လဲကျလျက် အစိတ်စိတ်အမွှာမွှာ ဖြစ်သည် ကိုတွေ့ခဲ့ကြ၏။ သူတို့ဘုရားကို မိမိနေရာ၌ ပြန်လည်ထား ရှိကြခြင်းငှါ သူတို့လုပ်ဆောင်ရပါမည်။ သူတို့၏ ခွန်အားအရင်းအမြစ်ဟုထင်သော သူတို့ဘုရားက သူတို့၏အကူအညီကို လိုအပ်ခဲ့ပါ၏။ သူတို့ဘုရားလက်နှင့်ခေါင်းသည် ပြတ်ခဲ့ပါသည်။ ထိုအစိတ် အပိုင်းတို့ကို ပြန်ဆက်၍ မိမိနေရာ၌ ပြန်ထားခဲ့ကြ၏။

<u>"သူတို့အပေါ်မှာ ထာဝရဘုရားသည် လေးသောလက်တော်နှင့် ဖျက်တော်မူ၏" (၁ ရာ ၅း၆)။</u> တဖက်တွင် ဘုရားသခင်၏သေတ္တာတော်သည် အဘယ်သူ၏စောင့်ရှောက်ခြင်းမျှ မခံရပါ။ ဣသရေလလူတို့သည် စစ်ရှုံး၍အရပ်ရပ်၌ ပျံ့နှံ့ပြီး၊ ရှိလောမြို့သည် လူသူမရှိဖြစ်ခဲ့ပါသည်။ သို့သော်လည်း အဘယ်လူ၏ပါဝင်မစခြင်းမျှမပါဘဲ၊ ထာဝရဘုရား၏သေတ္တာတော်သည် "မိမိနေရင်းအရပ်သို့ သွားပါမည်" (၁ ရာ ၅း၁၁)။ ဧကြုန်မြို့သို့ သေတ္တာတော်ရောက်သောအချိန်၌ ဖိလိတ္တိလူတို့သည် မိမိတို့အား အနာရောဂါဖြင့်သတ်သောသူသည် ဣသရေလဘုရားသခင်ဖြစ်ကြောင်း သိခဲ့၏။ မည်သို့ပြုရမည်ကိုမသိကြသော်လည်း သေတ္တာတော်ကို မိမိနေရာအရပ်သို့ ပို့ဆောင်ဖို့လိုအပ်ကြောင်း သိခဲ့ပါသည်။ လူသည်ဘုရားသခင်ကို မအောင်နိုင်ရာ။ လူ၏မာနတန်ခိုးသည် နှိမ့်ချခြင်းခံ၍၊ ဘုရားသခင်၏တန်ခိုးတော်သည် ထင်ရှားပါလိမ့်မည်။

**ဆင်ခြင်ရန်** - ဒဏ်ခတ်ခြင်းငှါရင်း၊ ချီးမြှောက်ခြင်းငှါရင်း ဘုရားသခင်၏တန်ခိုးတော်သည် အကန့်အသတ်မရှိပါ။

**ဆုတောင်းချက်** - "အချိန်တိုင်း ကိုယ်တော်ကို အကျွန်ုပ်လိုအပ်ပါ၏"။

အင်္ဂါ၊ မတ် (၂၁)
**၁ ရာ ၆း၁-၁၂**
၂ ရာ ၆း၁-၁၁

*"ထာဝရဘုရား၏သေတ္တာတော်ကို အဘယ်သို့ပြုရပါမည်နည်း"*

# ဘုရားသခင်၏ကွယ်ကာစောင်မဆုံးမခြင်းလက်တော် (၄)

ဓမ္မရာဇဝင်ပထမစောင်အခန်းကြီး ၅ သည် ဖိလိတ္တိမင်းများ စုရုံးခြင်းအကြောင်းနှင့် ဖိလိတ္တိလူတို့အပေါ် ကျရောက်သော လေးလံသည့်ဘုရားသခင်၏လက်တော်အကြောင်းဖြင့် အဆုံးသတ်ခဲ့ပါသည်။ ဘုရားသခင်သည် မိမိ၏နာမတော်ကိုကွယ်ကာ၍ မိမိ၏ဘုန်းတန်ခိုးတော်ကို ထင်ရှားစေတတ်၏။ ဣသရေလတပ်ထဲသို့ သေတ္တာတော်ရောက်ရှိသောအခါ ဖိလိတ္တိလူတို့သည် ဘုရားသခင်ပြုတော်မူသောအမှုကို ကြားသိကြသောကြောင့် တုန်လှုပ်ခဲ့ကြ၏။ ထိုသေတ္တာတော်ကို သိမ်းပိုက်၍ သူတို့ဘုရားအိမ်တော်သို့ ယူဆောင်သောအခါ ထာဝရဘုရား ကြောက်ရွံ့ခြင်းစိတ်သူတို့၌မရှိတော့ဘဲ၊ သူတို့၏ရုပ်တုကို ချိုးမြှောက်ခဲ့ကြ၏။ ယခုအခါ ကြောက်ရွံ့တုန်လှုပ်ခြင်းနှင့်တကွ ထိုသေတ္တာတော်ကို မိမိနေရာအရပ်သို့ မည်သို့ပို့ရမည်အကြောင်း နည်းလမ်းရှာကြ၏။

<u>"ထာဝရဘုရား၏သေတ္တာတော်ကို အဘယ်သို့ပြုရပါမည်နည်း။ သူနေရင်းအရပ်သို့ အဘယ်သို့ . . . လွှတ်လိုက်ရပါမည်နည်း" (၁ ရာ ၆း၂)</u>။ သူတို့၏ ယဇ်ပုရောဟိတ်များနှင့် ပရောဖက် လုပ်သူများတို့သည် ဖိလိတ္တိလူတို့ခံရသောအမှု ပြေငြိမ်းခြင်းငှါ ဆွေးနွေးကြသောအခါ အဖြေကို ရရှိခဲ့ကြ၏။ ထာဝရဘုရား၏ နှုတ်ကပတ်တော်ကိုမသိသော ဤရုပ်တုဆင်းတုကိုးကွယ်သော သူတို့က သေတ္တာတော် သူတို့လက်ထဲ၌ရှိသောအချိန် ခုနစ်လတာအတွင်း ဘုရားသခင်၏လက်တော်သည် သူတို့အပေါ်၌ လေးလံကြောင်း သိခဲ့ကြပါသည်။ သူတို့ယဇ်ပုရောဟိတ်များက သေတ္တာတော်နှင့်အတူ ဒုစရိုက်ပူဇော်သက္ကာ ဆက်ဆက်ပေးရမည်ဟု ဆိုခဲ့ကြ၏။ သေတ္တာတော်ကို မရိုမသေသိမ်းပိုက်ခဲ့ ကြသောကြောင့် သူတို့ခံရသော ဒဏ်ခတ်ခြင်းအမှု၌ သူတို့တာဝန်ရှိကြောင်း သိခဲ့ကြပါသည်။ ဖိလိတ္တိမင်းများက မည်သို့ပြုရမည်အကြောင်း စုံလင်စွာသတိပေးခြင်းနှင့်အတူ လမ်းညွှန်မှုရရှိခဲ့ ကြ၏။ "ဣသရေလအမျိုး၏ ဘုရားသခင်ဂုဏ်တော်ကို ချီးမွမ်းရကြမည်။ လက်တော်သည် သင်တို့ နှင့်သင်တို့ဘုရားအပေါ် သင်တို့မြေအပေါ်မှာ ပေါ့ကောင်းပေါ့လိမ့်မည်" (၁ ရာ ၆း၅)။ အဲဂုတ္တုလူတို့ ကဲ့သို့ သူတို့မပြုရပါ။ သို့မဟုတ်လျှင် သူတို့ခံရသည်နည်းတူ ခံရနိုင်ပါသည်။

<u>"လှည်းသစ်ကိုလုပ်ပြီးမှ ထမ်းပိုးမတင်၊ သားငယ်ရှိသော နွားမနှစ်ကောင်ကို လှည်း၌ကက်၍" (၁ ရာ ၆း၇)</u>။ ဒုတိယခြေလှမ်းမှုကား၊ ကြည်ညိုလေးစားမှုဖြင့် လှည်းကိုစေလွှတ်ကြရပါမည်။ ထိုနွားလှည်းသစ်ကို အဘယ်သူမျှမမောင်းဘဲစေလွှတ်ကြရပါမည်။ မိမိ၏နာမတော်ကို ကွယ်ကာ၍ အနာကိုကျရောက်စေတော်မူသော ဘုရားသခင်ကိုယ်တိုင်က မိမိ၏သေတ္တာတော်ကို မိမိအလိုရှိသောအရပ်သို့ ပို့ဆောင်မည်အကြောင်း သက်သေဖြစ်ပါသည်။ မဖြစ်နိုင်ဟုထင်ရသော အဖြစ်အပျက်တည်းဟူသော သေတ္တာတော်ပြန်လည်ရောက်ရှိခြင်းအမှု၌ ဘုရားသခင်၏ အဆုံးစွန်အာဏာတော်နှင့်ဉာဏ်တော်ကို တွေ့ရပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ကယ်တင်တော်မူနိုင်ပြီး၊ မိမိတန်ခိုးတော်ကို လူမျိုးတို့၌ ထင်ရှားစေတော်မူနိုင်၏။

**ဆုတောင်းချက်** - အိုတန်ခိုးကြီးသောအဘ၊ ကိုယ်တော်၏ကျေးဇူးတော်အားဖြင့် အကျွန်ုပ်ကို နာခံခြင်းရှိမည်အကြောင်း၊ မစတော်မူပါ။

ဗုဒ္ဓဟူး၊ မတ် (၂၂)
**၁ ရာ ၆း၁၃-၇း၂**
တောလည် ၄း၁-၅၊ ၁၅-၂၀

*“သေဘေးနှင့်လွတ်မည့်အကြောင်း သန့်ရှင်းသောအရာကို မကိုင်ရ”*

# ဘုရားသခင်၏ကွယ်ကာစောင်မဆုံးမခြင်းလက်တော် (၅)

ဘုရားသခင်သည် မိမိ၏တန်ခိုးတော်ကို ဖိလိတ္တိလူတို့ထံ ပြသခဲ့ပါသည်။ မိမိတို့၏ နယ်နမိတ်အထိ သေတ္တာတော်ကို လိုက်လံကြည့်ရှုခဲ့သော ဖိလိတ္တိမင်းတို့သည် ဘုရားသခင်ပြုသော အမှုကို တွေ့မြင်သိရှိခဲ့ပြီးနောက် ပြန်လှည့်သွားခဲ့ကြ၏။ ဘာမျှမသိသော ဖိလိတ္တိလူတို့သည် သေတ္တာတော်ကို သတိကြီးစွာ ကိုင်တွယ်ခဲ့ကြ၏။ သိနားလည်သော ဣသရေလလူတို့သည် မိမိတို့၏ ပျက်စီးရာ ပျက်စီးကြောင်း သေတ္တာတော်ကို မှားယွင်းစွာကိုင်တွယ်ခဲ့ကြ၏။

<u>“လေဝိသားတို့သည် ထာဝရဘုရား၏သေတ္တာတော်နှင့် ရွှေတန်ဆာပါသော သေတ္တာကိုချ၍” (၁ ရာ ၆း၁၅)။</u> ဗက်ရှေမက်မြို့သားတို့သည် သေတ္တာတော်ကို မြင်တွေ့သောအခါ ကြည်ညိုစွာ လက်ခံခဲ့ကြ၏။ လှည်းကို ထင်းမီးလုပ်၍ ဖိလိတ္တိပြည်မှလှည်းကိုဆွဲသော နွားတို့ကို ပူဇော်ခဲ့ကြ၏။ သေတ္တာတော်ကို မည်သို့ကိုင်တွယ်ရမည်အကြောင်း ဘုရားသခင်မိန့်တော်မူသော အကြောင်းကို သိခဲ့ကြသဖြင့် လှည်းပေါ်မှ သေတ္တာတော်ကို လေဝိသားတို့က ချခဲ့ကြ၏။ သူတို့သည် ဘုရားသခင်၏ ကရုဏာတော်ကို ခံရသောသူဖြစ်၍ သူတို့၏လယ်ယာ၌ ရိတ်သိမ်းခဲ့ကြ၏။ ဘုရားသခင်သည် သူတို့၏ကြိုးစားအားထုတ်မှုကို ကောင်းကြီးပေးခဲ့ပါသည်။ သေတ္တာတော်သည် သူတပါးပြည်၌ ခုနစ်လကြာသိမ်းပိုက်ခံရပြီးနောက် ပြန်လည်ယူဆောင်ခြင်းငှါ မကြိုးစားကြသော်လည်း၊ သူတို့၏ ကြိုးစားအားထုတ်မှုမပါဘဲ သေတ္တာတော်သည် ပြန်လည်ရောက်ရှိခဲ့၏။ သူတို့သည် ယဇ်ပူဇော်ခဲ့ကြ၏။ ထိုသို့ ပူဇော်ခြင်းငှါ ခိုင်လုံသောအကြောင်းအရင်းရှိပါ၏။

<u>“ဗက်ရှေမက်မြို့သားတို့သည် ထာဝရဘုရား၏သေတ္တာတော်ထဲသို့ ကြည့်ရှုမိသောကြောင့် . . . ဒဏ်ခတ်တော်မူခြင်းကိုခံရကြ၏” (၁ ရာ ၆း၁၉)။</u> ဝမ်းမြောက်စွာ ကောက်ရိတ်ခဲ့ကြပြီး၊ သေတ္တာတော်ပြန်ရောက်လာခြင်းကြောင့် ပို၍ဝမ်းမြောက်ခဲ့ကြသော်လည်း ထိုနေ့သည် အလွန်ကြောက်စရာကောင်းသောနေ့အဖြစ်သို့ ပြောင်းလဲခဲ့ပါသည်။ “ထာဝရဘုရားသည် ကြီးစွာသောလုပ်ကြံခြင်းအားဖြင့်၊ ဒဏ်ပေးတော်မူသောကြောင့်” (၁ ရာ ၆း၁၉) ဖြစ်ပါသည်။ သူတို့၏ ကြည်ညိုသောစိတ်ကို သိချင်ဇောက လွှမ်းမိုး၍ နာခံခြင်းစိတ်သဘောကို မိုက်မဲခြင်းက လွှမ်းမိုးခဲ့ပါသည်။ သေတ္တာတော်ချခြင်းနှင့် ယဇ်ပူဇော်ခြင်းအမှု၌ လေဝိသားများပါဝင်ခြင်းအားဖြင့် မည်သို့အမှုပြုရမည်ကို သူတို့ သိခဲ့သည်ဟုထင်ရပါသည်။ သို့သော်လည်း စစ်မြေပြင်သို့ သေတ္တာတော်ယူဆောင်ခြင်းတည်းဟူသော မိုက်မဲသောစိတ်သည် ဆက်လက်တည်ရှိသေး၏။ ယခုအခါ သူတို့သည် သေတ္တာတော်၌ အမှားကို ကျူးလွန်၍ လျင်မြန်စွာ ဆုံးမခြင်းကိုခံခဲ့ရကြ၏။ အကြည်ညိုပျက်လောက်အောင် ဘုရားသခင်နှင့် ဆိုင်သောအရာများကို ကျွန်တော်တို့အလွဲသုံးစားမပြုသင့်ပါ။ ဘုရားသခင်ထံချဉ်းကပ်သောအခါ ကျွန်တော်တို့သတိထားရမည်မှာ ဘုရားသခင်၏နှုတ်ကပတ်တော်ကို နာခံခြင်းပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - (တရား ၂၉း၂၉ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်နှင့်ဦးစွာ စကားမပြောဘဲ၊ ကိုယ်တော်၏အကြောင်းကို ဘယ်တော့မှမပြောမည့်အကြောင်း အကျွန်ုပ်ကို သတိပေးတော်မူပါ။

ကြာသပတေး၊ မတ် (၂၃)
၁ ရာ ၇း၃-၁၄
၆ ရာ ၁၅း၁-၇၊ ၁၆း၇-၁၂

*"ထာဝရဘုရားသည် မြေကြီးတပြင်လုံးကို အနှံ့အပြားကြည့်ရှုလျက် ရှိတော်မူ၏"*

# ရှမွေလလက်အောက်နိုးထမှု (၁)

ထာဝရဘုရား၏သေတ္တာတော်သည် မိမိမူလနေရာရှိလောမြို့သို့ ယူဆောင်မသွားကြဘဲ ကိရယက်ယာရိမ်မြို့၌ ထားကြ၏။ ဗက်ရှေမက်မြို့သားတို့၏ တောင်းဆိုမှုကို ကိရယက်ယာရိမ်မြို့သားတို့က နာခံလျက်၊ သေတ္တာတော်ကို အနှစ်နှစ်ဆယ်သိမ်းထားကြ၏။ ဤအချိန်ကာလအတွင်း၌ ထိုမြို့သည် ဣသရေလလူတို့၏ ဘာသာရေးမြို့ဖြစ်သည်ဟု ဖော်ပြခြင်းမခံရသည်သာမက၊ ထိုအရပ်၌နှစ်စဉ်ကျင်းပသော ဘာသာရေးပွဲတော်နှင့် ယဇ်ပူဇော်ခြင်းများပြုလုပ်ကြောင်း မတွေ့ရပါ။ ထို့ပြင် ဗက်ရှေမက်မြို့သားတို့ကို ဘုရားသခင်ဒဏ်ခတ်တော်မူသည်အတိုင်း၊ ဤမြို့သားတို့အား ဘုရားသခင်ဒဏ်ခတ်တော်မူသည်ဟူ၍ ဖော်ပြခြင်းမတွေ့ရပါ။

<u>"ရှမွေလက. . . ဣသရေလအမျိုးသားအပေါင်းတို့အား ဆုံးမသည်" (၁ ရာ ၇း၃)။</u> ရှမွေလ ၏ အမှုတော်ဆောင်ချက်သည် အခြားသောတရားသူကြီးများ၏ အမှုတော်နှင့်မတူညီပါ။ အခြား သောတရားသူကြီးများသည် စစ်တိုက်၍ ညှင်းပန်းနှိပ်စက်ခြင်းမှ ဣသရေလလူတို့ကို ကယ်နုတ် ခဲ့ကြ၏။ သို့သော်လည်း ရှမွေလသည် တရားသူကြီးဖြစ်သည်သာမက ဣသရေလလူမျိုးအတွက် ပရောဖက်နှင့် ယဇ်ပုရောဟိတ်လည်းဖြစ်ခဲ့ပါသည်။ အခြားသောတရားသူကြီးများတို့သည် ဣသ ရေလလူမျိုးအားလုံးအတွက်မဟုတ်ဘဲ၊ မိမိနှင့်ပတ်သက်သောအမျိုးအတွက်သာ လုပ်ဆောင်ခဲ့ကြ ပြီး၊ ရှမွေလမူကား ဣသရေလအမျိုးသားအပေါင်းထံ၌ အမှုတော်ဆောင်ခဲ့ပါသည်။ ဤကျမ်းပိုဒ်၌ တွေ့ရသော ရှမွေလပြုသည့်အမှုတော်ဟူမူကား၊ ဣသရေလလူတို့အား ထာဝရဘုရားထံ နောင်တရ၍ ပြန်သွားကြဖို့ရန် တိုက်တွန်းနှိုးဆော်ခြင်းဖြစ်ပါသည်။ "ဣသရေလအမျိုးသားအပေါင်းတို့သည် ထာဝရဘုရားကိုအောက်မေ့၍ မြည်တမ်းကြ" (၁ ရာ ၇း၂) ပြီးနောက် ရှမွေလသည် ထိုသို့တိုက်တွန်း ခြင်းဖြစ်ပါသည်။

<u>"ရှမွေလသည် ဣသရေလအမျိုးအဖို့ ဆုတောင်း၍ ထာဝရဘုရားနားထောင်တော်မူ၏" (၁ ရာ ၇း၉)။</u> ရှမွေလပြုသောဒုတိယအမှုတော်ဟူမူကား၊ အခက်အခဲကြုံတွေ့နေသော ဣသရေလ အတွက် ထာဝရဘုရားထံဆုတောင်းခြင်းဖြစ်ပါသည်။ သူသည် ဣသရေလလူများကိုယ်စား ဘုရားသခင်ထံ ကျေးဇူးဂရုဏာတော်ကို တောင်းလျှောက်ခဲ့ပါသည် (ဟေဗြဲ ၄း၁၆)။ ၁ ရာ ၃း၁၉ ထဲတွင် ရှမွေလသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဟောပြောခြင်း၌ သစ္စာရှိကြောင်း ဤသို့ဖော်ပြခဲ့ပါသည် - "ထာဝရဘုရားသည်သူနှင့်အတူ ရှိတော်မူသဖြင့် သူ၏စကားတခွန်းမျှ ပျက်စေခြင်းငှါ အခွင့်ပေးတော်မမူ"။ ယခုတွင် ရှမွေလသည် ဣသရေလလူတို့ကို စုဝေးစေလျက် (၁ ရာ ၇း၆)၊ သူတို့အတွက် သစ္စာရှိစွာ ဆုတောင်းပေးပြီး၊ သူတို့အမှုကြုံတွေ့သောအခါ ရှမွေလအား "အကျွန်ုပ်တို့အဖို့ အစဉ်မပြတ်ဆုတောင်းပါလော့" ဟုဆိုကြ၏ (၁ ရာ ၇း၈)။

**ဆင်ခြင်ရန်** - (တမန် ၆း၂-၄ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော် ဟောပြောခြင်းနှင့် ဆုတောင်းခြင်း၌ စိတ်အားထက်သန်သော သင်းအုပ်ဆရာများကို အကျွန်ုပ်တို့အား ပေးသနားတော်မူပါ။

# ရှမွေလလက်အောက်နိုးထမှု (၂)

ဓမ္မရာဇဝင်ပထမစောင် အခန်းကြီး ၇ နိဂုံးပိုင်းတွင် ရှမွေလပြုသော အမှုအကျဉ်းချုပ်ဖော်ပြထားပါသည်။ ရှမွေလ၏ဦးဆောင်မှုအောက်၌ ဣသရေလသည် အမောရိလူတို့နှင့် အသင့်အတင့်နေကြပြီး၊ ဖိလိတ္တိလူတို့သိမ်းပိုက်ခဲ့သော မြို့များကိုလည်း ပြန်လည်သိမ်းပိုက်ခဲ့ကြ၏။ သူ၏ဦးဆောင်မှုအောက်၌ ဣသရေလသည် စိတ်နှလုံးပြောင်းလဲခြင်းစတင်ခဲ့ပါသည်။ ထာဝရဘုရားကိုကိုးစားခြင်းနှင့် နောင်တရခြင်းရှိ၍ "ဗာလဘုရား၊ အာရှတရက်ဘုရားတို့ကို ပယ်၍ ထာဝရဘုရားကိုသာ ဝတ်ပြုကြ၏" (၁ ရာ ၇း၄)။ ဤအချက်သည် တရားသူကြီးမှတ်စာထဲ၌ အကြိမ်ကြိမ်တွေ့ရသည့် "ထာဝရဘုရားကိုစွန့်၍" (သူကြီး ၂း၁၂-၁၃)၊ "ဗာလဘုရားတို့ကိုဝတ်ပြုကြ၏" (သူကြီး ၂း၁၁၊ ၁၃၊ ၃း၇၊ ၁၀း၆၊၁၀) ဟူသောအချက်နှင့် ဆန့်ကျင်ဖက်ဖြစ်ပါသည်။

<u>"ရှမွေလသည် တသက်လုံး ဣသရေလအမျိုးကိုအုပ်စိုးလေ၏" (၁ ရာ ၇း၁၅)</u>။ ဘုရားသခင်ကို ကြောက်ရွံ့သော ဣသရေလအမျိုးသားတို့၏ နောက်ဆုံးတရားသူကြီးဦးဆောင်မှုအောက်တွင် နိုးထမှုနှင့် ထာဝရဘုရားထံ ပြန်လည်တိုးဝင်ခြင်းဖြစ်ပွားခဲ့ပါသည်။ ဘုရားကိုကြောက်ရွံ့သော ယောရှုဦးဆောင်မှုအောက်၌လည်း ထိုသို့ဖြစ်ခဲ့ဖူးပါသည် (ယောရှု ၁း၅၊ သူကြီး ၂း၇)။ ရှမွေလလက်ထက်တွင် ရှိလောမြို့သည်ပျက်စီး၍၊ ဖိလိတ္တိလူတို့ကို အောင်နိုင်လျက်၊ ဧဗနေဇာ (ထာဝရဘုရားသည် ငါတို့ကိုယခုတိုင်အောင်မစတော်မူပြီ) ကျောက်ကိုထူလျက်၊ ကိုယ်ပိုင်အုပ်ချုပ်မှုကို တည်ထောင်ခဲ့ပါသည်။ သူသည် အခြားသောဘုရားများကို စွန့်ပစ်၍ထာဝရဘုရားထံ ပြန်လည်ချဉ်းကပ်ကြခြင်းငှါ၊ လူတို့၏စိတ်နှလုံးကိုပြင်ဆင်လျက် ဝိညာဉ်အမှုတော်ကိုဆောင်ရွက်ပြီး၊ သူတို့အတွက် ကြိုးစားဆုတောင်းခဲ့ပါသည်။ ဣသရေလအမျိုး၏ဘုန်းတော်သည် ထာဝရဘုရားဖြစ်ကြောင်းကိုငင်း၊ တိုင်းပြည်အကျိုးသည် သူတို့၏ဝိညာဉ်ရေးရာကြီးထွားမှုနှင့် ဘုရားသခင်နှင့်မိဿဟာယဖွဲ့ခြင်းအမှု၌ တည်ကြောင်း သိခဲ့ပါသည်။

တရားသူကြီးဖြစ်သည်အလျောက် ရှမွေလသည် တိုင်းပြည်၏လူမှုရေးအကျိုးစီးပွားကိုသယ်ပိုး၍၊ ရန်သူတို့၏ညှင်းဆဲဖိနှိပ်ခြင်းမှ ဣသရေလလူတို့ကို ကယ်နှုတ်ခဲ့ပါသည်။ ထို့ပြင် တရားစီရင်မှုနှင့် တိုင်းပြည်၏ အကျင့်စာရိတ္တကောင်းမွန်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ သူသည် နှစ်တိုင်း နယ်လှည့်ခဲ့ပြီး၊ ရာမမြို့၌ ထာဝရဘုရားအဖို့ ယဇ်ပလ္လင်ကို တည်လျက်နေလေ၏ (၁ရာ ၇း၁၇)။ ထိုအရပ်၌ ရှမွေလသည် မိမိမမွေးဖွားမီကတည်းက မိခင်ဆက်ကပ်ထားသည်အတိုင်း၊ ထာဝရဘုရား၏အမှုတော်ကို ဆောင်ရွက်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - (ဆာလံ ၉၉း၆ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - အဘဘုရား၊ ခရစ်တော်ထံဆက်ကပ်သော သင်းအုပ်ဆရာများကို ကျွန်ုပ်တို့အား ပေးသနားတော်မူပါ။

*"ဘုရားသခင်ထာဝရဘုရားရွေးကောက်တော်မူသောသူ. . . ကိုသာ၊ ရှင်ဘုရင်အရာ၌ ချီးမြှောက်ရမည်"*

# ဣသရေလကရှင်ဘုရင်တောင်းလျှောက်၏

ဓမ္မရာဇဝင်ပထမစောင် အခန်းကြီး ၈ တွင် ခေတ်တစ်ခေတ်ကုန်ဆုံးခြင်းနှင့် ခေတ်သစ်စတင်ခြင်းကို တွေ့ရပါသည်။ ခေတ်ပြောင်းလဲမှုတိုင်း၌ အလွန်သတိရှိဖို့လိုပါသည်။ တာဝန်လွှဲပြောင်းခြင်းသည် လူမျိုးဆက်လက်တည်ရှိခြင်းနှင့်တည်မြဲမှုအတွက် အဓိကကျပါသည်။

"သူ့သားတို့သည် . . . အဘလမ်းသို့မလိုက်" (၁ ရာ ၈း၃)။ အတိတ်အကြောင်း အောက်မေ့ခြင်းသက်သက်က လူတို့၏ဝိညာဉ်ရေးရာနှင့်အကျင့်စာရိတ္တကို မထိန်းသိမ်းနိုင်ပါ။ သမိုင်းကြောင်းသည် အရေးကြီးပါ၏။ ခေတ်အဆက်ဆက်အမွေဆက်ခံခြင်းလည်း ရှိရပါမည်။ သို့သော်လည်း ထိုယုံကြည်ခြင်းနှင့်အမွေကို ထိန်းသိမ်းခြင်းငှါ လူတစ်ဦးသည် မိမိကိုယ်ကို ကြိုးစားရပါမည်။ ရှမွေလသည် မိမိသားတို့အား မိမိဆောင်ရွက်သောအမှုတော်ကို ဆက်လက်အမွေခံစေလိုပါသည်။ ဘုရားသခင်၏အမှုတော်ကို မိမိခေတ်ကကဲ့သို့ အရှိန်ကြီးစွာ ဆက်လက်ဆောင်ရွက်ကြစေလိုပါသည်။ သို့သော်လည်း သူ့သားတို့သည် အဘလမ်းသို့မလိုက် (၁ ရာ ၈း၃)။ ဤအချက်ကို ဣသရေလအမျိုး အသက်ကြီးသူတို့က ရာမမြို့သို့ ရှမွေလထံလာကြစဉ် "ကိုယ်တော်၏သားတို့သည် ကိုယ်တော်လမ်းသို့မလိုက်ကြပါ" (၁ ရာ ၈း၅) ဟုသက်သေခံခဲ့ကြ၏။

"လူမျိုးအပေါင်းတို့၏ ထုံးစံရှိသည့်အတိုင်း အကျွန်ုပ်တို့ကို အုပ်စိုးရသော ရှင်ဘုရင်ကို ချီးမြှောက်ပါလော့" (၁ ရာ ၈း၅)။ ဘုရားသခင်သည် ဣသရေလလူများအတွက်ရှင်ဘုရင်ချီးမြှောက်ခြင်းငှါ အစီအစဉ်ရှိသော်လည်း (ကမ္ဘာ ၄၉း၁၀) သူတို့၏တောင်းဆိုမှုသည် ဘုရားသခင်၏ အလိုတော်၊ ပရောဖက်ပြုချက်၊ ကတိတော်နှင့် မကိုက်ညီသောကြောင့် ရှမွေလက မနှစ်သက်ခြင်းဖြစ်ပါသည်။ သူတို့၏ရှင်ဘုရင်တောင်းဆိုမှုသည် လူမျိုးအပေါင်းတို့၏ထုံးစံအတိုင်း တောင်းလျှောက်ခြင်းသာဖြစ်ပါသည်။ ထို့ကြောင့်ရှမွေလသည် ထာဝရဘုရားထံ ဆုတောင်းလေ၏။ ထာဝရဘုရား၏ တုံ့ပြန်ချက်ဟူမူကား "သူတို့သည်သင့်ကိုသာမပယ်၊ ငါသည်သူတို့ကို မအုပ်စိုးစေခြင်းငှါ ငါ့ကိုလည်း ပယ်ကြပြီ" (၁ ရာ ၈း၇)။ သူတို့သည် ဘုရားသခင်၏မျက်နှာသာပေးခြင်းနှင့် ကောင်းကြီးမင်္ဂလာကို ခံစားကြရသော်လည်း၊ လောကီလူတို့၏ နည်းလမ်းကို နှစ်သက်ခဲ့ကြ၏။ သူတို့၏တောင်းဆိုမှု၌ အကြောင်းပြချက်နှစ်ချက်ဖော်ပြခဲ့ကြပါသည် - ရှမွေလအသက်ကြီးခြင်းနှင့် သူ့သားများလမ်းလွဲခြင်း။ ဤအကြောင်းပြချက်တို့သည် မိမိတို့ကို ယခုထိတိုင်ကူညီမစခဲ့သော ထာဝရဘုရားကို ငြင်းပယ်ခြင်းငှါ လုံလောက်သောအကြောင်းပြချက်ဖြစ်ပါသလား။ သူတို့၏ဆုံးဖြတ်ချက်နှင့် အလိုဆန္ဒ၌ ထာဝရဘုရားကို မထည့်သွင်းခဲ့ကြပါ။ ရှမွေလသည် အသက်ကြီးသော်လည်း ထာဝရဘုရားသည် ထာဝရတည်၏။

**ဆင်ခြင်ရန်** - (ဂလာတိ ၆း၇-၈ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - အဘဘုရား၊ သွေးဆောင်ခြင်းခံရသောအခါ ကိုယ်တော်၌တည်ကြည်မြဲမြံမည်အကြောင်း အကျွန်ုပ်ကို ခွန်အားပေးတော်မူပါ။

တနင်္ဂနွေ၊ မတ် (၂၆)
**၁ ရာ ၈း၉-၂၂**
၂ ပေ ၂း၁-၃

*"သူတို့စကားကိုနားထောင်လော့. . .*
*သူတို့ကိုအုပ်စိုးသောရှင်ဘုရင်၏ ထုံးစံကိုပြလော့"*

# ဘုရားသခင်ငြင်းပယ်ခြင်းအမှုကိုသတိပေးခြင်း

ကျွန်တော်တို့လူသားများသည် ဆုံးဖြတ်ချက်ချဖို့ရန် အခြေအနေပေါ်မူတည်၍ ရွေးချယ်ဆုံးဖြတ်တတ်ကြ၏။ ဣသရေလလူကြီးများတို့သည် သူတို့၏အနာဂတ်အရေးကို မိမိတို့အလိုအတိုင်း ပြုလိုကြ၏။ ရှမွေလသည် ထာဝရဘုရားထံဆုတောင်း၏။ ထာဝရဘုရားက ရှမွေလကို သူတို့ငြင်းပယ်ကြသည်မဟုတ်၊ မိမိကိုငြင်းပယ်ကြကြောင်းဆို၏။ ရှမွေလအားဖြင့် ထာဝရဘုရားပြန်လည်မိန့်တော်မူသော စကားသည် အိမ်နီးချင်းနိုင်ငံ၏ဓလေ့ထုံးစံအတိုင်း ပြုလိုသော ဣသရေလလူတို့၏ရှင်ဘုရင်တောင်းလျှောက်မှုနှင့်ပတ်သက်၍ သတိပေးချက်ဖြစ်ပါသည်။

"<u>သင်တို့ကိုအုပ်စိုးသောရှင်ဘုရင်၏ ထုံးစံဟူမူကား" (၁ ရာ ၈း၁၁)</u>။ လောကီထုံးတမ်းစဉ်လာကို နှစ်သက်ကြသောကြောင့် ထိုအရာနှင့်ဒွန်တွဲလျက်ရှိသော ပျက်စီးခြင်းနှင့် ကြမ်းကြုတ်ခြင်းကို မမြင်ခဲ့ကြပါ။ လောကီလူတို့ကဲ့သို့ ကျင့်လိုကြသောကြောင့် သူတို့ဆုံးရှုံးမည့် ကျေးဇူးတော်နှင့်ကြုံတွေ့ရမည့်အခက်အခဲကို မမြင်ခဲ့ကြပါ။ ယနေ့၌လည်း လူများတို့သည် မိမိတို့ရွေးချယ်ခြင်းနှင့် ဆုံးဖြတ်ချက်၏အဖိုးအခကို မတွက်ဆခဲ့ကြပါ။ မှားယွင်းသောပရောဖက်၊ မှားယွင်းသောတမန်တော်နှင့် မှားယွင်းသော ဆရာများတို့သည် လူများတို့ကို ကျန်းမာကြွယ်ဝခြင်း ကတိပေးလျက်၊ သွေးဆောင်ခဲ့ကြ၏။ သို့သော်လည်း ထိုအရာတို့သည် သူတို့ကို ကျော့ကွင်းသဖွယ် ကျော့၍၊ သူတို့ကိုချည်နှောင်မည့်အရာများသာဖြစ်ပါသည်။

မှားယွင်းသောသွန်သင်ခြင်းနှင့် လှည့်ဖြားခြင်းတရား ယနေ့ကြီးထွားနေခြင်းသည် ဤလောကီအရာများကို တပ်မက်သောစိတ်နှင့် ဆုံးဖြတ်ချက်လျင်မြန်စွာ ချကြသောကြောင့်ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဘာသာစကားများစွာဖြင့် ဖတ်ရှု၍ရသော ယခုအချိန်၌ မှားယွင်းသောသွန်သင်ချက်များသည် နေရာအနှံ့ပျံ့နှံ့၍၊ လူတို့၏လက်ခံခြင်းကိုခံနေရပါသည်။ လူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မဖတ်လိုကြဘဲ၊ အသစ်သော ဗျာဒိတ်တော်ကိုရှာဖွေကြ၏။ အိမ်နီးချင်းလူမျိုးတို့၏ ဓလေ့ထုံးစံအတိုင်း ဘုရင်ကိုတောင်းလျှောက်ကြသော ဣသရေလလူတို့ကဲ့သို့ ဤလူများအတွက် သတိပေးစကားဟူမူကား "လောကကိုငင်း၊ လောက၌ရှိသောအရာတို့ကိုငင်း၊ မချစ်ကြနှင့်။ လောကကိုချစ်သောသူမူသည်ကား ခမည်းတော်ကိုချစ်ခြင်းမေတ္တာမရှိ။ . . . လောကနှင့် လောကီတပ်မက်ခြင်းသည် ရွေ့သွားကွယ်ပျောက်တတ်၏" (၁ ယော ၂း၁၅-၁၇)။ ဘုရားသခင်ကိုစွန့်ပယ်ခြင်းသည် အန္တရာယ်ကြီးလှပါသည်။ လောကီအရာနောက်သို့လိုက်ခြင်း၌ ဝမ်းမြောက်ခြင်းမရှိ။ သို့သော်လည်း ရှမွေလထံ ဣသရေလလူတို့၏ တုံ့ပြန်မှုသည် ဝမ်းနည်းစရာကောင်းလှပါသည်။ "မဟုတ်ပါ။ အုပ်စိုးသောရှင်ဘုရင်ကို လိုချင်ပါ၏" (၁ ရာ ၈း၁၉-၂၀) ဟုဆိုကြ၏။

**ဆင်ခြင်ရန်** - ". . . မိမိကိုယ်ခန္ဓာကို ဘုရားသခင်အားဆက်ကပ်ကြလော့" (ရောမ ၁၂း၁)။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်အားနည်းခြင်း၌ စုံလင်ခြင်းရှိသော ခွန်အားကို အကျွန်ုပ်အားပေးသနားတော်မူပါ။

တနင်္လာ၊ မတ် (၂၇)
**၁ ရာ ၉း၁၄-၁၉**
ဟေရှာ ၄၄း၂၄-၂၈

*“ရှောလုသည် ရှမွေလရှိရာတံခါးဝသို့ ချဉ်းကပ်လျှင်”*

## ရှမွေလနှင့်ရှောလု (၁)

ရှမွေလနှင့်ရှောလုဆုံတွေ့ခြင်းအကြောင်းက ဘုရားသခင်၏အံ့ဩဖွယ် ကွယ်ကာစောင့်မတော်မူခြင်းအကြောင်းကို ပြသလျက်ရှိ၏။ “ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့သိကြ၏” (ရောမ ၈း၂၈) ဟူသောတရား မှန်ကန်မှုကို လောကီအရာနှင့် ဝိညာဉ်အရာတို့ တညီတညွတ်တည်းဖြစ်ပျက်လျက်ရှိခြင်းအရာ၌ တွေ့ရပါသည်။ ဥပမာ ယောသပ်အကြောင်း၌တွေ့ရသော ထောင်သားနှစ်ဦး၏ အိပ်မက်များ၊ မောရှေအကြောင်းအရာ၌ နိုင်းမြစ်အတွင်းရှိ တောင်းထဲမှကလေး၏ ငိုသံ။

<u>“ရှောလုမရောက်မီ မနေ့၌ ထာဝရဘုရားက. . . ရှမွေလနားအပါး၌ မိန့်တော်မူနှင့်ပြီ” (၁ ရာ ၉း၁၅)</u>။ လူတို့သည် ရှင်ဘုရင်ကို အလျင်လိုချင်ကြပြီး၊ သူတို့၏ဆန္ဒသည် လောကီအမြင်နှင့် ဆက်နွယ်နေသော်လည်း ထာဝရဘုရားက သူတို့ကိုခွင့်ပြုခဲ့ပါသည်။ ထိုအမှုအလုံးစုံတို့၌ ဘုရားသခင်သည် ရှမွေလနှင့်ရှောလုဆုံတွေ့ခြင်းငှါ မိမိ၏ကွယ်ကာစောင့်မမှုအားဖြင့် စီမံခန့်ခွဲခဲ့ပြီး ဖြစ်ပါသည်။ ပုံမှန်အခြေအနေနှင့် ရှမွေလနှင့်ရှောလု၏ တာဝန်ဝတ္တရားတို့ကို သူတို့ဆုံတွေ့ခြင်းငှါ ဘုရားသခင်အသုံးပြုခဲ့ပါသည်။ ရှမွေလသည် မိမိ၏ဝိညာဉ်နှင့်ဆိုင်သော ဝတ္တရားကို ဆောင်ရွက်ခြင်းငှါ လာ၏။ “အလျှင်အမြန်သွားတော့။ မြင်သောသူသည် ဤမြို့သို့ယနေ့လာပြီ။ လူများတို့သည် မြင့်သောအရပ်၌ ယနေ့ယဇ်ပွဲကိုဆောင်ကြ၏” (၁ ရာ ၉း၁၂) ဟု မိန်းမပျိုတို့က ဆိုခဲ့ပါသည်။ ရှောလုမူကား သူ့ဖခင်စေခိုင်းသောအမှုကို ဆောင်ရွက်ခြင်းငှါ လာ၏ - “ကိရှက၊ သင်သည် ငယ်သားတစ်ယောက်ကို ခေါ်၍ မြည်းတို့ကိုရှာအံ့သောငှါ ထသွားလော့ ဟု မိမိသားရှောလုအား ဆိုသည်အတိုင်း” (၁ ရာ ၉း၃)။ ရှောလုကလည်း ဘုရားသခင်၏ကွယ်ကာစောင်မတော်မူအားဖြင့် “ဤမြို့၌ အသရေထင်ရှားသောဘုရားသခင်၏ လူတစ်ယောက်ရှိ၏. . . သူ့ထံသို့ သွားကြစို့” (၁ ရာ ၉း၆) ဟု ဆိုမည့် ငယ်သားကို ရွေးချယ်ခဲ့ပါသည်။

<u>“ထာဝရဘုရားက ငါပြောသောသူကို ကြည့်လော့” (၁ ရာ ၉း၁၇)</u>။ ရှင်ဘုရင်ကို တောင်းလျှောက်သော ကာလသရေလအပေါ် ဘုရားသခင်မိန့်တော်မူချက်ဟူမူကား - “ငါသည် သူတို့ကို မအုပ်စိုးစေခြင်းငှါ၊ ငါ့ကိုလည်းပယ်ကြပြီ” (၁ ရာ ၈း၇) ဟူ၍ဖြစ်ပါသည်။ သို့သော်လည်း မိမိ၏လမ်းပြတော်မူခြင်းအားဖြင့် ဘုရားသခင်သည် ရှောလုအကြောင်းနှင့်ပတ်သက်၍ ရှမွေလအား “ဤသူသည် ငါ၏လူတို့ကို အုပ်ချုပ်ရလိမ့်မည်ဟု မိန့်တော်မူ၏” (၁ ရာ ၉း၁၇)။ ဘုရားသခင်အပေါ် လူတို့၏ နှစ်သက်ခြင်းသည် ကွယ်ပျောက်ခဲ့သော်လည်း၊ ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် တည်မြဲလျက်ရှိ၏။ သူတို့သည် ဆန့်ကျင်ခဲ့ကြသော်လည်း၊ ဘုရားသခင်သည် မိမိလူတို့အတွက် အမှုကိုပြုလျက်ရှိပါ၏။ ဘုရားသခင်၏အကြံအစည်တော်သည် မပြည့်စုံဘဲမနေ။

**ဆင်ခြင်ရန်** - “မိမိစီရင်တော်မူသမျှသောအမှုအရာတို့ကို သိတော်မူသည်” (တမန် ၁၅း၁၈)။
**ဆုတောင်းချက်** - (ဖိလိ ၄း၆ ကိုဖတ်ပါ)။

*"ဘုရားသခင်သည် စီရင်ပိုင်တော်မူ၏။ တစ်ယောက်ကို နှိမ့်ချ၍၊ တစ်ယောက်ကိုချီးမြှောက်တော်မူ၏"*

# ရှမွေလနှင့်ရှောလု (၂)

လူတို့သည် ရှင်ဘုရင်တောင်းလျှောက်ကြသောကြောင့် ရှမွေလသည် မကျေနပ်သော်လည်း (၁ ရာ ၈း၆)၊ ဘုရားသခင်ထံ၌ မိမိ၏တာဝန်ဝတ္တရားကို သစ္စာရှိစွာ ကျေပွန်စွာထမ်းဆောင်ခဲ့ပါသည်။ ပရောဖက်ယောနကဲ့သို့ ကျွန်ုပ်တို့၏စိတ်ခံစားချက်က ကျွန်ုပ်တို့၏တာဝန်ဝတ္တရားကို ထိခိုက်တတ်ပါသည်။ ရှမွေလ၏ ရင့်ကျက်မှုကို ကျွန်တော်တို့တွေ့ရပါသည်။ ရှောလုထံ ရှမွေလပြုသောအမှုသည် မှတ်သားဖွယ်ကောင်းလှပါသည်။ ယနေ့ကျမ်းပိုဒ်၌ ရှမွေလက ရှောလုအား ဆီလောင်းဘိသိတ်ပေးသည်ကို တွေ့ရပါ၏။

<u>"ဆီဘူးကိုယူ၍ ရှောလု၏ခေါင်းပေါ်မှာ လောင်းလေ၏။ တဖန် သူ့ကိုနမ်းသဖြင့်" (၁ ရာ ၁၀း၁)</u>။ ရှမွေလပြုသော အမှုများ၌ ဉာဏ်ပညာကိုတွေ့ရပါသည်။ ရှောလုသည် လူတို့ရွေးချယ်သောသူဖြစ်ပါ၏။ သို့သော်လည်း ထိုလူတို့၏ရွေးချယ်မှုသည် ဘုရားသခင်၏ ကွယ်ကာစောင့်မတော်မူခြင်းနှင့် ကြိုတင်သိမြင်ခြင်းအောက်၌ဖြစ်ပြီး၊ ထိုပုဂ္ဂိုလ်သည် ဘုရားသခင်၏ခွင့်ပြုတော်မူခြင်းအားဖြင့် ဣသရေလလူတို့ကို အုပ်စိုးမည်ဖြစ်ပါသည်။ ရှမွေလက ရှောလုအား ဖြစ်ပျက်မည့်အရာကို သီးသန့်ပြောကြားခဲ့ပါသည်။ "အမြင့်ဆုံးသောဘုရားသခင်သည် လောကနိုင်ငံကိုအုပ်စိုး၍၊ အလိုတော် ရှိသောသူတို့အား အပ်တော်မူသည်" (ဒံ ၅း၂၁)။

<u>"ရှမွေလသည် လူများတို့ကို မိဇပါမြို့ ထာဝရဘုရားထံတော်သို့ခေါ်၍ စည်းဝေးစေပြီးလျှင်" (၁ ရာ ၁၀း၁၇)</u>။ ရှောလုရွေးချယ်ခြင်းကို စာရေးတံချ၍ ရွေးချယ်ခဲ့ကြ၏။ လူတို့သည် ရှင်ဘုရင်တောင်းလျှောက်ခဲ့ကြပြီး၊ ရှမွေလက သတိပေးခဲ့ပါသည်။ သို့သော်လည်း သတိပေးချက်ကို နားမထောင်ဘဲ "မဟုတ်ပါ။ အုပ်စိုးသောရှင်ဘုရင်ကိုလိုချင်ပါ၏" (၁ ရာ ၈း၁၉) ဟုဆိုကြပါသည်။ လူတို့သည် နောင်တရ၍ ထာဝရဘုရားထံ ပြန်သွားပြီး၊ ရှမွေလအား "ကျွန်ုပ်တို့အဖို့ အစဉ်မပြတ်ဆုတောင်းပါလော့" (၁ ရာ ၇း၈) ဟုဆိုသောအရပ် မိဇပါမြို့၌ သူတို့၏ရှင်ဘုရင်ကို ရွေးချယ်ခြင်းငှါ စည်းဝေးခဲ့ကြပါသည်။ ထိုအရပ်၌ ရှမွေလက သူတို့ကိုတဖန် ဤသို့မိန့်မှာခဲ့ပါသည် - "သင်တို့ကို ဒုက္ခဆင်းရဲ၊ ဘေးဥပဒ်ရှိသမျှတို့အထဲက ကယ်တင်သော သင်တို့၏ဘုရားသခင်ကို ယနေ့သင်တို့သည် ပယ်ကြပြီ" (၁ ရာ ၁၀း၁၉)။ သို့သော်လည်း လူတို့သည် စာရေးတံချ၍ ရှင်ဘုရင်ကို ရွေးချယ်ခြင်းငှါ စုရုံးခဲ့ကြ၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ပြုသောသစ္စာကတိကို ဖျက်ပါသလား။
**ဆုတောင်းချက်** - (ဆာလံ ၁၁၆း၁၄ ကိုဖတ်ပါ)။

ဗုဒ္ဓဟူး၊ မတ် (၂၉)
**၁ ရာ ၁၃း၈-၁၅၊ ၁၅း၁၆-၂၈**
ဆာလံ ၃၇း၃၄-၄၀

*"ယနေ့ ထာဝရဘုရားသည် ဣသရေလနိုင်ငံကို သင့်မှဆုတ်ယူ၍"*

# ရှမွေလနှင့်ရှောလု (၃)

သမ္မာကျမ်းစာထဲ၌တွေ့ရသော ရှမွေလနှင့်ရှောလုတို့ ဆုံတွေ့မှုနှစ်ကြိမ်တွင် ရှောလု၏ ဣသရေလရှင်ဘုရင်ဖြစ်လာခြင်းအကြောင်းကို တွေ့ရပါသည်။ ယနေ့တွေ့ရသော ဓမ္မရာဇဝင် ပထမစောင် အခန်းကြီး ၁၃ နှင့် ၁၅ တွင် ဣသရေလရှင်ဘုရင်အဖြစ်မှ ရှောလုငြင်းပယ်ခံရခြင်း အကြောင်းကို တွေ့ရ၏။ ဤတွေ့ဆုံမှုသည် ဣသရေလရှင်ဘုရင်၏ တာဝန်ဝတ္တရားကို ထမ်းဆောင် ခြင်းငှါ လမ်းညွှန်ချက်များကို ရှောလုနာခံခြင်းရှိမရှိ ဟူသောအချက်နှင့်ပတ်သက်ပါ၏။ ရှမွေလနှင့် သီးသန့်တွေ့ဆုံမှုတွင် ရှောလုအား ဘုရားသခင်ကသာလျှင် ရှင်ဘုရင်ကိုခန့်ထားတော်မူကြောင်း၊ ရှမွေလအသိပေးခဲ့ပြီးဖြစ်သောကြောင့်၊ ရှောလုသည် ရှင်ဘုရင်အမှုကိုဆောင်ရွက်သောအခါ ဘုရား သခင်၌ နာခံသစ္စာရှိရမည်ဖြစ်ပါသည်။

<u>"ရှမွေလကလည်း သင်သည်မှားပြီ၊ သင်၏ဘုရားသခင်ထာဝရဘုရား ထားတော်မူသော ပညတ်တရားကို မစောင့်ပါတကား" (၁ ရာ ၁၃း၁၃)</u>။ ထာဝရဘုရားသည် မိမိလူတို့ကို ရှောလုထံ အပ်၍ နာဟတ်အပေါ်၌လည်း ရှောလုကိုအောင်မြင်မှုပေးခဲ့ပါသည်။ ထို့ကြောင့် ဖိလိတ္တိလူတို့သည် ဘုရားသခင်၏လူတို့ကို တိုက်ခိုက်ခြင်းငှါ ထကြပြီး၊ ရှောလုကလည်း ဘုရားသခင်ကို ယုံကြည်ကိုးစား ပြီး စောင့်မည့်အစား အလျင်ပြုခြင်းငှါ ရွေးချယ်ခဲ့ပါသည်။ ထိုရန်သူအပေါ် အရင်က အောင်မြင် မှုပေးခဲ့သော ဘုရားသခင်ပြုသောအမှုကို မေ့လျော့ခဲ့၏။ ရှောလု၏ဇာတိအလိုကို တွေ့ရပါသည်။ ရှောလုမှာထားခဲ့သည်အတိုင်း ဘုရားသခင်သည် အမှန်မစတော်မူမည်ဖြစ်သော်လည်း၊ ထာဝရဘုရား ကို သူမစောင့်ဘဲ၊ လှုပ်ရှားခဲ့ပါသည်။ ရှမွေလက နှောင်တရခြင်းငှါ တိုက်တွန်းခဲ့သော်လည်း၊ သူသည် အခြားသောသူများနှင့် ရှမွေလကိုပင် စွပ်စွဲ၍ မိမိကိုယ်ကို မှန်ကန်သည်ဟု ဆိုခဲ့ပါသည်။

<u>"သင်သည် ထာဝရဘုရား၏အမိန့်တော်ကို နားမထောင်ဘဲ ရန်သူ၏ဥစ္စာကို လုယူ၍၊ ထာဝရဘုရားရှေ့တော်၌ ဤဒုစရိုက်ကို အဘယ်ကြောင့် ပြုဘိသနည်း" (၁ ရာ ၁၅း၁၉)</u>။ အာမလက် ကို ရှောလုတိုက်ခိုက်ခြင်းသည် ဖိလိတ္တိလူတို့အား တိုက်ခိုက်ခဲ့ခြင်းနှင့် မတူပေ။ ယခုအမှုတွင် သူ သည် "အပြစ်တရားစီရင်၍ ရာဇဝတ်ပေးပိုင်သောသူတည်းဟူသော ဘုရားသခင်၏ အစေခံ" (ရောမ ၁၃း၄) ကဲ့သို့ သွားခဲ့ပါသည်။ ထိုသို့သောနာခံခြင်းသည် လုံးဝလိုအပ်သောအရာဖြစ်ပါသည်။ ဘုရားသခင်၏အမိန့်တော်နှင့် တန်ခိုးတော်အားဖြင့် သွားခဲ့သောကြောင့် ပြုမည့်အမှုအလုံးစုံ အောင် မြင်ပါလိမ့်မည်။ တရားသဖြင့် မပြုခဲ့သောကြောင့် မိမိအပေါ် စီရင်ခြင်းကျရောက်စေလျက်၊ ရှမွေလ က ဤသို့ဆိုခဲ့ပါသည် - "ထာဝရဘုရားသည် ဣသရေလရှင်ဘုရင်အရာကို နှုတ်၍ သင့်ကိုပယ်တော် မူပြီ" (၁ ရာ ၁၅း၂၆)။

**ဆင်ခြင်ရန်** - နာခံခြင်းသည် ယဇ်ပူဇော်ခြင်းထက် သာ၍ကောင်း၏။ ဆန့်ကျင်ခြင်းသည် အပြစ်ဖြစ်၏။

**ဆုတောင်းချက်** - (ဆာလံ ၈၆း၁၁ ကိုဖတ်ပါ)။

ကြာသပတေး၊ မတ် (၃၀)
**၁ ရာ ၁၆း၁-၁၃**
ယေရမိ ၁၇း၅-၁၅

*“ထာဝရဘုရားကို ယုံကြည်ကိုးစားသောသူသည် မင်္ဂလာရှိ၏”*

# ရှမွေလနှင့်ဒါဝိတ်

မနှစ်သက်မှုနှင့် စတင်ခဲ့သောအရာသည် ရှမွေလအတွက်ဝန်ထုပ်ဝန်ပိုးဖြစ်လာခဲ့ပါသည်။ အာမလက်အမှုနောက်ပိုင်းတွင် ရှမွေလသည်ရှောလုကိုထပ်မတွေ့တော့ပါ။ သို့သော်လည်း ရှောလကွယ်လွန်သောအခါ ရှမွေလသည်ရှောလုအတွက် ဝမ်းနည်းငိုကြွေးခဲ့ပါသည်(၁ ရာ ၁၅း၃၅)။ ဤအချက်က ရှမွေလ၏စိတ်နှလုံးကိုသက်သေခံပါသည်။ သူသည် တိုင်းပြည်အတွက် မိမိတာဝန်အတွက် ဆက်ကပ်သောသူဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံများ၏ ဓလေ့ထုံးစံအတိုင်း ရှင်ဘုရင်ကိုရွေးချယ်ခဲ့ကြသော်လည်း ရှမွေလသည် ထိုသူတို့အတွက်ဆုတောင်း၍ သမ္မာတရားသွန်သင်လမ်းပြခဲ့ပါသည်။ သို့သော်လည်း သူ၏ဝမ်းနည်းခြင်းက ဘုရားသခင်၏ရည်ရွယ်ချက်ကို ပြောင်းလဲစေမည်မဟုတ်ပါ။ ၁ ရာ ၁၃း၁၄ ထဲ၌ ရှောလုထံ ရှမွေလအားဖြင့် မိန့်တော်မူခဲ့သည်အတိုင်း ဘုရားသခင်သည် မိမိအလိုနှင့်ညီသောရှင်ဘုရင်ကို တင်မြှောက်မည်ဖြစ်ပါသည်။

<u>“ထာဝရဘုရားသည် လူမြင်သကဲ့သို့မြင်တော်မူသည်မဟုတ်၊ လူသည် အဆင်းသဏ္ဍာန်ကိုကြည့်ရှုတတ်၏။ ထာဝရဘုရားမူကား နှလုံးကိုကြည့်ရှုတတ်သည်” (၁ ရာ ၁၆း၇)။</u> ဘုရားသခင်အသုံးပြုသော၊ သစ္စာရှိသော ရှမွေလသည်လည်း လူသားဖြစ်သောကြောင့် လူကြည့်သကဲ့သို့ကြည့်ခဲ့ပါသည်။ သူပြုမည့်အမှုရှောလုသိခဲ့လျှင် မိမိ၌အန္တရာယ်ရှိမည်ဟု ထင်မှတ်ပြီး “အကျွန်ုပ်သည် အဘယ်သို့သွားနိုင်ပါမည်နည်း” (၁ ရာ ၁၆း၂) ဟုဘုရားသခင်အား မေးခဲ့ပါသည်။ ဗက်လင်မြို့သို့ ရှမွေလရောက်သောအခါ ဗက်လင်မြို့လူကြီးတို့သည် မထင်မှတ်ဘဲရှမွေလကိုမြင်တွေ့ရသောကြောင့် တုန်လှုပ်လျက်နေကြ၏(၁ ရာ ၁၆း၄-၅)။ လူ၏အသိဉာဏ်သည် အကန့်အသတ်ရှိ၏၊ စိတ်နှလုံးကလည်း အလုံးစုံမသိပါ။

<u>“ထာဝရဘုရားက ဤသူပေတည်း။ ထ၍ဘိသိက်ပေးလော့ဟု မိန့်တော်မူ၏”(၁ ရာ ၁၆း၁၂)။</u> သစ္စာရှိသောရှမွေလသည် ဘုရားသခင်ရွေးကောက်တော်မူသောသူကိုသိခြင်းငှါ ထာဝရဘုရားအား စောင့်ခဲ့ပါသည်။ စိတ်နှလုံးကိုစစ်ကြောတော်မူသော (ယေရမိ ၁၇း၁၀) ဘုရားသခင်သည် မှန်ကန်သောပုဂ္ဂိုလ်ကို ဖော်ပြခဲ့ပါသည်။ ဤတရားသည် ရှင်ဘုရင်ရွေးချယ်ခြင်း၌သာ အကျုံးဝင်သည်မဟုတ်ပါ။ ကျွန်တော်တို့သည် ဘုရားသခင်ကိုတိုင်ပင်ခြင်းမပြုဘဲ အဆင်းသဏ္ဍာန်အားဖြင့် ဆုံးဖြတ်ချက်ချတတ်ကြ၏။ ဘုရားကျောင်းတတ်ခြင်းငှါ လှပသောအဆောက်အအုံ၊ ဆွဲဆောင်မှုရှိသောဂီတ၊ မိမိစိတ်တိုင်းကျဟောသောတရားနှင့် သူတပါး၏လေးစားမှု၌အခြေခံ၍ ဘုရားကျောင်းတတ်ကြ၏။ ထိုသို့ အပြင်ပန်းအဆင်းသဏ္ဍာန်ကို အလေးပေး၍ရွေးချယ်ကြသောကြောင့် ကျွန်ုပ်တို့၏ ဘာသာတရားသည် အခွန်ခံထက် ဖာရိရှဲ၏ဘာသာတရားကဲ့သို့ဖြစ်လာခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် လူ၏စိတ်နှလုံးကိုသိတော်မူ၍ စစ်ကြောတော်မူ၏။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်ကိုသနားတော်မူပါ။ အကျွန်ုပ်၏စိတ်နှလုံးနှင့်ပြုသောအမှုကို စစ်ကြောစီရင်တော်မူပါ။

သောကြာ၊ မတ် (၃၁)
**၁ ရာ ၁၂**
ဒေ ၉း၁၀

*"ငါသည် ငယ်သောအရွယ်မှစ၍၊ ယနေ့တိုင်အောင် သင်တို့ရှေ့၌သွားပြီ"*

# ဣသရေလလူတို့အားရှမွေလဆုံးမခြင်း

ယနေ့တွေ့ရသောအချက်သည် ဣသရေလလူတို့အား နောက်ဆုံးရှမွေလဟောပြောမိန့်တော်မူသောတရားဖြစ်ပါသည်။ သူတို့၏စိတ်နှလုံးအခြေအနေကို ဖော်ထုတ်သောအကြောင်းအရာဖြစ်ပါသည်။ တရားသူကြီးမှတ်စာထဲ၌တွေ့ရသော အပြစ်လွန်ကျူးခြင်း၊ ကျွန်ကျခံရခြင်း၊ ပြန်လည်လွတ်မြောက်စေခြင်းဟူ၍ လည်ပတ်လျက်ရှိသောအခြေအနေကို ဖော်ထုတ်ခဲ့ပါသည်။ "ထိုကာလ၌ ဣသရေလရှင်ဘုရင်မရှိ" (သူကြီး ၂၁း၂၅)ဟူသော တရားသူကြီးခေတ်ကာလကျော်လွန်ပြီဖြစ်၍ ယခုအချိန်တွင် သူတို့၏ဆန္ဒအတိုင်း ရှင်ဘုရင်ရှိပြီဖြစ်သောကြောင့် ဘ၀အသစ်စတင်ကြရန် တိုက်တွန်းနှိုးဆော်ခြင်းလည်းဖြစ်ပါသည်။ ရှမွေလက သူတို့၏ပြဿနာသည် ရှင်ဘုရင်မရှိသောကြောင့်မဟုတ်ကြောင်း ရှင်ဘုရင်ရှိလျှင်လည်း ဖြေရှင်း၍ရမည်မဟုတ်ကြောင်း သူတို့ကိုအသိပေးခဲ့ပါသည်။

<u>" ယခုတွင် တိတ်ဆိတ်စွာနေကြလော့. . . ထာ၀ရဘုရားရှေ့တော်မှာ သင်တို့အားငါဆွေးနွေးဟောပြောမည်" (၁ ရာ ၁၂း၇)</u>။ ရှမွေလက မိမိ၏တရားဟောချက်ကို သမိုင်းကြောင်း ပြန်ပြောခြင်းဖြင့်စတင်ခဲ့ပါသည်။ ဣသရေလလူတို့နှင့် ဘုရားသခင်၏ဆက်နွယ်မှုအကြောင်း၊ သူတို့ပြုရမည့်တာ၀န်၀တ္တရားများအကြောင်း ဟောပြောခဲ့ပါသည်။ သူတို့၏ကျရှုံးမှုသည် အုပ်ချုပ်ရေးပိုင်း၌မဟုတ်ဘဲ ၀ိညာဉ်ရေးရာအမှု၌ဖြစ်သောကြောင့် ၀ိညာဉ်ရေးရာပြုပြင်ခြင်းလိုအပ်ပါ၏။ "ဘုရားသခင်ထာ၀ရဘုရားကိုမေ့လျော့သောအခါ" (၁ ရာ ၁၂း၉) အခက်အခဲကြုံတွေ့ရ၍ "ထာ၀ရဘုရားအား အော်ဟစ်သောအခါ" (ရှမွေလ ၁၂း၁၀) ဘုရားသခင်သည် လူကိုအသုံးပြုလျက် ကယ်နှုတ်တော်မူပြီး ၀ိညာဉ်ရေးရာနိုးကြားမှုကိုဖြစ်စေခဲ့ပါသည်။ ထင်ရှားသည်မှာ ထာ၀ရဘုရားသည် သူတို့၏လုံခြုံမှု၊ ငြိမ်းချမ်းရေးနှင့် ကြွယ်၀ချမ်းသာခြင်းပင် ဖြစ်ပါသည်။ ဣသရေလသည် ထာ၀ရဘုရားအပေါ် လုံး၀အကြွေးတင်လျက်ရှိပါ၏။

<u>"သင်တို့သည် ထာ၀ရဘုရားကိုကြောက်ရွံ့၍ ၀တ်ပြုခြင်းနှင့်တကွ အာဏာတော်ကိုမဆန်၊ စကားတော်ကိုနားထောင်လျှင်" (၁ ရာ ၁၂း၁၄)</u>။ ထာ၀ရဘုရားသည် ကျေးဇူးပြုတော်မူ၍ သူတို့အား ရှင်ဘုရင်ပေးတော်မူခဲ့၏။ ထို့ကြောင့် သူတို့သည် မိမိတို့၏တာ၀န်၀တ္တရားကို ဘုရားသခင်ထံ ကျေပွန်စွာ ထမ်းရွက်ကြရပါမည်။ သူတို့နှင့်သူတို့၏ရှင်ဘုရင်သည် မိမိတို့အလိုအတိုင်း နေထိုင်ရမည်မဟုတ်၊ ဘိုးဘေးတို့ထံ ဘုရားသခင်ပြုသောပဋိညာဉ်ကို မေ့လျော့ရမည်မဟုတ်၊ ကျော့ကွင်းသဖွယ် သူတို့ကိုကျော့မိသော အပြစ်၌ကျင်လည်ကြရမည်မဟုတ်ပါ။ ထိုရှင်ဘုရင်လက်အောက်၌ အသက်တာပြောင်းလဲ၍ မှာထားတော်မူသည်အတိုင်း ဘုရားသခင်ထံသစ္စာရှိကြရပါမည်။ "ထာ၀ရဘုရားနောက်တော်သို့လိုက်ရာမှ မလွှဲကြနှင့်။ ထာ၀ရဘုရားကိုစိတ်နှလုံးအကြွင်းမဲ့၀တ်ပြုကြလော့" (၁ ရာ ၁၂း၂၀)။

**ဆင်ခြင်ရန်** - "အို ယေရှု၊ အဆုံးတိုင်အောင်ကိုယ်တော်၏အမှုတော်ကို ဆောင်ရွက်မည်အကြောင်း ကျွန်ုပ်တော်ဂတိပြုပါသည်။"

**ဆုတောင်းချက်** - "အကျွန်ုပ်ဝိညာဉ်ကို စောင့်ရှောက်တော်မူသောဘုရား၊ ကိုယ်တော်မိန့်တော်မူပြီး အကျွန်ုပ်ကိုနားထောင်စေတော်မူပါ။"